
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀ ၁၈၆ ၀၅၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၂၄၈ ၀၅၀၃
ပုံနှိပ်ခြင်း - ၂၀၀၅ ခုနှစ်၊ မတ်လ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၇၅၀ ကျပ်

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။



## ပုညခင်



# ကမ္ဘာမပါ



www.burmeseclassic.com

www.burmeseclassic.com



## (၁)

❖ ❖ ❖

"ဟဲ့...ညီလေးရယ်...နှင်းဆီပင်ကလည်း..."

"ဘာဖြစ်လို့လဲ မမကြီးရဲ့"

ကြွေရောင်ဖြူလွလွနေသော ရှပ်အင်္ကျီလက်ရှည်နှင့် နက်ပြာရောင် ပိုးတွဲပုဆိုးကို ပိပိပြားပြားချပ်ချပ်ရပ်ရပ် သေသေသပ်သပ်ဝတ်ထားသော ညီလေးခင်သည် ခေါင်းလျှော်ပြီးစမို့ ဖွာလွင့်ပျော့စင်းနေသော ဆံပင်ရှေ့စကို ခေါင်းတစ်ချက်ဆတ်၍ ဝင့်တင်လိုက်ပြီး မမကြီးကို မျက်လုံးဝေ့ကြည့်ရင်း မေးလိုက်ပါသည်။

"ဘာဖြစ်ရမလဲဟဲ့...ဒီလောက်ဖွာလွင့်နေတဲ့ နှင်းဆီပင်ပုံစံကြီးက နင်ဝတ်ထားတဲ့အဝတ်အစားနဲ့မှ မလိုက်ဖက်တာကြီးကို။ မင်္ဂလာဆောင်သွားမှာမို့လို့ ဒီလိုဝတ်ထားရင် ဒီအဝတ်အစားနဲ့လိုက်ဖက်တဲ့ ဆံပင်ပုံမျိုးတော့ ဖြစ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဆံပင်က ခေါင်းလျှော်ပြီးစမို့ ဖွာနေတာပါ မမကြီးရဲ့"

"ဆံပင်ကလည်း မပျော့သလိုပဲ၊ ခေါင်းလျှော်တုန်းက conditioner မထည့်ဘူးလား"

"conditioner က ကုန်နေလို့"

"ဩော် … ကုန်နေရင်ပြောပါလား … ဝယ်ပေးမှာပေါ့၊ ခေါင်းလိမ်းဆီကော ရှိသေးလား"

"ရှိသေးတယ်"

"ရှိသားနဲ့ ဘာလို့ထည့်မသွားတာလဲ၊ နင်ဝတ်ထားတဲ့ အဝတ်အစားက ဆံပင်ကို ခေါင်းလိမ်းဆီထည့်ပြီး သပ်သပ်ရပ်ရပ် နောက်လှန်ဖြီးထားတဲ့ပုံစံနဲ့မှ လိုက်ဖက်တာ"

"အချိန်မရတော့လို့"

"အံမယ်လေးဟယ် … ဒါလေး လုပ်လိုက်ရမှာ ဘယ်လောက်ကြာမှာမို့လို့လဲ၊ သူ့အလွန်ဆုံးကြာလှ ငါးမိနစ်ပဲ၊ မင်္ဂလာ အချိန်ကလည်း တစ်နာရီခွဲနှစ်နာရီအတွင်း ဘယ်အချိန် သွားသွား ဖြစ်တဲ့ဟာကို၊ သွား … သွား မြန်မြန်လေး သွားလုပ်လိုက်"

ညီလေးခင်က မမကြီးကို ဘာမှငြင်းဆန်ပြောကြား မနေတော့ဘဲ အခန်းထဲ မြန်မြန်ပြန်ဝင်လာပါသည်။ သူပြောသလို လုပ်လိုက်လို့လည်း ကိုယ့်မှာ ဘာမှအပန်းမကြီးတာ မဟုတ်ဟုသော



ခံယူချက်ဖြင့်သာ စိတ်ကို ပေါ့ပေါ့ပါးပါးထားနိုင်ခြင်းမှာ အသား ကျနေပြီ။

ညီလေးခင်က ဆံပင်ကို ခေါင်းလိမ်းဆီထည့်ကာ သေသေသပ်သပ် နောက်လှန်ပြီး အခန်းထဲကထွက်လာတော့ မမကြီးက သူ့ကို အသေအချာစိုက်ကြည့်လိုက်ပြီး …

"ဟယ် … ခုလိုကျတော့လည်း နည်းနည်းရင့်သွားသလိုပဲ၊ ဘေးခွဲလေးဆို ပိုကောင်းမယ်ထင်တယ်၊ ခွဲကြောင်းလေး ချပြီး ဖြီးလိုက်ပါလား၊ လာ … လာ မမကြီးပဲ ဖြီးပေး လိုက်မယ်"

မမကြီးက ဘီးတစ်ချောင်းသွားဆွဲယူကာ သူ့နား ကပ်လာပြီး ဆံပင်တွေကို ညီညာကျနစွာ ဘေးခွဲခွဲ ဖြီးလိုက်ပါ သည်။

"အင်း … ခုမှကြည့်ကောင်းသွားတာ"

"ကျွန်တော် သွားတော့မယ် မမကြီး"

"အေး … အေး … မြန်မြန်ပြန်လာခဲ့နော်"

"ဟုတ်ကဲ့ပါ"

ညီလေးခင်က မမကြီးကို နှုတ်ဆက်ပြီး ထွက်ခွာ သွားဖို့ ပြင်ဆဲ … မမငယ်က အပေါ်ထပ်က ဆင်းလာကာ …

"ဟယ် … ညီလေး … လှလို့ပါလား၊ ဘယ်သွားမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း တစ်ယောက်ရဲ့ အစ်ကို မင်္ဂလာဆောင်ပါ မမငယ်"

"ဟုတ်လား... ဟယ်... နှင့်ပုဆိုးအရောင်ကြီးက သိပ် မလှသလိုပဲ... ရွှေဖလားရောင်လေး ဝတ်သွားပါလား၊ နှင်က ဒီလောက်အသားဖြူတာ၊ ရှပ်ဖြူလေးနဲ့ ရွှေဖလားရောင် ပုဆိုးလေးနဲ့ဆို ဝင်းနေမှာပဲ"

"သတို့သားနဲ့ မှားနေပါဦးမယ် မမရာ..."

"မမှားပါဘူးဟယ်... ရွှေဖလားရောင်ဆိုတာ သတို့သားမှ ဝတ်တာမဟုတ်ပါဘူး၊ သွား... သွား... မြန်မြန်လေး သွားလဲလိုက်၊ မမကြီးကလည်း ကလေးကို လိုက်ဖက်တဲ့ အဝတ်အစားလေး ဘာလေးရွေးပေးတာ မဟုတ်ဘူး၊ ဟဲ့... ညီလေးရေ... ကြယ်သီးကြိုးကလေးပါ တပ်ခဲ့သိလား၊ ဟို ရွှေပါးပါးကလေးနဲ့လုပ်ထားတာလေ၊ အဲ့ဒီလောက် ဝတ်ရင် တုံးလည်းမတုံးဘူး၊ ခမ်းလည်းခမ်းနားတယ်၊ နင်ဝတ်ထားတဲ့ အဝတ်အစားနဲ့ဆို အရမ်းလိုက်ဖက်မှာ"

ညီလေးခင် မငြူစူပါ။ အခန်းထဲ တစ်ခါပြန်လှည့်ဝင်ကာ ပုဆိုးလဲ၊ ကြယ်သီးကြိုးတပ်ပြီး ပြန်ထွက်လာပါသည်။ ဒီတော့မှ အစ်မနှစ်ယောက်က သူ့ကိုသဘောတကျ ပြုံးကြည့်ကြရင်း...



"ကြည့်စမ်း... ဘယ်လောက်လှသွားသလဲလို့၊ ငါ့မောင်လောက်လှတဲ့ယောကျ်ားမျိုးတစ်ခါမှ မတွေ့ဖူးသေးဘူး"

ဟုပြောရင်း သူ့ကိုဖိနပ်ချွတ်ထိ လိုက်ပို့ကြပါသည်။ သူက အစ်မတွေကို နှုတ်ဆက်ပြီး ကတ္တီပါဖိနပ်ကို စီးမည်ပြုလျှင်...

"ဟဲ့... အဲ့ဒီဖိနပ်ကို မစီးနဲ့လေ... ကတ္တီပါဖိနပ်ကိုစီး"

"ဒါလည်း ကတ္တီပါဖိနပ်ပဲလေ"

"ဒါက ကြိုးပဲ ကတ္တီပါလေ၊ အောက်ခံခုံက သားရေ မဟုတ်လား၊ ထ,သွားထ,လာ စီးသလိုဖြစ်နေမှာပေါ့၊ all ကတ္တီပါ လေးညှင်းရောင်ကလေး စီးလေ၊ အဲ့ဒီဖိနပ်က ငါ့မောင်ခြေထောက်ဖြူလေးနဲ့ဆို ဝင်းနေတာပဲ"

ညီလေးခင်က မမတို့ညွှန်ပြသောဖိနပ်ကိုပြောင်းစီးပြီး ဒရိုင်ဘာမောင်းမည့်ကား နောက်ခန်းမှာ ကြော့ကြော့ကလေး ဝင်ထိုင်လိုက်ပါသည်။

"ညီလေး... တာ့တာ"


မမကြီးတို့က လက်ပြနှုတ်ဆက်နေတာမို့ သူက အသာကလေး လက်ပြနှုတ်ဆက်ခဲ့ပြီး မင်္ဂလာဆောင်ရှိရာ မဟာသန္တိသုခကျောင်းသို့ ဦးတည်ထွက်ခွာလာခဲ့လေသည်။

***

www.burmeseclassic.com

www.burmeseclassic.com







(၂)

❖ ❖ ❖

"ကိုးဆယ့်ရှစ်...ကိုးဆယ့်ကိုး...တစ်ရာ...အိုကေ ပြီးပြီ"

မေမင်းမောင်သည် လက်ဝှေ့ထိုးသည့်အိတ်ကြီးကို အချက်တစ်ရာတိတိ ထိုးကာ သွေးပူလေ့ကျင့်ခန်းလုပ်လိုက်ပြီး ခဏာထိုင်နားဖို့ပြင်ရင်းက နံရံဆီကနာရီဆီ အကြည့်ရောက်သွားပါသည်။

"ဟိုက်...ပြဿနာပဲ၊ မင်္ဂလာဆောင်သွားရဦးမယ်ဟ"

မောင်က သူငယ်ချင်းရဲ့အစ်မ မင်္ဂလာဆောင်သွားရဦးမှာကို သတိရကာ ရေချိုးခန်းထဲ ဝုန်းဒိုင်းကျဲပြေးဝင်လာရပါသည်။ ရေအမြန်ချိုးပြီး ပြောင်းတလင်းခါနေသော မျက်နှာကို ပေါင်ဒါ(ဖ်)နှင့် တဖတ်ဖတ်ပုတ်၊ နှုတ်ခမ်းနီ အရောင်ဖျော့ဖျော့ကို အောက်နှုတ်ခမ်းမှာဆိုးပြီး အပေါ်နှုတ်ခမ်းနှင့် ဖိပွတ်လိုက်သော အခါ မောင့်ရဲ့အလှပြင်ဆင်ခြင်းအမှုကိစ္စက ပြီးစီးသလောက်နီးနီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပါသည်။ မျက်ခုံးတွေကတော့ သူမအစ်ကိုတွေလိုပင် ထူထဲနက်မှောင်လှတာမို့ မျက်ခုံးမွေးဆွဲဖို့မလို။ ဆံပင်ကလည်း ပုခုံးထိရုံခပ်တိုတိုပဲမို့ အချိန်ပေးပြီး ရှင်းလင်းဖို့မလိုဘဲ သုံးလေးချက် ဖြီးရုံနှင့်ပင် ရှင်းလင်းသပ်ယပ်သွားပါသည်။ ပြီးတော့မှ နက်ပြာရင့်ရင့် ဘလောက်(စ်)နှင့် ဝတ်နေကျလုံချည်အနက်ကို ဝတ်ပြီး အခန်းထဲက အပြေးအလွှားထွက်လာခဲ့ရာ ကိုကြီး ကိုမိုးနှင့် တိုက်မိမလို ဖြစ်သွားပါသည်။

"ဟ...ဟ...သုတ်သီးသုတ်ပြာနဲ့ပါလား ငမောင်၊ ဒါက ဘယ်သွားမလို့တုန်း"

"မင်္ဂလာဆောင်...မင်္ဂလာဆောင်၊ ဘေးကို...အမြန်ဖယ်၊ အချိန်နီးနေပြီ"

"ဟင်...နင် မင်္ဂလာဆောင်သွားတဲ့ ရုပ်ကလဲ"

"ဘာဖြစ်လဲ"

"ကြောင်နဲ့ချေးရုပ်"

"ဒါ...မောင့်စတိုင်လ်ပဲ"

"စတိုင်လ်ကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူများတကာက နင့်ရုပ်ရည် စုတ်ပြတ်နေတာမြင်ရင် သူ့အစ်ကိုတွေက ကောင်းကောင်းမဆင်ဘူးလို့ ထင်နေပါ့မယ်၊ တော်ကြာ ငါတို့ သိက္ခာကျနေဦးမယ်"



"မထင်ပါဘူး...၊ မောင် အလှမကြိုက်တာ အားလုံး သိပြီးသား"

"အံမယ်...ငမောင်...နင်က မင်္ဂလာဆောင်သွားမယ်သာ ဆိုတယ် လက်က ဗလာ၊ ဘယ်မှာလဲ လက်ဖွဲ့က..."

"လမ်းမှာ ဝင်ဝယ်သွားမှာပေါ့"

"ငါ ကားမောင်းပို့ရမလား"

"မလိုပါဘူး၊ မောင့်ဘာသာသွားမယ်၊ ဟာ...ဒီညနေ ဘောလုံးပွဲရှိတယ် မဟုတ်လား၊ သေရော...မီတောင် မီပါ့မလားမသိဘူး၊ လောင်းမှာနော် ကိုမိုး၊ ကိုရိုးကော ဘယ်မှာလဲ၊ ဟိုတစ်ခါလောင်းတုန်းက မောင်နိုင်ထားတာ၊ ကိုရိုးက မောင့်ကို ထမင်းလိုက်ကျွေးရမှာ၊ ခုထိမကျွေး သေးဘူး၊ အကြွေးမှတ်ထားတယ်"

"ကျွေးမှာပေါ့ဟာ...သူမအားသေးလို့နေမှာပါ"

"သူက အမြဲခံနေတာပါ၊ မသိရင်ခက်မယ်၊ ဘယ်မလဲ ကိုရိုး"

"ထမင်းစားခန်းထဲမှာ"

"အားအားရှိ စားနေတာပဲ၊ ကိုရိုးရေ...အကြွေးနော်... အကြွေးဆပ်ဦး သိလား"

မောင်က ဖိနပ်စင်ပေါ်က ညှပ်ဖိနပ်တစ်ရံကိုဆွဲထုတ်

www.burmeseclassic.com

www.burmeseclassic.com



ရင်၊ ထမင်းစားခန်းဘက်သို့လှည့်ကာ ခုနစ်သံချီအော်လိုက်တာမို့ ကိုရီးက အူယားဖားယား ပြေးထွက်လာပါသည်။

"ဟော့ကောင် ... ငမောင် ဘယ်လိုဖြစ်လို့ အာပြဲနဲ့အော်နေတာလဲ၊ တိုးတိုးလုပ်ပါဟ၊ ဟိုဘက်ခြံက ငါ့ကောင်မလေး ကြားသွားရင် ငါသိက္ခာကျနေပါဦးမယ်"

"အမယ် ဒါမျိုးကျ တယ်သိ၊ ငါ့ကောင်မလေး ... ငါ့ကောင်မလေးနဲ့ ပနာယူပြီးပြောမနေစမ်းပါနဲ့ ကိုရီးရာ၊ သူမသိ ငါပိုးအံ့ဝနဲ့ စခန်းသွားနေရတာ ဘယ်လောက်ကြာပြီလဲ၊ ဟိုတလောလေးကမှ မောင်က အဲ့ဒီအစ်မကို အတင်းမိတ်ဆက်ပြီး ကိုရီးဆီခေါ်လာလို့ စကားစမြည်လေး ဘာလေး ပြောခွင့်ရလိုက်တာ မဟုတ်လား၊ ကိုရီးအပေါ်မှာ မောင့် ကျေးဇူးတွေ အများကြီး ရှိတယ်နော်၊ ကျေးဇူးမမေ့နဲ့"

"အေးပါဟ ... မမေ့ပါဘူး"

"မောင်သွားပြီနော်၊ ဘောလုံးပွဲမီအောင် အမြန်ဆုံး ပြန်လာခဲ့မယ် သိလား"

မောင်က အစ်ကိုနှစ်ယောက်ကို နှုတ်ဆက်ပြီး အပြေးအလွှားအိမ်ကထွက်လာပြီးမှ အိမ်ဘက်သို့ မြန်မြန်ပြေးလာပြန်ကာ ...



"ကိုမိုး ... ကိုရီး ... မောင် ပြန်မလာခင် ဘောလုံးပွဲ လာရင် ခွေနဲ့ကူးထားပေးနော်"

"အေး ... အေး ... ဖြေးဖြေးသွားတော့မှပါ ငမောင်ရယ်"

မောင်က ကားကို ဂိုဒေါင်ထဲမှ အမြန်ထုတ်ပြီး အမြန်နှုန်းဖြင့် မောင်းထွက်လာခဲ့ပါသည်။ လမ်းရောက်တော့မှ စတိုးဆိုင် တစ်ဆိုင်ရှေ့မှာရပ်ကာ အယ်လ်ဘမ်ကောင်းကောင်း တစ်ခုဝယ်၊ ပါကင်ထုပ်ခိုင်းပြီး လက်ဖွဲ့အဖြစ် ယူလာရလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com







(၃)

❖ ❖ ❖

မဟာသန္တိသုခကျောင်းရှေ့မှာ ကားတွေပြည့်နေပြီမို့ မောင်က ကားပါကင်ထိုးဖို့နေရာရှာနေရသေးသည်။ ကားပါကင်ထိုးအပြီးမှာ အချိန်က တော်တော်နောက်ကျနေပြီမို့ မောင်က ကားပေါ်မှအမြန်ဆင်းကာ ဖုတ်ပူမီးတိုက် ခြေလှမ်းများဖြင့် လှည့်အထွက် တစ်ဖက်ကားမှ ထွက်လာသောသူနှင့် အရှိန်ပြင်းပြင်း တိုက်မိသွားပါသည်။

"အမေ့ ..."

တစ်ဖက်က လွှတ်ခနဲထွက်လာတဲ့ အာမေဋိတ်သံဟာ ယောကျ်ားသံ၊ ထိုအသံနှင့်တစ်ဆက်တည်းမှာ ထိုသူက တိုက်မိသောအရှိန်ဖြင့် ခွေခနဲလဲကျသွားပါသည်။ တိုက်မိသည့်အရှိန်ဟာ ပြင်းပေမယ့် မောင်က ဘာမှမဖြစ်ဘဲ သူက ပုံခနဲလဲသွားတာမို့ မောင်က သူ့ကို တအံ့တဩငုံ့ကြည့်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရေ...အခြောက်ကလေးများလား...

မောင်က သူ့ကိုစူးစူးစမ်းစမ်းစိုက်ကြည့်လိုက်မိပါသည်။ ကြည့်စမ်းပါဦး...ဖြူလွှနေတဲ့ ရှပ်အင်္ကျီလက်ရှည်နှင့် ရွှေဖလားရောင်ပိုဆိုးကို ဝတ်ထားပုံက သာမန်ထက်ပိုပြီး တောက်ပြောင်ကြော့မော့နေသည်။ ကြယ်သီးကြိုးကလေးလည်း ပါလိုက်သေး။ ချောတာကတော့ မိန်းကလေးတွေ လက်ဖျားခါရလောက်အောင် ချောပါသည်။ အသားအရေက ဖြူဆွတ်ကြည်လင်နေကာ မျက်တောင်လေးကော့နေတာ၊ နှာတံကလေးလုံးနေတာ၊ နှုတ်ခမ်းလေးတွေ စိုရဲနုဖပ်နေတာ၊ အားလုံးခြုံကြည့်လျှင် မိန်းမချောချောသည့် ယောက်ျားတစ်ယောက်ဆိုတာ သိသာပါသည်။

"ထလေ...မထနိုင်ဘူးလား၊ ဘာဖြစ်သွားလဲ"

ဒီလောက်တောင် နွဲ့ရသလားဟု မေးချင်လှသော်လည်း မောင်က မျိုသိပ်ရကာ သူ့ကိုလှမ်းမေးလိုက်ရာ သူက...

"ရ...ရပါတယ်...ဘာမှမဖြစ်ပါဘူး"

ဟုပြောရင်းက တကျွတ်ကျွတ် ညည်းတွားကာ မတ်တတ်ထရပ်လိုက်ပါသည်။ ထိုအခါ သူ့ရဲ့နွဲ့တဲ့တဲ့ကိုယ်ဟန်ကို အထင်အရှားမြင်ရပါသည်။ ခန္ဓာကိုယ်က ကြွက်သားမရှိဘဲမရှိ အဖြောင့်အတိုင်း ပိန်သွယ်ရှည်မျှောကာ ပိုးဟပ်ဖြူကလေးလိုပင်။ အမှတ်တမဲ့အမြင်မှာပင် သူ့ခြေချောင်းလက်ချောင်းတွေဟာ အရိုး



အကြော မပေါ်ဘဲ သွယ်ပြောင်းရှည်လျား သန့်ပြန့်လှပါသည်။ မောင်နဲ့တော့ တခြားစီပါပင်။

"ရှင်က မင်္ဂလာဆောင် လာတာလား"

"ဟုတ်ကဲ့...ဟုတ်ပါတယ်၊ ဟို...ကျွန်တော် ကိုင်လာတဲ့ လက်ဖွဲ့ထုပ်ကလေး ဘယ်ရောက်သွားပြီလဲ မသိဘူး"

"ဟိုမှာလေ...ဟိုမှာ"

သူက မောင်ပြတာကိုမမြင်ဘဲ ဟိုဟိုဒီဒီ လိုက်ကြည့်နေတာမို့ ဒုံးဝေးလိုက်တာဟု တွေးရင်း မောင်က သွားကောက်ပေးလိုက်ရပါသည်။

"ကျေးဇူးပါပဲ ခင်ဗျာ..."

သူက အလွန်နူးညံ့သိမ်မွေ့သော လေသံတိုးဖျော့ကလေးနှင့် ယဉ်ကျေးစွာပြောပြီး မောင့်ရှေ့က ထွက်သွားပါသည်။ ထိုအခါ မောင်က သူ့လမ်းလျှောက်ပုံကို မြင်တွေ့လိုက်ရတာမို့ ဟက်ဟက်ပက်ပက်ပင် ရယ်မောလိုက်မိလေသည်။

သူက လက်ကလေးနှစ်ဖက်ကို ရှေ့မှာယှက်ကာ အလွန်သိမ်မွေ့သော ခြေလှမ်းများဖြင့် လှမ်းသွားနေကာ လမ်းလျှောက်ပုံကလည်း ညင်သာလှတာမို့ မျက်စိထဲမှာ သူ့အသွင်က နွဲ့တဲ့တဲ့ ဖြစ်လို့နေပါသည်။ အာမေဋိတ်သံထွက်သွားတာက အခု ယောက်ျားတန်မဲ့ 'အမေ' တဲ့။

www.burmeseclassic.com

www.burmeseclassic.com



မောင်သည် သူ့ကိုလှမ်းကြည့်ရင်း စိတ်ထဲ ကလိကလိနှင့် ရယ်ချင်လှပါသည်။ မောင်က သူ့နောက်မှခပ်သွက်သွက် လျှောက်လာခဲ့ရာ မကြာခင် သူ့ကို ကျော်တက်သွားပါသည်။ မောင်က အင်မတန်လမ်းလျှောက်မြန်သူမို့ သူ့ရဲ့ခပ်စိပ်စိပ် ခြေလှမ်းကလေးများလောက်ကိုတော့ အသာကလေး ကျော်ဖြတ်တက်သွားနိုင်ပါသည်။

ခန်းမရှေ့ရောက်တော့မှ မောင်က အသာ ချန်နေခဲ့တာမို့ သူက ဘေးဘီကို သိပ်မကြည့်ဘဲ မျက်လွှာလေး ချကာ မောင့်ရှေ့ကနေ စိုက်စိုက် စိုက်စိုက်နှင့် ကျော်တက်သွားပါသည်။

မောင်က နောက်နားကျကျ စားပွဲမှာ သူငယ်ချင်းတစ်ယောက်နဲ့အတူ ဝင်ထိုင်လိုက်သည်။ သူ့ကိုတော့ ရှေ့နားစားပွဲက သူငယ်ချင်းဖြစ်ဟန်တူသူက လှမ်းခေါ်တာမို့ ထိုစားပွဲသို့ လျှောက်သွားသည်။

မောင်က တစ်ချိန်လုံးပင် သူ့ကို လှမ်းလှမ်းကြည့်နေမိပါသည်။ သူစကားပြောနေတဲ့ပုံဟာ အင်မတန်ကြည်နူးရလှကာ တစ်ချက်တစ်ချက်မှာတော့ ညာလက်တစ်ဖက်က ဆန့်ထွက်လာတတ်ပါသည်။ အဲ့ဒီလို ညာလက်တစ်ဖက် ဆန့်ဆန့်ထွက်လာတဲ့ အိုက်တင်နဲ့ ပြောတတ်ဟာတာ အခြောက်ဆန်သောသူတွေမှာသာ တွေ့ရတတ်ပါသည်။



မောင်ကတော့ ယောကျ်ားဆန်သူ။ အစ်ကို နှစ်ယောက်ကြားမှာ ကြီးပြင်းလာရကာ ယောကျ်ားတွေရဲ့ဘဝကို အားကျတတ်သူမို့ မြင့်မြတ်တဲ့ယောကျ်ားဘဝကို ရပါလျက်နဲ့ မိန်းမစိတ်ပေါက်ကာ မိန်းမလိုဝတ်စားနေထိုင်ပြောဆိုတတ်သူများကို တွေ့လျှင် သိပ်ကြည့်မရတတ်ပါ။

မောင်က သူ့ကို လှမ်းကြည့်ရင်းကဗင် သိချင်စိတ်ပြင်းပြလာတာမို့ အနားက သူငယ်ချင်း ချိုလဲ့ဘက်သို့ လှည့်ကာ...

"ချိုလဲ့...ဟိုဘက်ကဝိုင်းကို ကြည့်လိုက်စမ်း၊ ဟိုဘက်အစွန်က ဖြူနွဲ့နွဲ့ကောင်လေးဟာ အခြောက်ကလေးလား"

"သြော်...ညီလေးခင်ကို ပြောတာထင်တယ်"

"ဟင်...နာမည်ကြီးက ညီလေးခင်တဲ့လား၊ အံ့ပါ့ဟယ်၊ နာမည်ကအစ ယောကျ်ား မဆန်လိုက်တာ"

"လူကလည်း နင်မြင်တဲ့အတိုင်းပဲလေ၊ ခြောက်မခြောက်တော့ ငါလည်းအသေအချာမသိဘူး၊ နွဲ့တာကတော့ အမှန်ပဲ၊ သူပုဆိုးဝတ်တဲ့ပုံကအစ မိန်းမထဘီလောက်နီးနီး ချပ်ကပ်နေတာ၊ စကားပြောရင်လည်း တိုးတိုးလေး၊ လမ်းသွားရင်လည်း ဘယ်မှမကြည့်ဘူး ဣန္ဒြေရမှရ၊ ရှက်တတ်တာလည်း ငါတို့ထက်တောင် ပိုသေး"

"နင်က သူ့ကို ဘယ်လိုသိတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့သူငယ်ချင်း ကိုဖြိုးက ငါနဲ့ခင်တယ်၊ အခုမင်္ဂလာဆောင်တဲ့ သတို့သားက ကိုဖြိုးရဲ့အစ်ကို၊ သူက ကိုဖြိုးနဲ့ အတူပါလာတတ်လို့ သိနေတာ"

"သူ့အိမ်က သူဒီလိုပုံစံဖြစ်နေတာကို မပြုပြင်ကြဘူးလား မသိဘူးနော်"

"ပြုပြင်ဖို့မပြောနဲ့ သူ ဒီလိုပုံဖြစ်နေတာကိုက သူ့အိမ်ရဲ့ စနက်"

"ဟင်...ဘယ်လိုကြီးလဲ..."

"သူ့မှာ အစ်မနှစ်ယောက်ရှိတယ်၊ အစ်မနှစ်ယောက်လုံးက ရုပ်ဆိုးဆိုးတွေ၊ သူတစ်ယောက်ပဲ ချောတာ၊ သူက အမေတူလို့ချောတာလေ၊ သူ့အစ်မတွေက အဖေနဲ့တူလို့ရုပ်ဆိုးကြတာ၊ ကျီးကန်းတွေထဲမှာ ဘဲငန်းရောက်သလိုပေါ့ဟယ်၊ အစ်မတွေကလည်း သူ့ကို အငယ်ဆုံးလေး အလှဆုံးလေး ဆိုပြီး ကဲကြသဲကြ ဖူးဖူးမှုတ်ကြရင်းကနေ ဒီလိုပုံဖြစ်သွားတာ၊ သူကိုယ်တိုင်ကပဲ အလှကြိုက်သလား၊ သူ့အစ်မတွေကပဲ ဆင်သလားတော့မသိဘူး၊ ဝတ်လိုက်မှဖြင့် ဝမ်းဆက်ကျကျတွေချည်းပဲ၊ ရှပ်အင်္ကျီကပန်းရောင်ဆို ပုဆိုးကလည်း အနီပြေပြေ၊ ဖိနပ်ကနီနီနဲ့၊ ရှပ်အင်္ကျီအပြာဆို ပုဆိုးအပြာ၊ ကတ္တီပါဖိနပ်ပါအပြာ၊ တောက်တောက်ပပ ပြောင်ပြောင်



လက်လက်တွေလည်း ဝတ်တတ်တယ်၊ ရွှေတွေလည်း သိပ်ဝတ်တာ"

"သူ့အိမ်က စနက်ပါတယ်ဆိုပေမယ့် သူ့ကိုက ပျော့ညံ့လို့သာ ဒီလိုဖြစ်ရတာပေါ့ဟယ်၊ ယောက်ျားဖြစ်ပြီး ဒီလောက်နဲ့ရတယ်လို့၊ အဲဒါမျိုးတွေဆို ကြည့်လို့ကိုမရပါဘူး"

မောင်က သူ့ကိုကြည့်မရချင်သည့်ကြားကပင် လှမ်းကြည့်မိ ပြန်ပါသည်။ မောင်ကြည့်နေဆဲသူက မောင့်ဘက်ကိုလှည့် လာတာမို့ မောင်နဲ့မျက်လုံးချင်းဆုံသွားသည်။ မောင်ကတော့ အကြည့်မလွှဲဘဲ သူ့ကို စိုက်ကြည့်နေဆဲ သူက ရှက်ရွံ့ဟန်ဖြင့် မျက်ခန် မျက်လွှာချသွားတော့ရာ မောင်က နှုတ်ခမ်းကလေး ထိုက်ကာ ပြုံးလိုက်မိသည်။ လူကြားထဲမှာ မို့လို့ပေါ့၊ လူရှင်းတဲ့ နေရာမှာသာဆို အိုးကမပူ စလောင်းက ပူနေသော သူ့ကိုကြည့်ပြီး မောင်က ဟားတိုက် ရယ်မိမလားတောင် မသိချေ။

***

www.burmeseclassic.com

www.burmeseclassic.com







## (၄)

❖ ❖ ❖

ညီလေးခင် လူလောကထဲ ရောက်ရှိလာခြင်းဟာ ညီလေးခင်တို့မိသားစုအတွက်တော့ မင်းသားလေးတစ်ပါး ရောက်ရှိလာသလိုပင်။ သူ့ရှေ့က အစ်မတွေဟာ အသားလည်း တော်တော်ညိုကာ ရုပ်ရည်တွေကလည်း မလှပခဲ့တာမို့ ဖြူဖြူဖွေးဖွေး ချောချောလှလှညီလေးခင်ကို ကြည့်မဝ ရှုမဝ ဖူးဖူးမှုတ်ထားခဲ့ကြပါသည်။ သူ့အတွက်ဆို ဘာမဆို ဖြည့်ဆည်းပေးဖို့ အသင့်ရှိကြကာ အရိပ်တကြည့်ကြည့်ဖြစ်နေကြပုံများဟာ ပထမတော့ သူ့ကို ခံရခက်စေသလိုပါပင်။ ဘယ်တော့မဆို သူဟာ သူ့အစ်မတွေ ပိုင်ဆိုင်သော မင်းသားရုပ်ကလေးလို ဖြစ်ခဲ့ရပါသည်။

"မောင်လေး...နင် အခုညှပ်ထားတဲ့ဆံပင်ပုံက နင်နဲ့မလိုက်ပါဘူးဟယ်၊ နားသယ်မွေးရှည်ရှည်ကြီးကို ဖြတ်ပစ်လိုက်၊ ဆံပင်ကို တစ်ဖြောင့်တည်းအရှည်ထားလိုက်ပါလား၊ အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ပုံစံနဲ့ဆို နှင့်ရဲ့မဟာနဖူးလေးလည်းထင်းပြီး စည်းထား ရင် မျက်နှာကလေးက ရှင်းနေမှာ...”

“ခုခေတ်ကောင်လေးတွေလို အဝတ်အစားတွေကို ဗရုတ်သုတ်ခ ရှုပ်ရှုပ်ပွပွ ဝတ်ဖို့တော့ မစဉ်းစားနဲ့ ညီလေးရေ၊ အဲဒါမျိုးတွေကိုများ နည်းနည်းမှအားမကျလိုက်ပါနဲ့၊ ကိုယ့်ရုပ်ရည်ဖြူဖြူစင်စင် သန့်သန့်ပြန့်ပြန့်ကလေးနဲ့ဆို ပုဆိုးကလေးနဲ့ ရှပ်အင်္ကျီလေးတွေက ပိုပြီးလိုက်ဖက် ဣန္ဒြေရတာ”

သူ့အစ်မတွေရဲ့ဩဝါဒပေးမှုက ပုံသွင်းမှုတွေကို သူ သိပ်သဘောမကျပေမယ့် နောက်တော့ တဖြည်းဖြည်း နားယဉ်လာကာ ကြားသမျှဟာ ဘာမှမထူးဆန်းတော့ဘဲ အလိုက်သင့်ကလေး နာခံတတ်လာပါသည်။ သူက မိဘအကြီးအကဲတွေရဲ့ စကားဆို တစ်သဝေမတိမ်း လိုက်နာလိုသော သားလိမ္မာလေးလည်း ဖြစ်ခဲ့ပါသည်။

ခင်သက်လယ်နဲ့ ခင်မျက်ခြယ်တို့မှာက မိဘအမွေအနှစ်တွေလည်းအများကြီး ပိုင်ဆိုင်ထားရကာ ဘာအလုပ်မှလည်း သိပ် ပင်ပင်ပန်းပန်း လုပ်စရာ မလိုကြတာမို့ ဒီမောင်ကလေးတစ်ယောက်အပေါ်မှာသာ အာရုံတွေ ပုံအောပေးအပ်ထားကြပါသည်။



ညီလေးခင်ကလည်း လိမ္မာရေးချာရှိလှတာမို့ အစ်မတွေအတွက်တော့ စိတ်ချမ်းသာစရာပင်။

ညီလေးခင် လူပျိုပေါက်အရွယ်ကလေး ရောက်လာချိန်မှာလည်း အစ်မတွေက တတွတ်တွတ် သွန်သင်ဆုံးမကြပါသည်။

“ယောကျ်ားဆိုတာလည်း အရှက်တို့ ဣန္ဒြေ သိက္ခာတို့ ရှိရတာပဲ ညီလေးရဲ့၊ မိန်းကလေးလှလှမြင်တိုင်း မျက်စိမကစားနဲ့၊ ဘယ်မိန်းမနဲ့မှအရောမဝင်နဲ့၊ သိပ်အရောဝင်လွန်း သိပ်ဂရုစိုက်ပြလွန်းရင် ကိုယ့်မှာတန်ဖိုးမရှိဘဲ ခပ်ပေါပေါ ဖြစ်သွားလိမ့်မယ်၊ သိက္ခာရှိရှိလေးနေ...ဟုတ်လား”

အစ်မတွေရဲ့ဆုံးမစကားကို သူက အလေးအနက်ထားကာ ဣန္ဒြေရရနေခဲ့ပါသည်။ လမ်းသွားရင် ဘေးပတ်ဝန်းကျင်က မိန်းမတွေကို မျက်စိမကစားရဲဘဲ ရှေ့တူရူသို့သာ စိုက်ကြည့်ပြီး သွားတတ်လာသည်။ ဘယ်မိန်းမကိုမှ သူအရောမဝင်ခဲ့၊ စကားများများမပြောခဲ့ပါ။ သူနဲ့အနီးစပ်ဆုံးဟာ သူ့အစ်မတွေပဲမို့ ငယ်ငယ်ကလေးကတည်းကပင် သူက အဝတ်အစားဝတ်လည်း ချပ်ချပ်ရပ်ရပ် သေသေသပ်သပ်၊ စကားပြောလျှင်လည်း သိမ်သိမ်မွေ့မွေ့ တိုးတိုးဖွဖွ၊ တစ်ချက်တစ်ချက်မှာ သူ့အပြုအမူ တွေဟာ သူ့အစ်မတွေနှင့် တူတူသွားတတ်ပါသည်။ သူ့မှာ ယောကျ်ားလေး

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေတော့ရှိပါသည်။ သို့သော် သူ့ သူငယ်ချင်းတွေက သူ့နဲ့စရိုက်မတူကြ။ သူ့ကို ပျော့ကလေးဟုသာ သတ်မှတ်ကြသော သူငယ်ချင်းတွေသာ များသည်။ သူတို့တွေ စိတ်ဝင်စားတာဆို ညီလေးခင်က စိတ်မဝင်စား။ ညီလေးခင် စိတ်ဝင်စားတာဆို သူတို့က စိတ်မဝင်စား။ ဘယ်လိုမှ ရင်းနှီး လုံးထွေးပေါင်းလို့ မရတာမို့ ခပ်စိမ်းစိမ်းပေါင်းသည့် သူငယ်ချင်းတွေသာ သူ့မှာ ရှိခဲ့ပါသည်။ သူ့သူငယ်ချင်းတွေကြားမှာတော့ သူဟာ ဟားစရာ သတ္တဝါမျှသာပင်။

"ညီလေးရာ… မင်းကြည့်ရတာ တစ်နေ့တခြား အခြောက် နဲ့ တူတူလာသလိုပဲကွာ"

ဟု သူတို့က ပြောကြလျှင်တော့ ညီလေးခင်က အပြုံးမပျက်ဘဲ…

"ငါမှ မခြောက်တာပဲကွာ…"

ဟု ခပ်အေးအေး ပြန်ပြောမိတတ်ပါသည်။ ကောင်မလေးတွေကတော့ သူ့ကိုတွေ့လျှင် ခိုးခိုးခစ်ခစ် ရယ်ကြကာ 'အခြောက်ကလေးတော့' ဟု ပြောတတ်ကြသည်။

ညီလေးခင်ကတော့ ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းကုန်ဆုံးခဲ့တာပင်။ အစ်မတွေကိုလည်း သူက မဆန့်ကျင်။ ဘယ်သူ့ကိုမှလည်း ဒေါသအာဃာတတွေမရှိ။ သူ့စိတ်က



အကတိစင်ကြယ်သန့်ရှင်းနေတာမို့ သူ့မျက်နှာက အသက်ထက် များစွာ ဖြူစင်နုနယ်လှပါသည်။

သူ့ဘဝမှာ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့။ ဘယ်မိန်းကလေးအတွက်မှ စိတ်မလှုပ်ရှားခဲ့။ သူ့ဘဝသူလည်း ဘယ်တုန်းကမှ စိတ်မပျက် ဒေါသမထွက်ခဲ့ဖူးပါ။

သို့သော် ခုတော့ ညီလေးခင်ဟာ မိန်းကလေး တစ်ယောက်ရဲ့ရှေ့မှာ ကိုယ့်ကိုယ်ကို အားမလိုအားမရ ဒေါသဖြစ်ရသော… ရက်စွဲ့ရင်ခုန်ရသောသူတစ်ယောက်အဖြစ်သို့ မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့ရလေသည်။


အဲ့ဒါဟာ ထူးဆန်းသော အပြောင်းအလဲတစ်ခု ဖြစ်ပါသည်။

***

www.burmeseclassic.com

www.burmeseclassic.com







(၅)

❖ ❖ ❖

"ကိုမိုးကွ…ဟုတ်ပြီကွ…တောင့်ထားကွ၊ မင်း ဒီကောင်မလေးကို အရှုံးပေးရင် ညံ့ရာကျမယ်နော်…ဟော့ကောင်၊ ငါတို့နိုင်မှ သူ့ကို ခိုင်းချင်ရာခိုင်းလို့ရမှာ"

ကိုမိုးနဲ့မောင်က မောင်းလှဲနေကြပြီး ကိုရိုးက ကိုမိုးဘက်မှ အကြိတ်အနယ် အော်ဟစ်အားပေးလျက်ရှိတာမို့ မောင်တို့အိမ်ထဲမှာ ဆူညံနေပါသည်။ အိမ်မှာတော့ မောင်တို့ မောင်နှမသုံးယောက်နဲ့တင် ပွဲစည်နေတတ်စမြဲပင်။ မောင့်အစ်ကိုတွေက မောင့်ကိုဆို မိန်းကလေးတစ်ယောက်လို ဘယ်တော့မှမဆက်ဆံ။ မောင်ကလည်း အစ်ကိုတွေလုပ်သမျှအတုယူကာ လိုက်လုပ်တတ်စမြဲမို့ မောင်ဟာ မိန်းကလေးနဲ့မတူဘဲ ယောကျ်ားလေးများနှင့်တန်းတူ ကျားကျားလျားလျား ဖြစ်နေတတ်ပါသည်။

"မရဘူးနော်…ကိုမိုး၊ မောင့်ကို အလွယ်တကူ နိုင်လိမ့်မယ် မထင်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



မောင်က အလျော့ပေးမလွယ်သူမို့ ချွေးသီးချွေးပေါက် တွေကျနေသည့်ကြားကပင် အံကြိတ်ကာ မောင့်ထက်သန်မာသော ကိုမိုးရဲ့လက်ဖျံကို တောင့်ခံထားသည်။ နာကျင်ညောင်းညာလှသော်လည်း အရှုံးမပေးလိုက်ချင်။ မောင်ရှုံးရင် သူတို့ခိုင်းတာ လုပ်ပေးရမှာ၊ မောင်တကယ်ပျင်းပါသည်။

သို့သော် မောင် ကြာကြာတင်းခံမထားနိုင်ဘဲ လက်က တဖြည်းဖြည်းယိုင်လာသည်။ ကိုမိုးရဲ့အားပေးသံကလည်း အသံပိုကျယ်လာသည်။ အဲ့ဒီကိုရိုးဟာ လူကအရိုးချည်းပဲရှိကာ ပိန်လှီပေမယ့် အာဘောင်ကတော့ ကျယ်မှကျယ်။

"ဟုတ်ပြီ...ဟုတ်ပြီ...ကိုမိုး...ဖိ...ဖိချပစ်၊ ဒီကောင်မလေး မရတော့ဘူး၊ လက်တွေတောင် တုန်နေပြီ"

"ဒီလိုလွယ်လွယ်နဲ့ မရဘူးလေ"

မောင်က ရှုံးတော့မယ်မှန်းသိပေမယ့် အလွယ်တကူ လျှော့မပေးဘဲ အချိန်ကြာကြာ တောင့်ခံနေလိုက်ပြီး မခံနိုင်တဲ့ အဆုံးကျမှ လျှော့ပေးလိုက်လေသည်။

"ဟေး...ဟေး...ကောင်မလေး ရှုံးသွားပြီ၊ အားရလိုက်တာ၊ ကဲ...ကဲ ရှုံးရင် ခိုင်းတာလုပ်မယ်လို့ ကတိပေးထားတယ်မဟုတ်လား မောင်၊ သွား...သွား ရွှေဘဲက ဘဲကင် သွားဝယ်"



"ဟာ...မသွားချင်ပါဘူး"

"အံမယ်...ဒါ သက်သက်ညာညာခိုင်းတာနော်၊ ဘာမှ အပန်းကြီးတာ မဟုတ်ဘူး၊ ကားမောင်းပြီး သွားဝယ်ရုံပဲ ဟောကောင်၊ ငါရှုံးတုန်းကဆို နင်ခိုင်းတာ လုပ်ပေးရတာ ဖွတ်စာပတ်စာကို တက်နေတာပဲ၊ ဗိုက်ဆာပြီ...သွားတော့ ဟာ"

"ငါ့ညီမလေး နားပါရစေဦးကွာ...မင်းကလည်း၊ ငမောင် နင့်ဖွဲ့ကိုတော့ ငါချီးကျူးတယ်၊ ရှုံးမယ်မှန်းသိပေမယ့် အလွယ်တကူ အလျော့မပေးဘူး၊ အဲဒီစိတ်ဓာတ်ကို ငါကြိုက်တယ်၊ အဲ့ဒီလိုအမြဲစိတ်ဓာတ်ကြံ့ခိုင်ပစေ"

ကိုမိုးက အဲဒီလို ကိုမိုး ဖြစ်သည်။ မောင့်အစ်ကို ယောက်လုံးက မောင့်ကို ယောကျ်ားလေးတစ်ယောက်လို ပြုစု ိုးထောင်ပေးခဲ့တာ ဖြစ်သည်။ ဖေဖေနဲ့မေမေကလည်း မောင့်ကို ဝတ်အစားဝယ်ပေးရင်တောင် အစ်ကိုတွေနှင့် ဆင်တူ ဝယ်ပေး တ်ခဲ့ပါသည်။ မောင်သည် အစ်ကိုတွေနှင့်အတူ ဘောင်းဘီတွေ ရုပ်တွေ ဝတ်ရင်း၊ အတူ တင်းနစ်ရိုက်ရင်း၊ ဘောလုံးကန်ရင်း ကြီးပြင်းလာခဲ့သည်။ အစ်ကိုတွေက မောင့်ကို သွန်သင်သေးသည်။

"မောင် ထစ်ခနဲရှိ မျက်ရည်ကျတာ၊ အရှုံးပေးတာ၊ ပျော့ညံ့ တာမျိုး ငါမကြိုက်ဘူးသိလား၊ လိုချင်တာကို ရအောင်ယူ၊

www.burmeseclassic.com



နည်းအမျိုးမျိုးနဲ့ကြိုးစားကြည့်၊ မျက်ရည်နဲ့အရှုံးပေးတဲ့
အလုပ်ကို မလုပ်မိစေနဲ့...ကြားလား"

အစ်ကိုတွေကို ချစ်ခင်ရင်းနှီးလှသော မောင်က အစ်ကိုတွေပြောသမျှကို နာခံခဲ့သည်။ အစ်ကိုတွေရဲ့ ပြောဆိုပြုမှုပုံကအစ အတုခိုးကာ ကြီးပြင်းလာခဲ့ရတာဖြစ်သည်။ မောင်သည် အလှအပကို စိတ်မဝင်စား။ ထမင်းဟင်းမချက်တတ်။ အိမ်မှုကိစ္စဆို ဝေးဝေးကရှောင်တတ်ကာ စကားပြောလည်း မြန်မြန်သွက်သွက် ကျယ်ကျယ်လောင်လောင်။ ရယ်ရင်လည်း မိန်းမရယ်လို့ ဘယ်တော့မှ ခိုးခိုးခစ်ခစ် ဖြစ်မနေဘဲ အားတုံပြုံ အော်ရယ်တတ်ခဲ့ပါသည်။

"ကဲ...ငမောင်...နားချိန်စေ့ပြီ၊ သွားတော့...သွားတော့ အမြန်ဝယ် အမြန်ပြန်လာ၊ ဒီမှာ ဗိုက်ဆာလှပြီကွ"

ကိုရိုးက မောင့်ခေါင်းကို လှမ်းပုတ်လိုက်တာနဲ့ မောင်က ကိုရိုးပခုံးကို လက်သီးနဲ့ပစ်ထိုးခဲ့ပြီး အိမ်ထဲမှ အမြန် ပြေးထွက်လာခဲ့ပါသည်။

***



❖ ❖ ❖

မမျှော်လင့်ဘဲ သူ့ကို ဒုတိယအကြိမ်တွေ့ဆုံရပုံက တော်တော် ရယ်စရာကောင်းပြီး စိတ်ပျက်စရာလည်း ကောင်းလှသည်။

မောင်သည် မောင်တို့လမ်းကျဉ်းထဲမှ ကားကို ခပ် ဖြည်းဖြည်းမောင်းလာရင်း လမ်းသွယ်ကလေးရဲ့ ထိပ်နားခြံရှေ့မှာ သူ့ကို ကိုးရိုးကားရားပုံစံမျိုးနှင့် ဘွားခနဲ တွေ့လိုက်ရတာဖြစ်သည်။

"အခြောက်ကလေးပါလား"

သူ့ပုံစံဟာ တစ်ကြိမ်တွေ့ဖူးရုံနှင့် မှတ်မိသားမိ ရှိနိုင်သော (သူများတကာနှင့်မတူသော)ပုံစံမျိုးမို့ မောင်က အဝေးက မြင်ရုံနှင့်ပင် မှတ်မိလိုက်ပါသည်။

သူက ခြံဝန်းရှေ့မှာရပ်ထားသော ကားဘေးမှာ ရပ်နေပြီး သူ့တစ်ကိုယ်လုံး ရေစက်စက်ကျနေသည်။ သူက သူ့

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေပေါ်က ရေတွေကို လက်ညှိုးလေးနှင့် မထိခလုတ် ထိခလုတ်တောက်ခါချနေပြီး ထိုရေတွေကို ရွံရှာပုံမျိုး၊ မခံမရပ်နိုင်ပုံမျိုးနှင့် ဆွေ့ဆွေ့ခုန်နေဟန် ရှိသည်။ ထိုအချိန်တွင် အလွန်ကြီးမားသော Bull dog ကြီးကလည်း သူ့ရှေ့မလှမ်းမကမ်းမှာ ရှိနေကာ ဟိန်းဟောက်မာန်ဖီလျက်ရှိသည်။ သူက ထိုခွေးကိုလည်း သွေးပျက်မတတ် ကြောက်ရွံ့နေပုံရကာ တုန်ယင်နေသည်။ ခွေးက တစ်ချက်ဟိန်းဟောက်တိုင်း သူက တွန့်ခနဲ ဖြစ်ဖြစ်သွားတတ်ပုံဟာ တော်တော် ရယ်စရာကောင်းသည်။ ယောကျ်ားတန်မဲ့ ...

အေးလေ ... အခြောက် ဖြစ်ချင်ဖြစ်နေမှာဆိုတော့ ...

မောင်က ကားကို အရှိန်လျှော့လာရာကနေ မလှမ်းမကမ်းမှာ ရပ်လိုက်ပြီး စိမ်ပြေနပြေ ကြည့်နေရာကနေ ကားပေါ်က ဆင်းလာခဲ့ပါသည်။

ကြည့်စမ်းပါဦး ... အဖြစ်မရှိတဲ့ပုံဟာ သိသာလိုက်တာ။ ဒီလိုပုံစံမျိုးနဲ့ ဘယ်အချိန်ထိ ဒီနားမှာရှိနေဦးမှာလဲ။

မောင်က သူ့ရှေ့သို့ ခပ်မြန်မြန်လျှောက်သွားလိုက်ပြီး အသံခပ်ဆတ်ဆတ်ဖြင့် ...

"ဒီမှာ ဘာဖြစ်နေတာလဲ"

ဟု အော်မေးလိုက်ပါသည်။ သူက မောင့်ကို တွေ့တော့ အံ့သြသယောင် ပါးစပ်အဟောင်းသားကြီးဟပြီး ငြိမ်သွားပါသည်။



"မေးနေတာမကြားဘူးလား၊ ဘာဖြစ်နေတာလဲ"

သူက မောင့်ကို အားကိုးရာကြီးတစ်ခု တွေ့လိုက်ရသလို မျက်ဝန်းတွေအရောင်တောက်သွားပြီးမှ တုန်ချိချိအသံကလေးဖြင့် ...

"ဒီမှာ ဒုက္ခတွေရောက်နေတာပါခင်ဗျာ ... ကျွန်တော် ကားပေါ်ကဆင်းတော့မှ ကျွန်တော့်နားကဖြတ်သွားတဲ့ ကားက ကျွန်တော့်အပေါ်က ဗွက်အိုင်ကို နင်းချသွားတာ၊ ဒီမှာကြည့်ပါလား၊ အဝတ်အစားတွေအားလုံး စိုကုန်ပြီ၊ ဒီအဝတ်အစားတွေက မနေ့ကမှ ကျွန်တော့်အစ်မ ဝယ်လာပေးတာ၊ ဒုက္ခပါပဲ ... လျှော်လို့တောင် ရပါတော့မလား မသိဘူး၊ ပစ်ရရင်တော့ ဒုက္ခပါပဲ"

"ဝုတ် ... ဝေါင်း ..."

"အမလေး ... ခွေးကြီး၊ အဲ ... အဲဒီ ခွေးကြီးကလည်း ကျွန်တော့်ကို ဒုက္ခပေးနေတာ၊ ကိုက် ... ကိုက်တော့မလားမသိဘူး၊ ဒုက္ခပဲ၊ ကျွန်တော်က ဒီအိမ်ကို အလှူဖိတ်စာလာပေးတာပါ၊ ဘယ်သူမှ မရှိကြဘူးထင်တယ်၊ ခေါ်လို့ အော်လို့လည်း မရဘူး"

"ဝုတ် ... ဝုတ် ... ဝေါင်း"

"အမလေးဗျာ ... လုပ်ပါဦးဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



မောင်သည် သူ့ရှေ့မှာ ခါးထောက်ရပ်ရင်း သူ့ပုံစံ၊ သူ့ဟန်ပန်ကို စိတ်ပျက်စွာကြည့်နေရာက စိတ်ကုန်လာရကာ…

"ယောကျ်ားတစ်ယောက်အတွက် ဒီလောက်သေးကွေးတဲ့ ကိစ္စလေးကို ဒုက္ခလို့သတ်မှတ်ပြီး တစ်ဒုက္ခတည်း ဒုက္ခ နေတာ ရှင် မရှက်ဘူးလား"

"မင်ဗျာ…"

"ကျွန်မ ပြောတာ မရှင်းဘူးလား"

"ရှင်း…ရှင်းတော့ ရှင်းပါတယ်"

"တကဘည်းနော်…အကျီရေစိုတာပဲ လက်စားရှာသလို ခုန်ဆွခုန်ဆွ ဖြစ်နေရတယ်လို့၊ ကြည့်လို့ကို မကောင်းတော့ဘူး"

"ဝုတ်…ဝုတ်"

"ခွေး…အဲ့ဒီခွေးကလည်း"

"ခွေး…ဘာဖြစ်လဲ၊ ရှင့်ကိုကိုက်သေးလို့လား၊ ဒီမှာကြည့် ဒီခဲလုံးကိုကောက်ပြီး ဒီလိုပစ်ထည့်လိုက်ရတယ်၊ ဟဲ့ခွေး သွားစမ်း"

မောင်က မလှမ်းမကမ်းက အုတ်ခဲတစ်လုံးကို ဆတ်ခနဲ ပြေးကောက်ပြီး ခွေးကြီးကို ပစ်ခတ်ခြောက်လှန့်ထုတ်လိုက်တာမို့ ခွေးက လှည့်ပြေးသွားပါသည်။ ဒီတော့မှ သူက မောင့်ကို သူရဲကောင်းကြီးပမာ ယုံကြည်ကိုးစားဟန်ဖြင့်…



"ကျေးဇူးတင်လိုက်တာဗျာ…ကျွန်တော့်မှာ ကြောက်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ"

"ရှင် ယောကျ်ားနော်"

"ခင်ဗျာ…"

"ယောကျ်ားလားလို့ မေးနေတာ"

"ဟုတ်…ဟုတ်ပါတယ်"

"ဘယ်ယောကျ်ားမှ ခွေးဟောင်တာလောက်ကို ဒီလောက် ဆွေ့ဆွေ့ခုန်မနေဘူးဆိုတာ သေသေချာချာ မှတ်ထား၊ အမြင်မတော်လွန်းလို့သာ ကူညီလိုက်တယ်မှတ်ပါ"

ညီလေးခင်သည် ပြတ်သားသော လေသံ၊ ထက်မြက်သောဟန်ပန်တို့ဖြင့် သူ့ရှေ့ကနေချာခနဲ လှည့်ထွက်သွားသော ကျားကျားလျားလျား မိန်းမသားကို တအံ့တသြငေးကြည့်ကျန်ခဲ့ရပါသည်။ ထိုခဏမှာပင် ထိုမိန်းကလေးနှင့် ဆက်လက်သိကျွမ်းခင်မင်ခွင့်ရချင်သော စိတ်က ထူးဆန်းစွာ ရုန်းကြွလာခဲ့ရပါသည်။ သူမရဲ့ ထူးခြားထက်မြက်မှုအရှိန်အဝါက သူ့ကို ဒုတိယအကြိမ် ကြောက် လွှမ်းမိုးသွားခဲ့တာဖြစ်သည်။ ထိုခဏမှာပင် သူ့မှာမရှိသော အရာတွေဟာ သူမထံမှာ စုပြုံတည်ရှိနေသည်ဟု သူခံစားလိုက်ရသည်။ ဒါကို မဟာသန္တိသုခကျောင်းရှေ့မှာ ပထမအကြိမ် ရောက်စဉ်ကတည်းက သူခံစားမိခဲ့တာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် ယောကျ်ားတန်မဲ့ ပျော့ညံ့ကာ ခံနိုင်ရည်နည်းလှသော ကိုယ့်ကိုယ်ကိုလည်း ဒေါသထွက်သွားခဲ့ ပါသည်။

သူမရဲ့မျက်ခုံးတွေက ထူထဲနက်မှောင်လွန်းကာ မျက်ဝန်းအကြည့်တွေက မိန်းမမဆန်၊ ပျော့ပြောင်းမှုမရှိ။ သို့သော် အဲဒီမျက်ဝန်းတွေထဲက စိတ်အင်အားတွေဟာ သူ့ဆီတစ်ခဏချင်း ဖြာဆင်းလာပြီး ထိုခဏမှာပဲ သူမဟာ သူမရဲ့ Hero ဖြစ်သွားခဲ့ ပါသည်။

သူမပုံစံက မိန်းမတန်မဲ့ အရပ်ရှည်လျားလှကာ ပခုံးတွေက ခပ်မတ်မတ် ခပ်ကားကား။ လမ်းလျှောက်ပုံကလည်း မြန်ဆန်လွန်းတာမို့ အဝေးကပင် မြင်စေသောပုံမျိုး ဖြစ်သည်။ သူမအမြင် မှာတော့ သူဟာ လူသိမ်လူနုတ်ကလေးဖြစ်နေမှာပဲဟု တွေးမိရာ သူ့စိတ်ထဲ အားငယ်သလိုလိုပင် ရှိရလေသည်။

ညီလေးခင်သည် သူမကို ရပ်ကြည့်ကျန်ရစ်ရင်းက သူမနဲ့နောက်ထပ် မကြုံကြိုက်တော့မှာကို အစိုးရိမ်ကြီး စိုးရိမ်လာ ရကာ ရုတ်တရက်သူမနောက်သို့ ပြေးလိုက်လာခဲ့ပါသည်။ သူမက ကားမောင်းထွက်တော့မည့်ဆဲဆဲမို့ သူက ကားပြတင်းဘက်သို့ ငုံ့ကိုင်းကာ...

"ဒီမှာ...ဒီမှာ"



"ဘာလဲ...ပြော"

ထူးသံက မညင်သာ။ သို့သော် သူ သဘောကျပါ သည်။

"ဟို...ကျွန်တော် 'ဒီက' နဲ့ ခင်လို့များရမလားမသိဘူး"

"ဘာပြောတယ်"

"ကျွန်တော်ပြောတဲ့သဘောက 'ဒီက' နဲ့သူငယ်ချင်းဖြစ်ခွင့် ရမလားလို့ပါ"

"'ဒီက' ဆိုတာ..."

"သူ...သူ့ကို ပြောတာပါ"

"သူဆိုတာက..."

"ခင်ဗျားလေ...ခင်ဗျားကိုပြောတာပါ၊ ကျွန်တော့်စိတ်ထဲမှာ ခင်ဗျားနဲ့ ခင်မင်ချင်တဲ့စိတ်မျိုး ရုတ်တရက်ဖြစ်လာလို့ပါ၊ ကျွန်တော် ဘယ်မိန်းကလေးကိုမှ ဒါမျိုး မတောင်းဆိုဖူး ပါဘူး"

"ကျွန်မနဲ့ခင်ဖို့ ရှင့်မှာ အရည်အချင်းရှိလို့လား"

"ခင်ဗျာ..."

"ကျွန်မ အမြင်အရတော့ ရှင့်မှာ ကျွန်မနဲ့ သူငယ်ချင်း ဖြစ်ထိုက်တဲ့ အရည်အချင်းမျိုး မရှိဘူး"

"ဩော်...သူငယ်ချင်းဖြစ်ဖို့ဆိုတာ အရည်အချင်းတွေ ဘာတွေ လိုသေးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအတွက်တော့ လိုအပ်တယ်၊ ရှင့်မှာ အရည်အချင်း မရှိရင် ရှင်က ကျွန်မအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေမှာပေါ့"

"သြော်...ဒီလိုလား"

"ဒါနဲ့ နေစမ်းပါဦး...ရှင်က ဘာဖြစ်လို့ ကျွန်မနဲ့ခင်ချင်ရတာလဲ"

"သဘောကျလို့ပါ"

"ဘာ..."

"ဒီလိုပါ...ခင်ဗျားရဲ့ သတ္တိရှိမှု၊ ထက်မြက်မှုကို သဘောကျလို့ပါ"

"ကျွန်မကတော့ သတ္တိမရှိတဲ့ ရှင့်ကို သဘောမကျဘူး"

"ဒါဆို သူငယ်ချင်းဖြစ်ခွင့်မပေးနိုင်ဘူးဆိုတဲ့ သဘောလား ခင်ဗျာ"

"စဉ်းစားမယ်လေ...ရှင်အမူအကျင့်တွေကို ပြုပြင်ပြောင်းလဲမယ် ဆိုရင်ပေါ့"

"ဘယ်လိုပြောင်းလဲရမှာလည်းမသိဘူး"

"ရှင့်ကိုယ်ရှင် ဘာကို ပြောင်းလဲသင့်တယ်ဆိုတာတောင် မသိဘူးလား"

"ကျွန်တော် ငယ်ငယ်ကတည်းက ဒီပုံစံအတိုင်းပဲ နေလာတာ"



"သြော်...နောက်လည်း ဒီပုံစံအတိုင်းပဲ ဆက်သွားတော့မယ်ပေါ့"

"ခင်ဗျားက မကြိုက်ဘူး ဆိုရင်တော့ ပြုပြင်ပေးပါ့မယ်၊ မကြိုက်တာတွေကိုသာ ပြောပါ"

"မကြိုက်တာတွေကတော့ ပြောရရင် မကုန်ဘူး၊ ကဲ... ကျွန်မ သွားတော့မယ်"

"ဒီမှာ...ဒီမှာ ဒီဖိတ်စာလေး ယူသွားပါခင်ဗျာ၊ မနက်ဖြန် ကျွန်တော်တို့အိမ်မှာ ကျွန်တော့်မွေးနေ့ဆွမ်းကျွေးရှိပါတယ်၊ ကျွန်တော် ဖိတ်ပါတယ်၊ ဆက်ဆက်လာခဲ့ပါ ခင်ဗျာ"

မောင်က မို့ချို့မျှစ်ချိုးပြောဆိုနေပေမယ့် သူက စိတ်မဆိုးသည့်အပြင် ယဉ်ကျေးစွာပြောဆိုဖိတ်ကြားနေတာမို့ မောင့်စိတ်ထဲ နည်းနည်းတော့ အားနာသွားရပါသည်။ ပြီးတော့ သူ့ရဲ့ ရိုးသားပုံကလေးကို အသိအမှတ်ပြုကာ ကရုဏာသက်ရလေသည်။

မောင်က ဖိတ်စာကို လှမ်းယူလိုက်ပြီး...

"သွားတော့မယ်"

ဟု နှုတ်ဆက်ကာ ကားကို ခပ်ဖြည်းဖြည်းမောင်းအထွက် သူက ကားနှင့်ယှဉ်၍ လိုက်လာပြန်ကာ...

"ကျေးဇူးပြုပြီး နာမည်နဲ့လိပ်စာလေးတော့ ပြောခဲ့နိုင်မလား ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မောင်က အုတ်အုကြောင် သူ့ပုံကို ရယ်ချင်စိတ်ပေါက်လာတာမို့ တစ်ဖက်သို့လှည့်၍ ရယ်မိရင်း...

"ကျွန်မနာမည် မေမင်းမောင်၊ ဒီလမ်းသွယ်ရဲ့အဆုံး ဘယ်ဘက်အစွန်ကခြံဟာ ကျွန်မတို့ခြံပဲ"

"ခုလိုပြောတာကို ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော့်နာမည် ညီလေးခင်ပါ၊ လိပ်စာက ဖိတ်စာထဲမှာ ပါပါတယ်၊ ဆွမ်းကျွေးကို မမေမင်းမောင်လာရင် ကျွန်တော် ပျော်မိမယ်ထင်ပါတယ်"

ခေါ်ပုံကြီးကလည်း မမေမင်းမောင်ရယ်လို့ပဲ။ မောင်က သူ့ရဲ့စကားလုံးတိုင်းအတွက် ရယ်ချင်လှတာမို့ ကားမောင်းထွက်ခဲ့ရင်း မျက်နှာက ပြုံးစေ့စေ့ ဖြစ်နေခဲ့ရလေသည်။

***



(၆)

❖ ❖ ❖

ဒီလိုအရွယ် ယောကျ်ားတစ်ယောက်ရဲ့ မွေးနေ့ပွဲဟာ အိမ်မှာ ဘုန်းကြီးဆွမ်းကျွေးဆိုတာနှင့်မင် တော်တော်ထူးဆန်းနေပြီ။ မောင့်ပတ်ဝန်းကျင်မှာတော့ ဒီအရွယ်ယောကျ်ားတွေရဲ့ မွေးနေ့ပွဲဟာ သောက်ကြစားကြ ပျော်ရွှင်မြူးတူးကြနှင့်ပင်။

မောင်သည် ညီလေးခင်ကို ယောကျ်ားတန်မဲ့ ဒီလောက်နွဲ့ရသလားရယ်လို့ စိတ်ပျက် စိတ်ကုန်လှသော်လည်း တစ်ဖက်က သူ့ကို စိတ်ဝင်စားနေမိတာကို ဖုံးကွယ်၍မရပါ။ သူ ဘာကြောင့် ဒီလိုဖြစ်ရသလဲ...။ သူ့မိသားစုပုံစံက ဘယ်လိုလဲဆိုတာကိုပင် စပ်စုချင်လာရပါသည်။ ပြီးတော့ သူ့ရဲ့ရိုးသားယဉ်ကျေးမှုကို အသိအမှတ်ပြုချင်သည်။ ပြီးတော့ သူ့အဖြစ်ကို နည်းနည်းလည်း စာနာသနားမိလေသည်။ သူနဲ့သူငယ်ချင်းဖြစ်ရလျှင် ဘယ်လိုထူးဆန်းအံ့သြဖွယ်တွေကို သိမြင်ခွင့်ရဦးမယ်မသိ။

www.burmeseclassic.com

www.burmeseclassic.com



သူတောင်းဆိုသော သူငယ်ချင်းဖြစ်ခွင့်ကို မောင် ပေးချင်လာပါ သည်။

ထိုနေ့မနက်က မောင်သည် မောင့်ရဲ့ ပင်ကိုယ် ဟန်ပန်အတိုင်းပင် ထွေထွေထူးထူး မပြင်ဘဲ ညီလေးခင်တို့ အိမ် ဘက်သို့ ထွက်လာခဲ့တာ ဖြစ်သည်။

ဘယ်နေရာစိမ်းကိုရောက်ရောက် မတွန့်ဆုတ်တတ် မကြောင်တတ်သော မောင်က ကားကို အသင့်ဖွင့်ထားသော ညီလေးခင်တို့ခြံထဲသို့ မောင်းဝင်လာခဲ့ပါသည်။

မောင် ကားပေါ်ကဆင်းပြီး အိမ်ဘက်သို့လျှောက် လာဆဲမှာ မာလီဖြစ်ဟန်တူသူ တစ်ယောက်က မောင့်ဆီပြေးလာ ကာ...

"အမား...အမား...ဘယ်ကိုလာတာလဲ"

"ဒီကိုလာတာလေ"

"ဒီအိမ်မှာ အလှူလုပ်နေတာ"

"တို့လည်း အလှူလာတာပဲလေ၊ ဘာဖြစ်လို့လဲ"

"ဩော်...ချွန်ဒေါ်က အိမ်မှားဝင်လာသလားလို့ပါ"

"ဘာဖြစ်လို့ဒီလိုထင်ရတာလဲ"

"အမားပုံစံက အလှူလာတာနဲ့ မတူလို့ပါ"

"ဩော်...အလှူလာတဲ့ပုံစံက ဘယ်လိုပုံစံမျိုးတွေမို့လို့လဲ"



"ဒီအိမ်က အမားတွေရဲ့ မိတ်ဆွေတွေ ဘာတွေကတော့ တောက်တောက်ပပ ပြောင်ပြောင်လက်လက်တွေဝတ်ပြီး လာထတ်ဗာယ်ခင်ဗျ"

ဩော်...အဲဒီလိုလား။ မောင်က နည်းနည်းရယ်ချင် သွားကာ အိမ်ဘက်သို့ ဆက်လျှောက်လာခဲ့ပါသည်။ ရွှေတွေ စိန်တွေ ဝတ်ရမှာ ဝန်လေးစိတ်ရှုပ်လှသော မောင့်ကိုယ်ပေါ်မှာ တော့ နားကပ်ကလေးတောင် ဝတ်ထားတာ မဟုတ်ပါ။ ဂျင်း ဘောင်းဘီနှင့် တီရှပ်အဖြူလေးဝတ်ကာ ကြိုးရှည်ရှည် အိတ်ကို စလွယ်သိုင်းလွယ်ထားသော မောင့်ပုံစံက အလှူလာတဲ့ပုံစံ မဟုတ် ဘူးတဲ့လား။ အလှူလာတဲ့သူတွေရဲ့ပုံစံဟာ ဘယ်လိုပါလိမ့်။

မောင်က အိမ်ထဲလှမ်းဝင်မည်ပြင်ဆဲ...တောက် တောက်ပပ ပြောင်ပြောင်လက်လက်တွေကို လှမ်းမြင်လိုက်ရပါ သည်။ အများစုက မိန်းမတွေဖြစ်ပြီး ထိုမိန်းမတွေထဲမှာ ညီလေး ခင်တို့ အရွယ်က သိပ်မပါ။ အသက်သုံးဆယ်ကျော် လေးဆယ် ဝန်းကျင်တွေသာများပြီး ထိုမိန်းမတွေအားလုံးဟာ ရွှေတွေ စိန်တွေ ဖဲတွေ စာတွေကို ဝတ်ထားကြပါသည်။

ဧည့်ခန်းကျယ်ထဲမှာ မွေးပွကော်ဇောတွေ ခင်းဟား ပြီး စားပွဲဝိုင်းတွေ ချထားသည်။ လူကလည်း တော်တော် များပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင် ဝင်လာတာတွေ့တော့ ရုပ်ခပ်ဆင်ဆင် အမျိုးသမီးနှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ပြီးမှ ဇဝေဇဝါမျက်နှာနှင့်...

"ကြွပါ...ကြွပါ"

ဟု ဖိတ်ခေါ်လိုက်ပါသည်။ မောင်က ခပ်မတ်မတ်လှမ်းဝင်လိုက်ရင်း...

"မောင်က ညီလေးခင်ရဲ့ ဧည့်သည်ပါ"

"ဪ...ဟုတ်လား၊ ထိုင်ပါကွယ်၊ ညီလေးက အပေါ်ထပ်ဘုရားခန်းမှာ ဘုရားကန်တော့နေလို့ပါ၊ ဒီနေ့က သူ့မွေးနေ့ဆိုတော့ ဥပုသ်စောင့်တယ်လေ၊ သူ့က မွေးနေ့တိုင်းဥပုသ်စောင့်နေကျ၊ ခဏနေ ဆင်းလာပါလိမ့်မယ်၊ အစ်မတို့နှစ်ယောက်က သူ့အစ်မတွေပါ"

"ဟုတ်ကဲ့"

"မုန့်ဟင်းခါး စားပါဦးကွယ်"

"စားမှာ စားမှာ ... မောင်က မုန့်ဟင်းခါးဆို သိပ်ကြိုက်"

မောင်က မုန့်ဟင်းခါးကြိုက်လှသူဖြစ်ပြီး ဗိုက်လည်းဆာနေတာမို့ မုန့်ဟင်းခါးတစ်ပန်းကန်ဆွဲယူကာ အကြော်တွေထည့်၊ မုန့်ဖတ်တွေထပ်ထည့်ပြီး အားရပါးရ စားလိုက်ပါသည်။

ခင်သက်လယ်မှာ ကိုယ့်အိမ်ကိုယ့်ရာပမာ သဘောထားကာ ရဲရဲတင်းတင်းရှိလှသော ကောင်မလေးကို ကြည့်ရင်းမသိမသာ မျက်မှောင်တွန့်နေရပါသည်။



မိန်းကလေးရယ်လို့လည်း တစ်စက်မှ ပျော့ပျောင်းညင်သာမှုမရှိ၊ သွားတာ လာတာ နေတာ ထိုင်တာကအစ အရဲကိုးလွန်းတာမို့ ထိုပုံပန်းကို သိပ်ကြည့်မရချင်။

ကိုယ့်မောင်ကလေးဟာ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့လေးမို့ ဖိုးဇတ်မျိုးဗျတ် မိန်းကလေးမျိုးနှင့် အပေါင်းအသင်းဖြစ်နေတာကိုပင် မနှစ်မြို့ချင်သလို ဖြစ်ရပါသည်။

ညီလေးမှာ ရင်းချာသော အပေါင်းအသင်းရယ်လို့လည်း သိပ်ရှိလှတာမဟုတ်ပါ။ ရှိစုမဲ့စုအပေါင်းအသင်းနည်းနည်းပါးပါးကိုလည်း ခင်သက်လယ်တို့က မသိမရှိစေအောင် စုံစမ်းလေ့လာထားခဲ့တာပင်။ ဘယ်သူ့ကိုဖြင့် ပေါင်း၊ ဘယ်သူ့ကိုဖြင့် မပေါင်းနဲ့ဆိုတာကိုလည်း တိတိကျကျ သွန်သင်ပြီးသားပါပင်။ ညီလေးရဲ့အပေါင်းအသင်းဆိုတာ နည်းပါးလှတာမို့ ညီလေးမွေးနေ့မှာ အစ်မနှစ်ယောက်ရဲ့ အပေါင်းအသင်းတွေသာ များနေတတ်စမြဲ ဖြစ်ပါသည်။

"ရဲလိုက်တာနော်"

"အေးလေ ... အံ့ပါရဲ့"

ညီအစ်မနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မျက်စပစ်ကာ တီးတိုးမှတ်ချက်ချကြပြီး သူမစားပွဲနားက ခွာလာကြပါသည်။

မောင်သည် မုန့်ဟင်းခါးငုံ့စားနေရင်းကပင် ညီလေးရဲ့ အစ်မနှစ်ယောက်ပုံကို အံ့ဩရယ်ချင်နေရသည်။ ဒီခေတ်ကြီးမှာ ဒီလိုအရွယ် မိန်းမတွေကို ဒီလိုအသွင်မြင်ရတာကပင် ထူးဆန်းနေသည်။ ညိုမှောင်လှသော အသားအရည်ပေါ်မှာ ခရမ်းရောင်တောက်တောက် ဖဲလုံချည်နှင့် ခရမ်းရောင် ဖာအင်္ကျီကိုဝတ်ထားကာ ဆံပင်ပွကြမ်းကြမ်းတွေကို လက်နှစ်လုံးလောက်ရှိသော ရွှေကနုတ်ဖောင်းကြွ ကလစ်ကြီးဖြင့် ညှပ်ထားသည်။ လည်ပင်းမှာဆွဲထားသော နှစ်ကျပ်သားခန့်ရှိ အုန်းဆံကြိုးပုံ ရွှေဆွဲကြိုးကြီးက ရင်ညွန့်ကျော်ကာ ခါးနားထိပင် ရောက်လုလု ရှည်လျားပါသည်။ လက်မှာတော့ တံတောင်ဆစ်နားရောက်လုမတတ် အစုလိုက် အပြုံလိုက်ဝတ်ထားသော လက်ကောက်တွေဟာ သူတို့လက်အလှုပ်အရှားမှာ တချွင်ချွင်မြည်နေပါသည်။ ဒီလိုအစ်မတွေရဲ့ မောင်ဟာ ဒီလောက်တုံးတာနေတာ အံ့ဩစရာမဟုတ်ပေဘူး။

မောင်က ဒုတိယမြောက် မုန့်ဟင်းခါးကို လက်စသတ်ခါနီးဆဲဆဲမှာ ညီလေးခင်က အပေါ်ထပ်မှ ဆင်းလာပါသည်။

"ဟာ…မမေမင်းမောင် လာတယ်"

သူက မောင့်ကိုတွေ့တော့ အံ့ဩဝမ်းသာသွားပုံနှင့်



ဆင်းဆီလျှောက်လာနေပါသည်။ ရှပ်အင်္ကျီ အဖြူလက်ရှည်နှင့် …ဘ်ရောင် ယောပုဆိုးလေးကို ခပ်ချုပ်ချုပ်ဝတ်ကာ လက်ကလေး …ဝက်ကို ရှေ့မှာယှက်ကာ လျှောက်လာနေပုံကလေးကိုက …ကောင်းလှတာမို့ မောင် စိတ်ညစ်သွားရသည်။ သူ့ကို ဒီလိုပုံစံနဲ့ …ရတာ စိတ်မချမ်းသာလွန်းလို့…။

"မမေမင်းမောင်…"

"ကျွတ်…အဲဒီအခေါ်အဝေါ်ကြီးက အဆင်မပြေလိုက်တာ၊ မောင်လို့ ခေါ်လို့ရတယ်"

"ဟုတ်ကဲ့ပါ…မမောင်"

"မောင်တစ်လုံးတည်း ခေါ်လို့ရတယ်လေ"

"ဟုတ်ကဲ့ပါ မောင်…"

ရိုကျိုးလွန်းတာကြီးကို သိပ်ကြည့်မရချင်။

"ကျွန်တော်…ဘုရားခန်းထဲမှာ ပုတီးစိပ်နေလို့ ကြာသွားတာ၊ မောင် ရောက်နေတာ ကြာပြီလား"

"သိပ်မကြာသေးပါဘူး၊ မုန့်ဟင်းခါး နှစ်ပွဲ စားပြီးရုံလောက်ပဲ"

"မောင့်ကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ပျော်လည်း ပျော်ပါတယ်"

"ဘာကိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်လာတဲ့ အတွက်ပါ"

သူက မျက်လွှာကလေးချကာ တိုးဖွဖွပြောပါသည်။ မောင်က ဘေးဘီကို မှုက်လုံးဝေ့ကြည့်ရင်း...

"ရှင့်မွေးနေ့ကလည်း ရှင့်အရွယ် သူငယ်ချင်းတွေလည်း မတွေ့ပါလား"

"သူတို့က စောစောကပဲ ပြန်သွားကြပြီ"

"အင်းလေ...လူကြီးတွေကြားထဲဆိုတော့ အနေခက်ကြမှာပေါ့၊ ရှင့်မွေးနေ့က နှစ်တိုင်းဒီလိုပဲလား၊ သူများတကာတွေလို သူငယ်ချင်းတွေနဲ့ သီချင်းဆိုကြ၊ မွေးနေ့ကိတ်တွေ လှီးကြ၊ အဲဒါမျိုး မလုပ်ဘူးလား"

"မလုပ်ဖြစ်ပါဘူး၊ ကျွန်တော်က မွေးနေ့ဆို သီလယူတယ်၊ ပုတီးသက်စေ့စိပ်တယ်..."

ဪ...ရှားပါးပုဂ္ဂိုလ်ရယ်ပါလား။ မောင်က သူ့ကို စိုက်ကြည့်မိတော့ သူက အသာအယာ မျက်လွှာချသွားကာ လက်ထဲက တစ်ရှူးစကလေးကို ဆုပ်ချေနေတော့သည်။ မောင်က သူ့ပုံစံကိုကြည့်ပြီး စိတ်ပျက်လာတာမို့ သူ့လက်ထဲက တစ်ရှူးကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး...

"ဒီတစ်ရှူးစကို ဘာဖြစ်လို့ ဒီလောက်ဆုပ်ချေနေတာလဲ ဒါမျိုး အမူအရာတွေ မလုပ်စမ်းပါနဲ့"



ဟုပြောလိုက်ရာ သူက 'ဟုတ်ကဲ့' ဟုပြောပြီး ခေါင်းငုံ့သည်။

"ညီလေးရေ...ဆယ့်တစ်နာရီကျော်နေပြီနော်၊ ဥပုသ်သည်က ဆယ့်နှစ်နာရီမကျော်ခင် ထမင်းစားရမှာ...သွားစားတော့လေ"

မမကြီးက လှမ်းပြောတာမို့ ညီလေးခင်မှာ ထ,လည်းချင်၊ မောင်တစ်ယောက်တည်းကိုလည်း မထားခဲ့နိုင်ဘဲ အခက်တွေ့နေပါသည်။

"ခေါ်နေပြီ...သွားတော့လေ၊ ကျွန်မလည်း စားလို့ဝပြီ...ပြန်တော့မယ်"

"ဟုတ်ကဲ့...ခုလိုလာတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

မောင် ပြန်သွားတော့ ညီလေးခင်ရဲ့စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်ကျန်ရစ်ခဲ့ပါသည်။ ဘယ်လိုတစ်မျိုးကြီးလည်းဆိုတာတော့ သူလည်း တိတိပပမပြောတတ်ပါ။ သူမကို စ,တွေ့တည်းက စလို့ ထိုတစ်မျိုးကြီးသော ဘာမှန်းမသိသော...ပုံမှန်မဟုတ်သော ခံစားချက်ကြီးက သူ့ကိုအင်အားကြီးမားစွာ လွှမ်းမိုးသွားခဲ့တာဖြစ်သည်။ ဥပုသ်သည်က ဒါမျိုးတွေ စဉ်းစားနေလို့ ဖြစ်ပါ့ဘူးလေဟုတွေးကာ ညီလေးက ထမင်းစားခန်းထဲ ဝင်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲရောက်တော့ အစ်မနှစ်ယောက်
သူ့အနား ဝိုင်းလာကာ...

"ညီလေး...ခုနကောင်မလေးက ဘယ်သူလဲ၊ ဘယ်ကလဲ
ဘယ်တုန်းက ခင်တာလဲ..."

'ဘ' အလုံးပေါင်းများစွာ မေးခွန်းတွေက သူ့
တရစပ် ပြေးဝင်လာပါသည်။

"ခင်တာ မကြာသေးပါဘူး၊ သူ့နာမည်က မေမင်းမော
တဲ့၊ ကျွန်တော့်သူငယ်ချင်းတစ်ယောက်နဲ့တစ်လမ်းတည်း
မှာနေတယ်"

"ခင်တာ မကြာသေးတဲ့ ယောကျာ်းလေး တစ်ယောက်
အိမ်ကို လာပုံကလည်း ရဲတင်းလိုက်တာ၊ ဝင်လာပြီး
သောက်နေလိုက်တာများ သူ့အိမ်သူ့ရာလိုမျိုး အရဲကိုး
လိုက်တာ၊ အဲ့ဒီလောက် ရဲတင်းတဲ့ မိန်းကလေးမျိုး
အပေါင်းအသင်းလုပ်ရတာ ဘယ်လောက်အန္တရာယ် များ
တယ်မှတ်သလဲ၊ ကိုယ်က ကိုယ့်ဣန္ဒြေလေးနဲ့ကိုယ် တည်
တည်ငြိမ်ငြိမ်နေရက်နဲ့ သူကအရဲကိုးပြီး ဇွတ်တိုးလာရင်
ကိုယ်ပဲ နာမည်ပျက်ရဦးမယ်"

"သူက အရဲကိုးတာမဟုတ်ပါဘူး၊ သတ္တိရှိတာပါ၊ အဲဒီလို
သတ္တိရှိတာကို ကျွန်တော် သဘောကျလို့ ခင်မိတာ"



"မိန်းကလေးပဲ...သတ္တိရှိဖို့ မလိုပါဘူး၊ မိန်းကလေးပီသ
ဖို့ပဲ လိုတယ်၊ မိန်းမ မပီသ ထောင့်မကျိုးတဲ့ မိန်းမမျိုးကို
မျက်စိထဲ ကြည့်လို့ကိုမရတာ၊ ဒါမျိုးနဲ့ အပေါင်းအသင်း
လုပ်ရင် သူ့စရိုက်တွေ နင့်ဆီကူးပြီး နင်ပါ မယဉ်ကျေးတဲ့
သူမျိုး ဖြစ်သွားလိမ့်မယ်...ကြားလား"

"ဟုတ်ကဲ့ပါ...ဟုတ်ကဲ့ပါ"

ညီလေးခင်မှာ အစ်မတွေရဲ့ တစ်ယောက်တစ်လှည့်
ဆုံးမစကားပြောဆိုနေကြတဲ့အလယ်မှာ အနေခက်လျက်ရှိကာ ခေါင်း
တဆတ်ဆတ် ညိတ်နေရပါသည်။ သို့သော်...ဘယ်လိုပဲဖြစ်ဖြစ်
သူမနှင့်ခင်မင်ခွင့်ကို လက်မလွှတ်နိုင်သော ကိုယ့်အဖြစ်ကို ကိုယ်ပဲ
သိပါသည်။ အစ်မတွေရဲ့စကားကို ပယ်ရှားမိတဲ့အဖြစ်ဟာလည်း
ဒီတစ်ကြိမ် ပထမဦးဆုံး ဖြစ်လေသည်။


ညီလေးခင်အတွက်တော့ မောင်ဟာ သူ့ရဲကောင်းပဲ။

***

www.burmeseclassic.com

www.burmeseclassic.com







(၇)

❖ ❖ ❖

"အိမ်ရှေ့မှာ အခြောက်တစ်ယောက် လမ်းသလားနေတယ်"

"အေးကွ... ငါတွေ့တာကြာပြီ၊ လက်ထဲမှာလည်း ထမင်းချိုင့်တစ်ဖက်နဲ့၊ ဒီအိမ်ဘက်ကိုပဲ ကွက်ကြည့်ကွက်ကြည့် လုပ်နေတာ၊ ဘာဇယားလည်းမသိဘူး"

မောင့်အစ်ကိုနှစ်ယောက်ရဲ့ အသံကြောင့် မောင် မျက်လုံးပြူးသွားရပါသည်။ မောင်က အိမ်ရှေ့ဘက်သို့ အမြန်ပြေးထွက်လာကာ အိမ်ရှေ့ဆီလှမ်းကြည့်မိတော့ လား... လား ညီလေးခင်မှ ညီလေးခင်။

သူက ငါးဆင့်စတီးလ်ချိုင့်ကို တစ်ဖက်ဆွဲထားကာ မောင်တို့ခြံရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်းက ခြေဖျားအလေးထောက်ကာ ထောက်ကာ မောင်တို့အိမ်ဘက်ကို လှမ်းမျှော်ကြည့်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ...မောင့်အသံ...မောင့်အသံ..."

"နင့်အသံထဲမှာ အခြောက်ရှိတယ်...ဟား...ဟား...မောင်တို့ကျွတော့ကွာ အခြောက်နဲ့လည်း အပေါင်းအသင်းဖြစ်လိုက်တာပဲ"

"ကိုမိုးကလည်း အခြောက်တော့ မဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ၊ အစေးကမြင်ရတာတောင် ဒီလောက်သိသာနေတာကိုး၊ ကြည့်ပါလား...လမ်းလျှောက်ပုံက နွဲ့တွဲ့နွဲ့တဲ့နဲ့"

"အစ်မတွေကြားမှာနေပြီး အစ်မတွေပုံသွင်းတာခံရလို့ ဒီလိုဟန်ပန် ဖြစ်သွားတာပါ ကိုရိုးရာ၊ ကြည့်ရတာ gay တော့ဟုတ်ပုံမရပါဘူး"

"အံမယ်...နင်သိတယ်ပေါ့"

"ကိုရိုးနော်...လျှောက်နောက်မနေနဲ့၊ သူ့ကြည့်ရတာ မောင့်ကို လာရှာတာထင်တယ်၊ မောင်သွားခေါ်လိုက်ဦးမယ်"

"အေး...အေး...ခေါ်ခဲ့...ခေါ်ခဲ့၊ စကားပြောကြည့်ရရင်အပျင်းတော့ ပြေမှာပဲ"

မောင်က ခြံပြင်ဘက်သို့ အမြန်ပြေးထွက်လာခဲ့ပါသည်။ မောင့်ကိုတွေ့တော့ သူက ဝမ်းသာသွားကာ...

"ဟာ...မောင်ရာ...ကျွန်တော် ရှာလိုက်ရတာ၊ ဒါ မောင်တို့အိမ် ဟုတ်မဟုတ် မသေချာတာနဲ့ ဝင်လည်း မဝင်ရဲဘူး၊ ခေါ်လည်းမခေါ်ရဲဘဲ ဒီရှေ့မှာရပ်နေရတာ တစ်နာရီလောက်ရှိပြီ"



"ကျုပ်...အဲ့ဒါတွေ ခက်တာပေါ့ ညီလေးခင်၊ သတ္တိကြောင်စရာမဟုတ်တဲ့ ကိစ္စမှာလည်း သတ္တိကြောင်နေတော့တာပဲ၊ ဟုတ်မဟုတ် ဝင်မေးလိုက်တော့ ဘာဖြစ်မှာမို့လို့လဲ၊ အလကား အချိန်ကုန်ခံနေတယ်၊ ပြော...ဘာကိစ္စလဲ"

"ဒီမှာလေ...အိမ်မှာ မြီးရှည်လုပ်စားတာနဲ့ မောင်စားဖို့လာပို့တာ"

"ကဲ...ကဲ...လာ...လာ ဝင်ဦး"

မောင်က စေ့ထားသောခြံတံခါးကို ဆွဲဖွင့်ပေးလိုက်တော့ သူက ကျိုးကြည့်ကြောင်ကြည့်နှင့် တွန့်ဆုတ်တွန့်ဆုတ်ဝင်လာသည်။ ကားကိုတော့ ခြံရှေ့မှာပဲ ရပ်ထားခဲ့ပါသည်။

ဗရုတ်ကျမို့ စောင့်မျှော်နေသော မောင့်အစ်ကိုနှစ်ယောက်က သူ့ကိုတွေ့တော့ ပြုံးစိစိရုပ်တွေနှင့် အနားကပ်လာကြတာမို့ မောင်က ညီလေးခင်မမြင်အောင် မျက်စောင်းထိုးရသည်။

"ကိုမိုး...ကိုရိုး ဒါ မောင့် သူငယ်ချင်းပဲ ပြောပါတော့၊ ညီလေးခင်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…နာမည်လေးက ချစ်စရာလေး"

"လူလေးအတိုင်းပဲနော်"

"တွေ့ရတာဝမ်းသာပါတယ် ခင်ဗျာ၊ ကျွန်တော် မြို့ရှည် လာပို့တာပါ"

"ဟုတ်လား…စားရဦးတော့မှာပေါ့"

"မြို့ရှည်က ဘယ်သူလုပ်တာလဲ"

"ကျွန်တော်ပါခင်ဗျ"

"ဟမ်…မင်းလုပ်တာ"

"ဟုတ်ပါတယ်…ကျွန်တော်က အချက်အပြုတ်ဝါသနာ ပါတော့ အိမ်မှာ မုန့်လုပ်စားကြရင် ကျွန်တော်ပဲ လုပ်ပေးတာပါ၊ အစ်ကိုတို့ စားချင်တာရှိရင်လည်းပြောပါ၊ တစ်နေ့လောက် ကျွန်တော် လာချက်ကျွေးပါဦးမယ်"

"ဟေး…ဟေး…ကောင်းတာပေါ့ကွာ၊ ကောင်းတာပေါ့၊ အိမ်က ငမောင်ကတော့ ဘာမှအသုံးမကျလို့ ငါတို့မှာ တစ်ခါမှ အစားကောင်းစားရတာ မဟုတ်ဘူးကွ"

အစ်ကိုနှစ်ယောက်က ဗရုတ်သုတ်ခ လျှောင်ပြောင် ရိပ်ခွန်းသော စကားတွေပြောနေပေမယ့် ညီလေးခင်က ရိပ်မိပုံမရပါ။

"ကဲ…ညီလေးရေ…ကျေးဇူးပဲနော်၊ ရော့…ရော့ ဒီမှာချိုင့်၊ လှယ်ထည့်ထားလိုက်ပြီ၊ ပြန်တော့ ဟုတ်လား"



"ဟာ…နင်ကလည်း ငါ့ညီလေးကို အတင်းပြန်လွှတ်တော့တာပဲ၊ နေပါစေဦးကွ၊ ငါတို့နဲ့ စကားလေးဘာလေး ပြောပါရစေဦး ဟဲ…ဟဲ…ညီလေးက လိမ္မာပုံရတယ်၊ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့လေး၊ နင့်လို ဂျမ်းဒေါ မဟုတ်ဘူး"

"ကိုမိုးတို့နော်…"

"ဘာလဲဟ…ဒါနဲ့ ညီလေးက အချက်အပြုတ်ပဲ ဝါသနာ ပါတာလား၊ တခြားဘာတွေ ဝါသနာပါသေးသလဲ"

"အိမ်မှာတော့ မမကြီးတို့က ကျောက်မျက်ရတနာတွေ အရောင်းအဝယ်လုပ်ကြတော့ လေ့လာရင်းနဲ့ ဝါသနာ ပါသွားပါတယ်"

"ဟာ…ဒါဆို ညီလေးက အလှအပ ရေးရာမှာလည်း မခေဘူးပေါ့၊ ဒါဆို ကြည့်စမ်းပါဦးကွ၊ ငါ့ညီမလေးနဲ့ဆို ဘယ်လို ရတနာမျိုးနဲ့ လိုက်ဖက်မလဲ"

"မောင်က သိပ်မိန်းမဆန်တဲ့ ပလက်တီနမ်ကြိုးခပ်သေးသေး လေးတွေနဲ့ပဲ လိုက်ဖက်မယ်ထင် ခင်ဗျ၊ ရွှေတွေ စိန်တွေ ညွတ်နေအောင် ဝတ်ထားရင် သူ့နဲ့ လိုက်ဖက်မှာမဟုတ်ဘူး"

"ဟား…ဟား…ငမောင်ရေ…နင့် သူငယ်ချင်းကို နင့် Designer လုပ်ခိုင်းလို့တောင် ရတယ်ဟ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုး...ကိုရိုး"

မောင်က ကိုမိုးကို ဗရုတ်ကျနေတာကို စိတ်တိုလာတာမို့ ပိတ်အော်ပစ်လိုက်ပြီး ညီလေးခင်ကို အမြန်ခေါ်ထုတ်လာရပါသည်။ ညီလေးခင်ကတော့ ဘာမှမရိပ်မိဘဲ...

"မောင်က ဘာဖြစ်လို့ ကိုယ့်အစ်ကိုတွေကို အော်ရတာလဲ၊ ကိုယ့်ထက်အသက်ကြီးတဲ့သူကို ရိုသေမှပေါ့၊ ကျွန်တော်ဆို ကျွန်တော့် အစ်မတွေကို လေသံမာမာတောင် မပြောရဲဘူး"

"ဟုတ်ပါတယ်...ဟုတ်ပါတယ်၊ ရှင့်လောက်တော့ ကျွန်မက မယဉ်ကျေးပါဘူး"

သူက အလွန်ကြည်လင်ငြိမ်းချမ်းသော မျက်နှာလေးနှင့် မောင့်ကို တစ်ချက်ကြည့်ပြီး နှုတ်ဆက်ထွက်ခွာသွားပါသည်။ မောင်က အစ်ကိုတွေကို စိတ်တိုနေတာမို့ အိမ်ဘက် ပြန်လှည့်ဝင်လာကာ...

"ကိုမိုး...ကိုရိုး"

"ဟော...ဘာကုန်း"

"ကိုမိုးတို့ ဘာလုပ်လိုက်တာငဲ"

"ဟ...ဘာလုပ်လို့လဲ၊ နှင့်ကောင်လေးက ချစ်စရာကလေးမို့ ကျီစယ်လိုက်တဲ့ဟာကို"

"သူများအားနည်းချက်ကို လှောင်ပြောင်သရော်တာမျိုးကို မောင် မကြိုက်ဘူးနော်"



"နှင့်ကောင်ကလေးက ရယ်စရာဖြစ်နေတာကိုး၊ ယောကျ်ားဖြစ်ပြီး လူ့ဟန်ကပျော့နွဲ့ရတဲ့အထဲ ပုဆိုးဝတ်တာကလည်း ပြားချပ်ပြီး ထဘီဝတ်ထားသလောက်နီးနီးပဲ၊ စကားပြောရင်လည်း တိုးတိုးညက်ညက်ကလေးမှာ လက်ဖဝါးလေးက လှုပ်ရှားယိမ်းနွဲ့တဲ့ လက်ဟန်ကလေးနဲ့၊ သူက မိန်းမဖြစ်ပြီး နင်က ယောကျ်ားဖြစ်ဖို့ပဲ ကောင်းတော့တယ်"

အလွန်ဗရုတ်ကျသော ကိုမိုးတို့က သူ့အကြောင်းပြောကာ ရယ်မောမဆုံးတော့ပေ။ မောင့်စိတ်ထဲမှာ စိတ်မကောင်းဖြစ်စွာ မှိုင်းညို့လာရပါသည်။ သူ ဒီလိုဖြစ်နေတာကြီးကို မောင့်စိတ်ထဲသဘောမတွေ့နိုင်သော်လည်း မောင့်အစ်ကိုတွေ လှောင်ပြောင်တာကိုတော့ မောင်က မခံချင်။

သူဟာ မောင့်အမြင်မှာတော့ သနားစရာ သတ္တဝါလေးဖြစ်လို့နေရပါသည်။

***

www.burmeseclassic.com

www.burmeseclassic.com







## (၈)

❖ ❖ ❖

ညီလေးခင်ဟာ မောင့်လို နည်းနည်းလေးမှ သိမ်မွေ့ညင်သာမှုမရှိတဲ့ မိန်းမတစ်ယောက်ကို ဘာ့ကြောင့်များ သဲကြီးမဲကြီး ခင်မင်ခွင့်ရချင်နေသလဲဆိုတာ မောင်စဉ်းစားလို့ မရပါချေ။

သူက မကြာခဏဆိုသလို သူကိုယ်တိုင်ချက်ပြုတ်စီရင်အပ်သော စားစရာတစ်မျိုးမျိုးကို ယူဆောင်ကာ မောင်တို့အိမ်သို့ ရောက်လာတတ်လေသည်။

မောင်တို့အိမ်မှာက မောင်နှမသုံးယောက်သာရှိတာဖြစ်သည်။ မောင့်ဖေဖေဟာ အစိုးရအရာရှိတစ်ယောက်မို့ နယ်အကာသို့ ပြောင်းရွှေ့နေရကာ မေမေကလည်း ဖေဖေ့နောက်လိုက်ပါနေရတာမို့ ရန်ကုန်အိမ်မှာ မောင်တို့ မောင်နှမတွေသာနေရစ်ခဲ့ရတာဖြစ်သည်။ ကိုမိုးက ကားပွဲစားလုပ်ပြီး ကျောင်းပြီးကာ မကြာသေးသော မောင်ကတော့ သူတို့ လက်တိုလက်တောင်း

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းသမျှတွေကို စိတ်ရှမှုလုပ်ကာ များသောအားဖြင့်ကတော့ ယောင်ခြောက်ဆယ်လုပ်နေခဲ့တာ ဖြစ်သည်။ မောင်က ချက်ဖို့ ပြုတ်ဖို့လည်း စိတ်မဝင်စားတာမို့ ဆိုင်မှထမင်းချိုင့်ဆွဲသည့်အခါ ဆွဲ၊ ဝယ်စားသည့်အခါဝယ်စား၊ ကြုံသလိုပင်။ အဝတ်လျှော် မီးပူတိုက် ရှင်းလင်းသည့်ကိစ္စလုပ်ဖို့အတွက်တော့ ဟိုဘက်ရပ်ကွက် ထဲက အမျိုးသမီးတစ်ယောက်ကို တစ်ပတ်တစ်ခါလာဖို့ ခေါ်ထား ရလေသည်။

ချိုင့်ဆွဲစားသည့်ဟင်းတွေကို ရိုးအီလာသောအခါ အပြင်စားစရာပေါင်းစုံကို ဝယ်စားရသော မောင်သည် သူ ချက် ယူလာသော စားစရာတွေကိုတော့ ခံတွင်းတွေ့လှလေသည်။

တစ်နေ့တော့ သူက မောင်တို့အိမ်သို့ ရောက်လာ ကာ...

“ဒီနေ့ မောင့်ကို မုန့်ဟင်းခါးချက်ကျွေးမယ်၊ မောင် မုန့် ဟင်းခါး ကြိုက်တယ် မဟုတ်လား၊ ကျွန်တော်တို့အိမ် လာတုန်းက နှစ်ပွဲတောင်စားသွားတာ ကျွန်တော်မြင်တယ် အဲ့ဒီကတည်းက တစ်နေ့နေ့တော့ မောင့်ကို ကျွန်တော် ကိုယ်တိုင် မုန့်ဟင်းခါးချက်ကျွေးမယ်လို့ စဉ်းစားထားတာ”

ဟုဆိုလေသည်။ မောင်ကတော့ သူ့ကို ထူးဆန်း သောသူတစ်ယောက်လိုကြည့်နေမိပါသည်။ ယောကျာ်းတစ်ယောက်



ာ မိန်းမတစ်ယောက်ကို မုန့်ဟင်းခါး ချက်ကျွေးမယ်ဆိုတာ ာစ်မျိုးတော့ တစ်မျိုးပဲ။

“လိုအပ်တာတွေအတွက် ဈေးဝယ်ထွက်ရမယ်၊ ငါး နှစ်ပိဿာလောက်ဝယ်မယ်၊ ပဲတို့ ဘဲဥတို့လည်း ဝယ်ရမယ်၊ များများချက်ထားတော့ မောင့်အစ်ကိုတွေလည်း စားရတာ ပေါ့၊ အကြော်ကတော့ ဆကာကြီးကြော်ဝယ်ရမယ်၊ အဲ့ဒီ အကြော်က သိပ်ကောင်းတာ၊ အင်း...ငှက်ပျောအူဝယ်ရ ဦးမယ်၊ မောင်တို့ မီးဖိုချောင်ထဲမှာ လိုအပ်တာတွေရှိမလား သိချင်တယ်၊ ကျွန်တော့်ကို မောင်တို့ မီးဖိုချောင် လိုက်ပြပါ လား”

“ပြပါ့မယ်...ပြပါ့မယ်”

မောင်က သူ့ကို မီးဖိုချောင်ထဲခေါ်လာခဲ့ရပါသည်။ ဖိုခန်းတံခါးဝရောက်တော့ ညကစားကာ မဆေးကြော မသုတ် င်ဘဲ ပစ်ထားသော စားကြွင်းစားကျန်တွေ အမှိုက်ဟောင်းတွေရဲ့ ့က ဟိန်းခနဲ ထွက်လာသည်။ သူက မီးဖိုခန်းဝမှာရပ်ရင်း ခေါင်းကို ရှုံ့မဲ့ရှုံ့မဲ့လုပ်ကာ...

“အနံ့ရတယ်...ကြွက်တွေဘာတွေများသေပြီး ချောင်မှာ ညပ်နေသလား”

“မဟုတ်ပါဘူး၊ မောင်တို့ မီးဖိုချောင်က ဒီလိုပဲ ရှင်းလင်း

www.burmeseclassic.com

www.burmeseclassic.com



မယ့် မချဘီ မလာတဲ့ရက်တွေဆို ဒီလိုအနံ့မျိုးရတယ်၊ ရှိနေပြီ..မထူးဆန်းတော့ဘူး”

“ဖြစ်မှဖြစ်ရလေဗျာ...”

သူ့ရဲ့ယူကြုံးမရညည်းတွားသံကြောင့် မောင် ရယ်ချင်သွားသည်။ မောင့်အတွက် မထူးဆန်းသောကိစ္စတွေဟာ သူ့အတွက်တော့ ထူးဆန်းနေပုံပင်။ သူက ဗီစင်ထဲမှာ မဆေးဘဲပစ်ထည့်ထားသော ပန်းကန်တွေကိုကြည့်ကာ...

“ဒီပန်းကန်တွေက မဆေးဘဲထားတာ ကြာပြီထင်တယ်”

“အင်း...နှစ်ရက်သုံးရက်တော့ ရှိရောပေါ့၊ မနက်ဖြန်ကျ မချဘီ လာမှာလေ၊ သူလာရင် ဆေးဖို့ထားထားလိုက်တာ”

“ဒါဆို အခု ဘယ်ပန်းကန်နဲ့ စားနေလဲ”

“ပန်းကန်အသစ်တွေရှိသားပဲ၊ ဗီရိုထဲမှာလေ၊ အဲဒါတွေ ထုတ်စားနေတာ အလျှင်မီပါတယ်”

“မောင်က ပန်းကန်မဆေးတတ်ဘူးလား”

“မောင် မဆေးချင်ပါဘူး၊ မောင်တို့ သုံးယောက်လုံးက ပန်းကန်ဆေးဖို့ပျင်းကြတယ်၊ စားစရာပန်းကန်မရှိတော့ရင် အပြင်က စားစရာတွေ ဖော့ဘူးနဲ့ဝယ်လာပြီး စားပြီးလွှင့်ပစ်လိုက်တာပဲ”

“ဖြစ်မှဖြစ်ရလေဗျာ”



သူက ဒုတိယအကြိမ်မြောက် ညည်းတွားလိုက်ပြီး ခဏမှာ သူ့ရဲ့ ဝါဖန့်ဖန့်အရောင် ရှပ်အင်္ကျီလက်ရှည်ရဲ့ လက်ကြယ်သီးတွေကို ဖြုတ်၍ပင့်တင်လိုက်ပြီး ပန်းကန်တွေကို ပယ်ပယ်နယ်နယ်ကိုင်ကာ ဆေးကြောတော့သည်။ မောင်က သူ့ကိုကြည့်ပြီး မျက်လုံးပြူးသွားကာ...

“ဟာ...ဘာလုပ်တာလဲ...နေပါစေ”

“ရပါတယ်...အပန်းမကြီးပါဘူး၊ အိမ်မှာဆို ကျွန်တော့် အစ်မတွေက ညစ်ပတ်တာမကြိုက်ဘူး၊ ကျွန်တော် ငယ်ငယ်ကတည်းက ထမင်းစားပြီး ကိုယ့်ပန်းကန်ကိုယ် စင်စင်ဆေးတတ်အောင် ကျင့်ရတယ်၊ မစင်ရင် ကျွန်တော့်အစ်မတွေ ဒဏ်ပေးတာခံရတယ်”

သူက ပန်းကန်တွေကို သိမ်းကြုံးဆေးလိုက်ပြီး မီးဖိုချောင်ထဲ ရှုပ်ပွနေတာတွေကို ရှင်းလိုက်ရင်း...

“ကြက်သွန်နီလည်း နှစ်တက်ပဲတွေ့တော့တယ်၊ ထပ်ဝယ်ရမယ်၊ ချင်းတို့ ကြက်သွန်ဖြူတို့လည်း ဝယ်ရမယ်၊ ကျွန်တော်တို့ ဈေးဝယ်ထွက်ရအောင် မောင်”

“ဟို ဟင်းရံဈေးကြီးကိုလား...ရွှံ့တွေဗွက်တွေနဲ့ စွတ်စိုနစ်စော်နေတဲ့ ဈေးကြီးကို ပြောတာလား”

“ဟုတ်တယ် မောင်”

www.burmeseclassic.com

www.burmeseclassic.com



"အို…စိတ်ညစ်စရာကြီး၊ မောင် အဲဒီလိုနေရာတွေ မသွားချင်ပါဘူး ညီလေးရာ"

"လိုက်ခဲ့ပါ…ရောက်ဖူးသွားတာပေါ့"

မောင်က အားနာနာနှင့် သူနဲ့လိုက်ခဲ့ရလေသည်။ သူက ဈေးခြင်းတောင်းကို လက်မှာချိတ်ကာ ရှေ့ကနေ ကော့ကော့ကော့ကော့သွားနေတော့ရာ မောင့်မှာ သူ့ကိုကြည့်ရင်း ကျိတ်ရယ်ရသေးသည်။ ကြက်သွန်သည်တွေ့တော့ မောင်က သူ့ကို လှမ်းအော်ခေါ်ရင်း…

"ညီလေး…ဒီမှာ ကြက်သွန်သည်တွေ့ပြီ၊ အဒေါ်ကြီး ကြက်သွန်နီ တစ်ပိဿာပေးပါ"

မောင်က အသာကလေး လက်ညှိုးထိုးဝယ်နေရာ သူက မောင့်အနားရောက်လာပြီး…

"ကြက်သွန်ဝယ်တယ်ဆိုတာ ဒီလိုလက်ညှိုးထိုးမဝယ်ရဘူး မောင်ရဲ့၊ ဒီမှာကြည့်…တွေ့လား ဒီလိုလုံးဝိုင်းတာကလေးတွေကို အနာအဆာ ကင်းမကောင်း ကြည့်ပြီး ရွေးယူရတယ်"

သူက ကြက်သွန်အလုံးဝိုင်းဝိုင်းလေးကို သွက်လက်စွာ ရွေးချယ်ပြီး ချိန်လိုက်ရာ တစ်ပိဿာကွက်တိ ဖြစ်နေတာမို့ မောင် လက်ဖျားခါသွားရလေသည်။



သူက ယောကျ်ားတစ်ယောက်နဲ့ မလိုက်ဖက်တဲ့ အလုပ်တွေမှာတော့ တော်တော်ကျွမ်းကျင်ပုံရလေသည်။ ငါးဝယ်တော့လည်း မောင်ကသာ ငါးကြင်းနဲ့ ငါးမြစ်ခြင်း၊ ငါးရှုနဲ့ ငါးကျည်းကို ခွဲမသိပေမယ့် သူကတော့ လတ်ဆတ်ပေ့ဆိုသည့် ငါးကို ရွေးချယ်ဝယ်ယူကာ အလေးပြည့်အောင်လည်း မျက်စိဒေါက်ထောက်ကြည့်နိုင်ပါပေသည်။

အိမ်ပြန်ရောက်တော့ သူက ကျွမ်းကျင်ပိုင်နိုင်စွာပင် မုန့်ဟင်းခါး ဟင်းရည်ချက်တော့သည်။ ဇယ်ဆက်သလို လှုပ်ရှားနေသော သူ့လက်ကလေးတွေကလည်း အရိုးအဆစ်မထင်ဘဲ ရှည်သွယ်လှပါသည်။

မောင်က သူချက်ပြုတ်နေတာကို အထူးအဆန်း သဖွယ် ထိုင်ကြည့်နေမိသည်။ မောင် ဘာမှလည်းကူမလုပ်တတ်။ သူကလည်း အကူအညီမတောင်းချေ။

ခဏနေတော့ မုန့်ဟင်းရည်နံ့ဟာ မွှေးထွက်လာပါသည်။

"မောင် ထမင်းစားပွဲမှာ သွားထိုင်နေ၊ ကျွန်တော်လာပို့ပေးမယ်"

မောင်က ထမင်းစားပွဲမှာသွားထိုင်နေပြီး မကြာခင် သူက အငွေ့ထောင်းထောင်းထနေသော မုန့်ဟင်းရည်ပန်းကန်၊

www.burmeseclassic.com

www.burmeseclassic.com



မုန့်ဖတ်ပန်းကန်။ အကြော် ဆီချက် နံနံပင် အစုံအလင်ကို မောင့် ရှေ့မှာ သပ်ရပ်စွာ တည်ခင်းကျွေးမွေးလေသည်။

မောင်က အားရပါးရငုံ့စားနေတော့ သူက မောင့်ရှေ့ မှာထိုင်ကာ မောင့်ကို ငေးကြည့်နေခဲ့ပါသည်။

"ရှင် မစားဘူးလား"

"ကျွန်တော်က မုန့်ဟင်းခါး မကြိုက်ဘူး"

"ဟင် ... ရှင်မကြိုက်ဘဲနဲ့ ဒီလောက်ပင်ပန်းခံ ချက်ပြုတ် ရသလား"

"မောင့်ကို စားစေချင်လို့ပါ"

သူက ခပ်တိုးတိုးပြောပြီး ခေါင်းငုံ့နေတော့ ... မောင်က သူ့ကိုစိုက်ကြည့်ရင်း စိတ်ထဲမှာ ထူးဆန်းသလို ခံစား ရလေသည်။

ဒီလို မိုင်းကောင်းကျောက်ဖိ ယောကျ်ားလေး တစ် ယောက်က မောင့်ကိုမှ ဂရုစိုက်ရသတဲ့လေ ...။

လောကကြီးဟာ ပြောင်းပြန်အချိုးတွေကျနေတော့ သလားဟု တွေးကာ မောင်က ရယ်ချင်မိ၏။

***



(၉)

"ကျွန်တော် မနေ့က မောင်တို့အိမ်ရှေ့ကို ရောက်သေး တယ်၊ မောင့်ကို ကော်ဖီလိုက်တိုက်မလို့ဘဲ၊ ဘယ်သူမှ မရှိတာနဲ့...."

"ဒီလက်က ... ဒီလက်က ... ကဲ ..."

ညီလေးခင်က စကားပြောရင် ညာလက်ကောက်ဝတ် ကလေးကိုလှည့်ကာ လက်ဖဝါးလေးကို ဆန့်ထုတ်လိုက်တာမို့ မောင်က သူ့လက်ကို ဆတ်ခနဲ လှမ်းရိုက်လိုက်မိလေသည်။

"ဟင် ... ဘာဖြစ်လို့လဲ"

"ရှင့်လက်ဟန်ကြီးကို ကြည့်မရလို့ပေါ့၊ အဲ့ဒီလို လက်ဟန် ကို ကြပ်ကြပ်လုပ်၊ ရှင့်ကို သူများက အခြောက်လို့ထင်လိမ့် မယ် ညီလေးရဲ့...."

"ကျွန်တော် အကျင့်ပါနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အကျင့်ပါနေလည်း သတိထားပြီး ဖျောက်ပေါ့၊ အဲဒီလို ဟန်ပန်ကြီးနဲ့ဆို ရှင်နဲ့တွဲပြီးတော့ကို မသွားချင်တော့ဘူး၊ မောင်နဲ့အတူငယ်ချင်း ဖြစ်ချင်ရင် ရှင့်အကျင့်ကို ပြင်"

"ဟုတ်ကဲ့...မောင် မကြိုက်ရင် ပြင်ပါ့မယ်"

"အဟမ်း...ပြီးတော့ ပြောရဦးမယ်"

"ပြောလေ...မောင်"

မောင်က ပြောသင့်မပြောသင့် စဉ်းစားနေပြီးမှ စိတ်နှလုံး ဒုံးဒုံးချကာ မျက်နှာခပ်လွှဲလွှဲနှင့်ပင်...

"ဟိုဒင်း...ရှင့် ပုဆိုးဝတ်ပုံက..."

"ခင်ဗျာ...ဘာဖြစ်လို့လဲ"

"နည်းနည်းများ မိန်းမ ဆန်နေသလားလို့"

"ဟုတ်ကဲ့...ကျွန်တော် ပြင်ပါ့မယ်"

သူက မောင့်ကိုပြောပြီး မလှမ်းမကမ်းသို့ ထသွားကာ ပုဆိုးပြင်ဝတ်လိုက်လေသည်။ သူပုဆိုးဝတ်လာပုံက ခြေသလုံး တစ်ဝက်ခန့်အထိ တိုတက်စွေစောင်းနေတာမို့ မောင်က စိတ်ပျက်ပျက်နှင့် ဘာမှမပြောဘဲ နေလိုက်ရသည်။

မောင်တို့ ကော်ဖီသောက်ပြီး ပြန်ဟန်ပြင်တော့ မောင်က မောင်ဈေးဝယ်ထားသော အထုပ်နှစ်ထုပ်ကို သူ့လက်ထဲ အမြန်ထည့်ပေးလိုက်တာမို့ သူ့လက်နှစ်ဖက်က ရှေ့မှာယှက်မနေနိုင်တော့ချေ။



သို့သော် ဘယ် လိုပဲဖြစ်ဖြစ် သူ့ပုံစံဟာ ကျားကျား လျားလျား ယောကျ်ားသားကြီးပုံမျိုးတော့ မပေါက်သေးပါ။

ပျော့နွဲ့နွဲ့ကိုယ်ဟန်ဟာ အများသတိပြုမိစရာဖြစ်နေဆဲ၊ မျက်နှာက မှန်စက်နေအောင် ချောမောပြေပြစ်နေတာကြီးကပင် သူ့ကိုယောကျ်ားမပီသရာ ရောက်စေသည်။ ဘယ်သူမဆို သူ့ကိုတွေ့လျှင် အခြောက်ကလေးများလားဟု ထင်ယောင်မှားမိမှာပင်။

သူ့ အပြင်အသွင်သဏ္ဌာန်ကို ပြင်လို့ရသည်ဆိုဦးတော့၊ သူ့စိတ်ဓာတ်က ပျော့နွဲ့နေဆဲဆိုလျှင်လည်း ဘာမှအကြောင်းထူးမည်မထင်ပါ။

သူက မောင့်ကို တွယ်တာအားကိုးလှတာကြောင့် မောင့်စိတ်ထဲက ကသိကအောင့်ဖြစ်ရသည်။ မောင့်ကို ကြည့်တဲ့ သူ့မျက်ဝန်းတွေက နူးညံ့သိမ်မွေ့လှပါသည်။ တစ်ခါတစ်ခါ မောင်နဲ့ မျက်လုံးချင်းဆုံမိုက် ဖျတ်ခနဲမျက်လွှာချကာ ရှက်ရွံ့နေပုံကြီးကို မြင်ရတော့ မောင်က 'အိုးကမပူ စလောင်းကပူ' ဟု တွေးကာ ရယ်မောရလေသည်။

ဘယ်လိုပဲဖြစ်စေ မောင်နဲ့ ညီလေးခင်တို့ရဲ့ ခင်မင်မှု သံယောဇဉ်ကတော့ ခိုင်မာလာခဲ့ပြီဖြစ်ပါသည်။

***

www.burmeseclassic.com

www.burmeseclassic.com







## (၁၀)

❖ ❖ ❖

ထိုနေ့က မောင်သည် မိုးချုပ်ခါနီးမှ အခွေအပ်ဖို့ သတိရကာ ဟိုဘက်တစ်လမ်းကျော်က အခွေဆိုင်သို့ တစ်ယောက်တည်း လမ်းလျှောက်ထွက်လာခဲ့ပါသည်။ မောင်က ဟိုနား ဒီနား သွားရုံလောက်နှင့်ဆို ကားမယူချင်ဘဲ လမ်းလျှောက်သွားရတာကိုသာ နှစ်သက်သည်။ မောင်က ဘာကိုမှ သိပ်မကြောက်တတ်သူမို့ တစ်ယောက်တည်း ခပ်ရဲရဲလျှောက်သွားတတ်စမြဲပင်။

အဲဒီနေ့ကတော့ နေ့လယ်ခင်းက မိုးတွေ အုံ့အုံ့သည်းသည်းရွာချထားပြီး ကောင်းကင်တစ်ခုလုံး မှောင်ရီမှိုင်းပြနေခဲ့တာ ဖြစ်သည်။

မောင်က လူရှင်းသောလမ်းမှာ ခပ်မတ်မတ်လျှောက်နေဆဲ လမ်းတစ်ခုလုံးပြည့်အောင် ဗရုတ်သုတ်ခ ယောက်ယက်ခတ်၍ လျှောက်လာနေသော ကောင်လေးသုံးယောက်ကို လှမ်းမြင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပါသည်။ တဖြည်းဖြည်း သူတို့နှင့် နီးလာတာမို့ မောင်က ခပ်ကျဉ်းကျဉ်းလှမ်းရဲ့ဘေးနားကနေ လျှောက်လိုက်ပြီး ရှောင်ဖယ်ပေးလိုက်သော်လည်း သူတို့က မောင့်ဘက်သို့ လျှောက်လာကြသည်။ မောင်က ထောင်းခနဲ ဒေါသထွက်သွားသော်လည်း ရန်မဖြစ်ချင်တာမို့ တစ်ဖက်သို့ရှောင်၍လျှောက်လိုက်တော့ သူတို့က လိုက်လာပြန်သည်။ ပြီးတော့ မောင့်ရှေ့မှာသုံးယောက်တန်းစီကာ လမ်းပိတ်ထားလိုက်တာမို့ မောင်က ခေါင်းရှူး(စ်)ဝတ်ထားသော ခြေထောက်တစ်ဖက်ကို ဆောင့်ချမိကာ ...

"ဟဲ့ ... နင်တို့ ဒါဘာလုပ်တာလဲ"

ဟု အော်လိုက်ရာ သူတို့က မချိုမချဉ်မျက်နှာတွေနှင့် ...

"ဟ ... ဒေါသကြီးပဲ"

"ကြောက်နေရပါလား"

"မိန်းကလေးပဲကွယ် ... စကားအပြောအဆို နူးညံ့မှ ချစ်စရာကောင်းတော့မှာပေါ့"

"အခုလည်း ချစ်စရာကောင်းပါတယ်ကွ ... မင်းတို့ကလည်း ဟဲဟဲ ..."

"နင်တို့ ဘာကောင်တွေလဲ ... ဘာလာကြောင်တာလဲ၊ သေသွားချင်သလား၊ ဖယ်ကြစမ်း ... ငါ့ရှေ့က ..."



"ဟ ... စွာလှချည်လား"

သူတို့ကိုယ်နှစ်ဆလောက်ကြီးသည့် ဘောင်းဘီပွကြီးတွေကို ဝတ်ထားကာ လူဟန်ပျော့နှဲ့လှသော ကောင်လေးတွေကို ဘယ်ကောင်ကစပြီး တွယ်ရရင်ကောင်းမလဲဟု မောင်က စဉ်းစားကာ လက်သီးကျစ်ကျစ်ဆုပ်ထားဆဲ။ ညီလေးခင်ရဲ့ကားက မောင့်မြင်ကွင်းထဲသို့ ဘွားခနဲ ဝင်လာပါသည်။ ညီလေးက မောင့်ကို မြင်တော့ ကားရပ်လိုက်ပြီး ကားပေါ်က ကမူးရှူးထိုး ဆင်းချလာပါသည်။

"မောင် ... ဘာဖြစ်တာလဲ၊ ဘာဖြစ်နေကြတာလဲ၊ ဒီကောင်တွေက ဘာတွေလဲ"

ကျွတ် ... ရှုပ်ကုန်တော့မှာပဲ။ ကိုယ့်ပြဿနာကိုယ်ရှင်းရမယ့်ကိစ္စမှာ ညီလေးခင် ဝင်လာတာမို့ သူတို့အာရုံတွေက ညီလေးခင်ဆီ ရောက်သွားကြသည်။ သေတော့မှာပဲ ... ညီလေးတော့ ...။

"အံမယ် ... ဇာတ်ကွက်ကလေးကလှတယ်ဟေ့၊ မင်းသမီးကို လူဆိုးတွေက နှောင့်ယှက်နေတုန်း မင်းသားက ရောက်လာ၊ လူဆိုးတွေနဲ့ချ၊ ရုပ်ရှင်တွေထဲကအတိုင်းပဲ၊ ဒါပေမယ့် ရုပ်ရှင်တွေထဲမှာက မင်းသားကပဲနိုင်တာနော်၊ အပြင်မှာတော့ ဟဲ ... ဟဲ ... အခြောက်ကလေးရယ် ... မင်းလောက်ကတော့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့..."

"ဟာ...အခြောက်ကလေး ဒေါပွသွားပြီဟေ့၊ ကျွတ်...ကျွတ် သိနားပါတယ်ကွာ"

"ကိုယ့်ပုံ ကိုယ်ပြန်ကြည့်မှပေါ့ကွ၊ ခါချဉ်ကောင်မာန်မကြီးချင်စမ်းပါနဲ့"

နှစ်ယောက်ကညီလေးရှေ့သို့တိုးလာပြီး တစ်ယောက်က မောင့်လက်ထဲက ပိုက်ဆံအိတ်ကို ဖျတ်ခနဲလုယူလိုက်ပါသည်။ နေ့တိုင်းလက်ရေ့ထိုးကျင့်ခဲ့သော မောင်က ဆော်ပလော် တီးလိုက်ချင်ပြီဖြစ်သော်လည်း ညီလေးက ကန့်လန့်ဖြစ်နေတာမို့ သူ့ကိုငဲ့ပြီး မလှုပ်ရဲ။ ထိုခဏမှာ ညီလေးက သူ့ရုပ်အကျီလက်နှစ်ဖက်ကို မ,တင်လိုက်ပြီး မောင့်ရှေ့မှာ နွဲ့တဲ့တဲ့ လာရပ်ကာကွယ်လိုက်ရင်း...

"မင်းတို့တွေ...သူ့ကိုထိဖို့တော့ မကြိုးစားနဲ့၊ ပြန်ပေးစမ်း အဲ့ဒီ ပိုက်ဆံအိတ်ကို"

"မပေးပါရစေပါနဲ့လား အချစ်ကလေးရာ"

"မပေးရင် ချတယ်ကွာ"

ညီလေးက ရုတ်တရက် သူတို့ကြားထဲပြေးဝင်သွားကာ တကယ်ပဲချလိုက်လေသည်။ တကယ့်ကို ရိုက်ချလိုက်တာ။ လက်သီးနဲ့ထိုးတာမဟုတ်ဘဲ သူ့လက်နုနုကလေးနဲ့ ကျောကုန်း



ကိုသာ အုန်းခနဲရိုက်ချပစ်လိုက်တာမို့ ဟိုက ပရွက်ဆိတ်ကိုက်သလောက်ပင် အမှုထားဟန်မရှိဘဲ သူ့ကိုဆောင့်တွန်းပစ်လိုက်လေသည်။ သူက ခွေခနဲ လဲအကျမှာ တစ်ယောက်က ပြန်ဆွဲထူပြီး လက်သီးနှင့် ထိုးချလိုက်သည်။

"အမလေး...ညီလေးတော့ သေပါပြီ၊ ဟဲ့ နင့်တို့ သူ့ကို လုံးဝမထိနဲ့၊ သတ္တိရှိရင် ငါနဲ့ချမလား...လာခဲ့"

"ဟာ...သူတို့ဥစ္စာက ပြောင်းပြန်ကြီးကွ၊ ဟား...ဟား"

"ညီလေး...လာ...လာ...နင်ငါ့နောက်မှာနေ၊ ဒီမှာခဏထိုင်နေ၊ ဝင်မပါနဲ့ ကြားလား"

မောင်က တစ်ဖက်ကိုလည်း ကြိမ်းဝါးရင်း တစ်ဖက်ကလည်း ရှေ့တိုးလာကြပြီမို့ ညီလေးကို အမြန်ဆုံးဆွဲထူကာ မောင့်နောက်ဘက်ကို ပို့လိုက်ရသည်။ သူက ကုန်းရုန်းထလာသေးတာ...

"ဟာ...မောင်တစ်ယောက်တည်း မဖြစ်ဘူး၊ မောင့်ကို ကျွန်တော် ကာကွယ်ပေးမယ်"

"ဟဲ့...ငါပြောလိုက်ရရင် မကောင်းရှိတော့မယ်၊ ငါ့ကို ကာကွယ်မယ်တဲ့၊ ကိုယ့်ကိုယ်ကိုလည်း ပြန်ကြည့်ဦး၊ နင်ဝင်ရှုပ်မှ ငါ ပိုဒုက္ခရောက်မယ်...အသာနေ"

မောင်က သူ့ကို စိတ်တိုတိုနှင့် ဆောင့်တွန်းထား

www.burmeseclassic.com

www.burmeseclassic.com



ပစ်ခဲ့ပြီး ရှေ့သို့လှည့်၍ ရင်ဆိုင်လိုက်သည်။ မောင့်ရှေ့တိုးလာ
တစ်ယောက်ရဲ့မေးရိုးကို မောင်က မိမိရရ လှမ်းထိုးလိုက်
အခါ ကျန်နှစ်ယောက်က တွန့်သွားလေသည်။ မောင်သ
လမ်းဘေးက အုတ်ခဲတစ်လုံးကို ပြေးကောက်ကာ...

"နင်တို့ ဘာကောင်တွေလဲ၊ ငါ့ကို နင်တို့နှောင့်ယှက်
ခံနေမယ့် မိန်းမလို့ထင်မနေနဲ့၊ နေ့တိုင်းလက်ဖွေ့ထိုး
လာတာ၊ နင်တို့လို ပိန်ခွဲ့ခွဲ့ ခန္ဓာကိုယ်တွေကို အသာ
လှဲသိပ်ပစ်လိုက်လို့ရတယ်။ ဒီမှာ တွေ့တယ်မဟုတ်
အုတ်ခဲ စာမိသွားမယ်၊ ငါ့ပိုက်ဆံအိတ်ပြန်ပေး"

လမ်းထိပ်နားဆီက လူတချို့လည်း လျှောက်
နေတာမို့ တစ်ယောက်က ပိုက်ဆံအိတ်ကို မောင့်ထံပစ်ပေးလို
သည်။ ထိုခဏမှာ ညီလေးခင်က ငယ်သံငယ်ရင်းပါအောင် က
အော်လိုက်ပါသည်။

"အံမယ်လေး...ကား...ကား၊ မောင်ရေ...ကျွန်
ကား...အမလေးဗျ"

"ချွမ်း"

"ဟဲ့..."

မောင်က လန့်ဖျပ်ကာ လှည့်အကြည့် ချလွှမ်
ကားမှန်ကွဲသံကြီးကို ကြားလိုက်ရပါသည်။ သူတို့ထဲက



ယောက်က ညီလေးရဲ့ကားမှန်ကို အုတ်ခဲနှင့်ရိုက်ခွဲပြီး ထွက်ပြေး
သွားလေပြီ။

မောင်သည် အုတ်ခဲကိုလွှတ်ချပြီး ညီလေးထံ ပြန်ပြေး
လာရသည်။

ညီလေးက ကုန်းရုန်းအော်နေတာမို့ သူ့ကိုပါ သမ
သွားသလားဟု စိုးရိမ်ကာ...

"ညီလေး...ညီလေး ဘာဖြစ်သွားသေးလဲ၊ ရှင့်ကိုပါ ထုသွား
လို့လား၊ ဘယ်ထိသွားသေးလဲ ပြောစမ်း၊ ဒုက္ခပဲ...
မောင်က ပိုက်ဆံအိတ်လုတဲ့ငနဲဆီ အာရုံရောက်နေတာနဲ့
ကျန်တဲ့လူတွေဆီ အာရုံမရောက်ဘဲ ဖြစ်သွားတာ"

"မဟုတ်ဘူး...မဟုတ်ဘူး၊ ကျွန်တော့်ကို မထိဘူး၊ ကားပဲ
ကားကိုပဲ ထိတာ"

"ဟဲ့...**ကားထိတာ**ပဲ၊ နင့်ခေါင်းကွဲသလို လိုမ့်အော်နေရ
သလားဟဲ့၊ ငါတကယ် စိတ်တိုလာပြီ"

မောင်က ဒေါသထွက်လာကာ ကြုံးအော်လိုက်တာမို့
သူက မျက်နှာလေးငယ်လျက် ငြိမ်ကျသွားကာ...

"ကားမှန်ကကွဲသွားတော့ အစ်မတွေ ဆူမှာစိုးလို့ပါ"

"ဆူတော့ ဘာဖြစ်သလဲ ဟင်၊ ဒီအရွယ် ရောက်နေပြီ
ကလေးကြီး လုပ်ပြီး ပျော့ညံ့နေတာ၊ အဲဒါတွေ ကြည့်မရ

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ ရှင့်ကိုယ်ရှင် စဉ်းစားစမ်းပါ ညီလေးရဲ့၊ ယောက်ျ
ဖြစ်ပြီး ဒီလောက်အဖြစ်မရှိတာ...၊

"စဉ်းစားကြည့်စမ်း...ခုကိစ္စမှာ ရှင်က မောင့်
မကာကွယ်နိုင်တဲ့အပြင် မောင်က ရှင့်ကို ပြန်ကာကွယ်
ပေးနေရတယ်၊ ရှင်ဟာ မောင့်အတွက် တကယ့်ကို ဝန်ထုပ်
ဝန်ပိုးပဲ"

"ဒီလိုတော့ မပြောပါနဲ့ဗျာ၊ ကျွန်တော်က ရန်မဖြစ်ချင်
လို့ပါ၊ ကျွန်တော့် အစ်မတွေက ကျွန်တော်ငယ်ငယ်လေး
ကတည်းက ဆုံးမထားတာ၊ ရန်ကိုရန်ချင်း မတုံ့ပြန်ရ
တဲ့၊ ရန်ဖြစ်တယ်ဆိုတာ အရမ်းအောက်တန်းကျတာတဲ့"

"ဩော်...ဒါဆို ရန်ဖြစ်လိုက်ရတဲ့ ကျုပ်က အောက်တန်
ကျသွားရောပေါ့...ဟုတ်လား၊ အံ့ပါဟယ်...အစ်မ
မှာတဲ့ အတိုင်း ပုံသေမှတ်ရတယ်လို့၊ ကိုယ့်မတရားလ
လုပ်တဲ့ သူကို ခေါင်းငုံ့ခံနေရမှာလား ကြောက်ရဲ့"

"ကျွန်တော် မကြောက်ပါဘူး၊ မကြောက်လို့သာ ဆော
ပိုင်းက မောင့်ကို ကာကွယ်ပြီး ဟိုကောင့်ကို ချလိုက်တာ
ပေါ့"

"ချတယ် ဟုတ်လား၊ ရှင်ချတာက ပန်းနဲ့ပေါက်သလော
ကလေးလေ၊ ပျားအုံကို တုတ်နဲ့သွားထွရုံကလေးဆွတော့



ဟိုက ဝိုင်းတုပ်ကြတော့မှာပေါ့၊ ပြီးကျတော့ ကြောက်
လိုက်တာ တုန်ရီနေတာပဲ၊ လက်တွေတောင် အေးလို့၊
ဟိုက ကားမှန်ရိုက်ခွဲဖို့ ပြေးလာတာတွေ့ရင်လည်း အမြန်
ပြေးပြီး တားဆီးဆွဲလွဲလိုက်ပါလား၊ ဘာဖြစ်လို့ အော်ရုံ
အော်နေသလဲ"

"မောင်ပဲ ပြောထားတယ်လေ၊ ဝင်မပါနဲ့ဆို၊ ကျွန်တော်
ဝင်ရှုပ်ရင် မောင် ပိုဒုက္ခရောက်မယ်ဆို"

"သေပါလား အေရဲ့၊ တုံးရဲ့၊ ကြောက်ရဲ့၊ ဖျင်းရဲ့၊
နလပိန်းတုံးရဲ့"

"ကျွန်တော့်ကို ဒီလောက် ... ဒီလောက် မပြောပါနဲ့ မောင်
ရာ၊ ကျွန်တော်...ကျွန်တော် မောင့်အတွက် စိုးရိမ်ပါတယ်၊
ကာကွယ်ပေးချင်ပါတယ်၊ မောင့်အပေါ် စေတနာ မေတ္တာ
အပြည့်အဝ ရှိပါတယ်၊ မောင့်အပေါ် အကာအကွယ်မပေး
နိုင်တဲ့ အတွက်လည်း ကိုယ့်ကိုယ်ကို ဒေါသဖြစ်ရပါတယ်၊
မောင်စိတ်ဆိုးတဲ့အတွက်လည်း ကျွန်တော်ဝမ်းနည်းပါတယ်၊
ကျွန်တော့်ကို ပျော့ညံ့တဲ့ ငတုံးငအဆိုပြီး အပေါင်းအသင်း
မလုပ်ဘဲတော့ မနေပါနဲ့၊ ကျွန်တော့်ကို မထားခဲ့ပါနဲ့
မောင်၊ ကျွန်တော် မောင်နဲ့မခွဲနိုင်ဘူး၊ ကျွန်တော်...
ကျွန်တော် မောင့်ကို...မောင့်ကို သိပ်...သိပ်ချစ်နေမိပြီ"

www.burmeseclassic.com

"ဘာ..."

မောင်သည် ရုတ်တရက် အံ့အားအသင့်ကြီးသင့်ကာ အလန့်တကြား အော်လိုက်ပြီး သူ့ကိုစိုက်ကြည့်နေလိုက်မိလေသည်။ လူက ကိုယ့်နားကိုမှ မယုံနိုင်လောက်အောင် ဇဝေဇဝါကြီးဖြစ်သွားရပါသည်။ ဘာပြောတာပါလိမ့်။ သူကတော့ ခေါင်းကြီးငိုက်စိုက်ချကာ မျက်နှာနီရဲလျက် တုန်ယင်နေသည်။

"ဟဲ့...ဘာပြောလိုက်တယ်"

မောင်က မေးလိုက်ရာ သူက မောင့်ကို မရဲတရဲ မျက်လွှာပင့်ကြည့်ပြီးမှ အားတင်း၍ အရဲကိုးလိုက်ဟန်ဖြင့်...

"ကျွန်တော်...ကျွန်တော်...မောင့်ကို ချစ်တယ်"

မောင်သည် သူ့ကို မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်နေမိရာမှ ဖြုန်းခနဲ ရယ်ချလိုက်မိကာ...

"ဟင်...ရှင်က မောင့်ရည်းစားလုပ်ချင်သေးတယ်ပေါ့လေ ဟုတ်လား...ညီလေး၊ **ကိုယ့်ကိုယ်ကိုလည်း** ပြန်စဉ်းစားပါဦး၊ မိန်းကလေး **တစ်ယောက်ရဲ့ ချစ်သူ**ဖြစ်ထိုက်တဲ့ အရည်အချင်း ရှိရဲ့လားဆိုတာ၊ **ယောကျ်ား**ဆိုတာ ကိုယ်ချစ်တဲ့ ကိုယ့်ချစ်သူမိန်းကလေးရဲ့ရှေ့ကနေ မားမားမတ်မတ် ရပ်တည်နိုင်ရတယ်၊ အကာအကွယ်ပေးနိုင်ရတယ်၊ ကိုယ့်ချစ်သူမိန်းကလေးက အားငယ်နေရင် ဖေးမအားပေးနိုင်တဲ့ စိတ်ဓာတ်အင်အား ရှိရတယ်..၊



"ခုတော့ မောင်က ရှင့်ကို ပြန်ဖေးမနေရတယ်လေ၊ ရှင့်ကိုကာကွယ်ပေးနေရတယ်လေ၊ ဒီလိုလူမျိုးကို မောင်က ဘယ်လိုချစ်သူရွေးရမှာလဲ၊ စဉ်းစဉ်းစားစားလေးလည်း ပြောစမ်းပါဦးတော့"

သူက မောင်ပြောသမျှ ခေါင်းငုံ့ခံကာ ငြိမ်သက် ...င်းက ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်ရာ သူ့မျက်ဝန်းထဲမှာ ...က်ရည်တွေပြည့်နေတာကို တွေ့ရလေသည်။ ကျွတ်...အဲဒါတွေ ...ပျက်စရာကောင်းတာပေါ့ ယောကျ်ားဖြစ်ပြီး...

မောင်သည် သူ့ကို စိတ်ပျက်သွားရသည့်ကြားကပင် ...က်ရည်ပြည့်သော မျက်ဝန်းတွေကိုကြည့်ရင်း ရင်ထဲလှပ်ခနဲ ...န့်ခါသွားရပါသည်။

"မောင်...ကျွန်တော့်ကို ကြိုက်သလောက်ပြောပါ၊ နှိမ်ပါ၊ ရန်တွေ့ပါ၊ အထင်သေးပါ၊ မောင်ပြောတာတွေဟာ အမှန်တွေပဲမို့ **စိတ်ဆိုးစရာအကြောင်း**မရှိပါဘူး၊ မောင့်ကို ကျွန်တော်စိတ်မဆိုးဘူး၊ စိတ်မနာဘူး၊ ဒါပေမယ့် စိတ်**မကောင်းတော့**ဖြစ်တယ်၊ မောင်ပြောတဲ့အတိုင်းဖြစ်နေတဲ့၊ အသုံးမကျတဲ့ ကိုယ့်ကိုယ်ကိုလည်း ရှက်တယ်၊ ဒေါသထွက်တယ်...၊

"ကျွန်တော်ဟာဘယ်လောက်ပျော့ညံ့ပြီး ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



မဆန်တဲ့ယောကျ်ားဖြစ်နေပစေ… မောင့်ကိုတော့ စစ်စစ်မှန်မှန် ချစ်မိနေတာကို အသိအမှတ်ပြုပေးစေချင်ပါတယ်…၊

"မောင့်ကို ကျွန်တော် မဟာသန္တိသုခကျောင်းရှေ့မှာ စ,တွေ့ခဲ့တာ၊ ထလေ… မထနိုင်တော့ဘူးလားလို့ ပြောသွားတဲ့မောင့်ကိုမြင်ပြီး စိတ်လှုပ်ရှားခဲ့ရတာ၊ အဲ့ဒီကတည်းက ကျွန်တော် မောင့်ကို အမြဲအမှတ်ရနေခဲ့တယ်၊ ဘုရားမှာ မောင်နဲ့ ပြန်ဆုံခွင့်ရဖို့ နေ့တိုင်းဆုတောင်းခဲ့တယ်…၊

"ကံကောင်းထောက်မလို့ မောင်နဲ့ပြန်တွေ့လိုက်ရတော့ ကျွန်တော့်လောက်ပျော်တာ မရှိတော့ဘူး၊ မောင်နဲ့ ဝေးသွားမှာကို ကြောက်ခဲ့တယ်၊ မောင် ကျွန်တော့်ကို အထင်မကြီးမှန်း မချစ်နိုင်မှန်းလည်း သိပါတယ်၊ ဒါပေမယ့် ကျွန်တော် ချစ်နေတာကြီးက ပျောက်ပျက်မသွားပါဘူး၊ ဘယ်တော့မှ ပျောက်ပျက်သွားမှာ မဟုတ်ပါဘူး"

ညီလေးခင်သည် တဖြည်းဖြည်း အသံတိုးဖျော့သွားကာ ခေါင်းငုံ့ငြိမ်သက်နေတော့သည်။ မောင်က စိတ်မသက်မသာဖြစ်စွာ သက်ပြင်းချမိလျက်…

"ရှင့်ကို မောင် ခင်ပါတယ် ညီလေး၊ ဒါပေမယ့် ချစ်သူအဖြစ်တော့ စဉ်းစားလို့မရဘူး၊ မမျှော်လင့်စေချင်ဘူး၊



မျှော်လင့်ရင် ရှင်ပဲ စိတ်ပင်ပန်းလိမ့်မယ်၊ ရှင့်ကို မောင့်ချစ်သူအဖြစ် မောင့် အစ်ကိုတွေကလည်း လက်ခံကြမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ရှင်ပဲ စဉ်းစားကြည့်လေ… မောင့်အစ်ကိုတွေက တကယ့်ယောကျ်ားပီပီသသ ကျားကျားလျားလျားတွေ၊ မောင့်ကိုလည်း ယောကျ်ားတစ်ယောက်လိုမျိုး သူတို့နဲ့အတူယှဉ်တွဲကြီးပြင်းစေခဲ့တာ၊ ရှင့်လို ပျော့ပျော့နွဲ့နွဲ့ယောကျ်ားမျိုးနဲ့ ဘယ်လိုလုပ် ယှဉ်တွဲမြင်နိုင်မှာလဲ၊ ရှင်နဲ့မောင် ရိုးရိုးခင်နေလို့သာ အစ်ကိုတွေကကြည်ဖြူနေတာ၊ ရှင်သာ မောင့်အပေါ် ဒီလိုစိတ်ထားမှန်းသိရင် ရှင့်ကို လက်ခံကြတော့မှာမဟုတ်ဘူး၊ မောင့်အချစ်ကို ရဖို့ဆိုတာကြီးကိုသာ ရှင့်စိတ်ထဲ ကျားကုတ်ကျားခဲ ဖြစ်နေရင် ရှင်နဲ့မောင်တို့ဆက်ဆံရေးကို ဖြတ်တောက်ပစ်လိုက်ရလိမ့်မယ်"

"ဒီလောက်တော့ မရက်စက်ပါနဲ့မောင်ရယ်… မောင်လက်ခံနိုင်တဲ့ အခြေအနေအထိ ကျွန်တော့်ကိုယ် ကျွန်တော် ပြုပြင်ရင်း မောင့်ကို ဘယ်လောက်စောင့်ရစောင့်ရ စောင့်ပါမယ်၊ မောင့်အစ်ကိုတွေ လက်ခံလာအောင်လည်း ကျွန်တော် ကြိုးစားပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခက်ပါလား ညီလေးရယ်... မောင်စိတ်ညစ်လာပြီ၊ ကဲ... ကဲ... သွားတော့... ပြန်တော့၊ ရှင့်ကြည့်ရတာ ပင်ပန်းလှပြီ၊ အိမ်ကျရင်လည်း ကားမှန်ကွဲ ကဲ့အတွက် အစ်မတွေ ဆူတာခံရဦးမယ် မဟုတ်လား"

"ဟို... ကျွန်တော် မောင့်အတွက် ကြာဇံချက်လာပို့တာ၊ အဲဒီချိုင့်လေးတော့ ယူသွားပါဦး"

"မယူတော့ပါဘူးဟယ်၊ စားချင်စိတ်လည်း မရှိတော့ပါဘူး"

မောင်က စိတ်ရှုပ်ရှုပ်နှင့်ပင် အကျီအိတ်ထဲလက်နှိုက်ရင်း သူ့ရှေ့က လှည့်ထွက်လာခဲ့ပါသည်။

ခက်... ခက်လှချည်ရဲ့ ညီလေးခင်ရယ်...။

***



## (၁၁)

❖ ❖ ❖

နောက်တစ်နေ့တွင် ညီလေးခင်သည် အတတ်နိုင်ဆုံး ပုဆိုးကို ယောကျ်ားနှင့်တူအောင် ဝတ်တတ်ရန် မှန်ရှေ့တွင် အကြိမ်ကြိမ် လေ့ကျင့်ပြီးမှ မောင်တို့အိမ်သို့ အရဲကိုး၍ လာလေသည်။

ညီလေးခင်သည် မောင့်ကို အသည်းထဲစွဲမြဲလိုက်လှဲ့ရှာ ချစ်ခဲ့မိပြီမို့ မောင်နှင့်ပတ်သက်ပြီး ဘာမဆို သည်းခံဖို့ကိုလည်း ဆုံးဖြတ်ထားခဲ့သည်။ မောင်က သူ့ရဲ့ယောကျ်ားမပီသမှုကို သည်းခံသော်လည်း သူကတော့ မောင့်ရဲ့မိန်းမပီသမှုတွေကို အပြစ်ဟူ၍ မြူမျှပင် မမြင်ချေ။

သူ ရောက်သွားတော့ မောင့်အစ်ကို နှစ်ယောက်ကိုသာ တွေ့ရပြီး မောင့်ကို မတွေ့ရချေ။ မောင့်အစ်ကိုတွေကတော့ ထုံးစံအတိုင်း သူ့ကို ပြုံးစေ့စေ့ ရုပ်တွေဖြင့် ဆီးကြိုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ...ဟဲ...ညီလေးပါလား၊ အလည်လာတာလား၊ ဒီတစ်ခါတော့ ဘာစားစရာမှ မပါခဲ့ဘူးလား"

"ဟုတ်ကဲ့"

"ငမောင်တစ်ယောက်တော့ မရှိဘူးကွ၊ ဒီကောင်က အိမ်သိပ်ကပ်ချင်တာမဟုတ်ဘူး၊ ဒီကောင်ခြေငြိမ်သွားအောင် ယောကျ်ားပေးစားလိုက်ရင် ကောင်းမယ်ထင်တယ် ဘယ့်နှယ်လဲ"

"ဟို...မပေးစားပါနဲ့ဦး"

ညီလေးသည် မောင့်အစ်ကို ကိုမိုးစကားကို အတည်မှတ်ကာ ရုတ်တရက်ထုပ္ပသွားပြီး ပျာပျာသလဲ တားဆီးလိုက်ရာ ကိုမိုးက မျက်မှောင်တွန့်ရင်း...

"ဘာဖြစ်လို့လဲကွ"

"ဟိုလေ...ကျွန်တော်...ကျွန်တော်..."

"ဘာလဲကွ...ရဲရဲပြောစမ်းပါ"

"ကျွန်တော်လေ...ကျွန်တော် မောင့်ကို ချစ်နေမိလို့၊ မောင့်ကို အဆုံးရှုံး မခံနိုင်လို့"

"ဘာ...ဘာ...မင်းက မောင့်ကို ချစ်တယ်ဟုတ်လား၊ ဟား...ဟား၊ ကိုရိုးရေ...ညီလေးခင်က ငမောင့်ကိုချစ်လို့တဲ့ကွ၊ မင်းနှမကို ချစ်တဲ့ကောင်ကို လာကြည့်စမ်းပါဦးကွ"



ကိုမိုးက ဖြန်းခနဲအသံကျယ်ကြီးနှင့် ထအော်လိုက်တာမို့ ကိုရိုးက အိမ်ထဲမှ ပြေးထွက်လာကာ...

"ဘယ်မှာလဲကွ...ဘယ်သူလဲ"

"ဒီမှာလေ...ညီလေးခင်လေကွာ..."

"သြော်...ညီလေးခင်ကိုး...ဟား...ဟား"

ကိုရိုးက ခွက်ထိုးခွက်လန် ဗိုက်နှိပ်ရယ်နေတာမို့ မောင်က မျက်နှာတစ်ခုလုံး ထူပူရှိန်းဖိန်းကာ ရှက်ရွံ့လာရပါသည်။

"မင်းလားကွ...ငါ့ညီမကိုချစ်တာ၊ လာပါ...ရှေ့တိုးခဲ့စမ်းပါဦး၊ သေသေချာချာ ကြည့်ရအောင်"

"ဟဲ...ဟဲ...ချစ်တော့ ချစ်စရာလေးကွ၊ ရုပ်ချောလေး"

"ဒါပေမယ့်...မင်းတို့နှစ်ယောက် ချစ်သူဖြစ်ရင် အခေါ်အဝေါ်ကအစ ကသိကအောက် ဖြစ်နေမှာနော်၊ မင်းက ငါ့ညီမကို မောင်ရေလို့ခေါ်၊ ငါ့ညီမက မင်းကို ခင်ရေလို့ခေါ်၊ ပြီးတော့ ငါ့ညီမက ကျားကျားလျားလျား အလုပ်တွေလုပ်ပြီး မင်းကိုရှာကျွေး၊ မင်းက ငါ့ညီမကို ထမင်းချက်ကျွေး၊ အိမ်မှုကိစ္စတွေ ကြိုးလုပ်၊ ဟား...ဟား"

ညီလေးခင်သည် ကိုမိုးရဲ့လှောင်ပြောင်သရော်မှုတွေကို ခေါင်းငုံ့ခံရင်းကပင် ကိုမိုးတို့ရှေ့မှာ ရုတ်တရက် ဒူးတုပ်ထိုင်ချလိုက်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ကို ကျွန်တော် အနူးအညွှတ်တောင်းပန်ပါတယ် ခင်ဗျာ၊ ကျွန်တော်မောင့်ကိုချစ်မိတာဟာ အစ်ကိုတို့အတွက် ရယ်စရာ ဖြစ်ချင်ဖြစ်နေမှာပါ၊ ကျွန်တော့်ရင်ထဲက စိတ်ရင်း အမှန်ကို အစ်ကိုတို့ နားမလည်နိုင်ကြလို့ပါ…၊

"ကျွန်တော့်ပုံစံကို အစ်ကိုတို့ လက်မခံနိုင်မှန်း ကျွန်တော် သိပါတယ်၊ ကျွန်တော့်ကို ပြင်ဆင်ခွင့်ပေးပါ၊ ကျွန်တော် အစ်ကိုတို့ လက်ခံနိုင်တဲ့အခြေအနေရောက်အောင် ကိုယ့် ကိုယ်ကို ပြုပြင်ပါ့မယ်"

"သိပ်စိတ်ကူးမယဉ်စမ်းပါနဲ့ ညီလေးခင်ရာ၊ လူတစ်ယောက် ရဲ့ ပင်ကိုဗီဇဆိုတာ ဖျောက်ဖျက်ရခက်တယ်ကွ၊ ပြုပြင် လည်း ခဏပဲ တစ်ချိန်ကျ ပြန်ပေါ်လာမှာပဲ၊ မင်းအစ်မ တွေရဲ့ ဆုံးမစကားတွေ အမူအကျင့်တွေကို မင်းနှစ်နှစ်ဆယ် ကျော်ခံယူခဲ့ပြီးသား၊ အဲ့ဒါတွေက မင်းရဲ့စိတ်ထဲနှလုံးထဲမှာ တအိအိစိမ့်ဝင်နေခဲ့ပြီးသား၊ တော်ရုံနဲ့ ဖောက်ထုတ်ပစ်လို့ ရနိုင်တာမှ မဟုတ်တာ…၊

"ငမောင့်ကို ခုချိန်မှာ မိန်းမပီပီသသ နူးနူးညံ့ညံ့လေး ဖြစ်အောင် လုပ်ဖို့မလွယ်တော့သလို မင်းကိုလည်း ယောကျ်ား ပီပီသသ ကျားကျားလျားလျားဖြစ်အောင်လုပ်ဖို့ မလွယ် တော့ဘူး…၊



"ငါတို့နေရာက မင်းစဉ်းစားကြည့်ပေါ့ကွာ၊ ကိုယ့်ညီမရဲ့အိမ်ထောင်ဘက်ကို ကိုယ့်ညီမကို စောင့်ရှောက် ကာကွယ်နိုင်မယ့် စိတ်ဓာတ်ခိုင်မာပြီး အရည်အချင်းအစွမ်း အစရှိတဲ့ ယောကျ်ားပီပီသသလူမျိုးနဲ့သာ လက်ထပ်စေချင် တာပေါ့၊ မင်းလို အပေါယံအသွင်ကော အတွင်းစိတ်ပါ ပျော့ညံ့တဲ့ သူမျိုးနဲ့ ဘယ်သူက သဘောတူနိုင်မလဲ"

အပြင်က ပြန်လာခဲ့ပြီးဖြစ်သော မောင်သည် မောင့် အစ်ကိုတွေရှေ့မှာ ခေါင်းငုံ့ထိုင်ကာ ချွေးသီးချွေးပေါက်တွေ ကျ နေသော ညီလေးကို အတွေ့မှာ ခေါင်းနပန်း ကြီးသွားရပါသည်။ မောင်သည် သူတို့ထံ ခပ်သွက်သွက် လျှောက်သွားလိုက်မိရင်း…

"ဘာဖြစ်တာလဲ၊ ဘာဖြစ်နေကြတာလဲ၊ ညီလေး ရှင်က ဘာလုပ်နေတာလဲ၊ ထစမ်းပါ"

"မပြောချင်တော့ဘူးဟေ့…ဒီမှာ သူက နှင့်ကိုချစ်လို့တဲ့ဟ ငမောင်ရ၊ အဲ့ဒါ ငါတို့ကို လာအသနားခံနေတဲ့ပုံလေ"

"ကျွတ်…ညီလေးတို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ အဲဒီလို အူကြောင်ကြောင်လုပ်တာတွေ မောင်နဲ့ မဖြစ်တာပေါ့"

"မင်းမို့လို့ကွာ…မှန်းစရာရှားလို့ ငမောင့်ကိုမှမှန်းရတယ်လို့၊ ငမောင်က မင်းကို လက်ခံပါလိမ့်မယ် အားကြီးကြီး"

"လူကြည့်တော့ ငမောင့်လက်သီးတစ်ချက်စာပဲရှိတဲ့ဉစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



“မင်းကြည့်ရတာ မောင့်ကိုပဲ အားကိုးမှီခို့ချင်နေမယ့် ပုံပါကွာ ညီလေးရာ”

“မင့်များ လက်ခံလိုက်မိရင် ငါ့ညီမတော့ တစ်သက်လုံး ရှုန်းကျေးရတော့မှာ…”

“ဘာကိစ္စမဆို ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားပြီးမှပြောရတယ်ကွ၊ ဒီကိစ္စမဖြစ်နိုင်ဘူးဆိုတာ မင်းကလွဲပြီး အားလုံးသိတယ်၊ လူတိုင်းကို လိုက်မေးကြည့်”

သူက မောင့်အစ်ကိုတွေ မှိုချိုးမျှစ်ချိုးဝိုင်းပြောသမျှကို ခေါင်းငုံ့ခံနေတော့ရာ မောင်သည် သူ့ကိုစိုက်ကြည့်ရင်း ဒေါသစိတ်ကနေ သနားစိတ်သို့ တဖြည်းဖြည်းကူးပြောင်းလာပါသည်။ ကိုမိုးတို့က ဇရက်ကျလှသော လောင်တွေမို့ သူ့ကို လက်ညှိုးထိုးကာ ဟားတိုက်နေကြဆဲ…မောင့်စိတ်ထဲ မခံချင်ဖြစ်လာကာ…

“ကဲ…ကိုမိုးတို့ တော်လောက်ပြီ၊ တစ်ဖက်သားကို ဒီလောက်လည်း ပြောဆိုမနေကြနဲ့”

“အံမယ်…နင်က နာတယ်ပေါ့လေ…ဟား…ဟား…ဟား…”

“နာတာမဟုတ်ဘူး၊ လူတစ်ယောက်ရဲ့ခံစားချက်ကို ရိုးရိုးသားသား စာနာတာ၊ သူလည်း သူ့အားနည်းချက်နဲ့သူပဲ



အားနည်းချက်ကို ဒီလောက်ဖိနင်းပြောနေရင် ခံစားရမှာပေါ့၊ ကဲ…ညီလေးခင်…ရှင်ကလည်း ထတော့လေ၊ သိပ်နားထောင်ကောင်းလို့ ဆက်နားထောင်နေတာလား၊ သွားတော့…ပြန်တော့၊ ရှင့်အစား မောင် တော်တော် စိတ်ညစ်တယ် သိလား”

မောင်က သူ့အင်္ကျီကုပ်ပိုးစကိုဆွဲဆက် ထူမလိုက်တော့မှ သူက မထချင်ထချင် ထလာပါသည်။ မောင်က သူ့ကို မောင့်အစ်ကိုတွေရှေ့ကနေ အမြန်ဆွဲကာ ခေါ်ထုတ်လာရပါသည်။

“ရှင်တော်တော် အရူးထပါလား ညီလေးရဲ့၊ မောင့်အစ်ကိုတွေကိုပဲလာပြောရတယ်လို့၊ စိတ်မှန့်ရဲ့လားမသိဘူး”

“လာတုန်းကတော့ ပြောမလို့မဟုတ်ပါဘူး၊ သူတို့က မောင့်ကို ယောကျ်ားပေးစားရင် ကောင်းမလားလို့ ပြောနေကြတာနဲ့ စိုးရိမ်ပြီး ဖွင့်ပြောလိုက်မိတာပါ”

သူက ရှက်စနိုးအမူအရာကြီးဖြင့် လက်ထဲက တစ်ရှူးစလေးကို ဆုပ်ချေရင်း ခေါင်းကြီးငိုက်စိုက်ချနေတော့ရာ မောင်သည် သူ့ကို သနားလည်းသနား ရယ်လည်းရယ်ချင်လာသည်။ သူက ရတ်တရက် မျက်ရည်တွေ ပြည့်နေသော မျက်ဝန်းများဖြင့် မော့်ကြည့်လာကာ တောင်းပန်တိုးလျှိုးသော အသံကလေးဖြင့်…

“မောင်…ကျွန်တော့်ကို နည်းနည်းလေးတောင် စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



ပေးလို့ မရဘူးလားဟင်၊ ကျွန်တော် အခြောက်မဟုတ်ပါဘူး။ ဒါကိုတော့ယုံပါ၊ ကျွန်တော်လေ…ကျွန်တော် မောင့်ကို စ,တွေ့ကတည်းက မောင့်ရှေ့ရောက်ရင် ရင်တွေ တအားခုန်လာပြီး ရှက်နေခဲ့တာ၊ ပြီးတော့ မောင် ကျွန်တော့်နား ရောက်လာရင် ကျွန်တော်စိတ်ထဲမှာ အင်အားရှိလာသလို ခံစားရတယ်"

မောင်သည် ရုတ်တရက်စိတ်တိုလာကာ…

"အဲဒါ ရှင် မောင့်ကို အားကိုးတာလေ ညီလေးရဲ့၊ သူများစိတ်အင်အားကို လိုက်မှီနေမယ့်အစား ကိုယ့်ဟာကိုယ် အင်အားရှိအောင် ကြိုးစားပါလား"

မောင်က အော်လိုက်ရာ သူက 'ကြိုးစားပါ့မယ်' ဟု တုန်တုန်ယင်ယင်ပြန်ပြောရင်း ခေါင်းငုံ့သွားလေသည်။ မောင်သည် မောင့်ကို ကျားပိန်တွယ် တွယ်နေသည့် ညီလေးကို ကြည့်ရင်း စိတ်လည်းရှုပ်၊ ရယ်လည်းရယ်ချင်၊ ငိုလည်းငိုချင်၊ သနားရင်းကပဲ အမြင်ကွေကတ်လာကာ…

"ဒီပုံအတိုင်းကတော့ လုံးဝကိုမဖြစ်ဘူး၊ ဒီလိုပုံစံကို မောင့်အပေါင်းအသင်းတွေရှေ့ချပြလည်း မေမင်းမောင်တို့ကတော့ ကြိုက်စရာရှားလို့ gay မှ ကြိုက်တယ်လို့ဝိုင်းပြောကြမှာ သေချာတယ်၊ ကဲ…သွားတော့.. သွားတော့၊ မောင်



ဒါ့ထက်ပိုဒေါသထွက်မလာခင် ဘာမှဆက်မပြောတော့ဘဲ သွားပေတော့"

"မောင်က သွားဆိုလည်း သွားပါ့မယ်"

"ဘာမှဆက်မပြောနဲ့လို့ ပြောထားတယ်နော်"

"မပြောတော့ပါဘူး၊ ဒါပေမယ့် ကျွန်တော် လုံးဝခွဲမလျှော့ဘူး"

"သေလိုက် …"

မောင်က ဒေါသဖြင့် အော်လိုက်ရာ ညီလေးက ဘ်ခနဲတုန်တက်သွားပြီးမှ မောင့်ရှေ့က ခပ်ကုပ်ကုပ်လှည့်ထွက် တော့သည်။ အခြောက်က လာတော့အလာကြီးပဲဟု မောင်က တို့စွာ တွေးလိုက်မိပါသည်။

＊＊＊

www.burmeseclassic.com

www.burmeseclassic.com





## (၁၂)

❖ ❖ ❖

ညီလေးခင်က ခွဲနုပဲတော့ အလွန်ကြီးသူ ဖြစ်လေသည်။ မောင်က ဘယ်လောက်ဟောက်ဟောက် သူကမဖြုံပေ။ သူ့မျက်နှာဟာ နည်းနည်းလေးမှပင်အပြုံးမပျက်။ မောင်က သူ့ကို အိမ်ထဲအဝင်မခံလျှင် သူက ခြံထဲတံခါးဝမှာ ငုတ်တုတ်ကလေး တမေ့တမော ထိုင်နေလေသည်။ တစ်ခါတော့ မောင် အပြင်ထွက်ဖို့ ခြံတံခါးကိုဖွင့်လိုက်ရာ ခြံတံခါးကို မှီထိုင်ကာ အိပ်ပျော်နေပြီဖြစ်သော ညီလေးက မောင်ရှေ့သို့ ခွေခနဲကျလာတာမို့ မောင့်မှာ စိတ်ညစ်ညစ်နှင့်ပင် ရယ်ရသေး၏။ မောင်သည် သူ့ဖွဲကိုတော့ ညချရကာ...

"ခက်ပါလား ညီလေးရယ်...ဒါက ဘယ်လိုဖြစ်ရပြန်တာလဲ၊ အဓိပ္ပာယ်မရှိ ဒီလိုဒုက္ခခံမနေစမ်းပါနဲ့"

"ကျွန်တော် ဒီနားမှာနေရရင် စိတ်ထဲမှာ နွေးထွေးပြီး

www.burmeseclassic.com

www.burmeseclassic.com



အားရှိနေလို့ပါ၊ မောင်နဲ့ မတွေ့ရလည်း ကိစ္စမရှိပါဘူး ထိုင်နေရုံ သက်သက်ပါပဲ"

အဲဒီလို နေတာတွေနဲ့ မောင်နဲ့မဖြစ်တာပေါ့။ မောင်သည် သနားစရာအသွင်နှင့် သူ့ကို စိတ်လည်းကုန်ကာ ထပ်ပြီး နာကျင်အောင်လည်း မပြောရက်ချေ။ နောက်တော့ မောင်က သူ့ကို ဥပေက္ခာ ပြုထားလိုက်လေသည်။

သူက မောင့်ရဲ့ဥပေက္ခာကိုလည်းမှုတာမဟုတ်ချေ။ မောင်က အရေးမလုပ်ဘဲနေလျှင် ခပ်လှမ်းလှမ်းကသာ ငေးကြည့်တတ်မြဲ။ တစ်ခါတစ်ခါ မောင်စားဖို့ စားစရာတွေလုပ်လာကာ မောင်တို့ခြံတံခါးဝမှာ ချိုင့်ကိုတင်ထားခဲ့ပြီး ပြန်သွားတတ်မြဲ ဖြစ်သည်။ တစ်နေ့တော့ ကိုမိုးက ထိုချိုင့်ကို မြင်သွားကာ...

"ဟာ...ခြံတံခါးဝမှာ ချိုင့်တစ်လုံးပါလားဟ၊ ဘယ်သူ လာချိတ်သွားလဲမသိဘူး"

ဟုဆိုကာ ထိုချိုင့်ကို သွားယူဖွင့်ကြည့်လေသည်။

"ဟ...ရခိုင်မုန့်တီတွေကွ၊ မနည်းဘူး၊ မွှေးနေတာပဲ... ဘယ်သူ ကျန်ခဲ့တာလည်း မသိဘူး၊ စားရက်ကြုံတော့ မုတ်ဆိတ်ပျားစွဲတာပဲဟေ့... ကေ့ွ့တော့ ချိုင့်ကို အုတ်တံတိုင်းပေါ် ခဏတင်ပြီး ထဘီပြင်ဝတ်တဲ့ မိန်းမ တစ်ယောက် မေ့ကျန်ခဲ့တာပဲ ဖြစ်ရမယ်၊ ကိုရိုးရေ... လာဟေ့... စားရအောင်၊ တစ်ယောက် တစ်ဝက်..."



ကိုမိုးက အားပါးတရ စားမည်ဟန်ပြင်ဆဲ မောင်က ကိုမိုးရှေ့ သွားရပ်လိုက်ရင်း...

"အဲဒါ... ဘယ်မိန်းမကမှ ကျန်ခဲ့တာမဟုတ်ဘူး၊ ကိုမိုးတို့ ယောက်ဖတော်ရမှာ သေမလောက်ကြောက်တဲ့ ညီလေးခင် လာထားသွားတာ..."

ဟု ပြောလိုက်ရာ ကိုမိုးက ပါးစပ်နားမှာ ရွယ်လက်စ ဖွန်းကို လေထဲမှာ တန့်လိုက်ရရင်း...

"ဟင်... ဒီကောင်က ဘာကိစ္စ လာထားသွားရတာလဲ"

"စားစေချင်လို့ နေမှာပေါ့၊ မောင်ကလည်း သူ့ကို မခေါ်တော့ မောင် မသိအောင် လာထားသွားတာလေ"

"ဒီကောင်က လူကသာ နွံ့တာ ဖွဲ့ကတော့ကြီးသား...၊ ခွီးမှပဲ... ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ လွှင့်ပစ်လိုက်ရရင်လည်း နှမြောစရာ၊ ဟာ... ဘာဖြစ်လဲဟာ စားတယ်ဟာ... သူ့မုန့်စားတိုင်း သူ့ကို ယောက်ဖတော် ရတာမှ မဟုတ်တာ"

ကိုမိုးက လေထဲမှာတန့်ထားရသော ဖွန်းကို ပါးစပ်ထဲ ခပ်မြန်မြန်ထည့်လိုက်လေသည်။ ပြောင်စင်အောင် စားပြီးတော့မှ ခြံဝက လူရိပ်လူခြည်ကိုကြည့်ကာ ယူခဲ့သောနေရာမှာပင် ချိုင့်အလွတ်ကို သွားထားလိုက်သည်။ သိပ်မကြာခင်မှာပဲ လက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က အုတ်တံတိုင်းပေါ်လှစ်ခနဲပေါ်လာကာ ချိုင့်ကို ပြန်ဆွဲယူသွားလေသည်။

ညီလေးခင်သည် အားတက်လာပုံရကာ နေ့တိုင်းနေ့တိုင်း မုန့်အမျိုးမျိုးလုပ်ယူလာပြီး ချိုင့်ကို လာလာထားသွားမြဲ။ ကိုမိုးတို့ကလည်း မသိချင်ယောင်ဆောင်ကာ ယူစားပြီး ချိုင့်ကို သွားပြန်တင်ထားမြဲ။ သူတို့ချင်းတော့ နားလည်မှုတွေရကာ အချိုး အဆက်ကို မိနေကြလေသည်။ ပြီးတော့ ကိုမိုးတို့က စပ်ဖြဲဖြဲနှင့် ပြောကြသေးသည်မှာ ...

"ဟဲ ... ဟဲ ... စားလို့တော့ တကယ်ကောင်း၊ ဒီကောင်တော့ သနားစရာကောင်းနေပါပြီကွာ၊ ဒါပေမယ့် သနားတာက သပ်သပ်၊ သနားရုံနဲ့တော့ ယောက်ဖမတော်နိုင်ဘူး ငမောင် ... နင်လည်း သနားပြီး မညွတ်မိစေနဲ့ ကြားလား"

"ညွတ်ချင်းညွတ် ကိုမိုးတို့ပဲညွတ်မှာ၊ ကိုမိုးတို့သာ သူ လာထားသမျှ ပါးဖြဲနားဖြဲ စားနေကြတာလေ ..."

မောင့်အစ်ကိုတွေသည် ကွယ်ရာမှာတော့ ညီလေး ကျွေးသမျှစားပြီး ခြံတံခါးဝနားမှာ ညီလေးကို တွေ့လျှင်တော့ မျက်နှာတွေက ခပ်တင်းတင်းနှင့် မသိချင်ယောင် ဆောင်ကာ နှုတ်မဆက်ဘဲ နေကြလေသည်။

ညီလေးသည် သူမို့ မမောနိုင်ဘဲ မောင့်နောက်ကို



သာ လိုက်နေတော့ရာ မောင် တက်နေသည့် အင်္ဂလိပ်စာသင်တန်း ရှေ့အထိပါ ကားတစ်စီးဖြင့် တကောက်ကောက် လိုက်ပါလာတတ်လေသည်။ သူက မောင့်အနား ရစ်သီရစ်သီလုပ်နေတာမို့ မောင့် သူငယ်ချင်းတွေကပင် သူ့ကိုသတိထားမိလာကာ ...

"ဟဲ့ ... ဟိုအခြောက်ကလေးဟာလေ ငါတို့နားပဲ ဝဲလည်လည် လာလုပ်နေတာ ကြာပြီ၊ တို့အုပ်စုထဲက ဘယ်သူ့ကိုများ မျက်စိကျနေသလဲ မသိဘူး ..."

"ဟိဟိ ... သူ မျက်စိကျတဲ့သူတော့ ကံစမ်းမဲပေါက်တော့မှာပဲ၊ ကံဆိုးသူမောင်ရှင်ပဲ"

မောင်သည် နည်းနည်းတော့ ရှက်မိကာ အသာကလေး ရေငုံနေလိုက်ရာ မောင်တို့ ငါးယောက်အုပ်စုမှာ ဟိုလူ့နှိုးနှိုး ဒီလူ့နှိုးနှိုး ထင်မြင်ချက်တွေ ပေးနေကြလေသည်။

တကယ်ပါ ... ညီလေးပုံစံဟာ အရင်အတိုင်း ဘာမှ မပြောင်းလဲ ...။ သူပြောတော့ဖြင့် ပြုပြင်ပါ့မယ်သာ ဆိုတယ် မောင့်မျက်စိထဲတော့ ဘာမှထူးခြားမလာပေ။ မိန်းကလေးတစ်ယောက်လို နှာတံလုံးလုံး ... နှုတ်ခမ်းက နှင်းဆီဖူးလို ခပ်ငုံငုံ ...၊ မျက်တောင်ကော့ကော့နှင့် မှုန်စက်နေအောင် လှသော သူ့မျက်နှာကပင် သူ့ကို မိန်းမဆန်စေတာ ဖြစ်သည်။ မျက်နှာပေါ်မှာလည်း အမွေးရယ်လို့ တစ်မျှင်တစ်စမရှိရလေအောင် ဂရုတစိုက် ရိတ်သင်

www.burmeseclassic.com

www.burmeseclassic.com



ထားတတ်သေးရာ သူ့မျက်နှာဟာ ဝက်ခြံတစ်လုံးတလေပင် မရှိရဘဲ ပြစ်မျိုးမဲ့မထင်။

အပြောင်းအလဲဆိုလို့ ပုဆိုးဝတ်ပုံကသာ အရင်ထိုပိပိပြားပြားမဟုတ်ဘဲ မသပ်မရပ် ပွယောင်းယောင်း တိုတုတ်တုတ်ဖြစ်လာတာပဲ ရှိသည်။ လက်ဟန်ကလေး ရှိသေးသလားဆိုတာကိုတော့ မောင်ကစကားပြောမကြည့်တာမို့ မသိပေ ...။

ညီလေးခင် ကားပေါ်ကဆင်းပြီး မောင်တို့အနားသို့လျှောက်လာပြီဆိုလျှင် မောင့်သူငယ်ချင်းတွေဟာ တစ်ယောက်နှင့်တစ်ယောက် လက်တို့ပြီး ရယ်မောလို့မဆုံးနိုင်ပေ။

အဖုအထစ်မရှိ ... အဖြောင့်အတိုင်း လုံးတုံးတုံးရှည်မျောမျော ခန္ဓာကိုယ်ဟာ လမ်းလျှောက်တိုင်း သိမ်မွေ့ခြင်းလွန်ကဲကာ နွဲ့လိုပင်နေပြန်ရာ သူ့ကိုမှ အခြောက်မထင်လျှင် ဘယ်သူ့ကိုများ အခြောက်ထင်ပါ့မလဲ ...။

"ဟဲ့ ... ဟဲ့ ... ကြည့်စမ်း ... ငါတို့ဘက်ကို ခိုးခိုးကြည့်နေတဲ့ ပုံကို ကြည့်လိုက်စမ်း"

"ဟော ... ဟော ... ငါတို့ လှမ်းကြည့်နေတာမြင်ပြီး ရှက်စနိုးနဲ့ ခေါင်းငုံ့သွားပြီ ..."

ညီလေးခင်သည် မောင့်တို့ သူငယ်ချင်းအုပ်စုကြားမှာ ရေပန်းစားကာ ဟာသမြောက်လျက် ရှိလေသည်။



"သူ့ပုံစံနဲ့များ ငါတို့ကို လာပိုးရတယ်လို့ဟယ် ... ငါတို့ထဲမှာ ပျော့ပျော့နွဲ့နွဲ့ တစ်ယောက်မှ မပါဘူး ...၊ ဒီကောင့်ကြည့်ရတာ မောင့်လက်သီး တစ်ချက်စာပဲ ..."

မောင်သည် သူတို့ပြောသမျှကို ကျောခိုင်းထားရင်းကပင် ကျိတ်၍ရယ်သည့်အခါ ရယ်ရပြီး ညီလေးကို ဒေါသဖြစ်သည့်အခါ ဖြစ်မိလေသည်။

တစ်နေ့တော့ မောင့်သူငယ်ချင်းတွေသည် သူ့ကို ပညာပြဖို့ စုပေါင်းတိုင်ပင်ကြကာ ...

"ကြည့်နေ ... သူ နောက်မလာရဲအောင် ငါတို့လုပ်ပြမယ်"

ထိုနေ့က ညီလေးက ကားပေါ်ကဆင်းပြီး မောင်တို့ဆီ လျှောက်လာသဲ ရတနာတို့အုပ်စုဟာ သူ့နံဘေးမှာ ဝိုင်းကြီးပတ်ပတ် သွားရပ်လိုက်ကြပြီး ...

"ဟယ် ... အခြောက်ကလေးတော့ ..."

"ကြည့်စမ်း ... တကဲယ်ပဲနွဲ့လိုက်တာ ..."

"တို့များကတော့ ယောကျ်ားဆိုရင် ကျားကျားလျားလျားမှသဘောကျတာ ..."

"နွဲ့လည်း ဘာဖြစ်လဲဟဲ့ ... မီးဖိုချောင်ထဲ ထည့်ထားလိုက်ပေါ့၊ ဝတ်ကြီးဝတ်ငယ် ပြုစုစေ ... အမိန့်တော် ..."

"ဝါး ... ဟား ... ဟား ..."

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြီး သူ့ကို ဝိုင်းဟားပြီး ဝါးခနဲရယ်ချလိုက်ရာ ညီလေးသည် ထိုနေရာမှာပင် ခြေစုံရပ်ရင်း အသားတဆတ်ဆတ်တုန်၍နေလေသည်။ သူ့နဖူးပေါ်မှာ ချွေးသီးချွေးပေါက်တွေ အသီးအသီးထ,ကာ ပေါက်ခနဲ ပေါက်ခနဲ ပြုတ်ပြုတ်ကျလာသည်။ ခြေလှမ်းတွေကိုလည်း မရွေ့ရဲ... သူ့ကို ဝိုင်းထားကြသော ရတနာတို့အုပ်စုကိုလည်း မော်မကြည့်ရဲဘဲ ခေါင်းကိုသာ တွင်တွင်ငုံ့ထားရာက အံတစ်ချက်ကြိတ်ကာ မခံမရပ်နိုင်ပုံနှင့် ...

"ကျွန်တော် အခြောက်မဟုတ်ဘူး"

ဟု တုန်ခိုက်အက်ကွဲသံကြီးနှင့် မျက်စိမှိတ်အော်လိုက်ရာ ထိုမြင်ကွင်းကို အစအဆုံး လှမ်းမြင်လိုက်ရသော မောင့်အသည်းနှလုံးတွေပင် တဆတ်ဆတ်တုန်၍သွားလေသည်။

ရတနာတို့အုပ်စုမှာလည်း နောင်တရသွားသော မျက်နှာကလေးတွေ ကိုယ်စီဖြင့် သူ့ကိုကြောင်ကြည့်နေဆဲ မောင်က သူ့ဆီ ပြေးထွက်သွားကာ ရတနာတို့ အလယ်ကနေ အမြန်ဆွဲထုတ်လာခဲ့ပါသည်။

"ဟယ် ... မောင့် အသိလား ..."

"ဒါဆို မောင့်ကို ပိုးနေတာပေါ့"

"ကြည့်စမ်း ... မောင်က ငါတို့ကို မပြောဘဲ မြိုနေတယ် ..."

"အံမယ်လေး ... သူ့ပုံနဲ့များ မောင့်ကို ပိုးရတယ်လို့ ..."



"ဟဲ့ ... မပြောကြပါနဲ့တော့ ... သနားပါတယ်၊ သူ့ကြည့်ရတာ တော်တော် စိတ်ထိခိုက်သွားတဲ့ပုံပဲ ..."

မောင်သည် တစ်ယောက်တစ်ပေါက် ထင်မြင်ချက်တွေ ပေးနေသော သူငယ်ချင်းတွေကို ဘာမှပြန်ဖြေရှင်းမနေအားဘဲ ညီလေးကိုသာ သူတို့နှင့်လွတ်ရာဆီ ဆွဲခေါ်လာခဲ့ကာ ...

"ညီလေး ... ရှင့်မျက်နှာကို အဲဒီလို ငိုမဲ့မဲ့ကြီး လုပ်မထားနဲ့၊ ပြင်စမ်း ... ပြင်စမ်း ...၊ အဲဒီလောက် မတုန်လှုပ်နဲ့လေ စိတ်ကို ငြိမ်ငြိမ်ထားမှပေါ့၊ ချွေးတွေလည်း ပေါက်ပေါက်ကျနေတာပဲ၊ ရော့ ... ဒီမှာ တစ်ရှူး သုတ်လိုက်ဦး၊ ရော့ ... ရော့ ... ဒီမှာ ရေသန့်ပါတယ် ... သောက်ချလိုက်"

သူက ရှက်ရွံ့တုန်လှုပ်နေဆဲမို့ မောင်က ဖျောင်းဖျအားပေးကာ ပုံမှန်အတိုင်း ပြန်ဖြစ်အောင် လုပ်ရလေသည်။

သို့သော် သူက ချက်ချင်းပုံမှန်ဖြစ်မလာပေ။ ခုံတစ်ခုံပေါ်မှာ ခြေထောက်တင်ထိုင်ကာ မျက်နှာကို ဒူးပေါ်မှာအပ်ထားရင်း တဆတ်ဆတ်တုန်ရီနေသည်။ ပါးစပ်ကလည်း ကယောင်ချောက်ချား တတွတ်တွတ် ပြောလျက်ရှိပါသည်။

"ကျွန်တော် အခြောက်မဟုတ်ဘူး၊ ကျွန်တော် အခြောက်မဟုတ်ဘူး၊ ကျွန်တော့်ကို ဒီလိုမစွပ်စွဲကြပါနဲ့ဗျာ၊ တောင်းပန်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မောင်သည် ညီလေးအဖြစ်ကို ငေးကြည့်ရင်း မျက်ရည်ဝဲလာရလေသည်။ ထိုခဏတွင် မောင်က ဆုံးဖြတ်ချက်ကို ချမိကာ ...

"ညီလေး ဒီမှာကြည့်စမ်း၊ မောင့်ကို ကြည့်စမ်း ... မောင်ပြောတာကို နားထောင်စမ်း"

သူက မောင့်ကို မရဲတရဲ မော့ကြည့်လာပါသည်။

"ရှင့်ပုံစံကို မပြောင်းသရွေ့ ဒီလို အထင်ခံနေရဦးမှာပဲ ညီလေးရဲ့၊ ရှင့်ရဲ့ပုံစံကို လူတကာက အံ့သြရလောက်အောင် လုံးဝပြုပြင်ပြောင်းလဲပစ်ရမယ်၊ ရှင် ဘာမှအားမငယ်နဲ့တော့၊ ရှင့်ကို ပြုပြင်ပေးဖို့ မောင် တာဝန်ယူတယ်၊ ရှင် လိုက်နာနိုင်ဖို့၊ ခွဲရှိဖို့ပဲလိုတယ်"

သူက ရုတ်တရက် မျက်လုံးတွေ အရောင်လက်လာကာ ခုံပေါ်တင်ထားသော ခြေထောက်တွေကို ဖြုန်းခနဲ အောက်ပြန်ချလိုက်ရင်း အားတက်သရောပုံမျိုးဖြင့် ...

"မောင် ... တကယ်ပြောတာလား"

"တကယ်ပေါ့ ..."

"ဟား ... ဝမ်းသာလိုက်တာ မောင်ရာ၊ ကျွန်တော်လည်း ဒီဘဝကို စိတ်ညစ်လှပါပြီ၊ မောင်သာ ပြုပြင်ပေးမယ်ဆိုရင် ဘယ်လောက်ခက်ခဲပါစေ လိုက်နာနိုင်ပါတယ်"



သူက ကလေးတစ်ယောက်လို ပျော်ရွှင်မြူးတူးနေသာတာမို့ မောင့်မှာ စိတ်ညစ်ညစ်နှင့် ပြုံးခဲ့ရလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com







(၁၃)

❖ ❖ ❖

နောက်တစ်နေ့တွင် မောင်က ညီလေးကိုခေါ်ကာ Hotel တစ်ခုရှိ health club သို့ သွားလေသည်။ မောင့်နောက်က ကုပ်ကုပ်ကုပ်ပါလာသော ညီလေးသည် အားကစားခန်းမထဲသို့ ရောက်သောအခါ ကျီးကြည့်ကြောင်ကြည့်ဖြစ်၍နေသည်။ ခန်းမထဲတွင် လမ်းလျှောက်စက်များ၊ အလေးပြားများ၊ အလေးပြားချိပ်ဆွဲထားသော ကိရိယာများ၊ စက်ဘီးနင်းစက်၊ အိပ်ထမတင်လုပ်သည့်ခုံ... အစရှိသဖြင့် စက်ပစ္စည်းများ သူ့နေရာနှင့်သူ ရှိနေပြီး လူလေးငါးယောက်ခန့် ကစားနေကြလေသည်။

မောင်က ညီလေးကို ခဏထားခဲ့ပြီး နည်းပြဆရာဆီ ...ောင်တစ်ယောက်တည်း သွားကာ ...

"ဆရာ ... ကျွန်မ ဟိုတစ်ယောက်ကို လာအပ်တာပါ၊ ဟိုနားမှာရပ်နေတာ ဆရာမြင်တယ် မဟုတ်လား"

"မြင်တယ် ... မြင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုကြည့်ပါဦး ဆရာ၊ ဘာတွေလိုအပ်မလဲလို့..."

"လိုအပ်တာကတော့ အားလုံးပဲ၊ သူ တော်တော်လည်း ပိန်တယ်"

"ဆရာ... သူ့ကို ကျန်းမာကြံ့ခိုင်ပြီး ဖလတွေဘာတွေတက်ပြီး ယောက်ျားနဲ့တူအောင် ပြုပြင်ပေးလိုက်ပါ ဆရာ၊ သူက မလုပ်နိုင်လည်း ညာမနေနဲ့၊ မောင်းသာ မောင်းပါ"

"စိတ်ချ... စိတ်ချ"

မောင်က ဆရာ့ကို ပြောခဲ့ပြီးမှ ညီလေးထံ ပြန်လျှောက်လာပြီး...

"ညီလေး... ဆရာသင်တဲ့အတိုင်း လိုက်နာ... ကြားလား"

"ဘာတွေလုပ်ရမှာလဲ မသိဘူး"

"ခုကတည်းက တွန့်ဆုတ်တွန့်ဆုတ် လုပ်မနေစမ်းပါနဲ့၊ ဖလတွေဘာတွေ တက်လာအောင် ကစားရုံပါပဲ"

"ဟမ်... ဖလဟုတ်လား၊ ဟို... ဟို မောင်ဝမာကြီးတွေလို ဖလကြီးတွေ တွေနေအောင်တော့ မကစားရဘူးနော်"

"ဩော်... အဲ့ဒီလောက်ကြီးလည်း မလိုပါဘူး၊ တော်ရုံ သင့်ရုံလောက်ပေါ့၊ မောင် အကောင်းစီစဉ်ပေးနေတာ အထွန့်မတက်စမ်းပါနဲ့၊ ကဲ... လာ ပေါင်အရင်ချိန်ကြည့်ရအောင်"

"ဟင်... ဘာလို့ချိန်မှာလဲ"



"ရှင့်အရပ်နဲ့ ရှိသင့်တဲ့ ပေါင်ချိန် ရှိ၊မရှိချိန်ပြီး လိုအပ်ရင် ဖြည့်ကစားရအောင်ပေါ့၊ အမေးအမြန်းကလည်း ထူလိုက်တာ"

ပေါင်ချိန်ကြည့်ပြီးသော် နည်းပြဆရာက ညီလေးကို ကြည့်ရင်း...

"အရပ်ကတော့ ရှည်ပါတယ်၊ ဒီအရပ်နဲ့ကြွက်သား ကျစ်ကျစ်လျစ်လျစ်နဲ့စာရင် ပေါင်ချိန်ကနည်းနေလို့ အချိုးမကျတာပါ၊ နောက်ထပ် ဆယ့်ငါးပေါင်လောက် တက်လာရင် တော်တော် အဆင်ပြေ ကြည့်ကောင်းသွားမယ်၊ ဒီမှာက ပိန်တဲ့သူတွေကို ဝအောင်၊ ဝတဲ့သူတွေကို ပိန်အောင် သူ့ အချိန်အဆနဲ့သူ ကစားခိုင်းနေတာပဲ၊ ထိရောက်ပါတယ်၊ သူသာ ထိထိရောက်ရောက် လိုက်နာနိုင်ရင် တစ်လလောက်နဲ့ သိသာလာမယ်"

"ကြားတယ်မဟုတ်လား... တစ်လလောက်နဲ့ သိသာလာမယ်တဲ့"

"ဆယ့်ငါးပေါင်... ဆယ့်ငါးပေါင်တက်ဖို့ဆိုတာက လွယ်ပါ့မလား"

"ဖြစ်ပြီ... ဘာမှမလုပ်ရသေးဘူး အားလျှော့တဲ့စကားက အရင်ပဲ၊ အဲဒါတွေ မောင်နဲ့ မဖြစ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ...ဟုတ်ကဲ့ပါ၊ ကျွန်တော် ကြိုးစားပါ့မယ် ခင်ဗျာ့..."

မောင်သည် သူ့ကိုထားခဲ့ပြီး မှန်နံရံတွေရဲ့အပြင်ဘက်တစ်နေရာကနေ ချောင်းကြည့်မိလေသည်။ သူ့ပုံစံက အတော်ကိုးရိုးကားရားနှင့် ရယ်ဖို့ကောင်းလှလေသည်။ အလေးပြား ပေါ့ပေါ့လေးတွေလည်း သူမနိုင်။ ခဏလောက် အလေးမပြီး ဖတ်ဖတ်ဆာ မောပန်းနေတော့ရာ နည်းပြဆရာကပင် သူ့ကို စိတ်မရှည်နိုင်ချေ။

မောင်သည် သူ့ကိုလှမ်းကြည့်ရင်း စိတ်တိုလာရကာ ခန်းမထဲ ဝင်ချသွားပြီး...

"ဟဲ့...ဒီလောက် ပျော့ရသလား၊ ဒီလောက်တောင် မ,မ နိုင်ဘူးလား ညီလေးရဲ့၊ ရှင့်ကိုက ပျော့လွန်းတာ၊ နည်းနည်း ပါးပါးအပင်ပန်းခံမှပေါ့၊ မ,စမ်း...ဒီအလေးပြားတွေပဲ အကုန်မ၊ အခုမ..."

"ဟာ...ဟာ...နေပါဦး ကလေးမရဲ့၊ ဒီလောက်ဖိအားမပေး ပါနဲ့၊ စစချင်း အကျင့်မရှိသေးတော့ ဒီလိုပေါ့၊ အစပိုင်း နည်းနည်းကနေ ဖြည်းဖြည်းချင်း တိုးလုပ်သွားမှ ခံနိုင်ရည် ရှိတော့မှာပေါ့၊ ဗလဆိုတာ တစ်နေ့တည်း တက်အောင် လုပ်လို့ ရတဲ့ဟာမှမဟုတ်တာ"




နည်းပြဆရာက မောင့်ကို ဖျောင်းဖျလွှတ်လိုက်တာမို့ မောင် ခန်းမထဲက ပြန်ထွက်လာရလေသည်။ သူကလည်း မောင် ကြည့်နေမှန်းသိတာမို့ မောင့်ကိုဖားကာ ရှိသမျှ အလေးတွေ အားလုံးကို တဆတ်ဆတ် တုန်မတတ် စွတ်ရွတ်မနေတော့ရာ နည်းပြဆရာပင် အခက်တွေ့ပုံဖြင့် ခေါင်းကုပ်နေရလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com







## (၁၄)

❖ ❖ ❖

"မြတ်စွာဘုရား...ဒါတွေ အကုန်စားရရင် သေရောပေါ့ မောင်ရာ၊ ကျွန်တော် အဲဒီလောက်များများ မစားနိုင်ပါဘူး"

"မရဘူး...အရင်က အစားနည်းလည်း အခု ဒါတွေ အကုန်စားရမယ်"

ညီလေးသည် စားပွဲပေါ်က စားစရာတွေကို မျက်လုံးမြူးကြည့်ရင်း ရင်ထဲကပင် ပျို့၍လာလေသည်။ စားစရာတွေဟာ နည်းနည်းနောနော မဟုတ်ချေ။ ကတ်ကြေးကိုက်က တစ်ပွဲ၊ ထမင်းကြော်က တစ်ပွဲ၊ ဘဲကင်က တစ်ခြမ်း၊ ဝက်သားက တစ်ပွဲ၊ ကြက်သားက တစ်ပွဲ၊ အစိမ်းကြော် ပန်းကန်ပြားကြီးက လည်း ပြည့်မောက်နေသည်။ အသားကင်ချောင်းတွေချည်းပဲ တစ်ပန်းကန် အပြည့်ရှိနေသည်။ ပြီးတော့ ထမင်းစားပြီး အချိုတည်း ဖို့ရာ ငှက်ပျောသီးတစ်ဖီးနှင့် ပန်းသီးသုံးလုံး၊ ဖရဲသီးတစ်စိတ် ချထား ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ...ဒါတွေကို ကျွန်တော်တစ်ယောက်တည်း စားရမှာလား"

"ဟုတ်တယ်လေ...ရှင်စားနေကျအတိုင်း ကြောင်စာကလေးပဲ စားနေလို့ကတော့ ဘယ်လောက် ကစား ကစား ဝမလာတဲ့အပြင် ပင်ပန်းပြီး ပိုတောင် ပိန်သွားဦးမယ်၊ များများစား၊ များများ ကစားမှ မြန်မြန် ဝိတ်တက်လာမှာပေါ့၊ ပြီးတော့ တစ်နေ့ကို နွားနို့ တစ်ပိဿာ သောက်ရမယ်"

ဘုရား...ဘုရား။ ညီလေးသည် စိတ်ထဲမှ ဘုရားတ,မိကာ မောင့်ကိုလည်း မလွန်ဆန်ရဲဘဲ စားပွဲပေါ်က စားစရာတွေကို ကြိုးစားပန်းစား စတင်စားသောက်လေသည်။ မောင်ကလည်း သူ့ရှေ့တည့်တည့်မှာထိုင်ကာ သူ့ကို မျက်စေ့ ဒေါက်ထောက်ကြည့်နေတာမို့ လိမ်ညာလို့လည်း မရနိုင်ဘဲ အမှန်အကန် စားပြနေရသည်။ မောင်ကလည်း တတွတ်တွတ် တွန်းအားပေးလျက်ရှိပါသည်။

"စား...စား...အားရပါးရစား၊ ရော့...ဒီဘဲကင်လေး ကုန်အောင် စားလိုက်၊ ထမင်းကြော်က ဘာလို့ကျန်နေတာလဲ၊ ကုန်အောင်လက်စသတ်လိုက်တော့လေ၊ ဟိုဘက်က ဟင်းတွေလည်း ထည့်ပါဦး၊ ပြီးရင် ငှက်ပျောသီးလည်း စား၊ ဖရဲသီးလည်း စား၊ ပန်းသီးလည်း ရှိတယ်နော်"

ညီလေးသည် မောင်ပြောသမျှ ဆင်ခြေမကန်ဘဲ



စားရင်းစားရင်း လည်မျိုမှာနင့်လာသည်။ ခဏနေတော့ ဝေါ့ခနဲ မချိမဆန့်အသံကြီး ထွက်လာကာ ထိုးအန်ချလိုက်ရာ မောင့်ခြေထောက်တွေပေါ်၊ တဖတ်ဖတ် ပြုတ်ကျသွားတော့သည်။

"အမလေး...ပေကုန်ပြီ...ပေကုန်ပြီ"

မောင်က ရွံရှာစွာ ဆွေ့ဆွေ့ခုန် အော်ဟစ်နေတော့ရာ ညီလေးက တစ်ရှူးစတွေ လုံးထွေးထုတ်ယူကာ ပျာပျာသလဲ သုတ်ပေးရင်း...

"တောင်းပန်ပါတယ်...တောင်းပန်ပါတယ် မောင်ရယ်၊ ကျွန်တော်လည်း မောင် စားခိုင်းတဲ့အတိုင်း စားရင်း မထင်မှတ်ဘဲ ဒီလိုဖြစ်ရတာပါ"

"မောင် စားခိုင်းတာဆိုပြီး ရှင်က မောင့်ကို အပြစ်တင်ချင်သေးလို့လား၊ မောင် စားခိုင်းတာက ဘယ်သူ့အတွက်လဲ"

"ကျွန်တော့် အတွက်ပါ...ကျွန်တော့် အတွက်ပါ"


ညီလေးခင်မှာ မောင် စိတ်ဆိုးမှာကို သေမလောက်ကြောက်ရတာမို့ ပျာပျာသလဲ ချော့မော့ရလေသည်။ နောက်နေ့များတွင်လည်း မောင်၏ ကျွေးသမျှကို တတ်နိုင်သမျှ မငြင်းမဆန်ဘဲ ကြိုးစား၍စားရလေသည်။ သိပ်မခံမရပ်နိုင်ပြီဆိုလျှင်တော့ မောင် မသိအောင် ဝမ်းနှုတ်ဆေးလေး သောက်ပြီးမှ အားရပါးရ စားပြရပါသည်။

***

www.burmeseclassic.com

www.burmeseclassic.com







(၁၅)

“ဟဲ … ဟဲ … ဒီမှာ တွေ့တယ်မဟုတ်လား … ဗလ … ဗလ …”

ညီလေးက သူ့လက်မောင်းတွေကို ဗ–ဗလ အင်အားပြသလို မြှောက်ထားရင်း မစို့တပို့ တက်လာစပြုလာသော ဗလတွေကို ပြကာ ကြွားလေသည်။

မောင်က ဖိအားပေးသည့် နေရာမှာ အလွန်တော်ပြီး ညီလေးကလည်း ကြိုးစားပြချင်သူမို့ တစ်လအတွင်းမှာပင် ငါးပေါင် တက်လာပြီး ညီလေးပုံစံက သိသိသာသာ ကြည့်ကောင်းလာလေသည်။

မောင်က သူ့ကို တော်ရုံနှင့် မာန်တက်သွားမှာ စိုးတာမို့ နှုတ်ခမ်းကို မဲ့ကာ …

“ဒီလောက်ကလေးနဲ့ ယစ်မူးမနေပါနဲ့၊ ဘာမှလည်း သိသာတာ မဟုတ်ဘဲနဲ့ …၊ အများကြီး ကြိုးစားဖို့ လိုသေးတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ဆိုလည်း ယောက်ျားနဲ့တော့ တူလာပါပြီ မောင်ရ"

"အမလေး ... ဒီလောက်ကြီးလည်း မဟုတ်သေးပါဘူး၊ အများကြီး နွဲ့နေသေးတာ ..."

မောင်က သူ့ကို တစ်ချက်ကလေးမှ မချီးမွမ်းလေ သူက ကြိုးစားလေ ဖြစ်လေသည်။ ညီလေးသည် မောင့်ကိုတော့ မျက်နှာလိုအားရ အမြဲလုပ်ချင်သူဖြစ်ရာ မောင့်ရှေ့မှာ အစားတွေ အများကြီး စားပြခြင်း၊ အလေးပြားတွေ အများကြီး မ,ပြခြင်း တို့ဖြင့် မောင့်ကို ဖားလေသည်။

တစ်နေ့တော့ သူက အလေးပြားတွေ မ,ပြီး ချွေး ပြိုက်ပြိုက်ကျ မောပန်းနေသောပုံစံနှင့် မောင့်ရှေ့မှာ မျက်နှာငယ် လေးနှင့် ထိုင်ချလိုက်ရင်း သက်ပြင်းမောကြီးကို မှုတ်ထုတ်လျက်

"တစ်ခါ တစ်ခါကျတော့ ဒီလိုပင်ပန်းခံနေတာဟာ ဘာ အတွက်လဲလို့ တွေးမိတယ် မောင် ..."

"ဆိုစမ်းပါဦး ..."

"တစ်ခုခု လုပ်တယ်ဆိုတာ တစ်ခုခုအတွက် ဖြစ်မှ ပိုပြီး အဓိပ္ပာယ်ရှိတော့မှာပေါ့၊ ဥပမာ ... မောင်က ကျွန်တော် ယောက်ျားပီပီသသ ကျားကျားလျားလျားပုံ ပေါက်လာရင် ကျွန်တော့်ကို ပြန်ချစ်မယ်လို့ မျှော်လင့်ချက် ပေးထားတာ မျိုး ..."



"အံမယ် ..."

"ကျွန်တော်ပြောတာ မဟုတ်လို့လား၊ လူဆိုတာ မျှော်လင့် ချက် ရှိနေမှ အဓိပ္ပာယ်ရှိတဲ့ ဘဝကို ရနိုင်တာ"

"လိုရာ ဆွဲပြောမနေပါနဲ့၊ အစောကြီးကတည်းက ရှင့်ကို ဒါတွေ ဒါတွေ လုပ်ရင် ပြန်ချစ်ပါမယ်လို့ အရိပ်အမြွက် တောင် ပြောခဲ့တာ မဟုတ်ဘူး၊ အမှတ်မှား မနေနဲ့ဦး ..."

"အမှတ်မမှားချင်ပါဘူး၊ အမှတ်မှန်ချင်ပါတယ်၊ ကျွန်တော့် ကို အမှန်ကိုပဲ မှတ်ခွင့်ပေးပါလား မောင် ..."

"စကားကို ကွေ့ဝိုက်ပြီး လိုရာရောက်အောင် ပြောမနေစမ်း ပါနဲ့ ..."

"ကျွန်တော် ပြောင်းလဲသွားရင် ပြန်ချစ်ပါလား မောင်"

"မချစ်နိုင်ပါဘူး၊ ဒီလိုလုပ်ခိုင်းနေတာ ရှင် ကောင်းဖို့ အတွက်ပဲ၊ အများအလယ်မှာ ရှင် လှောင်ပြောင်ခံနေရမှာ စိုးလို့ သနားလို့ ဒီလောက် ကရိကထခံနေတာ၊ ရှင့်ဘာသာ ရှင် ကောင်းဖို့ ရှင်လုပ်ရတဲ့ကိစ္စကို မောင်က ပြန်ချစ်မှ လုပ်မယ်ဆိုပြီး မလုပ်ဘဲနေလည်း ရှင့်သဘောပေါ့ ..."

"ရက်စက်လိုက်တာ မောင်ရာ ..."

ညီလေးက ရုတ်တရက် ဖြူဖျော့ခွေခေါက်ကာ စိတ်နှလုံး ညှိုးချုံးသွားသည့်ပုံ ပေါက်သွားတော့သည်။ အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com



အားနဲ့နဲ့ကြီး ဖြစ်ဖြစ်နေတာကိုလည်း မောင်က မကြိုက်ပေ ။ မောင်သည် သူ့ကို ဒီအတိုင်းထားလျှင် ဒီပုံအတိုင်းသွားတော့မှာမို့ ဆိုက်ကို သုံးလိုက်ရပါသည်။

"ဒီမှာ ... ပြောတာနားထောင် ညီလေး၊ ရှင့်ကို အချိန် ခြောက်လ ပေးမယ်၊ ဒီ ခြောက်လအတွင်း ရှင်နဲ့ မောင် မတွေ့ဘဲ နေရမယ်"

"ဟာ ... မခွဲနိုင်ပါဘူး"

"မခွဲနိုင်လည်း သေလိုက်တော့၊ ပြောတာကို နားထောင်၊ ဒီ ခြောက်လအတွင်းမှာ ရှင့်ကိုယ်ရှင် လူ့ရယ်စရာမဖြစ်အောင် အခြောက်လို့ အထင်မခံရအောင် အမူအရာ အသွင်အပြင် အပြောအဆိုက အစ လုံးဝမနွဲ့အောင် လေ့ကျင့်ပေတော့၊ ခြောက်လပြည့်တဲ့နေ့ကျ ရှင် မောင့်ဆီလာခဲ့ ... အဲ့ဒီအခါကျမှ မောင့်စကားကို ရှင် လိုက်နာ မလိုက်နာ ဆင်ခြင်သုံးသပ်ပြီး ..."

"ချစ် ... ချစ် ... ပြန်ချစ်မယ်ပေါ့ ..."

"ဒီမှာ ... အချစ်ဆိုတာ ကလေးကစားစရာများ မှတ်နေသလား၊ နင့်ကိုငါချစ်တယ်, ငါ့ကို နင်ချစ်မလားလို့ အော်နေရုံနဲ့ ပြီးမလား၊ ရှင်က ပြန်ချစ်ပါပြောတိုင်း အော် ပြန်ချစ်မယ်လို့ ပြောလိုက်ရုံနဲ့ အချစ်ဖြစ်သွားမလား၊



အချစ်ဆိုတာ စိတ်ထဲမှာ သူ့အလိုလို တစိမ့်စိမ့် ဖြစ်ပေါ်လာတဲ့ အရာ၊ ပြန်ချစ်ခိုင်းတိုင်း မချစ်နိုင်သလို မချစ်ခိုင်းတိုင်းလည်း မချစ်ဘဲနေလို့ရတာ မဟုတ်ဘူး၊ အဲ့ဒီအခါကျမှ မောင့်စိတ်ထဲ ဘယ်လိုခံစားရတယ်ဆိုတာ စဉ်းစားပြီး ရှင့်ကို ချစ်တယ်, မချစ်ဘူးဆိုတာ ဆုံးဖြတ်နိုင်မယ်၊ ရှင့်ကို လိမ်ညာပြီး မျှော်လင့်ချက်တွေလည်း ပေးမထား ချင်ဘူး။ ရှင့်ကိုယ်ရှင်လည်း ပြန်စဉ်းစားလိုက်ဦး၊ ရှင် ... မောင့်ကို ချစ်တယ်ဆိုတာ ဘယ်လိုမျိုးလဲ၊ မောင် သိသလောက်တော့ မျှော်လင့်ချက်ရှိမှ ချစ်တာဟာ အချစ် မဟုတ်ဘူး၊ ဘာမျှော်လင့်ချက်မှ မရှိဘဲလည်း ချစ်နေနိုင်တာကမှ တကယ့်အချစ်ပဲ၊ ရှင် ... အဲ့ဒီလို အချစ်မျိုးနဲ့ မောင့်ကို ချစ်နိုင်လို့လား ..."

ညီလေးက မောင့်ကို အကြာကြီး ငေးစိုက်ကြည့်နေလိုက်ပြီးမှ ခေါင်းကို ဆတ်ခနဲ ညိတ်ကာ ...


"မောင် စောင့်ကြည့်နေလိုက်ပါ၊ နောက် ခြောက်လကြာမှ မောင်နဲ့ ကျွန်တော် တွေ့မယ် ..."

***

www.burmeseclassic.com

www.burmeseclassic.com







(၁၆)

ဘာမျှော်လင့်ချက်မရှိဘဲ ချစ်နေနိုင်တာကမှ တကယ့်အချစ်ဟု မောင်က ဆိုသောအခါ ညီလေးသည် ထားခဲ့မိသော မျှော်လင့်ချက်တွေကို မေ့ပစ်ကာ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြောင်းလဲ ပစ်ရန်သာ ပို၍ ကြိုးစားအားထုတ်လေသည်။

လမ်းလျှောက်ရင်လည်း မလှုပ်တခြောက်၊ နည်းနည်းလေး အပင်ပန်းခံလိုက်ရုံနဲ့ မောပန်းနေတတ်သော ညီလေးသည် ကျန်းမာကြံ့ခိုင်သော ယောကျာ်းပီပီသသ ယောကျာ်းမျိုးဖြစ်ရန်သာ အချိန်ရှိသမျှ ကြိုးစားအားထုတ်နေတော့သည်။ ဟောဟဲဆိုက်မောပန်းနေသော်လည်း ညီလေးက အား မလျှော့ချေ။ ညီလေးသည် အလေးပြားတွေကို မ,ရင်း ဖင်ထိုင်လဲကျကာ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားလျှင် မောင့်ရဲ့မျက်နှာလေးကို မြင်ယောင်ကာ အမောဖြေလိုက်လေသည်။ ကြက်ဥ၊ နွားနို့ အစရှိသည့် ညီလေး

www.burmeseclassic.com

www.burmeseclassic.com



မကြိုက်တကာ့ မကြိုက်ဆုံး စားစရာများကို ကျိတ်မှိတ်မျိုရသည့် ဒုက္ခလည်း အရွလွန်ကြီးလေသည်။

နောက်ထပ် သူကြိုးစားအားထုတ်ရသည်မှာ သူ့တွင် စွဲမြဲအကျင့်ပါနေပြီဖြစ်သော လက်ဟန်ကလေးကို ကြိုးစားဖျောက် ဖျက်ရခြင်း ဖြစ်သည်။ သူသည် တစ်နေ့တွင် တစ်နာရီခန့် မှန် ရှေ့တွင် စကားပြောလေ့ကျင့်ရ၏။ သူ့မျက်နှာထားကို ချိုသာ ပျောင်းညွတ် ပျော့နွဲ့မနေဘဲ ယောကျ်ားပီပီသသ တည်တည်ကြည် ကြည် မျက်နှာထားမျိုးဖြစ်ဖို့၊ စကားပြောရင်း လက်ဟန်ကလေး ပါမလာဖို့ သူ အထပ်ထပ် လေ့ကျင့်နေခဲ့ရသည်။

သို့သော် နှစ်ပေါင်းရှည်ကြာ စွဲမြဲခဲ့ပြီဖြစ်သော ထို လက်ဟန်ကလေးက ပါပါလာတတ်တာမို့ သူ့ညာလက်ဖဝါးကို အင်္ကျီအောက်နားစနှင့် တွဲချည်ကာ ထိန်းချုပ်လိုက်ရလေသည်။

"ရှင့် လမ်းလျှောက်ပုံဟာ သိပ်နွဲ့တာပဲ"

ဟု မောင်က ပြောထားတာမို့လည်း သူက လမ်း လျှောက် ကျင့်ရပြန်လေသည်။ နွဲ့မှာစိုးတာမို့ Fashion TV ထဲက မော်ဒယ်လ်တွေလို ခပ်မတ်မတ်ထောင့်တောင့် လမ်းလျှောက်ပုံကို အတုခိုးလျက် မှန်ရှေ့မှာ တစ်နေ့ အခေါက်တစ်ရာ လျှောက်ရ သည်။

ညီလေးသည် ထိုသို့ ဖွဲ့နဘဲနှင့် လေ့ကျင့်နေဆဲတွင်



ညီလေးရဲ့ အစ်မနှစ်ယောက်ကလည်း ညီလေးရဲ့ မှုပျက်မှုတွေကို မြင်ခဲ့တာ ဖြစ်သည်။

တစ်နေ့ ညီလေးခင်က အခန်းတံခါးကို Lock မချ ဘဲ မှန်ရှေ့တွင် လမ်းလျှောက်ကျင့်နေဆဲ လျှော်ဖို့အဝတ်တွေ သိမ်းသော ကောင်မလေးက ညီလေးကို မြင်သွားကာ ခင်သက် လယ်တို့ဆီ အလန့်တကြား သွားရောက်တိုင်တန်းလေသည်။

"အစ်မ ... အစ်မ ... ကိုကြီး ညီလေးရယ် ရုပ်ရှင်မင်းသား လုပ်မလို့လားမသိဘူး၊ မှန်ရှေ့မှာ လမ်းလျှောက် လေ့ကျင့် နေတာ တွေ့တယ်"

ခင်သက်လယ်နှင့် ခင်မျက်ခြယ်မှာ ကောင်မလေး သို့ ဝိုင်းလာကာ မျက်လုံးပြူးကြီးတွေဖြင့် စိုက်ကြည့်ရင်း ...

"ဘယ်လို ... ဘယ်လိုကျင့်နေတာလဲ ... သေသေချာချာ ပြောပြစမ်း ..."

"ဟိုအရင်ကလို သိမ်သိမ်မွေ့မွေ့ လျှောက်တာမျိုး မဟုတ် တော့ဘူး အစ်မ ... ခပ်မတ်မတ်တောင့်တောင့် မြန်မြန်ဆန် ဆန် လျှောက်နေတာ၊ ဟိုလေ ... မော်ဒယ်လ်ဘွိုင်းတွေ လိုမျိုး ..."

ခင်သက်လယ်တို့ ညီအစ်မမှာ တစ်ယောက်ကို တစ်ယောက် အဖြေထုတ်သလိုမျိုး လှမ်းကြည့်မိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီလေး မင်းသားဖြစ်ချင်တဲ့ ကိစ္စဟာ သူတို့အဖို့တော့ အစိမ်း
ပါပင်။ ကြားလည်း မကြားမိသောကိစ္စ ဖြစ်ပါသည်။ ခုတ
ညီလေး ပုံစံပြောင်းလာတာကို မသိမသာ အကဲခတ်ရင်း စိ
နည်းနည်းတော့ ထူးဆန်းနေပါသည်။ ညီလေး ပုံစံဟာ အ
ရိုကျိုးမှုနေဘဲ အနည်းငယ် မာထန်လာသည်ဟု ထင်ကာ
တိုင်းမကျ ဖြစ်ရပါသည်။ တစ်သက်လုံးက ခေါက်ရိုးကျိုးလာ
ပုံစံဟာ ခုမှပဲ ထူးထူးခြားခြား ပြောင်းလဲနေသလိုမို့ ဘာအ
များပါလိမ့်ဟု တွေးကာ ဦးနှောက်ခြောက်ကြရလေသည်။

"တစ်ခုခုတော့ တစ်ခုခုပဲ မမသက်လယ်"

"ဟုတ်တယ် ... ငါလည်း အဲ့ဒီ တစ်ခုခုကိုပဲ စဉ်း
တာ မျက်ခြယ် ..."

"ခုတလော ညီလေး ဝလာတာကို မမ သတိပြုမိလား

"မပြုမိဘဲ နေမလား၊ ငါ့မောင်လေးကို ဒီလောက်
ကြည့်နေတဲ့ဟာ၊ သူ့ ဝပုံက ရိုးရိုးမဟုတ်ဘူး၊ 
တွေ လုပ်လို့ ထွားကျိုင်းတောင့်တင်းလာတဲ့ပုံမျိုး၊ တ
မင်းသားလုပ်ချင်လို့များ ကျိတ်ကြံနေသလားမသိဘူး
လမ်းလျှောက်တွေ ဘာတွေတောင် ကျင့်တယ်ဆိုတော့

"ပုဆိုးဝတ်ပုံက အစ ကြည့်ပါလား၊ အရင်ကနဲ့မှ
တော့တာ၊ ငါ့မောင် အနံ့အ,အလေးကို ဘယ်သူ
မြှောက်ပေးလိုက်သလဲ မသိပါဘူး"



"သူ ပြောတာ ဆိုတာ၊ အမူအရာကအစ အရင်လို မယဉ်
ကျေးတော့ဘူးလို့ ငါတော့ ထင်တယ် မျက်ခြယ် ... အမှောင့်
ဝယောဂ တစ်ခုခုတော့ ဝင်ပြီ ထင်ပါရဲ့ဟယ် ..."

အစ်မနှစ်ယောက်မှာ ညီလေးအတွက် ရတက်မအေး
ရကာ ညီလေး အရိပ်အကဲကိုသာ မသိမသာ အကဲခတ်
လေသည်။ ညီလေးရဲ့ လမ်းလျှောက်ပုံကအစ မိုးမိုးမတ်မတ်
ဆန်ဆန်ကြီးမို့ မျက်စိထဲ ကြည့်မရနိုင်အောင် ဖြစ်ကြရပါ

တစ်နေ့ ... ညီလေးက ဖုန်းပြောနေဆဲ ခင်သက်လယ်
တဆိတ် ချဉ်းကပ်လာရာ ဖြုန်းခနဲ ထွက်ပေါ်လာသော
တဟားဟားကြောင့် ရင်ထဲ အသည်းထဲ တုန်ကာ အထူး
ဖြစ်သွားရပါသည်။ ညီလေးဟာ ဘယ်တုန်းက ဒီလောက်
ယ် အော်ရယ်ဖူးလို့လဲ ...။ ရှုတ်တရက်ကြီး ပြောင်းလဲ
ဟာ ယုံတောင်မယုံနိုင်စရာ ...။

"ဟား ... ဟား ... မင်းပြောသလိုဆို ငါက ခုချက်ချင်း
င်းသား ထ,လုပ်လို့တောင် ရနေပြီပေါ့ ...၊ သိပ်မမြှောက်
ါနဲ့ကွာ၊ ဟဲ ... ဟဲ ... ဒီလိုပါပဲ၊ ဘာမှ ထွေထွေထူးထူး
လုပ်ပါဘူး ..."

ဘုရား ... ဘုရား ... မင်းသားတောင် လုပ်ဦးမလို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါလား ...။ တစ်သက်လုံးက ပိပြားငြိမ်ဝပ်စွာ နေလာ ညီလေးဟာ ခုမှ ဘာရောဂါဖြေ ထ,လာပါလိမ့်။

ခင်သက်လယ်သည် ရင်ထဲ တုရားတဲ,ကာ ညီလေ ဖုန်းပြောအပြီးကို စောင့်ရလေသည်။ ခင်မျက်ခြယ်ကလည်း အစ်မဖြစ်သူရဲ့ အရိပ်အကဲကို လှမ်းကြည့်ရင်း အနားရောက်လာသည်။

ညီလေးက ဖုန်းပြောအပြီး တစ်ဖက်သို့ အလှည့် အစ်မနှစ်ယောက်ရဲ့ မျက်နှာအပျက်ပျက်ကို အနီးကပ် မြင် လိုက်ရဘာမို့ ရင်ထိတ်သွားရပါသည်။

"ညီလေးရယ် ... ဘယ်လိုများ ဖြစ်ရတာလဲဟင် ..."

မမကြီးက ရင်ဘတ်ဖိကာ မေးလိုက်တာမို့ အ အကြောင်းကြောင်း ဖြစ်သွားရကာ ...

"ဘာ ... ဘာဖြစ်လို့လဲ မမကြီး ..."

"နင် ခုန အော်ရယ်လိုက်တဲ့ အသံဟာ ငါ့နား သံရည်ပူနဲ့ လောင်းချလိုက်သလိုပဲ ဆိုးလိုက်တာ အရင်က ဒီလိုမဟုတ်ပါဘူး ညီလေးရယ် ... အရင် ကိုယ့်ဣန္ဒြေလေးနဲ့ ကိုယ်နေနေတာ မဟုတ်လား၊ မမ ကိုယ့်မောင်လေးအတွက် စိတ်ချမ်းသာလိုက်ရတာ

"ခုတော့ ကြည့်စမ်း ... ရယ်လိုက်တာ



အသံပြဲနဲ့ ... သွားတာလာတာကအစ ထောင့်မကျိုးတော့ တာ၊ ပုဆိုးဝတ်တဲ့ပုံကို ကြည့်ပါလား ... သပ်သပ်ရပ်ရပ်ကို မရှိတော့တာ သိပ်သိသာတယ်၊ ပြင်စမ်း ... ပြင်စမ်း ... အဲ့ဒီပုဆိုးကို ခုချက်ချင်း ပြင်ဝတ်စမ်း ..."

"ဟာ ... မမကြီးကလည်း အရင်တုန်းက ပုဆိုးစည်းတဲ့ပုံက ကျွန်တော် ငယ်ငယ်လေးကတည်းက မမကြီးတို့ သင် ထားတဲ့အတိုင်း ဝတ်လာတာဆိုတော့ မိန်းမဆန်ဆန်ကြီး, အခြောက်ကြီးနဲ့တူနေတာပေါ့၊ အဲ့ဒါကြောင့် ပြင်ထားတာ"

"ဟဲ့ ... ခက်ပါလား၊ အဲ့ဒါ မိန်းမဆန်တာ မဟုတ်ဘူး၊ ဣန္ဒြေရတာ ... ယဉ်ကျေးတာ ..."

"ခက်ပါလားဗျာ ..."

"အံမယ် ... အံမယ် ... ကြည့်စမ်း ... ကြည့်စမ်း ... နင် ငါတို့ကို ဘယ်တုန်းက ဒီလို ငြိုငြိုငြင်ငြင် ပြန်ပြောဖူး လို့လဲညီလေးရဲ့ ..."

"ငြိုငြင်တာ မဟုတ်ပါဘူး မမကြီးရယ်၊ ကျွန်တော့်အထင် တော့ ယောကျ်ားလေးဆိုတာ သိပ်ဣန္ဒြေကြီးနေဖို့ မလိုဘူး ထင်လို့ပါ၊ နည်းနည်းပါးပါး ဣန္ဒြေမရလည်း သိပ်တော့ အရေးမကြီးလှဘူး မဟုတ်လား"

"ဟဲ့ ... အရေးမကြီးဘဲ နေမလား ... အမျိုးကောင်းသား

www.burmeseclassic.com

www.burmeseclassic.com



လား … ပေါက်လွှတ်ပဲစားလား ခွဲခြားတဲ့ နေရာမှာ အဲဒီ ဣန္ဒြေက သိပ်အရေးပါတာ …"

ညီငယ်လေးခင်မှာ အစ်မတွေကြားမှာ မလှပ်သာ မလှုန့်သာ ဖြစ်ရကာ ချွေးပြန်လာပါသည်။ တစ်သက်လုံးက မတော်လှန်ခဲ့သော အစ်မတွေနဲ့လည်း အတိုက်အခံ မပြောချင် … ဘယ်လိုလုပ်ရပါ့ …။

"နှင့် လမ်းလျှောက်ပုံကလည်း ခုတလော တစ်မျိုးကို တစ်မျိုးပဲ၊ နည်းနည်းမှ ထောင့်မကျိုးဘူး၊ အရင်ကဆို ဒီအိမ်မှာ နင်ကခြေလှမ်းအညင်သာဆုံး၊ ကြောင်ခြေလှမ်းများလို တကယ့်ကို ဖွဖွလေး … ညင်ညင်သာသာလေး … ခုတော့ ပြေးဟယ် လွှားတယ် ခြေသံ တဒုန်းဒုန်းနဲ့ ဘာဖြစ်နေမှန်းကို မသိတော့ဘူး၊ နင့်အချိုးတွေကို ကြပ်ကြပ်ပြင်ပါ ညီလေးခင် …"

မမကြီးရဲ့ ဩဝါဒတွေ ရပ်နားသွားလျှင် မမငယ်က ရှေ့တစ်လှမ်းတိုးလာကာ ညီလေးမျက်နှာကို စေ့စေ့စပ်စပ်စိုက်ကြည့်ရင်း …

"အရေးကြီးတာ တစ်ခု ပြောစရာရှိသေးတယ် ညီလေး … မမတို့ မောင်နှမ သုံးယောက်ဟာ တကယ့်ကို ဣန္ဒြေရရ သန့်သန့်စင်စင် နေလာကြတဲ့ သူတွေချည်းပဲ၊ မမတို့



နှစ်ယောက်က, ဆန့်ကျင်ဘက် ယောကျ်ားလေးတွေနဲ့ အရောတဝင်မနေသလို ညီလေးကလည်း ဆန့်ကျင်ဘက် မိန်းကလေးတွေနဲ့ အရောတဝင် မနေအောင် သွန်သင်ခဲ့တယ် … ယောကျ်ားလေးဆိုတာ ကိုယ့်တန်ဖိုးလေးနဲ့ကိုယ် နေတတ်ရတယ်၊ မိန်းကလေးတွေနဲ့ သိပ်အရောဝင်လွန်းရင် တန်ဖိုးကျတယ် …၊

"မင်းသား လုပ်ပြီဆိုတာနဲ့ မင်းသမီးထည်လဲနဲ့ တွဲရတော့မယ်၊ မင်းသမီးတွေတင် မဟုတ်ပါဘူး၊ ဇာတ်ပို့ဇာတ်ရံနဲ့လည်း တွဲရတော့မှာပဲ၊ စိတ်ထဲက မပါလည်း ချစ်စကားတွေ ပြောရ၊ ကြင်နာယုယပြရနဲ့ ဘယ်လောက် စိတ်ရှုပ်စရာကောင်းပြီး ဘယ်လောက် ဣန္ဒြေပျက်ယွင်း …"

ညီလေးသည် မမလေးရဲ့ စကားကို နားမလည်ရကာ …

"နေ … နေပါဦး … မမလေးရယ်၊ မမလေးက ဘာကို ဦးတည်ပြောနေတာလဲ၊ ကျွန်တော် တကယ် နားမလည်တာပါ၊ ဒီ မင်းသားကိစ္စကြီးက ဘယ်က ဘယ်လို ပါလာရတာလဲ ဆိုတာ …"

"နင် မင်းသားလုပ်မယ့် ကိစ္စကို ငါက ကန့်ကွက်နေတာလေ ညီလေးရဲ့ …"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ ... ကျွန်တော် မင်းသားလုပ်မယ်လို့ ဘယ်တုန်းက ပြောမိပါလိမ့် ..."

"အသိအာကြီးပါ ညီလေးရယ် ... ဘူးမကွယ်ပါနဲ့၊ နင် အခန်းထဲမှာ လမ်းလျှောက်ကျင့်နေတာ စကားပြော ကျင့်နေတာတွေကို အေးတုတ် ပြန်ပြောလို့ ငါတို့ သိပြီးပါပြီ"

"ဟာ ... အဲ့ဒါက အဲ့ဒီလို မဟုတ် ..."

"ကဲ ... ကဲ ... ထားလိုက်ပါတော့၊ ရှက်လည်း မနေနဲ့တော့ ဟုတ်လား၊ လူငယ်ဆိုတာ ဒီလိုပဲ ဟိုဟာဖြစ်ချင် ဒီဟာ ဖြစ်ချင် စိတ်က ဂဏှာငြိမ်တာ မဟုတ်ဘူး၊ ပြီးတော့လည်း ပြီးသွားတာပဲ၊ ဒါ လူငယ်သဘာဝပဲ၊ ရှေ့တိုးမမိုက်ရင် ပြီးတာပဲ ..."

အစ်မ နှစ်ယောက်က ထင်မိထင်ရာ ထင်လျက် သြဝါဒတွေ ခြွေမိန့်တော်မူသွားကြတာမို့ ညီလေးမှ ကိုယ့်နှုတ်ကိုယ် ပြန်ရိုက်မိရင်း စိတ်ဓာတ်ကျရလေသည်။

တကယ်လည်း တစ်သက်လုံးကတည်းက မတော် လှန့်ဝံ့သော ညီလေးသည် အစ်မတွေ ချပေးသော ပုံစံခွက်ထဲမှာ အသားကျနေခဲ့ရသူ ဖြစ်တာမို့ ခုချက်ချင်းကြီး ရူးရူးဝါးဝါး ထ လုပ်လို့လည်း မဖြစ်။ ဒီပုံစံကိုလည်း ပြုပြင်ပြောင်းလဲ ရုန်းထွက် ပစ်လိုက်ချင်ပြီမို့ အကြံရခက်လိုက်လေသည်။



သို့သော် ... တစ်ဖက်က ချစ်ခြင်းက အားကောင်း မောင်းသန် ရှိလှတာမို့ ညီလေးက စိတ်မလျှော့ချင်ပေ။

ညီလေးသည် ကိုယ့်ကိုယ်ကိုယ် ယောကျ်ားနဲ့ တူ သထက်တူအောင် ကြိုးစားလေသည်။ သူ့ရဲ့မျက်နှာဟာ ချောမွတ် လွန်းကာ ဆံပင်ရှင်းရှင်းပျော့ပျော့တွေကလည်း သူ့ကို နုနယ်စေ တာမို့ သူ့ဆံပင်တွေကို တိုတိုထောင်ထောင်ပုံစံ သွားညှပ်ပစ် လိုက်သည်။ ပုခုံးတော်ပုံ ပိပြားတာနဲ့ မပိပြားတာ ကိစ္စကလည်း အငြင်းပွားလှတာမို့ ပုခုံးမပါတော့တဲ့ ဘောင်းဘီတို၊ ရှည်တွေ သွားဝယ်ဝတ်လိုက်ပြန်သည်။ ဘောင်းဘီဝတ်ပြီမို့ ရှေ့ကြယ်သီး ကြိုးတပ် ရှပ်အင်္ကျီအစား လှငယ်ဆန်သော အဆင်လှလှ အရောင် အသွေး တောက်တောက်ပပ တီရှပ်များ ... ရှပ်အင်္ကျီများကိုပါ ဝယ်ဝတ်ရလေသည်။ ပြီးတော့ ... ချော့မွေ့လှသော သူ့ မျက်နှာကို အနည်းငယ် ကြမ်းတမ်းကာ ယောကျ်ားပီပီ အရိုင်း ဆန်ဆန်ပုံမျိုး ဖြစ်လိုလှတာမို့ နှုတ်ခမ်းမွေး ... မုတ်ဆိတ်မွေးတွေ ကို မရိတ်ဘဲ ထားလိုက်လေသည်။

အဲဒီမှာ အစ်မတွေနှင့် ပြဿနာ တက်ရတော့တာ ဖြစ်သည်။

"အမယ်လေး ... အမယ်လေး ... ဒါက ဘယ်လိုပုံစံလဲဟင် ဘယ်လိုဖြစ်ရတာလဲ၊ မပြောကောင်း ပြောကောင်း ထောင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ကျနေတာပဲ၊ မျက်နှာပေါ်မှာ အမွေးအမျှင် ဗလပွနဲ့၊ စုတ်တီစုတ်ဖတ် ဖြစ်နေလိုက်တာ ...၊ ကြည့်စမ်း ဆောင်းဘီကလည်း တိုနံ့နံ့နံ့ကလေးရယ် ... ဒူးခေါင်းတောင် သိပ်မဖုံးချင်ဘူး။ အင်္ကျီကလည်း မျက်စိနောက်စရာ ... ဆံပင်ကလည်း ဘုန်းကြီးလူထွက် ဆံပင်မျိုး၊ ဒုက္ခပါပဲဟယ် ... ငါ့နှယ် သေသာ သေလိုက်ချင်တော့တာပါပဲ ... မမကြီးရေ လာပါဦး၊ ဒီမှာ မမကြီး မောင် ဖြစ်ပုံကို ကြည့်ပါဦး ...”

သူ ဘာလုပ်လုပ် အပြောမလွတ်နိုင်ချေ။ အလွန်စိတ်ပျက်စရာ ကောင်းသော်လည်း ငယ်ကြောက်မို့ နှုတ်လှန်မထိုးရဲ။

ထိုနေ့မှ အစပြုကာ ညီလေးခင်ရဲ့ အစ်မတွေသည် ညီလေးကို ဂရုတစိုက် စောင့်ကြည့်ကြတော့သည်။ တစ်နေ့တစ်နေ့ သူ့အခန်းရှေ့မှာ ပတ္တာရောင်လှည့်နေကာ သူ အခန်းထဲမှာ ကြာကြာ အောင်းမိတာနဲ့ တံခါးကို ဝုန်းဒိုင်းထုနက်ကာ ဝင်လာကြပြီး သူ့ကို မယုံသင်္ကာ စစ်ဟယ် ဆေးဟယ် လုပ်ကြလေသည်။ သူ့မှာ စိတ်ဖြောင့်လက်ဖြောင့်ပင် မအိပ်ရတော့အောင် ဖွဲ့နှပဲနှင့် အနှောင့်အယှက်ပေးကြပုံက ဩချရလေသည်။

အစ်မတွေသည် တစ်နေ့တော့ သူမရှိခိုက် သူ့အခန်းထဲသို့ ရှာဖွေရေးဝင်ကာ သူ လမ်းလျှောက်ကျင့်တဲ့အခါ ကြည့်သည့် မှန်ချပ်ကြီးနှင့် သူ့အလေးပြားများကို သိမ်းသွားကြပြန်သည်။



သူ ထမင်းစားလျှင်လည်း အနားကနေ ထိုင်စောင့်နေကြကာ ...

“ညီလေး ... ထမင်းစားတာ များလှချည်လား၊ အစားဆိုတာ တော်သင့်ရုံလေး ချင့်ချိန်ပြီး စားရတယ်၊ စားလွန်းအားကြီးရင်လည်း ဥပဒ်ရောက်တတ်တယ်၊ ထမင်းတွေ ဒီလောက်အများကြီး မစားနဲ့လေ ... အသားတွေလည်း သိပ်မစားနဲ့၊ အသီးအရွက်ကလေးသာ များများစား၊ ဒါမှ ကျန်းမာရေးနဲ့ ညီညွတ်တယ်”

ညီလေးသည် ဝချင်လို့မှ များများမစားရဲ ...။ အစ်မတွေရှေ့ဆို ထမင်းစားရတာ လည်ချောင်းထဲမှာပင် နင်ပြီး နင့်နေရာ အစ်မတွေ အလစ်မှာမှ ခိုးစားရလေသည်။

အစ်မတွေသည် သူ့ကိုပဲ မျက်စိဒေါက်ထောက် ကြည့်နေကြကာ နွားနို့သောက်လည်း သောက်ပြန်ပြီ၊ ထမင်းစားလည်း စားပြန်ပြီ၊ ပါ့စပ်က မနားတမ်း ပွစိပွစိ ပြောနေကြတာမို့ ကြာတော့ နားဂတ္တ မခံနိုင်အောင် အူငြီးလာရသည်။

ညဘက်များ သူအပြင်ထွက်လျှင် ‘အစ်မတွေက စိတ်မချနိုင်ဘဲ ခြံထဲက မာလီကုလားကို သူနဲ့အတူ အဖော်လိုက်ပို့ထည့်ပေးတတ်တာမို့ သူ အလွန်စိတ်ညစ်ရလေသည်။ မာလီရဲ့ အသံမှာ ပြာအက်ပြီး ငယ်သံပါနေရာ ... ‘အားကိုလေး ... ကားကို

www.burmeseclassic.com



မြန်မြန်မမောင်းပါနဲ့၊ ချွန်ဒေါ် ကြောက်တယ်' ဟု ကြောက်အားလန့်အား အော်ပြောတိုင်း သူ့မှာ စိတ်ညစ်ရသည်။ ကားမှူးတတ်သော မာလီဟာ ကားပေါ်ထိုင်လိုက်လာရင်း ခေါင်းက ချာချာလည်နေလျက် … တစ်ခါတစ်ခါ အံမျှားပင် အံလိုက်သေးတာမို့ Aircon ဖွင့်ထားသော ကားထဲမှာ အံဖတ်နံ့က ကြိုင်လှောက်နေလေသည်။

သူ အိမ်ပြန်နည်းနည်းနောက်ကျလျှင် အစ်မတွေက အိမ်တံခါးဝမှာ အပွသည်ရုပ်ကလေးတွေနှင့် ငုတ်တုတ်ထိုင်ကာ သူ့ကို မျှော်ကြသည်။ သူပြန်လာပြီဆို … ဆီးကြိုအပြစ်တင်ကြကာ သူတို့ဘယ်လောက်စိတ်ပူရကြောင်းတွေကို ရုပ်လုံးကြွလာအောင် ပြောကြပြန်သေးသည်။ ထိုလုပ်ရပ်များ … အပြုအမူအပြောဆိုများ သူ့အပေါ် လွှမ်းမိုးခြယ်လှယ်မှုများကို ယခင်က စိတ်ထဲ ဘယ်လိုမှ မနေဘဲ အသားကျနေခဲ့ပြီးသော်လည်း ခုတော့ သူ စိတ်ပျက်ရကောင်းမှန်း သိလာခဲ့ပြီ။ စိတ်ကျဉ်းကြပ်ခဲ့ရပြီ။ သူ့ရဲ့ အစွမ်းအစတွေသည် အစ်မတွေရဲ့ လွှမ်းမိုးမှုအောက်မှာ ပျောက်ဆုံးနေသည်ဟု ထင်လာခဲ့ပြီ။ သို့သော် … အစ်မတွေက သူ့ကို ချစ်လှပြီး သူကလည်း အစ်မတွေကို ချစ်လှတာမို့ အစ်မတွေ စိတ်ဆင်းရဲရမည့် အလုပ်မျိုးကိုတော့ သူ မလုပ်ချင်ပေ။

သူ့ရဲ့ အပေါ်ယံသွင်ပြင်သာ ပြောင်းလဲလာပေမယ့် စိတ်ကတော့ အစ်မတွေရဲ့ အုပ်ချုပ်မှုအောက်မှာ ခပ်ရှိန့်ရှိန့်သာ ရှိနေရဆဲ ဖြစ်ပါသည်။

မောင့်ကို လွမ်းဆွတ်စိတ်ကလည်း တဖြည်းဖြည်း အဟုန်ပြင်းလာခဲ့သည်။ မောင့်ကို လွမ်းတိုင်း သူ တိတ်တခိုး သွားချောင်းကြည့်ခဲ့ရသည့် နေ့တွေကလည်း မနည်းခဲ့ချေ။

ညညဆိုလျှင် သူက မာလီကုလားကို အဖော်သဟဲပြုရကာ မောင်တို့ခြံရှေ့သို့ လာမြဲ …။ မောင့်ရဲ့ အရိပ်ကလေးကို တွေ့ရနိုး စောင့်ကြည့်ခဲ့မြဲ ဖြစ်သည်။

ညီလေးသည် မောင်တို့ခြံ အုတ်တံတိုင်းရှေ့တွင် မာလီကုလားရဲ့ ကုန်းပိုးမှုကို ခံယူပြီးသကာလ အုတ်တံတိုင်းအမြင့်ပေါ် မေးတင်ကာ ခြံထဲသို့ လှမ်းကြည့်ရက် …

"ဟော … ဟိုမှာ … မောင် …၊ မောင်ရေ … လွမ်းလိုက်ရတာကွာ၊ ခြောက်လ မြန်မြန် ပြည့်ချင်ပြီ၊ တွေ့ချင်လှပြီကွာ၊ စကားပြောချင်လှပြီကွာ၊ မောင့်ရဲ့ ဆရာလုပ်မှုတွေကို ခံယူချင်လှပြီကွာ …"

ညီလေးသည် ခြံထဲမှာ တစ်ယောက်တည်း ဘက်စ်တက်ဘော ကစားနေသော မောင့်ကို အတွေ့တွင် အရူးအမူးဖြစ်သွားကာ ပါးစပ်က အရူးလို ရေရွတ်ဆဲ အောက်က မာလီကုလားက ဒူးတဆတ်ဆတ် တုန်နေလေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟရေး ... အားကိုလေး ...၊ ခွေးနော် ... ချွန်ဒေါ်ရဲ့ ခွေးကြည့်နေတယ်၊ ချွန်ဒေါ် ... သူ့အကြည့်ကို မခံနိုင်ဘူး ရင်တွေခုန်လာတယ်"

မာလီကုလားက အသံပြာပြာနှင့် တစာစာပြောနေသော်လည်း ညီလေးက မကြား ...။ တစ်ဖက်ခြံထဲက ထွက်လာသော အယ်လ်ဆေးရှင်းခွေးကြီးကတော့ အစွယ်အဖွေးသားဖြင့် မာလီကို စိုက်ကြည့်ကာ မာန်ဖီနေလေသည်။ ညီလေးကတော့ အုတ်တံတိုင်းပေါ် မေးတင်ကာ မောင့်ကို ငေးနေဆဲ ...။

"ဝုတ် ... ဝေါင်း ..."

"ဟမရေးဗျ ..."

ခွေးက ရှေ့တစ်လှမ်းတိုးကာ ဟိန်းဟောက်လိုက်ရာ မာလီက ငယ်သံငယ်ရင်းပါအောင် အော်ရင်း ကိုယ်လွတ်ရုန်းပြေးတာမို့ ညီလေးမှာ အုတ်တံတိုင်းကို မေးချိပ်ပြီးမှ အောက်သို့ ဘိုင်းခနဲ ပြုတ်ကျရလေသည်။

ညီလေးသည် သူ့အဖြစ်ကို မောင် မြင်မှာလည်း စိုးလှတာမို့ ဖိနပ်နှစ်ဖက်ကို အမြန်ကောက်ယူ ခါးကြားထိုးကာ ခွေးလက်ကလွတ်အောင် ရပ်ထားသော ကားဆီ မာရသွန်ပြေးရသည်။ ဒုက္ခရောက်ရသော်လည်း မောင့်မျက်နှာလေး မြင်ခဲ့ရပြီမို့ ထိုဒုက္ခက အလွန်ချိုမြိန်လေသည်။




ဒီလိုနဲ့ပဲ လတွေအလီလီကုန်ခဲ့ကာ ညီလေးခင်သည် အစ်မတွေရဲ့ လွှမ်းမိုးခြယ်လှယ်မှုကို ကြံ့ကြံ့ခံရင်း မောင့်ကို လွမ်းဆွတ်ရင်း ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြောင်းလဲရင်းကပင် ကျားကျားလျားလျား ယောကျ်ားအသွင်သို့ ကူးပြောင်းလာခဲ့ရပါသည်။

***

www.burmeseclassic.com

www.burmeseclassic.com







## (၁၇)

❖ ❖ ❖

ထိုနေ့ ညနေခင်းက မောင်တို့ မောင်နှမသုံးယောက်သည် ခြံထဲတွင် စားပွဲကလေးချကာ 'ချက်(စ်)' ထိုးနေခဲ့ကြတာ ဖြစ်သည်။ အတူကစားနေရင်းကပင် ကိုမိုးက သတိတရ ပြောသည်မှာ ...

"ဒါနဲ့ ငမောင် ... ဟိုကောင် ပျောက်လှချည်လား ... ။ ယောက်ျားများ ရသွားပြီလား ..."

မောင်က ပထမတော့ နားမလည် ... ။ ကိုမိုးက ပြုံးဖြီးဖြီးရုပ်နှင့် ...

"ဟဲ ... ဟဲ ... ဆောရီး ... ဆောရီး ... မှားလို့ ... မိန်းမများ ရသွားပြီလားလို့ မေးတာပါဟ ... ခင်ခင်လေ ... ညီလေးခင်ကို ပြောတာ ..."

မောင်က ကိုမိုး ကျောကုန်းကို လှမ်းထုလိုက်ရင်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးတို့ကတော့ သူများတကာကို မှိုချိုးမျှစ်ချိုး ပြောတဲ့နေရာမှာ နှစ်ယောက်မရှိဘူး"

"ဩော် ... ငါ့ညီမလေးရဲ့ သံပေဘာဇဉ်ကလည်း ကြီးရှားပါပေ့ကွယ်၊ ဒီလို နွဲ့တဲ့တဲ့ကလေးကိုမှ သတိတရရ ..."

"ကိုမိုးနော် ... သူများတကာ အားနည်းချက်ကို ဖိမပြောပါနဲ့လို့ မောင် ဘယ်နှခါပြောရမလဲ ...၊ ကိုမိုးတို့ ကြည့်နေကြပါ ... နောက်တစ်ခါ ညီလေးခင်ကို တွေ့ရင် ကိုမိုးတို့ အရမ်းအံ့သြပြီး မူးမေ့လဲသွားရလောက်အောင် ပြောင်းလဲနေလိမ့်မယ် ..."

"အလဲ့ ..."

မောင်က ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်လေသည်။ ညီလေးဟာ မောင့်စကားကို နားထောင်လိမ့်မယ်ဆိုတာ မောင် ယုံကြည်သည်။ ၆ လအတွင်း သူ့ကိုယ်သူ အသည်းအသန် ပြောင်းလဲပြုပြင်နေလိမ့်မည်။ မောင်နဲ့ ခွဲခွာစဉ်က မောင့်ကို ကတိပေးခဲ့သော သူ့မျက်ဝန်းတွေထဲက မခံချင်စိတ်နှင့် သံယောဇဉ်ကို မောင်က ယုံကြည်စိတ်ချလေသည်။

မောင် သူ့ကို နေ့စဉ် သတိရနေခဲ့တာကိုတော့ ဝန်ခံရမည်ပင် ...။ သူ့ကို သံယောဇဉ် ရှိမိလျှင်တောင် အရင်လို အားနွဲ့နွဲ့ ပုံစံမျိုးကိုတော့ ဘယ်မိန်းကလေးက ချစ်သူအဖြစ်



လက်ခံရဲမှာလဲ ...။ သူပြောင်းလဲတော့မှသာ မောင်က စဉ်းစားဆေးလို့ ရမည်ပင်။ သူသာ မျှော်လင့်ချက်မရှိတဲ့ကြားက မောင့်ကို ချစ်နေသေးတယ်ဆိုရင်ပေါ့ ...။

ဒါနဲ့ ဒီနေ့ ဘယ်နှရက်ပါလိမ့် ...။ ညီလေးနဲ့ တွေ့ဖို့ ကတိပြုခဲ့တဲ့ နေ့ကိုများ ရောက်တော့မလား ...။ မောင်က ရုတ်တရက် သတိရလာကာ ... လက်ပတ်နာရီကို ငုံ့ကြည့်လိုက်မိလေသည်။ ဟာ ... ဒီနေ့ ခြောက်လပြည့်တဲ့နေ့ပဲ ...။ မောင်သည် စိတ်ထဲ အနည်းငယ်တော့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ အရပ်ကို မှားရွှေ့လိုက်မိလေသည်။

"ဟ ... ငမောင် ... အရပ်ရွှေ့တာကလည်း နလပိန်းတုံးကျနေတာပဲ၊ နင် စိတ်နဲ့ကိုယ်နဲ့မှ ကပ်ရဲ့လား၊ ဩော် ... သိပြီ ... ခင်ခင့်ကို သတိရသွားလို့ ထင်တယ်၊ ဟဲဟဲဟဲ ... လွှမ်းစရာရှိရင် နာစရာနဲ့ ဖြေမှပေါ့ဟာ ... ဟာ ..."

ကိုမိုးက ပြောရင်းက 'ဟာ' နှစ်လုံးဆင့်ကာ အားစပ်ကြီး ဟသွားတာမို့ မောင်က ကိုမိုး မျက်လုံးကြီးတွေ ပြူးကြက်သွားသော အရပ်ဆီ လှည့်ကြည့်လိုက်မိပါသည်။

ခြံဝန်းဝမှာ ရပ်နေသူက အလွန်ကြည့်ကောင်းသော ကျားကျားလျားလျား ယောက်ျားတစ်ယောက် ဖြစ်ပါသည်။ အရပ်ကလည်း ရှည်လျားမြင့်မားလှကာ ပခုံးအနည်းငယ်ကား၍ ကျစ်

www.burmeseclassic.com



လျစ်သော ကိုယ်ဟန်ရှိ၏။ ဆံပင်တိုတိုထောင်ကလေးကြောင့် ချောမောသော မျက်နှာက ပို၍ပေါ်လွင်နေသည်။ ပါးမြိုင်းမွေး စိမ်းစိမ်း ... နှုတ်ခမ်းမွေး မတိုမရှည်နှင့် မေးစေ့မှာ မုတ်ဆိတ်မွေး စုစု မည်းမည်းကလေးလည်း ရှိသေးသည်။ သူ့မျက်နှာရဲ့ နုနယ်မှုကို ထိုအမွေးအမှင်တွေက တစ်မျိုးထိန်းကွပ် ရင့်ကျက် စေပါသည်။

"ညီလေး ..."

မောင်သည် အံ့သြစွာ ကျေနပ်စွာပင် ခပ်တိုးတိုး ခေါ်ရင်း ပြုံးလိုက်မိပါသည်။

"ညီလေးခင် ... အဲဒါ ညီလေးခင်လား ..."

"သိပ်ဟုတ်တာပေါ့ ..."

ကိုမိုးတို့ရဲ့ တအံ့တသြအမေးကို မောင်က ဂုဏ်ယူ ဝံ့ကြွားစွာ ဖြေလိုက်သေး၏။

"တွေ့တယ် မဟုတ်လား၊ မောင့် သူငယ်ချင်းကို အခြောက် လို့ ပြောချင်ကြသေးလား ... ညီလေး ... လာလေ ... ဝင် လာခဲ့၊ ခြံတံခါးက စေ့ရုံပဲ စေ့ထားတာ ... တွန်းဖွင့်ဝင်ခဲ့"

မောင် လှမ်းခေါ်လိုက်တဲ့ တစ်ခဏမှာပေါ့ ...။ စတိုင်လ်ဘောင်းဘီပုံကျကျ အဖြူလွလွကလေးနှင့် တီရှပ်ဖြူဖြူ ပေါ်မှာ ရှပ်အင်္ကျီနီညိုအကွက်ကျဲကျဲ ထပ်ဝင်ထားသော အလွန်



ကြည့်ကောင်းနေပြီဖြစ်သော ညီလေးခင်က ခြံတံခါးကို တွန်းဖွင့် ပြီး ခြံထဲသို့ အလွန်လှပဖြောင့်စင်းသော ခြေလှမ်းများဖြင့် လှမ်း သာခဲ့လေသည်။ ထိုခဏမှာပဲ ကိုယ်ကျိုးနည်းခဲ့ရတာ ဖြစ်ပါသည်။

"ဟား ... ဟား ... လမ်းလျှောက်ပုံကြီးကလည်း ဖက်ရှင် TV ထဲက မော်လ်ဒယ်ဘွိုင်းတွေနဲ့ ချွတ်စွတ်ပဲ ..."

ကိုမိုးနဲ့ ကိုရိုးရဲ့ ပြိုင်တူအော်ရယ်လိုက်သံကြီးက တစ်ခဲနက် ထွက်ပေါ်လာသည်။ မောင်သည် ဘုရားတမိကာ ညီလေးလျှောက်လာတဲ့ ပုံစံကို တအံ့တသြကြီး တွေစိုက်ကြည့်နေ လိုက်မိပါသည်။ ရပ်နေတုန်းက အကောင်းသား ... လျှောက်လာ လိုက်တော့မှ သူ့ပုံစံဟာ အလွန်ရယ်စရာကောင်းသွားပါသည်။ တကယ့်ကိုပဲ ဖက်ရှင် TV ထဲက မော်လ်ဒယ်ဘွိုင်းတွေကို အတု ခိုးထားလေရော့သလား။ နွဲ့သာမနွဲ့တော့ပေမယ့် မတ်မတ်တောင့် တောင့် ဖြောင့်ဖြောင့် တည်တည်ကြီး တစ်ရှိန်ထိုးလျှောက်လာပုံက ဘယ်လိုမှ အပြင်လောကနှင့် အံမဝင်။ ဒီလို လမ်းလျှောက်ပုံမျိုး ဟာ stage ပေါ်မှာသာ လျှောက်သင့်တာ မဟုတ်လား ...။

ညီလေးခင်ကတော့ အလွန် လျင်မြန်စွာပင် မောင့် ရှေ့မှောက်သို့ ရောက်လာခဲ့ပြီ။ ကိုမိုးတို့ကတော့ တခွီခွီတဟားဟား ရယ်နေဆဲ ...။ ညီလေးက မော်လ်ဒယ်တွေ ရပ်သလို မောင့် ရှေ့မှာ ခြေတစ်ဖက်ကို ခပ်ရွှေရွှေ ဖြောင့်တန်း၍ ရပ်လိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်က ဘောင်းဘီအိတ်ကို နှိုက်ထားကာ သူ့ကိုယ်သူ တော့ အလွန် စမတ်ကျလှပြီအထင်နှင့် ...

"မောင်... ကျွန်တော့်ကို အံ့ဩနေပြီ မဟုတ်လား"

ဟု မေးလိုက်ရာ ကိုမိုးတို့နှစ်ယောက်က ခွီးခနဲ ရယ်လိုက်ရင်း မောင့်အနားက ထ,ထွက်သွားကြလေသည်။ မောင် သည် ဒေါသတွေ ထောင်းထောင်း ထ,လာကာ ...

"အေး ... အံ့ဩတယ်၊ အလွန့်အလွန်ကို အံ့ဩရပါတယ်"

"ဒီလောက်ဆို မောင် ကျွန်တော့်ကို စဉ်းစားပေးလို့ ရ ... ရ ..."

"နည်းနည်းမှကို စဉ်းစားမပေးချင်တော့တာ ..."

"ဟင် ... ဘာဖြစ်လို့လဲ ..."

"ရှင့်ကိုယ်ရှင် ပြန်ကြည့်ဦးလေ ညီလေးရဲ့ ... ဘာပုံပေါက် နေသလဲဆိုတာ၊ ရှင် လမ်းလျှောက်ပုံက သူများတကာ လမ်းလျှောက်ပုံနဲ့ တူသလားဆိုတာ ..."

"မောင်ပဲ ကျွန်တော့် လမ်းလျှောက်ပုံက နွဲ့တယ်ဆိုလို့ ခုလိုပုံ လျှောက်နိုင်အောင် မှန်ရှေ့မှာ တစ်နေ့ အခေါက် တစ်ရာ လျှောက်ပြီး လေ့ကျင့်လာခဲ့ရတာ ..."

"ဘယ်သူ့လမ်းလျှောက်ပုံကို နမူနာယူပြီး လျှောက်တာ လဲ ..."



"ဖက်ရှင် TV ထဲက မော်လ်ဒယ်တွေ လျှောက်တဲ့ ပုံကို နမူနာယူတယ်လေ ..."

"ထင်သားပဲ ... ထင်တယ် ... ထင်တယ် ..."

မောင်က စိတ်ပျက်လက်ပျက် အကြည့်မျိုးဖြင့် ညီလေးကို စိုက်ကြည့်လိုက်ရာ ညီလေးက ရှက်ကိုးရှက်ကန်း မျက်နှာထားဖြင့် ခေါင်းငုံ့သွားလေသည်။ ရှက်တတ်တာကတော့ အရင်အတိုင်းပဲ ရှိနေပါသေးသည်။

"စိတ်ပျက်ရပါလား ညီလေးခင် ..."

"ဘာဖြစ်လို့လဲ ..."

"ကိုယ့်ကိုယ်ကို မသိဘူးလား၊ ရှင် လမ်းလျှောက်ပုံက သူလို ကိုယ်လို လူတွေနဲ့ တူသလားဆိုတာ ..."

"နွဲ့တော့ မနွဲ့တော့ဘူးလေ ..."

"ခုဟာက ပိုဆိုးတယ်ဟဲ့ ... သိရဲ့လား ...၊ စိတ်ကို မရှည် တော့ဘူး၊ ဘယ်လို အူကြောင်ကြောင်နိုင်တဲ့ ယောကျ်ား မျိုးမှန်း မသိဘူး၊ ဒီလိုလူကို ဘယ်သူက ချစ်နိုင်မလဲ ...၊ ချစ်မိရင် ချစ်တဲ့သူတောင် အဟားခံရဦးမယ်"

"မောင့်ကို ဘယ်သူက ဟားရဲသလဲ၊ ကျွန်တော် မခံဘူး"

"အံမယ် ... လာ လာချည်သေး၊ ဒါမျိုးကျတော့ 'ကိုတတ်ပ' ပဲ၊ ရှင် ဒီလိုပြောနေတာ ကိုမိုးတို့ကြားလို့ကတော့ ရိုက်ထုတ် ကြလိမ့်မယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"မောင့်အတွက်ဆို အရိုက်ခံရပါတယ် ..."

"ပြောရဲလိုက်တာ ..."

"မောင်ရာ ... မောင့်ကို ကျွန်တော် သိပ်ချစ်ပါတယ် ... အရမ်းချစ်ပါတယ် ... ကျွန်တော့်ဘက်က တစ်ခုခု မှားယွင်းနေခဲ့ရင်လည်း မောင့်ကိုချစ်တဲ့စိတ်နဲ့ မှားယွင်းတယ်ဆိုတာလေးကို နားလည်ပေးစေချင်ပါတယ်၊ အခု ... ကျွန်တော့်လမ်းလျှောက်ပုံကို မောင် သဘောမကျဘူးဆိုရင် ကျွန်တော်ပြင်ဆင်ပါ့မယ် ..."

"ရှင့်ဘာသာ ပြင်နေရင် အချိုးမပြေတဲ့ပုံပဲ ထွက်လာမှာပေါ့ ..."

"အဲဒါဆို ကျွန်တော် ဘယ်သူ့ဆီမှာ သွားပြင်ရမလဲ ..."

မောင်သည် ညီလေးခင်ရဲ့ သနားစဖွယ် မျက်နှာကလေးကို ကြည့်ရင်း ဟိန်းဟောက်မာန်မဲ၍လည်း မပြောချင်။ စိတ်ပျက်လှသော်လည်း သနားရင်းစွဲကလည်း ရှိတာမို့ ပို့မယ့်ပို့ ကူးတို့အထိ ပို့ပါတော့မယ်လေဟုသာ ဆုံးဖြတ်ရင်း ...

"မောင့်ဆီမှာပဲ ပြင်တော့ ..."

"ဗျာ ... တ ... တကယ် ပြောတာလား"

"ဟုတ်ပ ..."



မောင်က အသံကျယ်ဖြင့် အော်လိုက်ရင်း ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်ရာ အိမ်ထဲဘက်ဆီက ကိုမိုးတို့ရဲ့ အဟမ်းအဟမ်း အသံကို ကြားရလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com







(၁၈)

❖ ❖ ❖

"ဒီလက်က ဘယ်လိုဖြစ်လို့ တောင့်တောင့်ကွကွကြီး ဖြစ်နေရတာလဲ ..."

မောင်က ပါးစပ်ကလည်း ပြောရင်း ညီလေးရဲ့လက်ကို ကြိမ်လုံးသေးသေးလေးဖြင့် လှမ်းရိုက်လိုက်ရလေသည်။ ညီလေးကလည်း မောင် ပြောသမျှ နားခံကာ သူ့ရဲ့ ခေါင်း ခါးခြေ လက်တွေကို အချိုးကျအောင် ပြုပြင်၍ လမ်းလျှောက်လေ့ကျင့်လေသည်။

မောင်သည် မောင်တို့အိမ်နှင့် သိပ်မဝေးလှသောဘောလုံးကွင်းဟောင်းလေးသို့ သူ့ကိုခေါ်သွားကာ တစ်နေ့နာရီဝက်ခန့် လမ်းလျှောက်လေ့ကျင့်ပေးရလေသည်။ အချိုးမကျတာတွေ့လျှင် ရိုက်ဖို့ ကြိမ်လုံးသေးသေးလေး တစ်ချောင်း ဆောင်ထားရ၏။ သူကလည်း မောင့်ရဲ့ အပြောခံ အဆိုခံ အရိုက်ခံဘဝဖြင့်ချောမွေ့ဒီးဒီးကျအောင် လမ်းလျှောက်ကျင့်မြဲ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သည် ညီလေးရဲ့ ရိုးသားပြီး အချိုးမကျ ဖြစ်ရပုံများကို စိတ်ပျက်ပျက်နှင့်ပင် ကရုဏာလည်း သက်ရသည်။ အများတကာ ယောကျ်ားတွေနှင့် မတူဘဲ ပျော့နှဲ့ အချိုးမကျသော မောင်ဖြစ်သူကို နည်းလမ်းမှန်မှန် ဆုံးမပြုပြင်မှု မရှိသော ညီလေးရဲ့ အစ်မတွေကိုလည်း စိတ်တိုမိ၏။ မြင့်မြတ်သော ယောကျ်ားဘဝကို ရထားပါလျက် မိန်းမသားဟန်ပန်မျိုး ဖြစ်ရတဲ့ အဖြစ်ဆိုတာ ဘယ်လောက် ဆိုးသလဲ ... ။

မောင်နဲ့ ညီလေးရဲ့ ကြိုးစားအားထုတ်မှုကြောင့်ပင် ညီလေးသည် မကြာခင်မှာပင် ယောကျ်ားအသွင် စင်စစ်သို့ ပြောင်းလဲလာရလေသည်။

တစ်နေ့ ထိုဘောလုံးကွင်း အဟောင်းလေးထံမှ မောင်တို့ နှစ်ယောက် လမ်းလျှောက်ပြန်လာဆဲ ... ညီလေးက ချွေးတပြန်ပြန် အဆီတဝင်းဝင်းဖြင့် နည်းနည်းလေးမှ ကြည့်ချင်စရာ မရှိသော မောင့်ကို ငေးကြည့်လျက် ပြောသည်မှာ ...

"ကျွန်တော်တို့ မောင်နှမသုံးယောက်က သိပ်ချစ်ကြတာ မောင် ... ၊ ကျွန်တော်ဆို အစ်မတွေကို ချစ်လည်းချစ်တယ်၊ ကြောက်လည်းကြောက်တယ်၊ အစ်မတွေ စကားဆို မြေဝယ်မကျ နားထောင်ခဲ့တယ်၊ သူတို့ စိတ်ချမ်းသာရင်ပြီးရော ... သူတို့ကို မဆန့်ကျင်ဘဲ နေခဲ့တယ်၊ မောင်နဲ့တွေ့တော့မှ



အစ်မတွေကို ဆန့်ကျင်ချင်တဲ့စိတ်မျိုးတွေ ပေါ်လာခဲ့တာ၊ မောင်က ကျွန်တော့်ဘဝအတွက် အရမ်းအရေးပါတဲ့ မိန်းကလေးတစ်ယောက်ပါ၊ မောင့်ကြောင့်သာ ကျွန်တော် ပြောင်းလဲခဲ့ရတယ် ...၊ မောင်နဲ့သာ မတွေ့ရင် အရင်ပုံစံအတိုင်း တစ်သက်လုံးသွားတော့မှာ၊ မောင့်ကို ကျေးဇူးလည်း တင်တယ်၊ ချစ်လည်းချစ်တယ်၊ ခုချိန်မှာ ကျွန်တော့် အကြောက်ဆုံးက မောင် ကျွန်တော့်ကို စိတ်ပျက်ပြီး စွန့်ခွာသွားမှာကိုပဲ ..."

သူ့ရဲ့နူးညံ့ရိဝေသော မျက်လုံးတွေနှင့် ယဉ်ကျေးသော စကားတွေက မောင့်ရဲ့ခပ်မာမာ အသည်းညှာကို မထိတရိ ဘာလှုပ်သွားလေသည်။

"ဘာမျှော်လင့်ချက်မှ မရှိလည်း ချစ်နေနိုင်တာဟာ တကယ့်အချစ်လို့ မောင် ပြောခဲ့တယ်၊ ကျွန်တော် အဲ့ဒီလို အချစ်မျိုးနဲ့ မောင့်ကို ချစ်ခဲ့ပါတယ်၊ မမျှော်လင့်ဘဲနဲ့လည်း သူ့အလိုလို ပြည့်ဝလာတဲ့ ဆန္ဒတွေ ရှိတတ်တယ်မဟုတ်လား မောင်"

"စကားကို လိုရာဆွဲပြောတဲ့ နေရာမှာတော့ စူပါပဲ ..."

မောင်က ညီလေးကို မျက်စောင်းထိုးလိုက်မိရာ ညီလေးက တောက်ပစွာပြုံးလိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း … မောင်လည်း မိန်းမနဲ့ တော်တော်တူလာပြီ"

ဟု ပြောလိုက်တာမို့ မောင်က ရှက်သွားကာ လက်ထဲက ကြိမ်လုံးလေးနှင့် သူ့ကျောကို လှမ်းရိုက်လိုက်ပါသည်။

***



(၁၉)

❖ ❖ ❖

"အစ်ကို့ဆီမှာ ကျွန်တော် ဒုတိယအကြိမ် အယူခံဝင်ပါတယ် ခင်ဗျာ …။ မောင်နဲ့ လိုက်ဖက်အောင်, အစ်ကိုတို့လည်း လက်ခံနိုင်အောင် ကျွန်တော့်ကိုယ် ကျွန်တော် ပြုပြင်ပြောင်းလဲပြီးပါပြီ၊ အတတ်နိုင်ဆုံး မောင့် စိတ်ကြိုက်ဖြစ်အောင် ကြိုးစားရင်း အစ်ကိုတို့ စိတ်တိုင်းကျဖြစ်အောင်လည်း ကြိုးစားသွားပါမယ်၊ ရိုးသားစွာနဲ့ မောင့်မေတ္တာကို ရအောင်လည်း ဆက်ကြိုးစားသွားချင်ပါတယ်၊ အစ်ကိုတို့ အနေနဲ့လည်း ကျွန်တော့်အပေါ် ကြည်ဖြူပေးဖို့ တောင်းပန်ပါတယ်"

ညီလေးခင်သည် မောင့် အစ်ကိုနှစ်ယောက်ရဲ့ ရှေ့တွင် ရိုကျိုးစွာရပ်ရင်း ပြောလာတာမို့ အစ်ကိုနှစ်ယောက်က ညီလေးကို ခြေဆုံးခေါင်းဆုံး အပြစ်ရှာသော မျက်ဝန်းများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြလေသည်။ ဗရုတ်ကျလှသော မောင့်အစ်ကိုတွေသည် လက်ပိုက်ရပ်နေရင်းကမှ ခြေတစ်လှမ်းစီ နောက်ဆုတ်ကာ ညီလေးအား ကုန်ပစ္စည်းတစ်ခုကို အကဲဖြတ်ကြည့် ကြည့်သလိုမျိုး ကြည့်လိုက်ရင်း ...

"အင်း ... ဆိုးတော့ မဆိုပါဘူး ..."

အစ်ကိုနှစ်ယောက်နဲ့ ညီလေးနဲ့တော့ ခက်တော့တာ ပါပဲဟု တွေးကာ မောင် စိတ်ညစ်ရ၏။ ညီလေးက မောင့်ကို ချစ်ရုံမဟုတ်၊ မောင့်အစ်ကိုတွေရဲ့ ကြည်ဖြူလိုလားမှုကိုပါ လောဘတကြီး လိုချင်သူ ဖြစ်ပါသည်။

"အင်း ... ဒါပေမယ့် ..."

"ခင်ဗျာ ... ဘာဖြစ်လို့လဲ မသိဘူး"

"ဒါပေမယ့် စောင့်ကြည့်ရမယ့် သဘောမှာ ရှိတယ်"

"အဟဲ ... အစ်ကိုကလည်းဗျာ ... အစ်ကိုလည်း မြင်သားပဲ ကျွန်တော်က အရင်လို ခပ်နွဲ့နွဲ့ ယောကျ်ားမျိုးမှ မဟုတ်တော့တာ၊ ဒီမှာကြည့် ကျွန်တော့်ဘော်ဒီလည်း ပြောင်းလဲလာပြီ၊ အခြောက်နဲ့တူတဲ့ ဟန်ပန်လည်း လုံးဝမရှိတော့ဘူး ..."

မောင်သည် အစ်ကိုတွေရှေ့မှာ ပျာပျာသလဲ မဏ္ဍပ်တိုင် တက်ပြနေသော ညီလေးကို ငေးကြည့်နေရင်း နူးညံ့သော



ခံစားမှုတစ်ခုက တစိမ့်စိမ့်ဝင်ရောက်လာလေသည်။ ညီလေးရဲ့ ရိုးတဲ့အချစ်ကို မောင် ခံစားလို့ရနေခဲ့ပြီ။ မောင်က ကိုယ့် စားချက်ကို ကိုယ်ယုံကြည်သူ ဖြစ်ပါသည်။

အဲ့ဒီအခိုက် ... အဲဒီလို ယုံကြည်နေတုန်းအခိုက်မှာ ပေါ့ ...

တစ်ဖက်ခြံက အယ်လ်ဆေးရှင်း ခွေးကြီးဟာ ခြံစည်း သစ်ပင်တွေကြားထဲမှ မောင်တို့ခြံထဲသို့ လွှားခနဲ ခုန်ဝင်ကာ ဖြိဟိန်းဟောက်လိုက်လေသည်။

"အမလေး ... ခွေးကြီးဗျ ..."

အခြေအနေက ရုတ်တရက် ပြောင်းလဲသွားခဲ့တာ သည်။ ကျားကျားလျားလျားအသွင်ဖြင့် ရပ်နေခဲ့သော ညီလေး ည် ရုတ်တရက် ငယ်သံပါအောင် အော်ကာ မောင့်ထံသို့ ပြေး က်လာလေသည်။

"မောင် ... မောင် ... လုပ်ပါဦး ... ခွေးကြီး ... ကိုက် ... ကိုက်တော့မယ်"

ညီလေးသည် မောင့်နောက်သို့ ပြေးကပ် ကာဘာယူ ရင်း တုန်တုန်ချိုချိုပြောနေတော့ရာ အစ်ကိုနှစ်ယောက်ရဲ့ သံကျယ်ကြီးက ဝါးခနဲ ထွက်လာသည်။ ထိုရယ်သံကို ခွေး င် ပြန်လန့်ကာ လှစ်ခနဲ ပြန်လှည့်ပြေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ..., ဟား ..., တကယ့်ကောင်ကွာ၊ ဒါလား ယောက်ျား ...၊ အရေးကြုံရင် ကိုယ့်အားကိုယ်မကိုး ငါ့နမပဲ ရှေ့တန်းတင်နေမယ့် ကောင်၊ မင်း ဘာ အပြင်ပန်း အသွင်အပြင် ဘယ်လောက်ပြောင်းပြောင်း အရေးကြုံရင် ငါ့နမပဲ ပြေးအားကိုးမယ့် စိတ်ကြီး ပြောင်းမှ မပြောင်းတာ ..."

"ဒီပုံနဲ့များ ... အယူခံလာဝင်ရဲရတယ်လို့ကွာ ... အရေး..."

"ငမောင်ရေ ... သနားတာတစ်ခုတည်းနဲ့တော့ လက်ထပ် လိုက်နဲ့ဟ၊ တစ်ဘဝလုံး ငါးပါးမှောက်သွားလိမ့်မယ်"

မောင်သည် ဒီတစ်ကြိမ်မှာတော့ ညီလေးကို ဒေါသ ဖြစ်ရလေသည်။ အစ်ကိုတွေရှေ့မှာလည်း မောင် အရှက်ရခဲ့ သည်။ ကိုယ့်ကို ချစ်တယ်ဆိုတဲ့ ယောက်ျားဟာ အရေးကြုံရင် ကိုယ့်ပဲ ပြေးအားကိုးတတ်သော ပျော့ပျော့ညံ့ညံ့ ယောက်ျားမျိုး ဖြစ်ရသတဲ့။ ခွေးကိုက်မှာကိုတောင် ဒီလောက်ဖြစ်နေရင် သေအေး များ ကြုံရလျှင် မောင့်ကို ကာဘာယူပြီး တစ်ခါတည်းများ အသက်ထွက်သွားမလား မသိချေ။

အစ်ကိုနှစ်ယောက်က မျက်နှာတွေရှုံ့မဲ့ကာ လက်... တခါခါ ခေါင်းတခါခါဖြင့် လှည့်ထွက်သွားကြလျှင် မောင်သည် မောင့်နောက်မှာ တုန်ချိနေသော ညီလေးထံ ချာခနဲ လှည့်... မျက်နှာချင်း ဆိုင်လိုက်လေသည်။



"ညီလေးခင် ... သွားတော့ ... နောက် ဘယ်တော့မှ မလာ ခဲ့နဲ့၊ နင့်ကို လုံးဝ စဉ်းစားမပေးနိုင်ဘူး သိလား ..."

"ဟာ ... ဘာ ... ဘာဖြစ်လို့လဲ ..."

"ရှင်က အပေါ်ယံ အသွင်အပြင်သာ ပြောင်းတာ ... စိတ်က ပြောင်းမှမပြောင်းဘဲ ညီလေးရဲ့၊ ယောက်ျားဖြစ်ပြီး တစ်ခုခု ဆို မောင့်ကိုပဲ အားကိုးနေတာ ဘယ်လောက်ရှက်စရာ ကောင်းသလဲ၊ မောင့်အစ်ကိုတွေ ရှေ့မှာမှ ဒီလို ရုပ်ပျက် ဆင်းပျက် ဖြစ်သွားရတယ်လို့၊ တော်ပြီ ... မောင် ဘာမှ မပြောချင်တော့ဘူး၊ မောင့်ကိုလည်း စကားတစ်ခွန်းမှ ထပ်မပြောနဲ့တော့၊ ရှင် သွားတော့ ..."

"မောင် ... ကျွန်တော့်ကို ... ကျွန်တော့်ကို မချစ်နိုင်ဘူးလား ဗျာ"

"မချစ်ဘူး ... လုံးဝ မချစ်ဘူး၊ ရှင့်လို ပျော့ညံ့တဲ့ ယောက်ျား မျိုးကို မောင် ဘယ်တော့မှ မချစ်ဘူး ..."

ညီလေးခင်သည် ပါးစပ်ကလေးဟကာ မောင့်ကို ...စိုက်ကြည့်နေရင်းက ခေါင်းငိုက်စိုက်ကျသွားလေသည်။ သူက ...ခင့်ရှေ့မှာ အကြာကြီး ငြိမ်တွေရပ်တဲ့နေပြီးမှ တရွေ့ရွေ့ ထွက် ...သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သည် သူ့ကျောပြင်ကို လှမ်းငေးရင်း စိတ်လည်း ညစ် ... ဝမ်းလည်းနည်းကာ ငိုချင်လာရလေသည်။

အာဖြစ်လို့ ဒီလောက်တောင် ပျော့ညံ့ရပါသလဲ ညီလေးရယ် ...။

***



(၂၀)

❖ ❖ ❖

"ဒုက္ခပါပဲဟယ် ... အခြေအနေက တစ်နေ့တခြား ဆိုးဆိုးလာတယ်"

"တလောက ထမင်းအထပ်ထပ် စားတဲ့သူက ခု ဘယ်လိုဖြစ်ပြီး မစားနိုင် မသောက်နိုင် တမှိုင်မှိုင်ဖြစ်နေရတာလဲ"

"ကြည့်စမ်း ... တက်ကြွလွန်းလို့ တို့တွေတောင် ကြည့်မရဖြစ်ခဲ့တာ မဟုတ်လား၊ ခုတော့ လှုပ်တောင်မလှုပ်တော့ဘူး၊ သူ့အခန်းကို သွားချောင်းစမ်းပါဦးဟယ် မျက်ခြယ်ရယ် ..."

"ချောင်းပြီးပါပြီ မမကြီးရဲ့၊ သုံးခါချောင်းတာ သုံးခါစလုံး အိပ်နေတာပဲ တွေ့တယ်"

"တကယ်ရော အိပ်ပျော်တာ ဟုတ်ရဲ့လား၊ ညကလည်း တချွတ်ချွတ်နဲ့ ခြံထဲလမ်းဆင်းလျှောက်နေတာ ည ၂ နာရီလောက်ကြီးမှာ ..."

www.burmeseclassic.com

www.burmeseclassic.com



ညီလေးခင်ရဲ့ အစ်မတွေသည် ရုတ်တရက် ညီလေးရဲ့ ရာသီဥတု ပြောင်းလဲသွားခြင်းကို နားမလည်နိုင်ဖြစ်ရကာ အရိုင်း တကြည့်ကြည့်နှင့် စိုးရိမ်သောက ရောက်ကြရလေသည်။

သိပ်မကြာခင်ကလေးကမှ ထမင်းတွေ စားလွန်းလို့ တားမြစ်ခဲ့ရသော ညီလေးသည် ခုတော့လည်း ကြောင်စာလောက် ကလေးသာ မစို့မပို့ တို့တို့တိတိစားပြီး စားပွဲမှ ထသွားတတ်၏။ တဟားဟား အော်ရယ်၍ ကြည့်မရဖြစ်ခဲ့သော ညီလေးသည် အသံပင်မထွက်တော့ဘဲ စိတ်နှလုံးချုံးချုံးကျကာနေ၏။ ထိုသို့ ပြောင်းလဲလေ အစ်မတွေမှာ ကြိမ်မီးအုံးလေ ဖြစ်ကြရသည်။

"ကဲ ... ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ ဒီအတိုင်း လွှတ်ထားလို့တော့ မဖြစ်ချေဘူး မျက်ခြယ် ..."

"ဗေဒင်လေး ဘာလေး မေးကြည့်ရင် ကောင်းမလား မမကြီး"

"အေး ... ကောင်းသားပဲ"

အစ်မနှစ်ယောက်သည် ကြံရာမရသည့်အဆုံးတွင် ဗေဒင်ဆရာပေါင်းစုံထံ မနားတမ်း သွားရောက်မေးမြန်းလေသည်။ ကျိုက္ကလို့ ဘုရားတွင် အလွန်မှန်သော ဗေဒင်ဆရာမ ရှိသည် သတင်းကြားနှင့်ပင် မနက်အစောကြီး ထ,သွားမေးကြရ၏။ ဗေဒင်ဆရာတော်တော်များများ၏ ဟောကြားချက်မှာ ... 'မိန်းကလေး အနှောင့်အယှက် ရှိသည်' ဟူ၏။



"ရည်းစားပူ မိနေတာများလား ... သူ ကြိုက်တဲ့ ကောင်မလေးက သူ့ကို လှည့်စားသွားလို့လား"

"သူ့ထက်လည်ဝယ်တဲ့ မိန်းမတစ်ယောက်ယောက်ရဲ့ ဖြားယောင်းမှုကိုပဲ ခံလိုက်ရသလား"

အစ်မတွေသည် သို့လော သို့လော တွေးမိကြကာ ညီလေးကို မရရအောင် ချော့မော့မေးဖို့ ဆုံးဖြတ်ကြပါသည်။

အိမ်ရောက်တော့ အိပ်ရာပေါ်မှာ မှောက်ရက်ကြီး အိပ်နေသော ညီလေးအနားသို့သွားကာ ...

"ညီလေး ... ဒီအချိန်ကြီး မအိပ်နဲ့လေ၊ ထ,ပါဦး ... မမတို့နဲ့ စကားပြောရအောင် ..."

ညီလေးက ခေါင်းစုတ်ဖွားနှင့် ပျင်းရိပျင်းတွဲ ထ,ထိုင်ကာ ခေါင်းကိုတော့ ငိုက်စိုက်ချထားသည်။

"ညီလေး ... နင် အခု ဘာတွေဖြစ်နေတာလဲ ... မမကြီးတို့ကို အမှန်အတိုင်း ပြောစမ်းပါ"

"ဘာမှမဖြစ်ပါဘူး"

"မညာပါနဲ့ဟယ်၊ နင့်ရုပ်က အပူသည်ရုပ် ပေါက်နေတာ အသိသာကြီးပါ၊ နင် အမှန်အတိုင်းပြောမှ တို့က နင် စိတ်ချမ်းသာအောင် ကူညီဆောင်ရွက်ပေးနိုင်မှာပေါ့ ..."

"မမကြီးတို့ ကူနိုင်မယ့်ကိစ္စ မဟုတ်ပါဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စမို့လို့လဲ ... ပြောသာပြောပါဟယ် ... ကိုယ်ချစ်တဲ့ ကိုယ့်မောင်လေးအတွက် မကူညီနိုင်တဲ့ကိစ္စဆိုတာ မရှိစေရပါဘူး"၊

"ထားလိုက်ပါတော့ မမကြီးရာ ... ကျွန်တော့်ကိုက ပျော့ညံ့လို့ ဒီလိုဖြစ်ရတာပါ"

"အံမယ် ... ငါ့မောင်လေးကို ပျော့ညံ့တယ်လို့ ဘယ်သူက ပြောသလဲ ..."

"ဘယ်သူပြောပြော နာစရာတော့ မရှိပါဘူး၊ တကယ်လည်း ပျော့ညံ့နေခဲ့တာပဲ ..."

"ဒီလို မပြောပါနဲ့ဟယ် ... ယဉ်ကျေးသိမ်မွေ့တာကို ပျော့ညံ့တာလို့ နာမည်တပ်လို့ မရပါဘူး၊ တချို့တွေကသာ ရိုင်းတာကို ထက်မြက်တာလို့ နာမည်တပ်ချင်ကြတာ"

"ကျွန်တော် ပျော့ညံ့တာ ကျွန်တော် သိပါတယ်၊ ကျွန်တော် ပျော့ညံ့လို့သာ သူ ကျွန်တော့်ကို အထင်သေးပြီး ငြင်းပယ်လိုက်တာပေါ့ ..."

"ဟင် ..."

ညီလေးသည် ငြင်းဆန်ရင်းကပင် စကားထဲက ဇာတိပြလာတာမို့ ညီအစ်မနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် 'ထင်တဲ့အတိုင်းပဲပေါ့' ဟူသည့် အကြည့်မျိုးဖြင့် လှမ်းကြည့်လိုက်ကြပါသည်။



"ငါ့မောင်လေးလို အရက်မသောက် ဖဲမရိုက် အပျော်အပါး မလိုက်တဲ့ လူမျိုးကိုများ ဘယ်သူက ငြင်းသလဲဟင် ... ပြောစမ်း"

"မပြောတော့ပါဘူး မမရာ ... စိတ်ညစ်ပါတယ်ဆိုဗျာ"

"ဟဲ့ ... ပြောစမ်းပါဆိုဟယ်"

ညီလေးက ဘာမှပြန်မပြောတော့ဘဲ အိပ်ရာထဲ ဘုန်းခနဲ ပြန်ပစ်လှဲကာ ခေါင်းကိုခေါင်းမြီးခြုံထားလိုက်သည်။ အစ်မတွေကလည်း ခေသူမဟုတ်ရကား ခေါင်းကို မရအရဆွဲခွာကာ ညီလေးကို ဆွဲထူလိုက်ကြရင်း ...

"ပြောစမ်းပါဟဲ့ ... ညီလေးရဲ့၊ ဘယ်လို မိန်းကလေးကများ ငါ့မောင့်ကို ငြင်းသလဲဆိုတာ သိချင်လို့ပါ ..."

"မသိချင်ပါနဲ့ ..."

"သိချင်တယ်ဟဲ့ ... သိချင်တယ်၊ မသိလို့မဖြစ်ဘူး ... မခံချင် ဖြစ်လိုက်တာဟယ် ... ဒီလောက် လိမ္မာယဉ်ကျေးတဲ့ ငါ့မောင်လေးကို ငြင်းတယ်ဆိုကတည်းက မောင်လေးရဲ့ ဘုန်းကံနဲ့ မထိုက်တန်လို့သာ ဖြစ်ရမှာပေါ့ ..."

"ကံဖယ်တာလေ ... ကံက ဖယ်ရှားပေးလိုက်တာ၊ ထိုက်တန်တဲ့သူဆို သူ့အလိုလို ရောက်လာမှာပဲ"

"မောင့်ကို ဒီလိုမပြောပါနဲ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ … မောင် ဟုတ်လား၊ ဘယ်က မောင်လဲ …"

"ဟာ … ဒုက္ခပါပဲ … ဒီပါးစပ်ကလည်း လွှတ်ခနဲ ထွက်သွားမိတယ်"

"ဟဲ့ … ပြောဆို ပြော … ခုပြော၊ မပြောလို့ မဖြစ်ဘူး"

"ခက်တာပဲ …"

"မခက်ဘူး … ပြော"

"မေမင်းမောင်ဗျာ၊ မေမင်းမောင် …"

"ဟယ် …"

အစ်မနှစ်ယောက်မှာ အာမေဋိတ်သံရှည်ကြီး ဆွဲကာ ရင်ဘတ်ကို ကိုယ်စီဖိထားလိုက်ကြပါသည်။

"ဒီကောင်မလေးလား …"

"ဟို … ထောင့်မကျိုးတဲ့ ခပ်ရဲရဲ ကောင်မလေးလား"

"ဒီလိုကောင်မလေးကိုများ နင်က ကြိုက်တယ် … ဟုတ်လား၊ နင်တော့ အာရုံမှောက်မှားပြီ ထင်တယ်"

"မမတို့ကလည်းဗျာ ဒီလိုတော့ မပြောကြပါနဲ့၊ မောင်က အင်မတန် ပွင့်လင်းထက်မြက်တဲ့ မိန်းကလေးပါ …"

"ရှေ့နေ လိုက်မနေစမ်းပါနဲ့၊ ဒီကောင်မလေးများတော့ စ,တွေ့ကတည်းက ကြည့်မရတာပါ၊ နင့်မွေးနေ့တုန်းက လာသွားတယ် မဟုတ်လား၊ အလှူလာတဲ့ပုံက ဘောင်းဘီ



ရှည်နဲ့ သူ့အိမ်သူ့ရာလို ရဲရဲတင်းတင်း ပြောဆို စားသောက်နေတာ တို့တော့ ညှော်မခံလိုက်ရပါဘူး၊ ရဲတင်းလိုက်တာ တရားလွန်တယ်၊ ဒီလို မိန်းကလေးမျိုးနဲ့ ငါ့မောင်လေးနဲ့ တန်ကို မတန်ဘူး၊ ယောကျ်ားလေးက ဣန္ဒြေရသလောက် မိန်းကလေးက ရှပ်ပျာ ရှပ်ပျာ"

"ဟာဗျာ …"

"မဟာဗျာနဲ့ … မမကြီး ပြောတာနားထောင်၊ အဲဒီလို မိန်းကလေးမျိုးအတွက် ခံစားမနေနဲ့ … သူ့ထက်သာတာ ရှာပေးမယ် … ကြားလား …"


အစ်မနှစ်ယောက်မှာ ပြဿနာရဲ့ ဇစ်မြစ်ကိုသိပြီမို့ သူတို့ မောင်ကလေး အားတက်စေဖို့ရာ နှစ်သိမ့်ပေးလိုက်ကြလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com







## (၂၁)

❖ ❖ ❖

မိန်းကလေးမှန်ရင် စကားနည်းမှ …'' မျက်လွှာကလေး ချကာ ချကာ သိမ်မွေ့ တိုးသက်စွာ စကားဆိုတတ်မှ …၊ လမ်းလျှောက်ရင်လည်း ညင်ညင်သာသာနဲ့ ဖြည်းဖြည်းကလေးမှ၊ လူကြီးသူမရှေ့ရောက်လျှင် မပြောရဲ မဆိုရဲ ရိုကျိုးဝပ်တွားနေမှ၊ အိမ်မှုကိစ္စ နိုင်နိုင်နင်းနင်း မိန်းမ ပီပီသသကလေးမှ …၊ အိမ်တွင်းပုန်းမှ … မှ … မှ … စသဖြင့် 'သတ်မှတ်ချက်တွေ ထားခဲ့သော သီလေးခင်ရဲ့ အစ်မနှစ်ယောက်မှာ ထိုသတ်မှတ်ချက်များနှင့် အကြောင်းညီညွတ်သော မိန်းကလေးမျိုးကို အပူတပြင်း ရှာဖွေကြတော့သည်။ သူတို့ မောင်လေးရဲ့ ပုပ်ပန်းကို သူတို့ မကြည့်နိုင် … ။ သူတို့ သဘောမကျသည့် မိန်းကလေးမျိုးအတွက်နဲ့ ခံစားနေရရှာသည့် အဖြစ်ကိုလည်း ဘဝင်မကျနိုင်ပေ။

နှစ်ရက် သုံးရက်အတွင်း အပူတပြင်း လှုပ်ရှားကြ

www.burmeseclassic.com

www.burmeseclassic.com



ပြီးသောအခါ အစ်မနှစ်ယောက်မှာ ညီလေးရှေ့မှောက်သို့ ဓာတ်ပုံ အယ်လ်ဘမ် တစ္စ်ထပ်ကြီးဖြင့် ရောက်လာကြကာ ...

"ညီလေး ... ဒီမှာကြည့်စမ်း ...၊ ဒါတွေအားလုံး အချော အလှ ထိပ်ခေါင်တွေချည်းပဲ၊ ကျောင်းတုန်းက Queen ရခဲ့တဲ့ သူတွေချည်းပဲ၊ အားလုံး မိန်းမပီပီသသ ယဉ်ယဉ် ကျေးကျေးတွေချည်းပဲ၊ ဒီတစ်ယောက်ဆို စကား ပြောတာ ဆိုတာ သိပ်နူးညံ့သိမ်မွေ့တာ၊ တိုးတိုးနဲ့ ညင်ညင်သာသာ လေး ပြောတတ်တာ ... သိပ်နားထောင်လို့ ကောင်းတာပဲ"

ညီလေးသည် သူ့ရှေ့က ဓာတ်ပုံတစ်ထပ်ကို စိတ် ပျက်စွာကြည့်ရင်း အစ်မတွေကို ရွတ်ချင်စိတ် ပေါက်လာပါသည်။

"ကျွန်တော်က နားမပါးဘူး မမကြီး၊ နည်းနည်း နားလေး ချင်သလိုတောင် ဖြစ်နေတယ်၊ သူနဲ့အဆင်ပြေမှာ မဟုတ် ဘူး ..."

"ဟင် ... ဘာဖြစ်လို့လဲ ..."

"သူက တိုးတိုးလေးပြောနေရင် ကျွန်တော်က အရမ်း သတိထားပြီး နားစွင့်နေရမှာ ...၊ သူ့စကားကို ပြည့်ပြည့် စုံ ကြားဖို့အတွက် ကျွန်တော် ပင်ပန်းနေမှာပေါ့ ..."

"ဒါဆို ... ဒီတစ်ယောက်ကို ကြည့် ...၊ သူက ဗမာစာ၊ တရုတ်စာ၊ ကုလားစာ၊ ထိုင်းစာ၊ ရှမ်းစာ၊ ယူရိုပီယမ်စာ၊



ပန်းသေးချက် အားလုံးချက်တတ်တယ်၊ ဗမာစာမှာတောင်မှ အောက်ပြည်အောက်ရွာမှာ ချက်တဲ့ စတိုင်လ်၊ အညာဒေသ မှာ ချက်တဲ့ စတိုင်လ် ... အမျိုးမျိုးကွဲအောင် ချက်နိုင်တယ်၊ ကိတ်မုန့်လည်း လုပ်တတ်သေးတယ်၊ ရွှေချည်ထိုးတာ၊ ကျောက်ကျောက်ကျော်တာ ... အချုပ်အလုံးလည်း ကျွမ်းကျွမ်း ကျင်ကျင် လုပ်တတ်တယ်၊ အချက်အပြုတ် ဝါသနာပါ တယ်"

"ကျွန်တော်မှ စားသောက်ဆိုင် မဖွင့်ချင်တာ ..."

"ဟယ် ..."

"မမကြီးတို့ပြောတဲ့ မိန်းမက စားသောက်ဆိုင် ဖွင့်စားဖို့ ယူရင်သာ အဆင်ပြေတာ ... နို့မို့ဆို သူ့အရည်အချင်းတွေ အလကား အကျိုးမရှိဖြစ်နေမှာပေါ့ ..."

"ဟဲ့ ... မိန်းမဆိုတာ အချက်အပြုတ် အိမ်မှုကိစ္စ ကျွမ်းကျင် နိုင်နင်းရတယ် ... ဒါမျိုးက ဒီခေတ်မှာ ရှားပါးပစ္စည်း၊ ကိုယ့်ယောက်ျားနဲ့ ကိုယ့်သားသမီးတွေအတွက်တင် မကဘူး၊ အိမ်ကို ဧည့်ကောင်းစောင်ကောင်းလာရင် အိမ်ရှင်မကိုယ် တိုင် ချက်ကျွေးတယ်ဆိုတာ ဘယ်လောက်ဂုဏ်ယူစရာ ကောင်းသလဲ၊ ဧည့်သည်တွေက ကျေးဇူးတွေတင်ပြီး နင့်ကို မိန်းမအရတော်တယ်လို့ ချီးကျူးအားကျနေကြဦးမှာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကိုယ်တိုင်လည်း ချက်တတ်နေတာပဲ မမ
ဈေးလည်းဝယ်တတ်တယ်၊ ချက်လည်း ချက်တတ်တ
ကိုယ့်ဘာသာ ချက်စားလည်း ရပါတယ်"

"ဒါက မိန်းမ မရခင်လေ … မိန်းမရရင်တော့ မိန်း
ချက်ပစေပေါ့ …"

"ကျွန်တော်က ကိုယ်ချစ်တဲ့သူစားဖို့ ကိုယ်တိုင် ချက်
ချင်တာ …"

"နင်ဟာလေ … တမင် ကပ်ဖဲ့ပြောနေတယ်၊ အိမ်မှု
လည်း စိတ်မဝင်စားဘဲ ရုပ်ပျာရုပ်ပျာ မိန်းကလေးမျိုး
သာ ရရင် နင် တစ်နေ့တစ်နေ့ မီးဖိုထဲက မထွက်ရ
စိုးရိမ်လို့ ဒီလိုမိန်းကလေးမျိုးကို ရှာပေးရတာ"

"မမတို့က ဒါပဲမြင်တာကိုး၊ ဒီလောက်ပဲ တွက်ချက်တ
ကြတာကိုး …၊ အဲဒီလို မိန်းမ ပိပိသသ မိန်းမမျိုး
ဟာ အင်မတန်မှ အလှအပကြိုက်ကြတော့ အဝတ်အ
တွေ အမျိုးမျိုးဝယ်ဝတ်၊ စိန်တွေ ရွှေတွေ သီးနေအော
ဝတ်၊ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေကို သောင်းချီပေး
ဆံပင်ကို သိန်းချီပေးပြီး ဖြောင့် …၊ မျက်နှာပေါင်း
တင်၊ အဲဒါတွေအတွက် ပိုက်ဆံတွေ သောက်သော
ကုန်မှာကျတော့ မမကြီးတို့က မမြင်ဘူးမဟုတ်
မောင်ဆိုရင် ဆံပင်ကလည်း ခပ်တိုတိုပဲ၊ ဆံပင်အ



ဘာမှကုန်ကျစရာ မလိုဘူး …၊ မျက်နှာကလည်း အမြဲ
ပြောင်တလင်းခါနေတာပဲ၊ မိတ်ကပ်ဖိုးလည်း ကုန်စရာမလို
ဘူး၊ သူ့ အဝတ်အစားလည်း မမက်ဘူး၊ ရွှေဆိုလို့လည်း
တစ်ိုးတစိတောင် မဝတ်ဘူး၊ ဘယ်လောက် အကုန်အကျ
သက်သာစေတဲ့ မိန်းမမျိုးလဲ …"

ညီလေးက တမင်ရွှတ်ပြောပြီး ငြိမ်ထိုင်နေဆဲ မမလေး
က သူ့ခေါင်းကို ခေါက်ခနဲ လှမ်းခေါက်လိုက်ရင်း …

"နင် တမင်ရွှတ်ပြီး ပြောနေတာ ငါသိတယ်ဟဲ့ …"

"ကျွန်တော် … မောင့်ကိုပဲ ချစ်တယ် မမကြီးရာ … မောင်
ကသာ ကျွန်တော့်အတွက် အသင့်တော်ဆုံးဆိုတာ မမကြီး
တို့ လက်မခံနိုင်ဘူးလား၊ မောင်က သတ္တိရှိတယ် … သွက်
လက်တယ် … ပြတ်သားတယ် … ကျွန်တော့်မှာ မရှိတာ
တွေ အားလုံး မောင့်မှာရှိတယ်၊ မမကြီးတို့ပြောတဲ့ မိန်း
ကလေးတွေမှာရှိတဲ့ အရည်အချင်းမျိုးကတော့ ကျွန်တော့်
မှာလည်း ရှိတာပဲ"

"နင့်ဘာသာ သေအောင်ချစ်နေလည်း မေမင်းမောင်ကမှ
နင့်ကိုမချစ်ဘဲ၊ နင့်မှာ မာနမရှိဘူးလား၊ ဘာလို့ တမ်းတမ်း
စွဲနေမလဲ၊ သူ့ထက်သာတာ တစ်ယောက် ကောက်ယူလိုက်
ပေါ့ …"

www.burmeseclassic.com

www.burmeseclassic.com



"မယူချင်ပါဘူး၊ သူ့ကိုပဲ ကျွန်တော်ချစ်တယ်၊ သူ့ကိုပဲ စောင့်မယ် ...၊ ကျွန်တော် အေးအေးဆေးဆေး နေပါရစေ ဗျာ ..."

ဘယ်တုန်းကမှ အစ်မတွေကို ဆန့်ကျင်ခြင်းမရှိခဲ့သော ညီလေးခင်သည် ယခုတစ်ကြိမ်မှာတော့ အစ်မတွေရဲ့ဆန္ဒကို ပြတ်သားစွာ ငြင်းပယ်လိုက်ပြီး သူ့ဆန္ဒကို ပြတ်ပြတ်သားသားပင် ကြေညာလိုက်တော့သည်။

အစ်မတွေသည် ချစ်စွာသော မောင်ကလေးရဲ့ ပြတ်သားမှုကိုလည်း အံ့လည်း အံ့ဩကြ၊ ရင်ထုမနာလိုလည်း ဖြစ်ကြ ...၊ မေမင်းမောင်ကိုလည်း သဘောမကျ ...၊ ညီလေးခင် အသည်းကွဲနေတာကိုလည်း မကြည့်ရက်နိုင် ဖြစ်ကြရကာ တတ်ခဲ့တွေ တစ်မွေ့တစ်ပိုက်ဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြရလေသည်။

***



(၂၂)

❖ ❖ ❖

အချစ်ဝေဒနာဟာ ဒီလောက်ကြီး ကြီးမားပြင်းထန်ကြောင်း ညီလေးခင်က ခုမှပင် သိရလေသည်။ မျှော်လင့်ချက် ကင်းမဲ့ခြင်းတည်းဟူသော ခံစားချက်က လူကို အင်အားမရှိ ပျော့တော့နဲ့ခွေနေအောင် နှိပ်စက်ကြပြီး ရင်ထဲမှာတော့ မီးစနှင့် အထိုးခံရသလို ပူလောင်ပြင်းပြလှပါသည်။ ထိုပူလောင်မှုကြောင့်ပင် အင်အားမဲ့ရာမှ တစ်ဖန်အသက်ဝင်လာပြန်ကာ ဟိုပြေးဒီပြေး လျှောက်ပြေးနေချင်တော့သလို ခြေမကိုင်မိ လက်မကိုင်မိ ဂယောင်ချောက်ချား ဖြစ်ရပြန်သည်။ လူက အားမရှိသလို အိပ်ရာထဲခွေလှဲ အိပ်နေလိုက်၊ တစ်ဖန် ပြန်ထ,လာကာ ဂဏှာမငြိမ် ဖြစ်သွားလိုက်ဖြင့် ဆောက်တည်ရာလည်း မရနိုင်ပေ။

အရက်ဆို အနံ့ရရုံနှင့် ခေါင်းမူးလာတတ်သော၊ စီးကရက်အနံ့ရလျှင် အသက်အောင့်ထားတတ်သော၊ ဘယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်သာ ဘိယာသောက်ဖူးပြီး ထိုတစ်ကြိမ်မှာ တစ်ငုံသောက်ရုံနှင့် ခါးသက်လှသော အရသာကို မုန်းတီးလှကာ ပါးစပ်ထဲက အကြွင်းအကျန်ကို အမြန်ပြေးလွှားပလုတ်ကျင်းချပြီး ရင်ထဲမှလှောင်မဆုံး ရှိလှတာမို့ ရေအေးအေးတစ်ဘူးလောက် မော့ချပြီးမှ ပရှုပ်သကြားလုံးလေး ငုံထားခဲ့ရသော ...၊ ကာရာအိုကေဆိုင်ကမိန်းကလေးများကို နှခမ်းချင်းစာနာသနားငဲ့ညှာလှစွာ ကာရာအိုကေဆိုင့်ဆို မျက်စောင်းထိုး၍ပင် မကြည့်ခဲ့ဖူးသော၊ ကိုယ့်ခေါင်းကို တစ်မိမ်းမိန်းမကိုင်လျှင် ဘုန်းနိမ့်သည်ဟုအယူရှိကာ ဘယ် Beauty salon မှာမှ ခေါင်းသွားမလျှော်ဖူးသော ညီလေးခင်သည် သူ့ရဲ့ အသည်းကွဲမှုကို ဘယ်လိုအပျော်အပါးမျိုးဖြင့် ထွက်ပေါက်ရှာရမှန်း မသိရှာပေ။

နောက်ဆုံးတော့ ညီလေးခင်သည် မြတ်စွာဘုရားသခင်ကိုသာ သတိရကာ တစ်နေ့တစ်နေ့ ဘုရားခန်းထဲကမထွက်တော့ဘဲ ဘုရားရှိခိုးလိုက်၊ ဂါထာရွတ်လိုက်၊ ပုတီးစိပ်လိုက်ဖြင့်သာ အချိန်ကုန်တော့သည်။

ဒီလောက်နှင့် မကျေနပ်သေးသော ညီလေးခင်သည် နေ့တိုင်း ဥပုသ်စောင့်ကာ ညစာလည်း မစား။ အသားဆို လုံးဝမထိတော့ဘဲ သတ်သက်လွတ်စားခြင်းကလည်း မောင်နဲ့ ပြေလည်ဖို့ အဓိဋ္ဌာန်ကြောင့်သာပင်။ တစ်နေ့တစ်နေ့ တတွတ်တွတ်ဆုတောင်းလိုက်ရတာလည်း မြတ်စွာဘုရားသာ သက်ရှိထင်ရှားရှိသေးလျှင် နားငြီးလောက်ပြီ။



အစ်မနှစ်ယောက်သည် မျက်လွှာကလေး ချကာ ချကာဖြင့် ပါးစပ်ကလည်း အမြဲမပြတ်ရွတ်ဖတ်သရဇ္ဈာယ်နေတတ်သော ညီလေးခင်ကို ကြည့်ရင်း ကြည့်ရင်း တစ်စုံတစ်ရာအတွက် အစိုးရိမ်ကြီး စိုးရိမ်လာကြရပါသည်။

"ဘုန်းကြီးများ ဝတ်တော့မလို့လား မသိဘူးနော် ..."

"ဒုက္ခပါပဲဟယ် ... သူ့ကြည့်ရတာ ပုထုဇဉ်နဲ့တောင် မတူတော့သလိုပဲ ..."

"ဘာဖြစ်လို့လဲ မမကြီးရဲ့ ..."

"ပုထုဇဉ် အသည်းကွဲတာ ဒီလိုမှ မဟုတ်တာ ..."

"သူ့ကြည့်ရတာ ဘုန်းကြီးတစ်ပိုင်းပါပဲ၊ ဘုန်းကြီးတောင်မှ သူ့လို အချိန်ပြည့် ပုတီးစိပ်နိုင်၊ သတ်သက်လွတ် စားနိုင်၊ ရွတ်ဖတ်သရဇ္ဈာယ်နိုင်ပါ့မလား မသိဘူး ..."

"ဘာသာတရားကို လေးစားကိုင်းရှိုင်းတာကိုတော့ သဘောကျပါရဲ့ဟယ်၊ ဒါပေမယ့် ... ငါ့မောင်လေး ဒီအရွယ်လေးနဲ့ လူ့ဘောင်ကို အပြီးအပိုင် စွန့်ခွာသွားရင်တော့ ငါ ရင်ကျိုးရလိမ့်မယ် ..."

"ကျွန်မလည်း ဒီအတိုင်းပါပဲ မမကြီးရယ် ... အဟင့် ... အင့် ..."

www.burmeseclassic.com



"ငိုချင်နေရတဲ့အထဲ နင်က ငါ့ရှေ့ လာငိုနေရပြန်ပြီ ... အိ ... ဟင့် ..."

အစ်မနှစ်ယောက်မှာ ပြောရင်းက မျက်ရည်လေး တစမ်းစမ်းဖြစ်လာကြရပြန်သည်။ ညီလေးအတွက် သူတို့မှာ ကြံရာမရနိုင်ပေ။

ညီလေးခင်သည် မြို့ထဲရှိ သဇင်တိုင်နှင့် သစ်ခွစင်များမှ ပန်းများကို ကိုယ်တိုင်ခူးကာ ဘုရားပန်းလည်း မပြတ်ကပ်ရှာလေသည်။ ကိုယ်တိုင် ဆွမ်းချက်ကာ ဆွမ်းတော်လည်း ကပ်သည့်အပြင် ဆွမ်းခံကြွသည့် ဘုန်းကြီးများကိုပင် ဆွမ်းထွက်လောင်းလိုက်သေးသည်။

အစ်မတွေသည် ညီလေးရဲ့ အရိပ်အကဲကို စောင့်ကြည့် အကဲခတ်ကြရင်း စိုးရိမ်သထက် စိုးရိမ်လာမိသော တစ်နေ့တွင် ညီလေးရဲ့သဘောထားကို မေးမြန်းတီးခေါက်ကြလေသည်။

"ညီလေး ... နင် ဒီလိုပဲ နေတော့မှာလား"

"နင် ... စိတ်ဆင်းရဲနေသလား ညီလေး ..."

အစ်မနှစ်ယောက်ရဲ့ မေးခွန်းကို ကြားရခိုက်တွင် ညီလေးက မျက်လွှာချလျက် ငြိမ်သက်စွာ ဖြေသည်မှာ ...

"အရာရာဟာ ကံတရားအတိုင်းပါပဲ၊ လူတွေဟာ ကံစီမံရာအတိုင်း လက်ခံကြရတာပဲ ...၊ အတိတ်က ပြုခဲ့ဖူးတဲ့



အကုသိုလ်ကံ တစ်ခုခုကြောင့်သာ ဒီဘဝမှာ ရတာမလိုလိုတာမရတဲ့ ဆင်းရဲကို ခံစားကြရတယ်၊ တရားနဲ့ဖြေနိုင်ဖို့သာ ကြိုးစားနေပါတယ် ...၊ သံသရာဆိုတာ ရှိနေသရွေ့ ဒီသံသရာကြီးမှာ ကျင်လည်နေရတဲ့ လူတွေမှာလည်း ဒုက္ခဆိုတာကို မခံစားချင်ဘဲ ခံစားနေကြရဦးမှာပဲ ..."

"အံမယ်လေး ... သေချာပါပြီ၊ ဒီပုံအတိုင်းဆို မကြာခင် ဘုန်းကြီးဝတ်တော့မှာပဲ၊ သေချာတယ် ... သေချာပါတယ်"

ညီလေးရဲ့ စကားတွေအဆုံးမှာ ခင်သက်လယ်တို့ ညီအစ်မက တိတ်တဆိတ် ညည်းတွားလိုက်ကြပါသည်။

ညီလေးသည် အစ်မတွေရဲ့ စိတ်ပူပန်မှုကိုလည်း ဂရုမပြုနိုင်ပေ။ အချိန်ရှိသရွေ့ မောင့်ရဲ့ "မချစ်ဘူး ... လုံးဝ မချစ်နိုင်ဘူး" ဆိုသော အသံတွေကသာ သူ့အနားမှာ ပဲ့တင်ထပ်လွှမ်းတာမို့ ဘုရား တရားကိုသာ ကိုးစားဖြေဖျောက်နေရလေသည်။

မောင်က သူ့စိတ်ကို ပျော့ညံ့သည်ဟု ဆိုခဲ့သော်လည်း သူ ဘယ်လိုပြုပြင်ရမှန်းမသိချေ။ ဒီစိတ်နဲ့ ဒီကိုယ်ဟာ အသားကျခဲ့ပြီမို့ ဘယ်နေရာမှာ ဘာမှားနေသလဲဆိုတာ သူစဉ်းစားမရ၊ စဉ်းစားမရလေ ဘုရားကိုသာ ကိုးစား၍ အေးချမ်းမှုရှာရလေပင်။ သူ စိတ်ညစ်လာလျှင် ပုတီးတချောက်ချောက်သံက ပို၍ပို၍ စိပ်လာရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီလေးရဲ့ အစ်မတွေကတော့ ‘ဒီလိုနေလို့ မဖြစ်တော့ဘူး’ ဟု ဆုံးဖြတ်ချက်ချကြကာ ညီလေးခင် ပုံမှန်အတိုင်း ပြန်ဖြစ်လာဖို့ ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြလေသည်။

“သူ့ကြည့်ရတာ ဖြူဖျော့နုံးခွေလာသလိုပဲ မျက်ခြယ် ...”

“ဟုတ်တယ် ... ဒီလို မရွှင်မလန်းပုံမျိုးကိုလည်း မကြည့်ရက်ဘူး၊ ဘုန်းကြီးလည်း မဝတ်စေချင်ဘူး ...”

“ထမင်းလည်း သိပ်မစားတော့ လူက အားနည်းနေတာ သိပ်သိသာတာပဲ၊ နှုတ်ခမ်းလေးတွေတောင် ဖြူဖျော့နေတယ်၊ ငါ့မောင်လေးတော့ ဒုက္ခပါပဲဟယ် ...”

“ခုချိန်မှာတော့ သူ့အတွက် ဆေးတစ်မျိုးပဲ ရှိတော့တယ်”

“ဘာဆေးလဲ ...”

ညီအစ်မနှစ်ယောက်သားမှာ တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါပါ စူးစိုက်ကြည့်လိုက်ကြပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို အသံတိတ် ချမှတ်လိုက်ကြပါသည်။

***



(၂၃)

❖ ❖ ❖

“သုံးရာ့တစ် ... သုံးရာ့နှစ် ... သုံးရာ့သုံး ... သုံးရာ့လေး ... အား ... မောလိုက်တာ”

မောင်သည် လက်ဝှေ့ထိုးသော အိတ်ကြီးကို စိတ်လိုက်မာန်ပါ အဆက်မပြတ် ထိုးကြိတ်ရင်းက ချွေးပြိုက်ပြိုက်ကျလျက် ရှိလေသည်။

မောင်က ညီလေးခင်ကို သတိရလွမ်းဆွတ်လာတိုင်း လက်ဝှေ့အိတ်ကြီးကိုသာ သဲကြီးမဲကြီး ထိုးကြိတ်ရင်း စိတ်ကို ထွက်ပေါက်ပေးရသည်။ မောင် ဒီလို ထိုးကြိတ်နေတာ ညီလေးကို လွမ်းလို့ပါဟုဆိုလျှင် ဘယ်သူယုံနိုင်မလဲ ...။ မောင့်လွမ်းပုံက ကဗျာမဆန်ပေ။

မောင်သည် သူ့ကို နင့်နင့်နာနာ ပြောကာ ငြင်းပယ်လိုက်မိခြင်းအတွက် ကြေကွဲမဆုံးအောင် ရှိရသော်လည်း ငိုတော့

www.burmeseclassic.com



မငိုချင်။ မောင်က မောင့်အစ်ကိုတွေရဲ့ လေ့ကျင့်ပေးမှုကြောင့်ပင် မျက်ရည်မလွယ်သော စိတ်ဓာတ်ကြံ့ခိုင်သော မိန်းကလေးတစ်ယောက် ဖြစ်ခဲ့ရသည်။

မောင်သည် မောင့်ကို အားကိုးကာ ပျော့ညံ့လှသော ညီလေးခင်ရဲ့ စိတ်ဓာတ်ကို မနှစ်သက်လျှက်ကပင် သူ့နှလုံးသားကိုတော့ ချစ်ခင်စုံမက်နေမိပါသည်။

မောင် ငြင်းလိုက်ပြီးကတည်းက ပေါ်မလာတော့သော ညီလေးခင်ကို ဒေါသလည်း ဖြစ်မိသည်။ စိတ်ဓာတ်ကြံ့ကြံ့ခိုင်ခိုင်နဲ့ ထပ်ပြီးကြိုးစားရင် မောင်က သတ်ပစ်မှာမို့လို့လား။ သူ့ကိုက သတ္တိနည်းလွန်းတာ ဖြစ်သည်။

မောင်သည် ကိုယ့်စကားနှင့်ကိုယ်မို့ သူ့ကိုလည်း ကိုယ်က စ,မချော့လိုက်ချင်။ ညီလေးဟာ စ,ကတည်းက ပျော့ညံ့ချင်ရတဲ့အထဲ မောင်ကသာ ချော့လျှင် ရှိရင်းစွဲထက် ပိုပျော့ညံ့သွားဖို့သာ ရှိသည်။ ကျွံမိသည့် စကားကို ဘယ်လိုနှုတ်ရမှန်းမသိတာမို့ မောင်သည် ဘားကြပ်နံကြပ်ရိုက်၍ နေရပါသည်။

သူကတော့ မောင့်ကို ဘယ်လိုလွမ်းသည်မသိ၊ မောင်ကတော့ သူ့ကိုလွမ်းတိုင်း Hip Hop သီချင်းတွေ အကျယ်ကြီးဖွင့်ကာ လိုက်အော်ဆိုခြင်း၊ တစ်ယောက်တည်း ဘတ်စကက်ဘောကစားခြင်း၊ လက်ဝှေ့အိတ်ကြီးကို တဗုန်းဗုန်း ထုနက်ခြင်းတို့ဖြင့် စိတ်ကို ထွက်ပေါက်ပေးရသည်။



မောင်သည် သူ့ပျော့ညံ့ပုံကြီးကို သဘောမကျသော်လည်း သူ့ရဲ့ သည်းခံတတ်မှု၊ လိမ္မာယဉ်ကျေးမှုတွေကိုတော့ နှစ်သက်နေခဲ့သည်။ မောင့်မှာ မပြည့်စုံတဲ့အရာတွေသည် သူ့ထံမှာ ပြည့်စုံနေခဲ့တာဖြစ်သည်။ ယောကျ်ားနဲ့ မိန်းမ စုံမက်လိုအပ်ကြတာဟာ ကိုယ့်မှာမရှိသည့် အရာတွေကို သူ့ထံမှာ ရှာဖွေရင်း စိတ်ဝင်စားကြရာမှ အစပြုကြသည်ဟု မောင်ထင်သည်။ လူဆိုတာ ကိုယ်မစွမ်းနိုင်သည့် အရာတွေကို စွမ်းဆောင်နိုင်သူကို အထင်ကြီးကိုးစားမြဲဖြစ်ပါသည်။ သူနဲ့ကိုယ် နှစ်ယောက်ပေါင်း၍ ပြည့်စုံမှုတစ်ခု ဖြစ်လာဖို့ကို မျှော်လင့်ကြမြဲဖြစ်သည်။ အဲဒါဟာ ချစ်သူတစ်ဦးချင်းစီမှာ ရှိကြသော သဘာဝကျသည့် အတ္တလည်းဖြစ်သည်။

မောင်သည် ညီလေးကို ကဗျာမဆန်သော နည်းလမ်းများဖြင့် လွမ်းဆွတ်နေမိဆဲ တစ်နေ့တွင် ညီလေးရဲ့ အစ်မနှစ်ယောက်က မောင်တို့အိမ်သို့ ရောက်ရှိလာခဲ့လေသည်။

ထိုနေ့က မောင်က လက်ဝှေ့ထိုးနေခဲ့တာ ဖြစ်ပြီး ပြတင်းပေါက်မှတစ်ဆင့် သူတို့ဝင်လာတာကို လှမ်းမြင်လိုက်ရတာဖြစ်သည်။ မောင်သည် ရင်ထဲ ထိတ်ခနဲခုန်ကာ လက်ဝှေ့ထိုးနေတာကို ရပ်ပစ်လိုက်တာမို့ လက်ဝှေ့အိတ်က မောင့်မျက်နှာကို ဘုန်းခနဲ လွှဲရိုက်ကာ မောင် လဲကျသွားသည်။ မောင်က အသား

www.burmeseclassic.com

www.burmeseclassic.com



နာတာကို ဂရုမစိုက်နိုင်အားဘဲ အမြန်ကြုံးထကာ အိမ်ရှေ့သို့ ပြေးထွက်လာဖြီး ကြိုဆိုလိုက်သည်။

"အစ်မတို့ပါလား ... ဘယ်က လှည့်လာကြတာလဲ ... လာပါ ... လာပါ"

မောင်က အိမ်ရှင်ပီပီ ဝတ္တရားမပျက် ကြိုဆိုလိုက်သော်လည်း သူတို့ကဘာမှပြန်မပြောဘဲ မရယ်မပြုံးမျက်နှာထားကြီးဖြင့် မောင့်ကို ခပ်ရွံ့ရွံ့တွန့်တွန့် စိုက်ကြည့်နေကြလေသည်။ ထိုအခါကျမှ မောင်က ကိုယ့်ရုပ်ရည်ကို ဖြုန်းခနဲ သတိရသွားသည်။ ဆံပင်ခပ်တိုတိုကို ခေါင်းပတ်အဖြူကလေးပတ်လျက် ချွေးတွေရွှဲနစ်နေကာ ရွှပ်ကျယ်သာသာအကျီ အားကစားဘောင်းဘီနှင့် လက်မှာလည်း လက်ဖဲ့ထိုးသည့် လက်အိတ်ကို စွပ်ထားသေးတာမို့ မောင့်ပုံစံက အပျိုကြီးတွေ မျက်စိထဲမှာ ဘဝင်မကျစရာ ဖြစ်နေပေမည်။ မောင်က အရှက်ပြေ တစ်ချက်ရယ်ရင်း ...

"အဟဲ ... ဒီလိုပုံကြီးနဲ့ ကြိုရတာ အားတော့နာပါတယ် မောင်က ရေချိုးခါနီး သွေးပူလေ့ကျင့်ခန်း လုပ်နေတာပါ"

"အမြဲ ဒီလိုပဲ လုပ်သလား ..."

"ဟုတ်ကဲ့ ... လုပ်ဖြစ်ပါတယ် ..."

အကြီးမကြီးက နှုတ်ခမ်းကို သီသာသာကြီး မဲ့ပစ်လိုက်ပြီး ...



"ညည်းနယ်အေ ... မိန်းကလေးဖြစ်ပြီး ဒါမျိုးတွေ လုပ်ရတယ်လို့ ... လန့်စရာ"

"ဟင် ... လန့်စရာ ..."

"အေးလေ ... လန့်စရာပေါ့၊ မိန်းမကြီးက လက်ဖဲ့ထိုးနေတဲ့ ဥစ္စာ"

"အစ်ကိုတွေလုပ်တာ လိုက်လုပ်ရင်း အကျင့်ဖြစ်သွားတာပါ"

"အကျင့်ဖြစ်သွားလည်း ဆက်မလုပ်ဖြစ်အောင် အစ်ကိုတွေက တားမြစ်ရမှာပေါ့၊ ငါပြောတာ မဟုတ်ဘူးလား မျက်ခြယ်ရယ် ..."

"ဟုတ်တာပေါ့ မမကြီးရယ် ..."

မောင်သည် သိပ်လည်း မရင်းနှီးဘဲ ဆရာလာလုပ်နေသော ညီလေးရဲ့ အစ်မတွေကို အထူးအဆန်းသဖွယ် ကြည့်နေမိဆဲ သူတို့ညီအစ်မချင်းက အသံကိုနှိမ့်ကာ ခပ်တိုးတိုး ပြောလိုက်ကြသည်။

"ဒီပုံမျိုးများ ကြိုက်ရတယ်လို့ဟယ် ... မိန်းကလေးပါဆိုတာ ကြိမ်တွယ်ပြောရမယ့်အဖြစ် ..."

ခပ်တိုးတိုးဆိုပေမယ့် မောင်ကတော့ ကြားပါသည်။ ထိုခဏမှာ မောင့်အစ်ကိုနှစ်ယောက်က အပြင်မှ ပြန်ရောက်လာကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မောင် ... ဘယ်က ညှော်သည်တွေ ရောက်နေတာလဲ ..."

"ဟယ် ... ကြည့်စမ်း ... မိန်းကလေးကို ခေါ်ပုံက မောင်တဲ့၊ တစ်စက်မှ ယဉ်ကျေးသမှုမရှိဘူး ... အံ့ပါရဲ့ ..."

သူတို့ချင်း ခပ်တိုးတိုးပြောနေဆဲ ကိုမိုးတို့က သူတို့ရှေ့မှာ ရပ်လိုက်တာမို့ မောင်က စိတ်ညစ်ညစ်နှင့်ပင် မိတ်ဆက်ပေးလိုက်ရပါသည်။

"ကိုမိုး ... ကိုရိုး ... ဒါ ... ညီလေးခင်ရဲ့ အစ်မတွေပါ၊ အစ်မ ... ဒါ ... မောင့် အစ်ကိုတွေပါ"

မောင့်အစ်ကိုတွေသည် ညီလေးအစ်မတွေရဲ့ မျက်နှာကြော တင်းတင်းကို ကြည့်ကာ မျက်နှာတွေက မချိုမချဉ် ဖြစ်သွားကြတာမို့ ဘာတွေများ ဗရုတ်ကျတော့မလဲဟု တွေးကာ မောင် ရင်ထိတ်လာသည်။ ကြည့်ရတာ အခြေအနေမကောင်း။

"အစ်မကြီးတို့ ခုလို တကူးတကလာရတာ ဘာကိစ္စများပါလိမ့် ..."

"ကိစ္စကို မပြောခင် တစ်ခုတော့ မေးပါရစေ ... မင်းတို့နှမကလေးကို မင်းတို့က ဘာဖြစ်လို့ မောင်လို့ ခေါ်ကြတာလဲ ..."

"သြော် ... ဒါလား၊ ကျွန်တော့် ညီမလေးက အစ်မကြီးတို့မြင်တဲ့အတိုင်းပဲလေ ...၊ မိန်းမဆိုပေမယ့် ပျော့ပျော့နွဲ့နွဲ့မှ မဟုတ်တာ၊ သူက စိတ်ဓာတ်ခိုင်ခိုင်မာမာ ကျားကျားလျားလျားနဲ့ အမြဲ ဒီလိုပုံစံပဲ၊ တချို့ အားနွဲ့တဲ့ ယောကျ်ားတွေနဲ့ မယှဉ်သာလောက်အောင် သတ္တိလည်းရှိသေးတယ်၊ ဒါကြောင့် ကျွန်တော်တို့က သူ့ကို ယောကျ်ားလေးစာရင်းထဲ သွင်းပြီး မောင်လို့ပဲ ခေါ်တယ် ..."

"မိန်းမဆိုတာ မိန်းမပီပီပုံမျိုးပဲ ဖြစ်ရမှာပေါ့"

"ဒါပေါ့ ... ဒါပေါ့ ... ယောကျ်ားဆိုတာလည်း ယောကျ်ားပီပီပုံမျိုး၊ ယောကျ်ားပီပီ စိတ်ဓာတ်မျိုးပဲ ဖြစ်သင့်တာပေါ့၊ ဒါနဲ့ အစ်မကြီးတို့ အခုလာတဲ့ကိစ္စက ကျွန်တော်တို့ ညီမလေးကို ကျွန်တော်တို့ မောင်ခေါ်တဲ့ကိစ္စနဲ့ ဘာများသက် ဆိုင်နေပါသလဲ ..."

"အဟာမ်း ... ဒါကတော့ မင်းတို့ အခေါ်အဝေါ်ကြီးက နားထဲမှာ ထောက်လွန်းလို့ ပြောရတာပါ"

"ကလော်မလား ခင်ဗျ ..."

"ဘာ ..."

"သြော် ... နားထဲမှာ တစ်ခုခုထောက်နေတယ်လို့များ ကြားလိုက်မိသလားလို့ နားကလော်မလား မေးတာပါ"

"မလိုပါဘူး ...၊ ဒါနဲ့ နေစမ်းပါဦး ... မင်းတို့ ညီမက အခုလိုပဲ အမြဲ လက်ဗွေ့ထိုးသလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ထိုးတယ်လေ ... ဘာဖြစ်လို့လဲ၊ အစ်မကြီးတို့ကိုများ
ထိုးမိုလိုက်သလား"

"မထိုးမိပါဘူး၊ ငါတို့က အမြင်မတော်လွန်းလို့ ပြော
ပါ"

"မိန်းကလေးက ယောကျ်ားလေးလို ကစားတာ
ယောကျ်ားဖြစ်ပြီး နွဲ့တဲ့တဲ့ဖြစ်နေတာနဲ့စာရင် အများ
တော်တာမို့လို့ ဒီအတိုင်း လွှတ်ထားရတာပါ ခင်ဗျာ"

"မင်းတို့ စကားကို ဆင်ခြင်ပြောစမ်းပါ ..."

"ပြောမိတဲ့အထဲမှာ ဘာများ အမှားပါသွားလို့လဲ ခင်

"ငါနော် ... ငါ တော်တော် ဒေါသဖြစ်လာပြီ မျက်
ဒီလို ဗရုတ်သုတ်ခတွေနဲ့ စကားဆက်မပြောရင်
မယ်"

ညီလေးခင်ရဲ့ အစ်မကြီးက လှည့်ပြန်မည်ပြု
အစ်မငယ်က ဖွတ်အတင်း ပြန်ဆွဲထားသည်။

"သည်းခံလိုက်ပါ မမကြီးရဲ့၊ ညီလေးကိစ္စ အဆင်
သာ အရေးကြီးပါတယ်၊ ညီလေးကိစ္စကိုသာ ပြော

"သူတို့က ငါ့မောင်လေးကို စောင်းမြောင်းပြောနေကြ
ဟဲ့၊ ငါ သည်းမခံနိုင်ဘူး"

"ကဲပါ ... မမကြီးရယ်၊ မျက်ခြယ် တောင်းပန်ပါ
လာရင်းကိစ္စကိုသာ ပြောကြည့်ပါ"



မမကြီးမှာ လှည့်ပြန်ဖို့ရာ ခြေလှမ်းပြင်ပြီးမှ ညီလေးရဲ့ မျက်နှာငယ်လေးကို ပြေးမြင်ယောင်ကာ အားတင်းလိုက်ရင်း မောင့်အစ်ကိုတွေဘက်သို့ လှည့်ရင်ဆိုင်လိုက်ပါသည်။

"ဒီမှာ ... မင်းတို့ ညီမကို ငါတို့နဲ့ ခဏထည့်လိုက်ပါ ..."

"ခင်ဗျာ ... ဘာလုပ်ဖို့လဲ ခင်ဗျ ..."

"အိမ်ခဏခေါ်သွားမလို့ ..."

"ဘာကိစ္စလဲ မသိဘူး ..."

"ငါ့မောင်လေး နေသိပ်မကောင်းလို့ ..."

"ဟာ ... အစ်မကြီးတို့ အမှတ်မှားနေပြီ ထင်တယ်၊ ငမောင်က ဆရာဝန်မဟုတ်ဘူး ခင်ဗျ ..."

"ဆရာဝန်မဟုတ်မှန်း သိတယ်၊ ဒါပေမယ့် သူ ခဏလိုက်တွေ့ပြီး အားပေးနှစ်သိမ့်ရင် ငါ့မောင်လေး နေကောင်းနိုင်မယ် ထင်လို့ ..."

"ဟာ ... မထင်နဲ့ ... မထင်နဲ့၊ အစ်မကြီး ဒီလိုထင်ရင် မှားသွားမယ်၊ ငမောင်က စကားပြောရင် နည်းနည်းမှ နူးညံ့ညင်သာတာ မဟုတ်ဘူး၊ လူနာက သူ့အသံကြားမှ အသက်ထွက်သွားပါဦးမယ် ခင်ဗျာ ..."

မောင်သည် အစ်ကိုတွေရဲ့ ဗရုတ်ကျမှုကို တားမြစ်ချင်သော်လည်း မတားရဲ။ မောင်တားမှ ပိုဆိုးမှာကို ကြောက်ရလေသည်။ မောင်ကတော့ ညီလေး နေမကောင်းဘူးဟူသော

www.burmeseclassic.com

www.burmeseclassic.com



စကားကို ကြားကတည်းကပင် ညီလေးအစ်မတွေ ဘယ်လော သဘောဆိုးဆိုး ညီလေးဆီ အပြေးလိုက်သွားလိုက်ချင်ပြီ။

"ဟော့ ... ဒီမှာ၊ မင်းတို့ မသိလို့ ပြောနေတာလား၊ ချင်ယောင်ဆောင်ပြီး ပြောနေတာလား"

"ဘာကိုလဲ ခင်ဗျာ ..."

"အေး ... မင်းတို့က တကယ်မသိဘူးဆိုတော့လည်း ငါ ,က ရှင်းရှင်းပဲ ပြောရတော့မှာပေါ့၊ ငါတို့ မောင်က တို့ ညီမကို သနားစရာကောင်းလောက်အောင် ကြိုက် ရာတယ်လေ၊ မင်းညီမ စိတ်နဲ့ မစားနိုင် မအိပ်နိုင် တရားတွေကျပြီး ဘုန်းကြီးတောင် ဝတ်တော့မယ့် အ အနေမှာ ရှိတယ်လေ"

"ဟာ ... ဒါဆို ကျွန်တော်တို့ ပစ္စည်းလေးပါး ဒါယ ခံလိုက်မယ်"

"အဲဒါကြောင့် မင်းညီမအနေနဲ့ ခဏတစ်ဖြုတ် လိုက် ဖျောင်းဖျပေးဖို့ မေတ္တာရပ်ခံတယ်ဟေ့ ..."

"အစ်မကြီးက မေတ္တာရပ်ခံတယ်သာဆိုတယ် အသ အပေါ်စီးက ဖြစ်နေတယ်"

"မင်းတို့ ထည့်လိုက်မလား ... မထည့်ဘူးလားဆိုတာ ပြောပါ၊ ငါတို့ဘက်က ဒီလောက်ပြောနေရတာ လွန်လှ



"သေချာတာပေါ့ ... လွန်တာကတော့ တော်တော်လွန်နေပြီ၊ ကျွန်တော့် ညီမကိုလည်း ခေါ်ချင်သေး၊ အပေါ်စီးကနေလည်း အမိန့်ပေးချင်သေး ..."

"ဒါကတော့ မင်းတို့ကမှ အချိုးမပြေဘဲ"

"ကိုမိုး ... တော်ပါတော့ ..."

"နှင်အသာနေ ... လူကြီးတွေကြား ဝင်မပါနဲ့၊ သွား ... သွား အိမ်ထဲဝင်နေ ..."

မောင်က ဝင်ရောက်ဟန့်တားသော်လည်း မအောင် င်ချေ။ ကျောင်းတုန်းကတည်းက ကိုမိုးတို့ဟာ သူတို့ မျက်စိထဲ ချိုးမပြေလှဘဲ အလွန်မောက်မာသော မိန်းမများကို စကားအရာ င့် ဖြစ်စေ ... တစ်နည်းနည်းဖြင့် ချောက်ချလို့ဖြစ်စေ နှိပ်ကွပ် တ်စမြဲမို့ ညီလေး အစ်မတွေ နှိပ်ကွပ်ခံရမှာကို မောင်က မြင်နေရပါသည်။

"ဒါနဲ့ ... ခင်ဗျားတို့ ညီမလေး ... အဲ ... မောင်လေးက တော်တော်ပဲ အခြေအနေဆိုးလား"

"တော်ရုံလောက်နဲ့တော့ ငါတို့က မင်းတို့ဆီမှာ ဒီလောက် ခခယယ လာပြောမနေပါဘူး ..."

"သြော် ... သြော် ... ဒီလိုလား၊ အားတော့နာပါတယ် ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့က ကျွန်တော်တို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို ယောကျ်ားသနှာ ရှိတဲ့ အိမ်ကို တစ်ယောက်တည်း မထည့်လိုက်ချင်ပါဘူး"

"မင်းတို့ညီမက ဒီလောက် ကျားကျားလျားလျားဖြစ်နေတာ ဘာကြောက်စရာရှိသလဲ ..."

"အစ်မကြီးတို့ပဲ ခုနက ပြောတော့ မိန်းမဆိုတာ မိန်းမပီပီပုံမျိုးပဲ ဖြစ်ရမယ်ဆို၊ ကျွန်တော်တို့က အစ်မကြီးတို့စကားကို ချက်ချင်းလက်ငင်း နားထောင်လိုက်တာပါ၊ အစ်မကြီးတို့ အကြံပြုတဲ့အတိုင်း လိုက်နာပြီး မိန်းကလေးကို မိန်းကလေးလို အုပ်ထိန်းလိုက်တာပါ"

"မင်းတို့ တမင်သက်သက် ကပ်သပ်ပြောနေတာပဲ၊ ဒီမှာ ဟေ့ ... မင်းတို့ ဘာလိုချင်သလဲ ပြော၊ တို့က တို့မောင်လေး စိတ်ချမ်းသာဖို့ဆိုရင် စည်းစိမ်ကို ပုံအောပေးရရင်တောင် ပုံအောပေးနိုင်တယ်"

"ဪ ... အစ်မကြီးတို့က တော်တော်ချမ်းသာတယ် ထင်တယ်၊ အင်း ... ထင်တော့ ထင်ပါတယ်လေ ... ဥပမိတွေ ကြည့်ကတည်းက သိသာပါတယ်"

ညီလေးရဲ့ အစ်မနှစ်ယောက်မှာ မျက်နှာကို ပင့်ဆီ ကာ ငြိမ်သက်သွားကြတာမို့ မောင် ရယ်ချင်သွားသည်။

"သိပ်ချမ်းသာတော့လည်း ဘာပေးရ ပေးရ အပန်းမကြီး ပေါ့နော် ... ကိုရိုး ..."



"သေချာတာပေါ့ ... ကိုမိုးရ"

"မဆိုးဘူးကွ ... လူမမာ တစ်ခါမေးရုံနဲ့ ဘာပေးရပေးရ ဆိုတာ ..."

"အများကြီးတော့ မတောင်းတော့ပါဘူး၊ အစ်မကြီးတို့ နှစ်ယောက် ဝတ်ထားတဲ့ စိန်တစ်ဆင်စာစီ ချွတ်ပေးခဲ့ရင် ကျေနပ်ပါပြီ ..."

အစ်မနှစ်ယောက်မှာ ကိုယ့်စကားနှင့် ကိုယ်မိကာ ဆက်ပြောရမှန်း မသိဘဲ အိုးအိုးအအ ဖြစ်သွားကြပါသည်။ ထိုခန္ဓာကိုယ်က စိန်တွေဟာ သိန်းရာချီပြီးတန်မည်ပင်။ ပါးကို ဝင်းရောင်စေသော စိန်နားကပ်ကတင် ဆယ်သိန်းထက် မနည်း။ လက်သန်းလောက်နီးနီး ရွှေဆွဲကြိုးမှာ တပ်ဝတ်ထားသော စိန်ပြီးကြီးကပင် သိန်း၂၀ အထက် ရှိမည်ဖြစ်ကာ စိန် လက်ကောက်၊ လက်စွပ်တွေ နှစ်ယောက်စာ ပေါင်းလိုက်လျှင် သိန်းတစ်ရာရဲ့ အထက်မှာသာ ရှိနေပါသည်။ ပြောတုန်းကတော့ ဘာရယ်မဟုတ် ငွေကြေးရေးကို ဂရုမစိုက်ပါဘူးဆိုသည့် ပုံနှင့် ကိုယ့်ရဲ့ငွေကြေး ချမ်းသာမှုကို ကြွားဝါမောက်မာလိုက်တာပင်။ တစ်ဖက်ကလည်း ဒီလို ပြောလာလိမ့်မယ်လို့ မထင်။ ခုတော့ ထိုနှစ်ယောက်က ခပ် တည်တည် တောင်းဆိုနေလေပြီ။

"ကျွန်တော်တို့က ဒီလောက်နဲ့ပဲ ရောင့်ရဲတတ်ပါတယ် ခင်ဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



"အို … ဒါကတော့"

"ဘာများ အခက်အခဲရှိလို့လဲ ခင်ဗျာ …"

"မင်းတို့ ဘယ်လိုလူတွေလဲဟင်၊ ဒါလေး အကူအညီတောင်းမိတာနဲ့ ဒီလောက်တောင်းဆိုရဲကြသလား …"

"ဪ … အစ်မကြီးပဲ စကားခေါ်ခဲ့တာလေ"

"တော်ပြီ … တော်ပြီ၊ မင်းတို့လို ဇရှတ်သုတ်ခတွေနဲ့ စကားမပြောချင်ဘူး၊ ညီးလေးနှယ် … ဘယ့်နှယ်ကြောင့် ဒီလို အချိုးမပြေတဲ့သူတွေနဲ့ လာပတ်သက်မိသလဲ မသိပါဘူး၊ ငါ့မောင်လေး ကံနိမ့်နေတာယ် ထင်တယ်၊ ယတြာချေပေးလိုက်တာကမှ ပိုကောင်းဦးမယ်"

"ဒါဆိုလည်း အစ်မကြီးတို့ သဘောပါ၊ အစ်မကြီးတို့ ပြန်ရင် မောင့်ကို မထည့်နိုင်ပေမယ့် ညီလေးခင်အတွက် ပစ္စည်းတစ်ခုတော့ လူကြုံပါးလိုက်ချင်ပါတယ်"

"ဘာပစ္စည်းလဲ …"

အစ်မနှစ်ယောက်မှာ သိချင်စိတ်ဖြင့် အားစိုက်ကာ မျက်လုံးတွေ ပြူးလာသည်။

"ညီလေးခင်ရဲ့ ဝေဒနာကို အကြွင်းမဲ့သက်သာသွားစေမယ့် ပစ္စည်းပါ၊ ဒါပေမယ့် အဲ့ဒီပစ္စည်းကို ညီလေးခင်ကလွဲရင် ဘယ်သူမှ ကြည့်လို့မရဘူး၊ အစ်မကြီးတို့ လုံးဝဖွင့်မကြည့်ဘဲ ယူသွားပေးပါ၊ ညီလေးခင်လက်ထဲကို သေသေချာချာ ထည့်ပေးပါ"



"ကောင်းပြီလေ … ပေးလိုက်ပေါ့"

ခင်သက်လယ်က မျက်နှာ ခပ်တင်းတင်းဖြင့်ပင် သူတို့ပေးလိုက်မည့် ပစ္စည်းကို လုံးဝမသိချင်သည့်ပုံမျိုးဖမ်းကာ ပြောလိုက်ရင်း … ဟာတော့ ဘာများပါလိမ့်ဆိုတာ သိချင်စိတ် စောနေသည်။

မောင်ကတော့ ကိုမိုးတို့ ဘာတွေ မဟုတ်တရုတ် လုပ်မလို့လဲဟု တွေးကာ ရင်ကိတ်နေဆဲ ကိုမိုးက အိမ်ထဲလှည့်ဝင်သွားသည်။ ခဏနေတော့ အထုပ်ကလေးတစ်ထုပ်ကို ရိုရိုသေသေ ကိုင်လျက် ပြန်ထွက်လာကာ …

"ဒီမှာပါခင်ဗျ … ကျေးဇူးပြုပြီး အစ်မကြီးတို့ အရင်ဖွင့် မကြည့်ပါဘူးလို့တော့ ကတိပေးသွားပါ"

"ပေးတယ်ဟော့ … ပေးတယ်"


ခင်သက်လယ်က အထုပ်ကို ခပ်မြန်မြန်ပင် လှမ်းယူလိုက်ပြီး ညီမဖြစ်သူ၏ လက်ကိုဆွဲကာ ကိုမိုးတို့ရှေ့မှ အမြန်ဆုံး ထွက်ခွာလာခဲ့ပါသည်။

***

www.burmeseclassic.com

www.burmeseclassic.com







❖ ❖ ❖

"ရပ် ... ရပ် ... အဲဒီရှေ့နားမှာ ကားခဏရပ်လိုက် ..."

လက်ထဲကအထုပ်ကို ငုံ့တကြည့်ကြည့်နှင့် လိုက်ပါလာခဲ့သော ခင်သက်လယ်သည် သိချင်စိတ်ကို မအောင့်အည်းနိုင်တော့သည့် အဆုံးတွင် ကားမောင်းနေသော ညီမဖြစ်သူကို ကားရပ်ဖို့ ပြောလိုက်ပါသည်။ ခင်မျက်ခြယ်ကလည်း ကားရပ်လိုက်ပြီး မြွေမြွေချင်း ခြေမြင်ဆွာပင် ...

"မမကြီး ... ဟိုအထုပ်ကို ဖွင့်ကြည့်မလို့ မဟုတ်လား၊ မျက်ခြယ်လည်း မမကြီး မပြောခင်ကတည်းက တစ်နေရာမှာ ကားရပ်ပြီး ဖွင့်ကြည့်မယ် စိတ်ကူးနေတာ"

"အေးပါ ... ငါသိပါတယ်၊ ဒါကြောင့် နင်ပါကြည့်ရအောင် ကားရပ်ခိုင်းလိုက်တာ ..."

"ဘာများလဲ မသိဘူးနော်၊ ကတိပေးခဲ့တာဆိုတော့ ဖွင့်ကြည့်လို့ ကောင်းပါ့မလား မသိဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှန်း ညာမှန်း မသိဘဲ ညီလေးလက်ထဲကို ထည့်လို့ ဖြစ်မလားဟယ်၊ ကိုယ်က အရင်ဖွင့်ကြည့်ပြီးမှ ညီလေး လက်ထဲ ထည့်သင့်မထည့်သင့် ဆုံးဖြတ်ရမှာပေါ့၊ သူတို့က ဗရုတ်သုတ်ခတွေလေ ... သူကိုပြောတိုင်း ယုံရတာမှ မဟုတ်တာ"

"အင်းလေ ... ဒါလည်းဟုတ်တာပါပဲ"

ခင်သက်လယ်က အထုပ်ကို ပတ်ထားသည့် စက္ကူတွေကို ခပ်သွက်သွက် ခွာလိုက်ပါသည်။

စက္ကူတွေ ကွာသွားတော့ လေးထောင့်သေတ္တာပုံး သေးသေးလေး ပေါ်လာလေသည်။ ခင်သက်လယ်သည် သိချင်စိတ် ပြင်းပြစွာဖြင့် ထိုသေတ္တာသေးသေးလေးကို ခပ်သွက်သွက် ဖွင့်လိုက်ရာ ...

"ဟိ ဟိ ... ဟိ ... ဟား ... ဟား"

"အမလေး ..."

"ဟိဟိဟိ ... ဟားဟား"

သေတ္တာလေးမှာ အချင်းချင်း နောက်ပြောင်သည့် ပစ္စည်းလေးဖြစ်ပြီး ထိုသေတ္တာထဲမှ စပရိန်တွန်းအားဖြင့် သရဲလိုလို ပြူးပြဲပြဲ ပြောင်စပ်စပ် အရုပ်ကလေးက ခင်သက်လယ်ရဲ့ မျက်နှာ ရှေ့သို့ လွှတ်ခနဲ တွန်းကန်ထွက်လာပြီး လှောင်ပြောင်သော ရယ်မောသံက အဆက်မပြတ် ထွက်နေတော့သည်။



ခင်သက်လယ်မှာရုတ်တရက် အငိုက်မိကာ လန့်ဖျတ် သွားပြီးမှ ရင်ဘတ်ကိုဖိမိကာ ဒေါသစိတ်က တလိပ်လိပ် တက်လာ သည်။

"ကြည့်စမ်း ... ကြည့်စမ်း ... အယုတ်တမာကောင်လေးတွေ၊ ငါတို့ကို ဒီလို စ,စရာလားဟင် ..."

"ဟိဟိဟိ ... ဟား ... ဟား ..."

"ဟဲ့ ... ရယ်သံကြီးက ထွက်နေတုန်းပဲ၊ နားငြီးလိုက်တာ၊ လွှင့်ပစ်လိုက်စမ်း"

"သေတ္တာပြန်ပိတ်လိုက်ရင် အသံပျောက်ပါတယ် မမကြီးရဲ့၊ ဟင် ... ဒီမှာ စာရွက်လေး တစ်ရွက် ..."

"ပြစမ်း ..."

ခင်သက်လယ်က အမြန်ဆွဲယူပြီး ဖြန့်ဖတ်လိုက် ရာ ...

**မကြီးမငယ်နဲ့ သိပ်စပ်စုကြတာပဲ၊ ရှက်လည်းမရှက်ဘူး ...**

"ကြည့်စမ်း ... ကြည့်စမ်း ... ဒါမျိုး နောက်စရာလားဟင်၊ ဒါ ငါတို့ကို တမင်သက်သက် သရော်မော်ကား လုပ်လိုက် တာ ..."

မမကြီးမှာ စာရွက်ကို ဆွဲဆုတ်လွှင့်ပစ်လိုက်ရင်း ဒေါသဖြင့် ဆတ်ဆတ်တုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကားကို ပြန်လှည့်စမ်း မျက်ခြယ် ... ဒီကောင်တွေ ဒီအတိုင်း လွှတ်ထားလို့တော့ မဖြစ်ဘူး၊ ခေါင်းမဖော်နိုင်အောင် ပြောလိုက် ဆိုလိုက်ရမှ ကျေနပ်နိုင်မယ်"

"သတိထားပါဦး မမကြီးရယ်၊ ဒီကိစ္စက ပြောင်ထုတ်ပြောရင် မျက်ခြယ်တို့ပဲ သိက္ခာကျဦးမှာ၊ မျက်ခြယ်တို့ဘာ နိုးဖွင့်ကြည့်ထားတာလေ ... မမကြီး သွားရန်တွေ့တော့ စပ်စုတာတွေ ဘူးပေါ်သလိုပေါ်ပြီး အဟားခံရမှာ၊ အသာလေး မသိချင်ယောင်ဆောင်နေလိုက်မှ ဖြစ်မှာလေ ..."

ညီမဖြစ်သူက သတိပေးတော့မှ ခင်သက်လယ်မှာ အောင့်သက်သက်နှင့်ပင် ဒေါသကို မျိုချရကာ ...

"မဖြစ်ဘူး ... မဖြစ်ဘူး၊ ဒီလိုဟာမျိုးတွေနဲ့တော့ အမျိုးတော်လို့ မဖြစ်ပါဘူး ..."

ဟု ကယောင်ကတမ်း ရေရွတ်နေလေသည်။

❋❋❋



❖ ❖ ❖

"ကိုမိုး ... မင်း ဘာပေးလိုက်တာလဲ ..."

"ဟိုသေတ္တာလေးကွာ ... Fancy ဆိုင်က ဝယ်လာတာ အဖုံးဖွင့်ရင် သရဲရုပ်ကလေးထွက်ပြီး ရယ်တဲ့ဟာ"

"မင်းဥစ္စာကို ညီလေးခင်က ဘာလုပ်ရမှာလဲ ... နောက်တာလား ..."

"ကိုရိုးရာ ... မင်း ငါ့ညီဖြစ်ပြီး မတုံးနဲ့လေကွာ၊ အဲဒီသေတ္တာကို ညီလေးခင်တောင် ဖွင့်ခွင့်ရမှာမဟုတ်ဘူး၊ ဟို မမကြီးတွေက အရင်ဖွင့်ကြည့်ကြမှာ၊ သူတို့ကို မဖွင့်ဖို့ ကတိတောင်းနေတဲ့ အချိန်ကတည်းက သူတို့မျက်လုံးကြီးတွေက စပ်စုစိတ်နဲ့ လက်လက်ဖြာနေတာ ငါသိသားပဲ၊ မဖွင့်ဖို့ လေးလေးနက်နက် ကတိတောင်းတာဟာ ဖွင့်ကြည့်ဖို့ တိုက်တွန်းတာထက် ပိုပြီးထိရောက်တယ်ကွ၊ ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



တောင် သူတို့မောင်အပေါ် လွှမ်းမိုးချုပ်ကိုင် ချယ်လှယ်ချင်တဲ့ အစ်မတွေက သူတို့မောင်ရဲ့ လက်ထဲကို ငါတို့ပစ္စည်းကို အလွယ်တကူ ထည့်ပါ့မလား၊ ငါက သူတို့ရင်ကို တည့်တည့် ထိမှန်စေမယ့် စာကလေးတစ်ကြောင်းလောက် ရေးထည့် ပေးလိုက်သေးတာ၊ ခုလောက်ဆို ဆွေ့ဆွေ့ခုန်နေပြီ ဘယ်လောက် ဆွေ့ဆွေ့ခုန်ခုန် ငါတို့ကိုလည်း လာရန် မတွေ့ရဲ၊ သူတို့စိတ်နဲ့သူတို့ ဒုက္ခရောက်နေကြပြီ၊ ဟား … ဟား … ငါတို့ကို ဒီလိုအပေါ်စီးကနေ သဟောက်သတာ လာလုပ်လို့တော့ ရမလားကွာ"

ကိုမိုးတို့နှစ်ယောက် ဟားတိုက်ရယ်မောနေကြချိန် တွင် မောင်က အသာလေး လစ်ထွက်လာခဲ့မိလေသည်။

မောင် ညီလေးကို တွေ့ချင်လှပြီ … ညီလေးအတွက် စိတ်ပူလှပြီ။ ပြီးတော့ ဒီလောက်ပျော့ညံ့ရမလားဟုလည်း ညီလေး ကို ရန်တွေ့လိုက်ချင်သည်။ မောင်သည် ညီလေးကို စိတ်တိုသည့် ကြားက ကရုဏာသက်နေပြီး ချော့မော့ချင်သည့် ကြားကပင် ဒေါသတကြီး အော်ဟစ်ရန်တွေ့ပစ်လိုက်ချင်သည်။

မောင်သည် တက္ကစီငှားကာ ညီလေးတို့ အိမ်ရှေ့သို့ ရောက်လာခဲ့လေသည်။ ညီလေးရဲ့ အစ်မတွေလည်း ရောက်မလာ ကြသေးပုံမရ။ အိမ်ရှေ့မှာ ကားရပ်ထားတာ တွေ့လေသည်။



မောင်သည် အိမ်ထဲသို့လည်း ဝင်မသွားချင်တာမို့ ညီလေးတို့အိမ်ရဲ့ ဝရန်တာဘက်ဆီ လှမ်းမျှော်ကြည့်လိုက်မိဆဲ ဝရန်တာဘက်သို့ ထွက်လာသော ညီလေးကို လှမ်းမြင်လိုက်ရ လေသည်။ မောင်သည် ညီလေးကို တွေ့တွေ့ချင်း ကရုဏာ တသက်သက်နှင့်ပင် ရယ်ချင်သလို ငိုချင်သလို ဖြစ်ရလေသည်။ သိသိသာသာ ပိန်သွယ် ညှိုးလျော်နေသော ညီလေးသည် အညို ရောင် ယောပုဆိုးနှင့် ရှပ်အင်္ကျီဖြူလေးကို ဝတ်ကာ ပုတီးတစ်ကုံး လက်မှာကိုင်၍ ပုတီးစိပ်ရင်း ဝရန်တာမှာ ညင်သာစွာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။ မျက်လွှာကိုလည်း အသာချ၍ထား လေသည်။

မောင်က စိတ်ရှုပ်ရှုပ်နှင့် ခေါင်းတစ်ချက်ကုပ်မိ၏။ တရားရပုံကိုလ်ကို လှမ်းခေါ်မိလျှင် ငရဲကြီးမလား မကြီးမလားလည်း မောင်မသိ။ သူပုတီးစိပ်နေချိန်မှာ မောင့်ကို မြင်သွားရင် ပုတီးပဲ ဆက်စိပ်နေမလား … မောင့်ဆီပဲ ပြေးလာမလား ဘာတွေဖြစ်ကုန် မလဲဆိုတာ မောင် မမှန်းဆနိုင်ချေ။

ခဏကြာတော့ မောင်က အကြံရကာ အနားက ကျောက်စရစ်ခဲလေး တစ်ခဲ ကောက်ယူလိုက်ပြီး သူရှိနေသော ဝရန်တာဆီ အားကုန်လွှဲပစ်လိုက်ရာ ကျောက်စရစ်ခဲက သူ့ရှေ့သို့ ကျသွားသည်။ သူက အရေးလည်းမစိုက်၊ တုန်လည်း မတုန်လှုပ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာချလို့သာ နေသည်။ မောင်က စိတ်တိုလာကာ ကျောင်း စရစ်ခဲတွေ လပ်ခုပ်အပြည့်သွားကြုံးလိုက်ပြီး ဝရန်တာဆီ မကြော ခဏ လှမ်းပစ်နေမိလေသည်။ ကျောက်ခဲကလေးတွေဟာ သူ့ရှေ့ နားမှာ သွားကျလိုက်၊ သူ့နောက်နားမှ ကျလိုက်၊ ဘေးမှာကျလိုက် သို့သော် သူက မတုန်လှုပ်ချေ။ နောက်ဆုံးတစ်လုံးက သူ့ခေါင်း တည့်တည့်ကို မှန်တော့မှပဲ မောင် ရှိနေသော ခြံနားဆီ ချာခနဲ လှည့်ကြည့်လာသည်။ မောင့်ကိုတွေ့တော့ ညီလေးက ပုတီးကို ယောင်ယမ်းလွှတ်ချလိုက်ပြီး ပါးစပ်အဟောင်းသား ပွင့်သွားသည်။

ညီလေးသည် ကုတုန်ကယင်ဖြစ်သွားကာ ပုတီးသီး အမြန်ပြန်ကောက်ပြီး လည်ပင်းမှာ ဆွဲကာ အိမ်ထဲပြန်ဝင်လာပြီး နောက် မောင့်ဆီ အပြေးအလွှားရောက်ရှိလာလေသည်။

"မောင် ... မောင် ... ကျွန်တော့်ဆီ လာတယ် ... ဝမ်းသာ လိုက်တာ၊ ကျေးဇူးတင်လိုက်တာ မောင်ရယ် ..."

ခါးထောက်လျက် ခပ်တည်တည်ရပ်နေသော မောင့် ရှေ့တွင် ညီလေးသည် ဝမ်းသာစိတ်ဖြင့် တုန်ရင်လှိုက်လှဲ့ရှာ တတွတ်တွတ်ပြောလျက် ရှိလေသည်။

မောင်သည် ရုတ်တရက် ညီလေးလက်ကို ဖျတ်ခနဲ ဆွဲခေါ်လာခဲ့ပါသည်။ ညီလေးက မောင့်နောက်သို့ ကိုးရိုးကားယား လိုက်ပါလာရင်း ...



"မောင် ... မောင် ဘယ်သွားမလို့လဲ ..."

မောင်က မဖြေပေ ...။ သူ့လက်ကို မလွှတ်တမ်း ဆွဲခေါ်ကာ တက္ကဆီတစ်စီး လှမ်းတားလိုက်ပြီး ကားပေါ်တွန်းထည့် လိုက်သည်။

"( ... ... ) ကျောင်းတိုက်ကို မောင်းပါ"

"ဟင် ... မောင် ... ဘုန်းကြီးကျောင်းကို ဘာသွားလုပ်မလို့ လဲ ..."

"ရှင့်ကို သွားပို့မလို့ ..."

"ဟင် ... ဘာလုပ်ဖို့လဲ ..."

"ရှင့်ကို ဘုန်းကြီးဝတ်ပေးမလို့လေ ..."

"ဟာ ... မဝတ်ပါဘူး"

"ဘာလို့ မဝတ်ရမှာလဲ၊ ရှင်ပဲ ဝတ်ချင်နေတာ မဟုတ်ဘူး လား၊ လည်ပင်းမှာ ပုတီးတောင် ဆွဲထားသေးတယ်"

"ဟာ ... ဒါ ... ဒါက ပူလောင်နေတဲ့ ကျွန်တော့်စိတ်ကို ငြိမ်းအေးသွားအောင် တရားဖက်နေရတာပါ"

"အင်းလေ ... အဲဒီလို တရားဖက်တော့ ငြိမ်းချမ်းတာပဲ မဟုတ်လား၊ အချစ်ဆိုတာ ပူလောင်တယ်လေ၊ ငြိမ်းချမ်း လက်စနဲ့ ပိုပြီး ငြိမ်းချမ်းသွားအောင် မောင်က အကောင်း ဆုံး စီစဉ်ပေးမလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီ ... ဒီလိုတော့ မလုပ်ပါနဲ့ မောင်ရာ၊ ကျွန်တော် လော
ကို မစွန့်နိုင်သေးပါဘူး၊ ဒုက္ခပါပဲ ... ဘုန်းကြီးကျော
ရောက်တော့မယ် ထင်တယ်၊ ကားရပ်ခိုင်းလိုက်ပါ၊ တော
ပန်ပါတယ် မောင်ရယ် ..."

"တောင်းပန်မနေနဲ့ ... ရှင့်လို စိတ်ဓာတ်မျိုးနဲ့ ဘုန်း
ဝတ်တာက အသင့်တော်ဆုံးပဲ၊ ဦးလေးကြီး ဘုန်း
ကျောင်းကိုသာ ရောက်အောင်မောင်းပါ"

ညီလေးသည် မောင့်ကိုလည်း ဖွတ်အတင်းမလွှ
ရဲ့ရှာဘဲ ခေါင်းတဂျစ်ဂျစ်ကုပ်ရင်း ခေါ်ချွေးတွေ နစ်နေ
ကျလာသည်။ ဘုန်းကြီးကျောင်းရှေ့တွင် ကားရပ်လိုက်သည်
မောင်က ညီလေးလက်ကို ဆွဲကာ ကားပေါ်မှ ဆင်းလိုက်သည်

"မောင် ... လွှတ်ပါ၊ မလိုက်ပါရစေနဲ့ ..."

"မရဘူး ... လိုက်ရမယ်"

"မလိုက်ပါရစေနဲ့ မောင်ရယ်၊ တောင်းပန်ပါတယ်၊ ရှိ
ခိုးပါတယ်"

"မောင့်ကို ရှိခိုးစရာ မလိုပါဘူး၊ ကျောင်းပေါ်ရောက်မှာ
ဘုန်းကြီးကို ရှိခိုးရမှာ၊ မောင်က ပစ္စည်းလေးပါး ဒကာ
အားလုံး စီစဉ်ပေးလိုက်မယ် ဟုတ်လား"

"ဟာ ... မလုပ်ပါနဲ့ မောင်ရာ ..."



ညီလေးက အကြောက်အကန် ရုန်းကန်နေသည်။
ကလည်း သူ့လက်ကို မလွှတ်တမ်း ဆွဲခေါ်ရင်း ဘုန်းကြီး
င်းရှေ့မှာ ရုန်းရင်းဆန်ခတ် ဖြစ်နေသည်။ နောက်ဆုံးတွင်
တွေနစ်နေသော ညီလေးရဲ့လက်က မောင့်လက်ထဲမှ လျှောခနဲ
ထွက်သွားပြီး ညီလေးက ချာခနဲ လှည့်၍ပြေးလေသည်။

"ဟိတ် ... ညီလေး ... မပြေးနဲ့လေ ..."

ညီလေးက ဘုန်းကြီးကျောင်းဝန်းထဲမှ ပြေးထွက်သွား
မောင်က အပြေးလိုက်လာရပါသည်။ သူက လမ်းတစ်ဖက်
ကို ကူသွားတာမို့ မျက်ခြည်ပြတ်သွားလေသည်။ မောင်က
သွားကာ သူ့ကို ထိုအနီးအနားတစ်ဝိုက်မှာ လှည့်ပတ်ရှာနေ
ည်။ ၁၅ မိနစ်လောက် လှည့်ပတ်ရှာသော်လည်း မတွေ့ ...။
ာ သူဘာတွေ ကမောက်ကမ ဖြစ်နေမလဲဟု စိတ်ပူလာရ
သည်။

မောင်သည် သူ့ကို သနားစိတ်ပျက်သော ခံစားမှု
င်းပင် ဘတ်စ်ကားမှတ်တိုင်က ခုံလေးပေါ်မှာ ထိုင်ချလိုက်
ည်။ ကားမှတ်တိုင်မှာ လူသုံးလေးယောက်သာ တွေ့ရပြီး
င်းလင်းနေသည်။ ထိုခဏမှာ မောင့်နံဘေးမှာ ရှိနေကြသော
ရဲ့ တီးတိုး တီးတိုးစကားသံကို ကြားရလေသည်။

"ဘာဖြစ်လို့လဲ မသိဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကြည့်ရတာ တစ်ခုခုကို ကြောက်နေသလိုပဲ"

"အေးလေ ... သိပ်လည်း မပူမအိုက်ဘဲနဲ့ ချွေးတွေ နစ်နေတာပဲ"

"တစ်ယောက်ယောက်မြင်မှာစိုးလို့ ပုန်းနေတဲ့ ပုံမျိုးပဲ ..."

"လည်ပင်းမှာလည်း ပုတီးကြီးနဲ့ ..."

"စိတ်မနှံ့ရှာဘူးထင်ပါရဲ့ဟယ် ... သနားပါတယ်"

မောင်သည် ကြားရသော စကားများကြောင့် ရင် ဒိုင်းခနဲ ဆောင့်ခုန်သွားကာ သူတို့ ကွက်ကြည့် ကွက်ကြည့်လှ သော ထိုင်ခုံတွေနောက် Milo ကြော်ငြာဘုတ်ကြီးရဲ့ နောက်ဘ သို့ အသာလှမ်းကြည့်လိုက်သည်။ ကြော်ငြာဘုတ်ကြီးရဲ့ အော နား လွတ်နေသော နေရာတွင် ကတ္တီပါညှပ်ဖိနပ် အနီရဲရဲက နှင့် လိုက်ဖက်စွာ ဖြူနုနေသော ခြေထောက်တစ်စုံကို တွေ့ ရတာမို့ မောင်က ပြုန်းခနဲ မတ်တတ်ရပ်လိုက်မိလေသ ကြော်ငြာဘုတ်ရဲ့ နောက်ဘက်သို့ မောင် လှစ်ခနဲ ရောက်သွ တွင် ချွေးတရွှဲရွှဲဖြင့် တုန်ရင်မောပန်းနေသော ညီလေးကို တွေ့ ရလေသည်။

"ညီလေး ..."

မောင်သည် ပထမတော့ တအံ့တသြ ခပ်တိုးတိုး မိသည်။ နောက်တော့ ထောင်းခနဲ ဒေါသထွက်သွားကာ



တစ်ကြိမ် အသံကျယ်ဖြင့် ခေါ်လိုက်ရာ ညီလေးက ဆတ်ခနဲ တုန်အောင် လန့်သွားသည်။

"ဒါ ဘာလုပ်နေတာလဲဟင် ... မောင်ကတော့ ရှာလိုက်ရတာ ..."

"မောင် ... မောင် ကျွန်တော့်ကို ဇွတ်အတင်း ဘုန်းကြီး ဝတ်ခိုင်းမှာစိုးလို့ ပုန်းနေတာ၊ ကျွန်တော့်ကို အနိုင်မကျင့် ပါနဲ့ မောင်ရာ၊ ကျွန်တော် ဘုန်းကြီးဝတ်လိုက်ရင် မောင်နဲ့ ဘဝခြားသွားမှာပေါ့၊ ကျွန်တော် မောင်နဲ့မခွဲနိုင်ဘူး၊ မောင်နဲ့ ချစ်သူဖြစ်ရဦးမယ်၊ လက်ထပ်ပြီး ဇနီးမောင်နှံ ဘဝနဲ့ အတူတူ နေရဦးမယ်၊ အတူတူ အဘိုးကြီး အဘွားကြီး ဖြစ်သွားချင်သေးတယ်"

"ရှင့်မှာ အဲဒီလို ဦးတည်ချက်ရှိရင် အစကတည်းက စိတ် ခတ် ခိုင်ခိုင်မာမာနဲ့ ကြိုးစားပါလား၊ ဘာဖြစ်လို့ တွန့် ဆုတ် တွန့်ဆုတ် လုပ်နေရတာလဲဟင်၊ ကိုယ့်ကိုယ်ကိုယ် လည်း ပြန်ကြည့်စမ်းပါ၊ ရုပ်က ဖြူဖတ်ဖြူရော် ပိန်ညှော် ညှော်နဲ့ အရင်ပုံမျိုး ပြန်ဖြစ်တော့မယ်၊ ရှင့်အတွက် မောင် ဘယ်လောက် စိတ်ပူရတယ် မှတ်သလဲ၊ ရှင်ဟာ ယောကျာ်း ဖြစ်ပြီး မိန်းမတစ်ယောက်ရဲ့ အရိပ်သုံးပါးကို နားမလည်တဲ့ သူပဲ ... ၊ရှင် ဘာသိတာရှိသလဲ ... ၊ မောင် ချစ်နေတာ လည်း ရှင်မသိ ... မသိ ... အယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … မောင် … ကျွန်တော့်ကို ချစ်နေတယ် … ချစ်နေတယ် … ဟုတ်လား"

"မဟုတ်ဘူး … သဘောပြောတာ … သဘောပြောတာ"

"ဟာ … မရဘူး၊ ပြောပြီးစပြီးပဲ၊ မောင်က ကျွန်တော့်ကို ချစ်နေတယ်။ ဒါကိုပဲ အတည်ယူလိုက်တော့မယ် … ဟား … ဟား …"

မောင်သည် သူ့ကို ကရုဏာဒေါသနှင့် ပြောရင်းကပင် အရှိန်လွန်သွားရကာ ဘရိတ်အုပ်သော်လည်း မမီတော့ချေ။ ညီလေးကတော့ မောင့်စကားကြောင့် သေရွာမှ ပြန်လာသော လူနာပမာ ပျော်မြူးနေတော့သည်။

မောင်သည် အပြစ်ကင်းသော ကလေးတစ်ယောက် အသွင် ရိုးသားသန့်စင်လှသော ညီလေးကို အသာငေးကြည့်နေရင်း သူ့အပျော်တွေ မောင့်ထံကူးစက်လာသလို ခံစားရသည်။ ငြိမ်သက်နေသော မောင့်နှလုံးသားအစုံသည် ပူနွေးစွာ မြန်ဆန်စွာ ခုန်လှုပ်လာသည်။ မောင့်စိတ်သည် ထိုခဏမှာ ထူးဆန်းစွာပင် နူးညံ့ပျောင်းညွတ်သွားသည်။ အမြဲ စူးရှတောက်ပနေတတ်သော မောင့်မျက်ဝန်းတွေသည် အရည်ကြည်ကလေး တလဲ့လဲ့ဖြင့် ရီဝေစွာ နူးညံ့လာလေသည်။

မောင်က မောင့် ကျောပိုးအိတ်ကလေးထဲမှ တစ်ရှူးစကလေးကို ထုတ်ယူကာ ချွေးတွေရွှဲနေသော ညီလေးရဲ့ နဖူးကို အသာအယာ တို့သုတ်ပေးလိုက်ရာ ညီလေးက မောင့်လက်ကို မရဲတရဲ ဖွဖွကလေး ဆုပ်ကိုင်လိုက်ပါသည်။

ဒီလိုနဲ့ပဲ ဆန့်ကျင်ဘက်ပမာ ကွဲလွဲကြသော မောင်တို့ နှစ်ယောက် ချစ်သူဖြစ်သွားကြသည်ဟု ဆိုကြပါစို့ … ။

***



www.burmeseclassic.com

www.burmeseclassic.com







## (၂၄)

မောင်နဲ့ ညိုလေးတို့ ချစ်သူဖြစ်သွားကြပြီး မကြာမီမှာပင် နှစ်ဖက် အစ်ကို အစ်မများက ပြတ်သားစွာ ကြေညာလိုက်ကြလေသည်။ ညိုလေးရဲ့ အစ်မတွေက ...

"အဲဒီလို ဗရုတ်သုတ်ခ အစ်ကိုတွေရဲ့ ယောကျ်ားမကျမိန်းမ မကျ နှမမျိုးကို ငါ့မောင်နဲ့ လုံးဝသဘောမတူဘူး"

ဟု ကြေညာကြပြီး မောင့်အစ်ကိုတွေကလည်း အားကျမခံပင် ...

"အဲဒီလို ဇီဇာကြောင်ကြောင် အူကြောင်ကြောင် တောကျကျ အစ်မမျိုးတွေရဲ့ ကျား,လိုလို မ,လိုလို မောင်မျိုးကို ငါတို့ ညီမနဲ့ သဘောမတူနိုင်ဘူးဟေ့ ..."

ဟု အသံကောင်းဟစ်လိုက်ကြလေသည်။

သို့သော် ... မောင်တို့ကတော့ ထိုကန့်ကွက်မှုများကို လျစ်လျူရှုကာ ချစ်သူဘဝကို ရှေ့ဆက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီလေးကို ချစ်သူတော်ထားရသော မောင်သည် ညီလေးနှင့် တွေ့ဆုံချိန်များလာလေ ညီလေးအပေါ် စိတ်တိုင်းမကျလေ ညီလေးရဲ့ အားနည်းချက်များကို မြင်လာလေဖြစ်ရသည်။ တစ်ခါတစ်ခါတော့ ညီလေးနဲ့ ချစ်သူဖြစ်ရတာဟာ ကလေးထိန်းရသလိုပဲဟု တွေးမိလေသည်။

ညီလေးက မောင့်ကိုတော့ အလွန်အမင်း ချစ်ခင်ရှာဘာကို မောင် ခံစားလို့ရသည်။ သို့သော် ... မောင့်အပေါ် အားကိုး ရှေ့တန်းတင်တာမျိုးကိုတော့ မောင်က မကြိုက်ပေ။

တစ်နေ့ ... မောင်တို့ နှစ်ယောက်အတူ လမ်းလျှောက်နေဆဲ မလှမ်းမကမ်း လမ်းဆုံမှာ ကားချင်း အရှိန်ပြင်းစွာ တိုက်မိသော အသံကျယ်ကြီးကို ကြားရလေသည်။ ထိုအသံကျယ်ကြီးကို ကြားရသည်နှင့် တစ်ပြိုင်နက်တည်း ညီလေးက မောင့်လက်ကို အလန့်တကြား ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီး မောင့်နောက်သို့ ျုတ်ခနဲ ရောက်သွားလေသည်။ မောင်က ရုတ်တရက် စိတ်တိုသွားကာ သူ့ကို ဆွဲခေါ်ပြီး မောင့်ရှေ့သို့ပြန်တွန်းပို့လိုက်ရင်း ...

"ဒါက ဘာဖြစ်တာလဲဟင် ... ယောကျ်ားဖြစ်ပြီး ကားချင်းတိုက်လည်း လန့်၊ ခွေးချင်းကိုက်လည်း လန့်နေရသလား၊ တကယ်ဆို ရှင်က ယောကျ်ားလေးပဲ၊ တစ်စုံတစ်ခုဆို မောင့်ရှေ့ကသာ အကာအကွယ်ပေးရမှာပေါ့၊ ခုတော့ ...



မောင့်ကို အမြဲပဲ ကာဘာယူယူနေတယ်၊ သေစရာရှိရင် မောင်က ရှေ့က အရင်သေဆိုတဲ့ သဘောလား ..."

"အဲဒီလိုတော့ မဟုတ်ပါဘူး မောင်ရယ်၊ ကျွန်တော်က ငယ်ငယ်ကတည်းက ဗြုန်းခနဲ ထိတ်လန့်စရာတစ်ခုခု ကြားရ ကြုံရရင် အစ်မတွေနောက် ပြေးပြေးကပ်နေကျမို့ အကျင့်ပါသွားတာပါ"

"ညီလေး အစ်မတွေက ကိုယ့်ကိုယ်ကိုယ် အားကိုးတတ်အောင် သင်မပေးဘူးလား"

"သူတို့က ကျွန်တော့်ကို အမြဲကာကွယ်ပေးနေတာပဲ၊ ဘာမဆို ကျွန်တော် ရင်ဆိုင်ဖြေရှင်းဖို့ မလိုဘူး၊ သူတို့ပဲ ရင်ဆိုင်ဖြေရှင်းကြတယ်"

"အဲ့ဒါ ... မှားတာပဲ"

မောင်သည် ညီလေးထံတွင် အရိုးစွဲနေသော အကျင့်ကြီးကို ဖယ်ထုတ်ပစ်ချင်သော်လည်း မအောင်မြင်ချေ။ ညီလေးက ဘယ်တော့မှ ခေါင်းဆောင်နေရာကို မယူဘဲ နောက်လိုက်နေရာမှာသာ အေးချမ်းစွာ နေလိုသူဖြစ်သည်။ သူငယ်ချင်းကို ပို့က်ဆံချေးသင့် မချေးသင့် ကိစ္စကိုပင် ညီလေးခင်က ဆုံးဖြတ်ချက် မချနိုင်ရှာပဲ မောင့်ကိုသာ အားကိုးတကြီး တိုင်ပင်တတ်ပါသည်။

"ကျွန်တော် စိတ်ညစ်နေတယ် မောင်၊ ကျွန်တော့် သူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းတစ်ယောက်က ကျွန်တော့်ဆီမှာ ပိုက်ဆံငါးသိန်းလာချေးနေတယ်၊ ကျွန်တော့်လက်ထဲမှာ အဲဒီလောက်မရှိဘူး၊ Bank account ထဲက ထုတ်ပေးရင်တော့ ဖြစ်တယ်၊ ဒါပေမယ့် မမကြီးတို့က အဲဒီလို ချေးတာကို ကြိုက်မှာမဟုတ်ဘူး၊ ပြန်မဆပ်ရင်လည်း ဒုက္ခပဲ၊ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

"အဲ့ဒီ သူငယ်ချင်းက ဘယ်လိုလူမျိုးလဲ ..."

"သူက နည်းနည်းဆိုးတယ်"

"ဘယ်လိုဆိုးတာလဲ ..."

အသုံးအဖြုန်းကြီးတယ်၊ လောင်းကစားလုပ်တယ်၊ သူငယ်ချင်းတွေဆီက ပိုက်ဆံ လှည့်ပတ်ချေးပြီးရင် ပြန်မပေးဘဲ ရှောင်နေတတ်တယ်"

"အဲဒီလို လူမျိုးကို ချေးသင့် မချေးသင့် ညီလေးကိုယ်တိုင် မဆုံးဖြတ်နိုင်ဘူးလား၊ ညီလေး ဒီအရွယ်ရောက်နေပြီ၊ ဒီလောက်တော့ စဉ်းစားဆုံးဖြတ်နိုင်ရမှာပေါ့၊ အဲဒီလို ယောင်ဝါးဝါးလုပ်နေတာ မောင် မကြိုက်ဘူးနော်၊ တစ်ခုခု ကိစ္စကြုံတိုင်း ပါးစပ်က 'ဒုက္ခပဲ ... ဒုက္ခပဲ' ညည်းပြီး မပြတ်မသားဖြစ်နေတတ်တဲ့ သူမျိုးကို မောင်က ဘယ်လို အားကိုးရမှာလဲ ..."



မောင်သည် ညီလေးကို ခဏခဏ ပြောရတာလည်း အာပေါက်မတတ်ပါပင်။ သို့သော် ညီလေးစိတ်ကတော့ ဘာမှ ထူးခြားပြောင်းလဲမလာခဲ့။

တစ်နေ့တော့ မောင်က ညီလေးနှင့် ရှေ့ဆက်ရမည့် ဘဝခရီးအတွက် တိုင်ပင်မိလေသည်။

"တို့တွေ ရှေ့ရေးအတွက် အခုကတည်းက စဉ်းစားရတော့မယ် ညီလေး၊ နှစ်ဖက်စလုံးက သဘောမတူကြဘူးဆိုတော့ မောင်တို့နှစ်ယောက်စလုံး ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘဝကိုယ် ထူထောင်ရမှာ၊ အဲ့ဒီအခါ ညီလေး ဘာလုပ်မယ်လို့ စဉ်းစားထားလဲ ..."

ညီလေးသည် ရုတ်တရက် ပျော်ရွှင်တက်ကြွလာပုံဖြင့် ...

"မောင့်ကို ပြုစုယုယမှာပေါ့၊ မောင် ကြိုက်တာ ချက်ကျွေးမယ်၊ မောင့်အနားမှာ အမြဲနေမယ်"

"ဪ ... ဪ ... အဲဒီလိုပဲ စဉ်းစားထားသလား"

မောင်က ဒေါသကို ထိန်း၍ ပြောရတာမို့ ငေါ့တော့တော့ လေသံ ပေါက်သွားသော်လည်း သူက ရိပ်မိပုံမရ။ တော်တော် စိတ်ပျက်ရပါသည်။ ချစ်လျက်နှင့် စိတ်ပျက်ရသည့်ဒုက္ခက အလွန်ကြီးမားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စားဝတ်နေရေးအတွက် ပိုက်ဆံကရော ..."

"ကိုယ့်ရဲ့Bank account ထဲက ထုတ်သုံးမှာပေါ့"

"အဲဒီ ပိုက်ဆံတွေ ကုန်ရင်ကော ..."

"မမကြီးတို့ဆီက ပြန်တောင်းမှာပေါ့၊ သူတို့ ဘယ်လောက် စိတ်ဆိုးဆိုး ကိုယ့်ကိုတော့ အငတ်မထားပါဘူး"

"ရှင် အလုပ်မလုပ်ဘူးလား ..."

"ကိုယ်လား ... ကိုယ် ဘာလုပ်ရင် ကောင်းမလဲ"

"သေလိုက်တာက ကောင်းတယ် ..."

မောင်သည် စိတ်ပျက်လွန်းတာမို့ ဒေါသဖြင့် အော် လိုက်မိလေသည်။ သူကဲ့ မောင့်ဒေါသကိုပင် နားမလည်ရှာပဲ ...

"ဟင် ... မောင် ဘာကိုစိတ်ဆိုးတာလဲ"

ဟု မေးလိုက်သေးသည်။ မောင်သည် အံကြိတ်ပျက် တလိပ်လိပ်တက်လာသော ဒေါသတွေကို ဖြေလျော့ရကာ ...

"ညီလေးရယ် ... ဒီအရွယ်ပဲ ရောက်နေပြီ၊ မိန်းမ တစ် ယောက်ကို ကိုယ့်အစွမ်းအစနဲ့ ကိုယ် ဦးဆောင်ရှာဖွေ ကျွေးမွေးမယ်ဆိုတဲ့ အသိတရားမျိုး မရှိဘူးလား၊ ဘာလို့ ကလေးအတွေးတွေပဲ ရှိနေရတာလဲ၊ မောင်က ဘယ်လောက် ယောကျ်ားဆန်တဲ့သူမျိုး ဖြစ်နေပစေ ချစ်တဲ့သူကို အားကိုး အားထား ပြုချင်တဲ့ စိတ်မျိုးတော့ ရှိတာပဲပေါ့"



ညီလေးသည် မောင့်စကားကို ငြိမ်နားထောင်နေရင်းက ခုမှ သဘောပေါက်သွားသလို ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

သို့သော် ... အဲဒီနောက်ပိုင်းတွင်လည်း ညီလေးက မောင့်ကို ပျော်နေအောင် ဂရုစိုက်ဖို့၊ မောင် ခိုင်းတာကို ဖင်ပေါ့ပေါ့ အပြေးအလွှား လုပ်ပေးဖို့ကလွဲပြီး စိတ်ထဲ ဘာမှမရှိသလိုပင် ထူးခြားပြောင်းလဲမလာခဲ့ပေ။


နောက် တစ်ပတ်ခန့်အကြာမှာတော့ မောင်က ဖျားစဖူး ဖျားခဲ့ပါသည်။ မောင့်အဖျားက တစ်ပတ်တိတိ ကြာမြင့်ခဲ့သည်။ ထိုတစ်ပတ်အတောအတွင်းမှာပင် အပြောင်းအလဲ တစ်ခု ဖြစ်ပေါ်ခဲ့ရလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com







(၂၅)

❖ ❖ ❖

မောင် ဖျားနေသော တစ်ပတ်အတွင်း မောင်နှင့် တွေ့ရတာမို့ ညီလေးခင်သည် သတိရစိတ် ပြင်းပြစွာ တမှိုင်မှိုင် တွေတွေ ရှိရလေသည်။ မောင့်ဆီ ဖုန်းဆက်ချင်သော်လည်း မောင့် အစ်ကိုတွေ ဖုန်းလာကိုင်မှာနှင့် တည့်တည့်တိုးမှာ စိုးတာ မို့ မဆက်ရဲ။ မောင်ကလည်း အစ်မတွေ ဖုန်းကိုင်မှာစိုးတာမို့ ညီလေးဆီ ဆက်မည်မဟုတ်ချေ။

ညီလေးသည် မောင့်အတွက်လည်း စိတ်ပူမိကာ မောင်တို့အိမ်ရှေ့မှာ ရစ်သီရစ်သီ သွားလုပ်ကြည့်သေးသော်လည်း မောင့်အရိပ်ကို မမြင်ရချေ။ နောက်တော့ သူက အရဲကိုးကာ မောင်တို့အိမ်သို့ ဖုန်းခေါ်လိုက်ပါသည်။ ဖုန်းလာကိုင်သူက မောင့် ဒေါ်ကိုဖြစ်နေရာ သူက သူ့အသံကို ခပ်ဩဩလုပ်လိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"မမေမင်းမောင်နဲ့ ပြောပါရစေ ခင်ဗျာ ..."

"မင်းအသံဆိုတာ ငါ မှတ်မိပါတယ် ညီလေးခင် ..."

မြတ်စွာဘုရား ...။ ညီလေးခင် ဘုရားတစ်ဆူ ဖုန်းခွက်ကို ပြန်ချမည်ပြင်ဆဲ ...

"ဖုန်းမချနဲ့ဦး ... ပြောစရာရှိတယ်"

ညီလေးသည် မောင့်အစ်ကိုရဲ့ ဖျော့တော့ညင်သာသော အသံကို ထူးဆန်းနေသည်။ ဘယ်တုန်းကမှ ဒီလိုလေးမျိုးနဲ့ ပြောခဲ့ဖူးတာ မဟုတ်ပါ။ မောင် ဘာများဖြစ်လို့ပါလိမ့်။ ညီလေးက ဖုန်းခွက်ကို ချွေးတွေ စေးထန်းလာသော လက်ဖြင့် ဆုပ်ကိုင်ထားမိရင်း ...

"မောင် ဘာများဖြစ်လို့လဲ ခင်ဗျ ..."

သူ့ရင်သည် မောင့်အတွက် စိုးရိမ်စိတ်ဖြင့် တထိတ်ထိတ် ခုန်လာရပါသည်။ မောင့်အစ်ကိုက သူ့မေးခွန်းကို မဖြေ...

"မင်းနဲ့ငါ တွေ့ချင်တယ်၊ Cafe D ကို ညနေ ၅ နာရီ ရောက်အောင်လာခဲ့ပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ၊ ဆက်ဆက်လာခဲ့ပါ့မယ် ခင်ဗျ"

ညီလေးက တုန်ရင်လှိုက်လှဲစွာ ပြေကြားလိုက်ပြီး တစ်ဖက်က ဖုန်းချသံကို စောင့်ပြီးမှ ဖုန်းခွက်ကို ညင်သာစွာ ချလိုက်လေသည်။



သူ့စိတ်သည် မောင့်အတွက် စိုးရိမ်စိတ်၊ မောင့်အစ်ကိုထံက စကားကို သိချင်စိတ်ဖြင့် ပြင်းထန်ရုန်းကြွဆူပွက်လာသည်။ ဖုန်းဆက်သည့် မနက် ၈ နာရီလောက်မှသည် ချိန်းဆိုသည့် အချိန်သို့ မရောက်မီကာလအတွင်း ထိုင်မရ ထ,မရ ယောက်ယက်ခတ်၍နေသည်။

ညနေ ၃ နာရီလောက်ရောက်တော့ အိမ်မှာ ဘယ်လိုမှ ဆက်မနေနိုင်တော့ဘဲ မောင့် အစ်ကိုနှင့် ချိန်းဆိုထားရာ ကော်ဖီဆိုင်သို့ ထွက်လာခဲ့လေသည်။

ထိုဆိုင်သို့ရောက်တော့ ၃ နာရီခွဲသာ ရှိသေးသည်။ ၅ နာရီရောက်ဖို့ တစ်နာရီခွဲတောင် အချိန်ဖြုန်းရဦးမည် ဖြစ်သော်လည်း အလွန်စိတ်စောနေသော ညီလေးက ခုပဲ မောင့်အစ်ကို ရောက်လာတော့မလို ဝင်ဝ ထွက်ဝဆီ မမိုတ်မသုန် မျှော်ငေးနေသည်။

"အစ်ကို ဘာသုံးဆောင်မလဲ ခင်ဗျ ..."

"ရေ ... ရေ ..."

ညီလေးသည် ရင်ပူလွန်းတာမို့ ရေကိုသာ မှာရ၏။ ရေသန့်ဘူး ရောက်လာတော့ ဖန်ခွက်တဲ တရှိန်ထိုး သွန်ထည့်လိုက်ပြီး မော့ချလိုက်သည်။ ရေတစ်ဘူးက ခဏလေးနှင့်ပင် ကုန်သွားသည်။ နောက်တစ်ဘူး ထပ်မှာရ၏။ ဘာမှလည်း မှာ

www.burmeseclassic.com



မစားချင်၊ အအေးတွေ ကော်ဖီတွေလည်း မသောက်ချင်၊ ဘာမှ မမှာဘဲ ဒီအတိုင်း ထိုင်နေရတာကိုလည်း အားနာ၊ ရင်လည်း အမှန်တကယ် ပူလှတာမို့ ရေသန့်ကိုသာ မနားတမ်း သောက်လေ မိရာ အချိန် တစ်နာရီအတွင်း သူ့နံဘေးမှာ ရေသန့် ဘူးခွံတွေ ပုံလာပါသည်။

"ဟော ..."

ညနေ ငါးနာရီ ထိုးပြီး ငါးမိနစ်အကြာမှာ မောင် အစ်ကို ကိုမိုးကို တံခါးဝမှာ တွေ့လိုက်ရတာမို့ သူက ဖြန်းခနဲ ထရပ် ကြိုဆိုလိုက်ရာ လက်တစ်ဖက်က ရေသန့်ဘူးခွံတွေကို တိုက်မိသွားပါသည်။ ရေသန့်ဘူးခွံ နှစ်ဘူးက ကိုမိုး လျှောက်လာ နေသော လမ်းကြောင်းဘက်သို့ လွင့်ကာ လိမ့်သွားသည်။ ကိုမိုး မှာ ရေသန့်ဘူးခွံကို ခလုတ်တိုက်မတတ် ကိုးရိုးကားယား ဖြစ် သွားသော်လည်း ဒေါသဖြစ်သွားပုံ မပြတာမို့ ညီလေးအတွက် ထူးဆန်းနေရသည်။

"ထိုင်ပါခင်ဗျ ... ထိုင်ပါ"

ညီလေးက ထိုင်ခုံတစ်လုံး ဆွဲထုတ်ကာ ပျာယာ သလဲ ခရီးဦးကြိုဆိုလိုက်တော့ ကိုမိုးက အေးဆေးငြိမ်သက်စွာ ဝင်ထိုင်လိုက်သည်။

ညီလေးသည် ကိုမိုး ဘာပြောမလဲဟု ရင်ခုန်စွာ



စောင့်စားနေရပါသည်။ သူ့ရင်သည် မောင့်ကို တွေ့စက ခုန် သလောက်နီးနီး ခုန်လှုပ်နေခဲ့ရသည်။

ကိုမိုးရဲ့ မျက်နှာသည် နူးညံ့ရှုမျှမက မှိုင်ညို့ဆွေးလျှ နေသည်။ ထိုမျက်နှာကိုကြည့်ကာ မျှော်လင့်စိုးရိမ်ရသော ဝေဒနာ ကို ညီလေး မခံစားနိုင်။ ကိုမိုးကလည်း စကားမစဘဲ တိတ်ဆိတ် နေတော့ရာ ညီလေးက ပေါက်ကွဲစွာ ...

"အစ်ကို ... ဒီလိုကြီး ငြိမ်မနေပါနဲ့တော့ဗျာ၊ ကျွန်တော် မခံစားနိုင်တော့လို့ပါ၊ ပြောပါ ... ပြောစရာရှိတာကိုသာ ပြောပါ"

ကိုမိုးက သက်ပြင်းကြီးတစ်ခုကို မချိမဆန့် ချကာ

"ငမောင် ... ငမောင့်မှာ ..."

ဟု ပြောပြီး စကားကို ရပ်ပစ်လိုက်သည်။ ညီလေး သည် ရင်ဝမှာ ဒိန်းခနဲ အမြောက်ထုခံရသလို တုန်ဟည်းသွား ကာ ...

"မောင့်မှာ ဘာဖြစ်သလဲ ... ပြောပါ၊ ပြောပါ အစ်ကို"

ကိုမိုးမှာ ညီလေးကို ခပ်တွေတွေ တစ်ချက်ကြည့်ပြီး ငြိမ်နေတော့ရာ ညီလေးက ကိုမိုးလက်ကို ကိုင်လှုပ်လိုက်ရင်း ...

"ပြောလေ ... အစ်ကို၊ ပြောပါဗျာ ... ဒီလိုကြီး မနေပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မောင့်မှာ သွေးကင်ဆာ ရှိနေပြီ ..."

"ဟင် ..."

ညီလေးသည် ထိုနေရာမှာပင် ငုတ်တုတ် သေဆုံးသွားရသလိုပင် ကိုမိုးကို ပြူးကြောင်ကြောင် မျက်ဝန်းများဖြင့် စိုက်ကြည့်နေမိသည်မှာ ဘယ်လောက်တောင် ကြာမြင့်သွားသည် မသိပါ။

"အဲဒါကြောင့် မင်း လက်လျှော့လိုက်ပါတော့လို့ ငါ ပြောချင်တယ် ညီလေးခင်"

"ဘာ... ဘာဖြစ်လို့ လက်လျှော့ရမှာလဲ ..."

ညီလေးက ကယောင်ကတမ်း ပြန်မေးလိုက်သည်။

"ငါ့ညီမလေးက မကြာခင် သေဆုံးတော့မှာလေ၊ သူ့ရောဂါက လက်ထပ်လို့လည်း မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်တဲ့အတူတူ ခုကတည်းက သံယောဇဉ်ဖြတ်လိုက်ပါတော့ကွာ၊ ဒီကိစ္စကို သူ့ကိုလည်း အသိပေးမထားဘူး၊ မင်းလည်း တရားနဲ့သာ ဖြေပါ၊ မင်းက တရားနဲ့ ဖြေတတ်ပါတယ်"

ကိုမိုးက ညီလေးကို နှစ်သိမ့်သလိုပြောပြီး ထိုင်ရာမှ ထလိုက်သည်။ သူက ယောင်ယမ်းကာ လိုက်ထလိုက်တော့ ကိုမိုးက သူ့ပခုံးကို ဖိချကာ ပြန်ထိုင်စေလိုက်ပြီး သူ့ပခုံးကို နှစ်ချက်ပုတ်၍ နှစ်သိမ့်ပေးလျက် ထွက်ခွာသွားပါသည်။



"သွေးကင်ဆာ ... သွေးကင်ဆာ ... ဘုရား ... ဘုရား မဟုတ်လောက်ပါဘူး"

ညီလေးသည် စားပွဲကို ငုံ့စိုက်ကြည့်လျက် တတွတ်တွတ် ရေရွတ်ရင်း ကျန်ရစ်ခဲ့လေသည်။

***

www.burmeseclassic.com

www.burmeseclassic.com







(၂၆)

❖ ❖ ❖

"မောင် ... နေကောင်းရဲ့လား"

"ကောင်းတာပေါ့၊ ကောင်းသွားပြီလေ ..."

သွက်လက်စွာ ဖြေလိုက်သော မောင့်ကို ငေးကြည့်ရင်း ညီလေး ရင်ဘတ်တစ်ခုလုံး မွမွကြေသွားသလို ခံစားရလေသည်။ မောင်ကတော့ ဘာမှမသိရှာဘူး ...။

ညီလေးသည် မကြာခင် သေဆုံးရတော့မည်ဆိုသော မောင့်ရဲ့ ကံကြမ္မာကို မယုံနိုင်စွာပင် မောင့်ကိုကြည့်မဝသော ကြည့်ခြင်းဖြင့် စိုက်ကြည့်ရင်း မယုံနိုင်စရာ ကောင်းသော သတ္တိတွေသည် သူ့ရင်ဘတ်ထဲသို့ အင်နှင့်အားနှင့် ဝင်ရောက်လာရလေသည်။

မောင့်ရှေ့က မားမားမတ်မတ် ရပ်တည်လိုခြင်း၊ မောင့်ကို စိတ်ချမ်းသာအောင် ထားလိုခြင်း၊ မောင့်အတွက် ဘာမဆို ဖြည့်ဆည်းပေးလိုခြင်းဟူသော ဆန္ဒတွေသည် သူ့ရင်ထဲသို့ နက်ရှိုင်းစွာ တစ်စိမ့်စိမ့် ဝင်ရောက်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင့်ဘဝရဲ့ နောက်ဆုံးအချိန်တွေမှာ အကောင်းဆုံး ချစ်သူတစ်ယောက်အဖြစ် မောင့်အတွက် စိတ်ချမ်းသာမှုတွေကိုသာ ဖန်ဆင်းပေးအပ်လိုက်ချင်သည်။ ခပ်ညံ့ညံ့ချစ်သူတစ်ယောက်ကို စိတ်တိုင်းမကျခြင်းများဖြင့် မောင့်ရဲ့ နောက်ဆုံးအချိန်တွေကို ကုန်ဆုံးမသွားစေချင်ပေ။

ညီလေးသည် မောင့်ကို ငေးကြည့်ရင်းက ရစ်ဝဲလာသည့် မျက်ရည်စတွေကို အမြန်ဆုံး မျက်တောင်ခတ်၍ ဖယ်ရှားပစ်လိုက်သည်။ သူက မောင့်လက်တစ်ဖက်ကို သူ့လက်ဖဝါးနှစ်ဖက်ကြားမှာ ဖွဖွဆုပ်ကိုင်ကာ သူ့ရင်မှာအပ်လိုက်ရင်း...

"မောင် ... ဒီနေ့ကစပြီး မောင့်ချစ်သူ ညီလေးခင်ဟာ အသစ်ဖြစ်စေရမယ် ..."

မောင်က မယုံကြည်နိုင်သော မျက်ဝန်းများဖြင့် သူ့ကို စိုက်ကြည့်ရင်း ...

"တယ်ဆိုတဲ့ စာပါလား၊ ဆိုစမ်းပါဦး ... ဘယ်လို အသစ်ဖြစ်မှာလဲဆိုတာ ..."

"မောင် စောင့်ကြည့်နေပေါ့ကွာ ..."

ညီလေးခင်သည် မောင့်မျက်လုံးတွေကို စိုက်ကြည့်ရင်း လှိုက်လှဲစွာ ပြောလိုက်ပါသည်။

***



(၂၇)

❖ ❖ ❖

ညီလေးသည် မောင့်အစ်ကိုတွေ ဘယ်လောက်တားတား မောင့်ကို လက်ထပ်ယူမည်ဟု ဆုံးဖြတ်လိုက်လေသည်။ အဲဒါဟာ မောင့်ရဲ့ နောက်ဆုံးအချိန်တွေမှာ မောင့်အနားမှာ ရှိနေခွင့်ရဖို့သက်သက်အတွက်သာ ဖြစ်သည်။ မောင့်အတွက် စိတ်ချမ်းသာမှုတွေကို သူ့ကိုယ်ပိုင်အစွမ်းအစဖြင့် ဖန်တီးပေးလိုမှု ကြောင့်သာ ဖြစ်သည်။

သူက ထိုရည်ရွယ်ချက်ဖြင့်ပင် သူ့အစ်မတွေကို အသိမပေးဘဲ ကုမ္ပဏီတစ်ခုမှာ markting ဝန်ထမ်းအဖြစ် အလုပ်ဝင်လုပ်လေသည်။ သူနဲ့ မောင့်ဘဝကို ထူထောင်ရာမှာ သူ့အစွမ်းအစဖြင့်သာ ဦးဆောင်ထူထောင်လိုပါသည်။ မောင်ကလည်း အဲဒီလို အခြေအနေမျိုးကိုပဲ လိုလားခဲ့တာဖြစ်သည်။ သူသည် ခုတော့ အစ်မတွေကို အားကိုးပြီးနေသော ခပ်ညံ့ညံ့ ယောကျ်ား မဟုတ်တော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အလုပ်က အလွန်ပင်ပန်းတာတော့ အမှန်ပင်။ ကုမ္ပဏီကတင်သွင်းနေသော ကုန်ပစ္စည်းတွေကို ဈေးကွက်မှာ ရောင်းချနိုင်ဖို့ ဈေးများ၊ စတိုးဆိုင်များသို့ တစ်နေကုန် သွားကာ စပ်ရသည်။ ကုမ္ပဏီက ကားလည်းမပေးနိုင်၊ တက္ကဆီလည်း ငှားစီးခွင့် မပေးတာမို့ ဘတ်စကားတစ်တန် ခြေလျင်တစ်တန်ဖြင့် နေပူစပ်ခါး လျှောက်သွားနေရသည်။ သူ့ရဲ့ဖြူနုကာ ပန်းရောင်ဘက်သို့ သမ်းလုလု ခြေထောက်တွေပင် အသားမာတက်ကာ ကြမ်းတမ်းလျက် ဖုန်အလိမ်းလိမ်း ထ,နေပေပြီ။ သူ စီးနေကျ ကတ္တီပါ ဖိနပ်နီညိုကလေးသည် ဖုန်မှုန့်တို့ဖြင့် မွဲတေဖြူလျော်၍ နေသည်။ အပင်ပန်းမခံနိုင်သော ညီလေး၏ ဖြူသော အသားအရည်သည် နေပူဒဏ်ကြောင့် ရဲရဲနီကာ ချွေးတပြိုက်ပြိုက်ဖြင့် မောပန်းနွမ်းလျနေသည်။ ပင်ပန်းသည့်ဒဏ်ကို တစ်ပတ်လောက်ကာလမှာ အသားကျအောင် လေ့ကျင့်ရသည်။

ညီလေးသည် အလုပ်လုပ်ခြင်းကြောင့်ပင် ယောကျ်ားပီသစွာ ရင့်ကျက်လာသည်။

သူ့အစ်မတွေကတော့ ညီလေးရဲ့ ပြောင်းလဲပုံကို စောင့်ကြည့်ရင်း မရှုနိုင် မကယ်နိုင် ဖြစ်နေကြရပါသည်။

"ဒီ ညီလေးဟာ တစ်နေကုန် ဘယ်တွေလျှောက်လျှောက် သွားနေလဲ မသိပါဘူး၊ ကားလည်း ယူမသွားဘူး၊ သူပြန်လာရင် ချွေးသံတရွှဲရွှဲနဲ့ လူရုပ်မပေါ်ဘူး ..."



"ညီလေးရယ် ... နင်ကြည့်ရတာ အရင်လို ကျော့ကျော့မော့မော့ သန့်သန့်ပြန့်ပြန့် မရှိတော့ဘူး၊ နင် ဘာတွေလျှောက်လုပ်နေသလဲ ပြောစမ်းပါဟယ် ..."

"ကျွန်တော် မဟုတ်တာတော့ ဘာတစ်ခုမှ မလုပ်ပါဘူး၊ မမကြီးတို့ မစိုးရိမ်ကြပါနဲ့ ..."

ညီလေးက ခပ်ပြတ်ပြတ်ဖြေကာ လုပ်စရာရှိတာကိုသာ ဆက်လုပ်နေခဲ့သည်။ ညီလေးက ကိုယ်မှန်တယ်ထင်လျှင် ဘာကိုမှ မကြောက်ရွံ့တတ်သော ယောကျ်ားတစ်ယောက် ဖြစ်လာခဲ့ပါသည်။

ညီလေးသည် ပထမဦးဆုံး လခထုတ်သောနေ့တွင် မောင့်အတွက် စားစရာများ၊ အင်္ကျီကလေး တစ်ထည်နှင့် ဖိနပ်တစ်ရံ ဝယ်ကာ မောင့်ထံသို့ ဝမ်းသာအားရ အရောက်သွားခဲ့ကာ

"မောင် ... ဒါ ... ကိုယ့်တစ်ယောက်တည်းရဲ့ အစွမ်းအစနဲ့ ရတဲ့ ပိုက်ဆံနဲ့ မောင့်အတွက် ဝယ်လာခဲ့တာ ..."

မောင်သည် ညီလေးကို တစ်လှည့် ညီလေးလက်ထဲက ပစ္စည်းတွေကို တစ်လှည့် စိုက်ကြည့်ရင်း အံ့သြသွားကာ ...

"ဟင် ... ညီလေးက ဘယ်ကပိုက်ဆံနဲ့ ဒါတွေ ဝယ်လာတာလဲ ..."

"ကိုယ် ဒီနေ့ လခထုတ်တယ်လေ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... လခ ထုတ်တယ် ..."

"ဟုတ်တယ် ... ကိုယ်က ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေတာ တစ်လရှိပြီ"

"တကယ် ..."

"တကယ်ပေါ့ ..."

"အဲ့ဒါကြောင့် မောင် ရှင့်ကို အံ့ဩနေမိတာ ထင်တယ်၊ ညီလေးက တစ်ပတ်လုံးပျောက်ပျောက်နေပြီး စနေ တနင်္ဂနွေကျမှပဲ ပေါ်လာတယ်၊ ပြီးတော့ ညီလေးပုံစံက အရင်လို ကျော့မော့မနေဘဲ နည်းနည်း အကြမ်းထည်ဆန်လာတယ်၊ လက်စသတ်တော့ အလုပ်ဝင်နေလို့ကိုး"

"မောင့်ကို စောင့်ကြည့်နေဖို့ ကိုယ် ပြောသားပဲ၊ ကိုယ် စပြီး ပြောင်းလဲနေပြီလေ၊ အရင်လို ကလေးအတွေးတွေ မရှိတော့ဘူး၊ မောင့်ကို ကိုယ့်အစွမ်းအစနဲ့ကိုယ် ရှာဖွေကျွေးမွေးမယ်ဆိုတဲ့ စိတ်မျိုးဝင်လာပြီ၊ သိပ်မကြာခင် မောင် အားကိုးအားထားပြုလို့ရမယ့်သူမျိုး ဖြစ်လာစေရမယ်"

မောင့် မျက်ဝန်းလေးတွင် ပျော်မြူးရိပ်ဖြင့် အရောင်လက်လာတော့ သူပျော်သွားသည်။ သို့သော် မောင်က စိုးရိမ်စိတ်တစ်ဝက်ဖြင့် မေးပါသည်။

"ညီလေး အလုပ်က ဘာအလုပ်မျိုးလဲဟင်"



"marketing ထွက်ရတာလေ၊ လွယ်လွယ်ပြောရရင် ပစ္စည်းလိုက်စပ်ရတဲ့ အလုပ်ပေါ့"

"နေ့တိုင်းလျှောက်သွားနေရတာလား"

"ဟုတ်တယ် ..."

"ညီလေးရယ် ... ရှင် ပင်ပန်းနေမှာပဲနော်"

"ခုတော့ မပင်ပန်းတော့ပါဘူး၊ အသားကျနေပါပြီ၊ ဒီအလုပ်က လခ သိပ်မများပေမယ့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့အတွက် ကိုယ် အရမ်းကျေနပ်တယ်၊ ကိုယ့်ကိုယ်ပိုင်ခွန်အားနဲ့ ရတဲ့ငွေကြေးနဲ့ မောင့်အတွက် လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးချင်တယ်၊ ခုကစပြီး အလုပ်လုပ်ထားတော့ တဖြည်းဖြည်း အတွေ့အကြုံ ရင့်ကျက်လာမယ်၊ လုပ်ငန်းသဘောကို နားလည်လာမယ်၊ နောက်ဆို ကိုယ်ပိုင်အလုပ်လုပ်နိုင်တဲ့အထိ တိုးတက်လာမယ်၊ ပြီးတော့ ကိုယ်က စိန်အကြောင်း နားလည်တော့ ရုံးအလုပ်အပြင် စိန်ပွဲစားလည်း လုပ်လို့ ရသေးတယ်ကွာ၊ ငွေတော်တော်လေး စုမိရင် ကိုယ်တို့ လက်ထပ်ကြတာပေါ့"

"လက်ထပ်မယ် ..."

"အင်းလေ ... အဲ့ဒီ ရည်ရွယ်ချက်ကြောင့် အိမ်ထောင်ဦးစီးကောင်း ပီသအောင် ကြိုးစားနေရတာပေါ့ဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



မောင်က ရှက်ရိပ်စွန်းသော အပြုံးကလေးကိုပြုံးလိုက်သောအခါ သူ့ရင်ထဲမှာ ကြည်နူးစိတ်တစ်ဝက် နာကျင်စိတ်တစ်ဝက်ဖြင့် ဆို့နင်သွားသည်။ သူက မောင့်မျက်နှာလေးကို စိုက်ကြည့်ရင်း

"မောင် ... နေကောင်းရဲ့လား"

"ကောင်းတယ်လေ ... ညီလေးကလည်း ခုတလော မောင့်ကို တွေ့တိုင်း နေကောင်းလားပဲ မေးမေးနေတော့တာပဲ၊ တစ်ခါလေးများ ဖျားမိပါတယ်၊ အမြဲ လူမမာ အမေးခံနေရတယ်"

မောင်ရယ် ... သနားစရာကောင်းလိုက်တဲ့ ချစ်သူလေးရယ် ... မင်း မသိရှာဘူးနော် ... ။

"ထပ်ဖျားမှာ စိုးလို့ပါ၊ ခေါင်းတွေဘာတွေရော မူးသလား၊ ထမင်းရော စားဝင်ရဲ့လား၊ ညဘက်ကော အိပ်ပျော်ရဲ့လား၊ အားနည်းပြီး မောတာမျိုး ဖြစ်သလား"

"မဖြစ်ဘူး ... ညီလေးပြောတာတွေ တစ်ခုမှမဖြစ်ဘူး"

"တစ်ခုခုဖြစ်ရင် ကိုယ့်ကိုပြောနော် ... ကျိတ်မှိတ်မနေနဲ့ သိလား"

"ဘာမှ မဖြစ်နိုင်ပါဘူး၊ မောင်က ဒေါင်ဒေါင်မြည်ပါ၊ ညီလေးသာ နေပူထဲလျှောက်သွားနေရတာ ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ပါ"



ညီလေးသည် မောင့် ခေါင်းကို အသာအယာ ဆွဲယူကာ သူ့ရင်ခွင်မှာ အပ်စေလိုက်ရင်း ဝမ်းနည်းစိတ်ဖြင့် တိတ်ဆိတ်နေခဲ့ပါသည်။

မခွဲပါရစေနဲ့ဦး မောင်ရယ် ... ။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com







❖ ❖ ❖

ညီလေးခင်ရဲ့ ပြောင်းလဲမှုက ယုံနိုင်စရာမရှိချေ။

မောင် အထင်တသေးရှိခဲ့သော မောင့်ချစ်သူသည် ခုတော့ဖြင့် မောင့်ကို ပေးဆပ်ခြင်းများစွာဖြင့် အတိုင်းမသိ ချစ်မြတ်နိုး တန်ဖိုးထားခဲ့လေပြီ။ စစ်မှန်လေးနက်သော ချစ်ခြင်းက ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပေးနိုင်ကြောင်း၊ ထိုယောကျ်ားက ချစ်ရသော မိန်းမတစ်ယောက်ကို ပြီးပြည့်စုံသည့် စိတ်ပိုင်းဆိုင်ရာ ခမ်းနားကြွယ်ဝမှုတွေကို ပေးအပ်နိုင်ကြောင်း မောင် ယုံကြည်ခဲ့ရပြီ။

တနင်္ဂနွေ တစ်ရက်မှာ သူက မောင့်ကို မြောက်ဒဂုံက အိမ်ကလေးတစ်လုံးဆီ ခေါ်ဆောင်သွားခဲ့လေသည်။ ထိုအိမ်ကလေးမှာ အေးမြတိတ်ဆိတ်သော လမ်းကျဉ်းကလေးရဲ့အဆုံးမှာရှိပြီး အသင့်အတင့် ကျယ်ဝန်းသော ခြံဝန်းရဲ့ နောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ကျူကျူမှာ တည်ဆောက်ထားခဲ့သည်။ သေးငယ်သော်လည်း သပ် ရပ်သော အိမ်မှိကလေးဖြစ်သည်။ ပြတင်းပေါက်တွေ အများကြီး ပါသော အိမ်မို့ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းသည်။ ခြံထောင့် စံပယ်ပင်တန်းကလေးဆီက စံပယ်နံ့ကလေးကလည်း ဟသင်းသင်း မွှေးလျက်ရှိလေသည်။

"ပြီးခဲ့တဲ့ အပတ်က ကိုယ့်ရုံးက သူဌေးကတော်က အရည် ကောင်းကောင်း လိုချင်တယ်ဆိုလို့ ကိုယ့် တစ်ယောက်မှာလည်း ရောင်းဖို့ရှိတာနဲ့ ကြားထဲက ပွဲစားလုပ်ပေးလိုက်တာ ပွဲခရလိုက်တယ်၊ အဲ့ဒီငွေနဲ့ ဒီအိမ် ကလေးကို စပေါ်တင်ပြီး ငှားလိုက်တာ၊ ကိုယ့်ရုံးပိတ်ရက် တွေမှာ မောင့်ကို ဒီအိမ်ကလေးကို ခေါ်လာပြီး စားဖို့ ချက်ပြုတ်ကျွေးမွေးမယ်၊ ခြံထဲမှာ ပန်းပင်ကလေး စိုက်ကြမယ်လို့ စိတ်ကူးထားတာ၊ နောက်တစ်ခါ ပိုက်ဆံ များများရရင်တော့ မောင်နဲ့ လက်ထပ်ပြီး ဒီမှာနေကြမယ်"

မောင်သည် သူ့ကို အံ့ဩသော ... မယုံနိုင်သော မျက်ဝန်းများဖြင့် ငေးကြည့်ရင်း ရင်ထဲမှာတော့ ဝမ်းနည်း ဝမ်းသာ ဆို့နင့်လှိုက်မောလာသည်။ သူလို အမြဲ နုနုရွရွ အဆင့်မြင့်မြင့် နေတတ်သူက ဒီလို ဝေးလံတဲ့ နေရာက အိမ်သေးသေးကလေးမှာ လာနေဦးမယ်တဲ့။ ပြီးတော့ သူက ပြောသေးသည်။



"မောင့်ကို ဒီလိုအိမ်မျိုးမှာ နေခိုင်းရတာ ကိုယ် တကယ် အားနာပါတယ်၊ နောက်တော့မှ ငွေစုပြီး မောင့်ကို အဆင့် မြင့်မြင့် ထားနိုင်အောင် ကြိုးစားပါ့မယ် ..."

"ညီလေးရယ် မလိုပါဘူး၊ မလိုတော့ပါဘူး၊ ဒီလောက်နဲ့ပဲ တော်တော် လုံလောက်နေပါပြီ၊ ညီလေးရဲ့ စိတ်ထားက မောင့်အတွက် တစ်သက်စာ လုံလောက်သွားပါပြီ"

မောင်သည် ညီလေးရဲ့ နောက်မှာ ရပ်နေရာက လှိုက်လှဲသော နှလုံးသားအစုံဖြင့် ညီလေးရဲ့ ကျောမှာ အသာမှီမှီ ပါးအပ်ရင်း ငြိမ်သက်နေမိလေသည်။ သိပ်ချစ်စရာကောင်းတဲ့ ညီလေး ...။ သူဟာဖြင့် မောင့်အတွက် ပြီးပြည့်စုံသော ချစ်သူ တစ်ယောက်ဖြစ်ပါသည်။

ထိုနေ့က ညီလေးသည် အိမ်နှင့် တော်တော်ဝေးသော ဈေးသို့သွားကာ မီးဖိုချောင်သုံး ပစ္စည်းများ၊ ဟင်းရံများ ဝယ်လာ ကာ ...

"ဒီနေ့ ... မောင်စားဖို့ ကိုယ်ချက်ကျွေးမယ်၊ မောင် ကြိုက် တာတွေအားလုံး ဝယ်လာတယ်"

"မောင်လည်း ကူချက်မယ်၊ ဟိုဟို ဒါပေမယ့် ဘာမှတော့ သိပ်မလုပ်တတ်ဘူး"

"နေပါ ... မောင် အေးအေးဆေးဆေးနေပါ၊ ဟင်းချက်ရင်

www.burmeseclassic.com

www.burmeseclassic.com



မီးကပူ၊ ချော်ကချော်နဲ့ ပင်ပန်းပါတယ်၊ ကိုယ်ပဲ ချက်ကျွေးပါ့မယ်"

"အမြဲချက်ကျွေးမှာလား"

"ကျွေးမှာပေါ့၊ ကိုယ်တို့ လက်ထပ်ပြီးရင် ယောကျ်ားတာဝန်ရော မိန်းမတာဝန်ရော ကိုယ်တစ်ယောက်တည်းပဲ ယူမယ်၊ အပြင်ရောက်ရင် ယောကျ်ားလို ငွေရှာပြီး အိမ်ပြန်ရောက်ရင် အိမ်ရှင်မကြီးလို ချက်ပြုတ်သိမ်းဆည်း လျှော်ဖွပ် အားလုံးလုပ်မှာ၊ မောင် အငြိမ်းစားသာနေ ..."

ညီလေးက ပုဆိုးတိုတိုဝတ်ကာ မီးဖိုချောင်ထဲမှာ တကုပ်ကုပ်ဖြင့် ကြော်လှော်ချက်ပြုတ်နေတော့တာမို့ မောင်က ကြည်နူးစိတ်ဖြင့် မျက်ရည်ဝဲရသည်။

အိမ်ကလေးရဲ့ ဘုရားစင်အောက်တွင် သံတိုင်များကာထားသော ပြတင်းပေါက်လေးရှိရာ ထိုပြတင်းပေါက်ကို ဖွင့်လိုက်လျှင် ခြံခေါင်းရင်းဘက်ဆီက စပယ်ပင်တွေကို လှမ်းမြင်နိုင်ပြီး လေပြေဝေ့လာတိုင်း မွှေးရနံ့က တသင်းသင်းပါလာသည်။

မောင်တို့ နှစ်ယောက်သည် ထိုပြတင်းပေါက်နားတွင် စားပွဲခုံဝိုင်းလေးချကာ ထမင်းစားကြသည်။ ညီလေးရဲ့ လက်ရာပဲကြီးနဲ့ ဆူးပုတ်အရည်သောက်ဟင်း၊ ငါးရံ့ခြောက်ဖုတ်ဆီဆမ်း၊ မန်ကျည်းရွက်သုပ်နှင့် ကြက်သားဆီပြန်ဟင်းကလည်း စားလို့မြိန်လှသည်။ ညီလေးက သူ့ထမင်းသူ ဖြောင့်ဖြောင့်မစားနိုင်ဘဲ မောင့် ပန်းကန်ထဲသာ ဟင်းတွေ စောင့်ထည့်ကာ မောင်စားတာကိုပဲအရိပ်တကြည့်ကြည့် လုပ်နေသည်။



ထမင်းစားပြီးတော့ ညီလေးက သူဝယ်လာသော မျိုးစေ့များ၊ အပင်ပေါက်ကလေးများကို ယူကာ မောင်နှင့်အတူ ခြံထဲသို့ ဆင်းလာပြီး သီးပင် စားပင် ပန်းပင်ကလေးများကို စိုက်ပျိုးကြသည်။

"ကိုယ်တို့က ဒီကို နေ့တိုင်းမလာနိုင်တော့ ဒီအပင်လေးတွေကို ရေလောင်းဖို့ ဟိုဘက်အိမ်က ကလေးတစ်ယောက်ကို မုန့်ဖိုးပေးပြီး အပ်ခဲ့ရမှာ၊ ကိုယ်လာတော့မှာ မြေသြဇာကျွေးသင့်တာကျွေး၊ ပေါင်းနုတ်တန်တာနုတ် လုပ်ရမှာ ..."

ညီလေးက မောင့်ကိုလည်း ရှင်းပြရင်း လက်ကလည်း အဆက်မပြတ် အလုပ်လုပ်နေခဲ့လေသည်။

အပင် သေးသေးလေးတွေနှင့် မျိုးစေ့တချို့ ကြဲချစိုက်ပျိုးပြီးသောအခါ ညီလေးက မြေပြင်ပေါ်မှာ ဓားတစ်ချောင်းဖြင့် အသည်းပုံ နေရာလွတ်တစ်ခု ခြစ်ချရေးဆွဲလိုက်ပါသည်။ ပြီးတော့ ထိုအသည်းပုံ ဆွဲကြောင်းတစ်လျှောက်မှာ အုတ်ခဲတွေကို ညီညာစွာ တစောင်းပြုလုပ်၍ ပုံဖော်လိုက်သည်။ ပြီးတော့မှ ထိုအသည်းပုံကွက်လပ်ရဲ့ အလယ်ဗဟိုတည့်တည့်မှာ စကားဖြူပင်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ချ၍ စိုက်ပျိုးလိုက်လေသည်။ မောင်က အပင်ကို မြေကျဖို့ပေးရင်း ...

"ညီလေး ... ဒီစကားပင်လေးကို ဘာစိတ်ကူးနဲ့ စိုက်တာလဲ ..."

"ဒီအပင်လေးကို မောင့်အတွက် ကိုယ်စားပြုတဲ့အနေနဲ့ စိုက်တာလေ၊ ဒီစကားပင်က မောင်၊ ဒီအသည်းပုံမြေပြင်က ကိုယ်၊ ကိုယ့်နှလုံးသားထဲမှာ မောင်က သက်ရင့်ရှည်ကြာ အမြဲရှင်သန် အသက်ဝင်နေမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ ဒီစကားပင်တွေက သက်တမ်း ရာချီရှင်သန်နိုင်ကြတယ်လေ ..."

ညီလေးသည် အပင်ကို မြေဖို့ရင်းက ခေါင်းငုံ့ချမိသောအခါ မျက်ရည်စတချို့က အပင်ခြေရင်းသို့ ကျသွားသည်။ မျက်ရည်နဲ့ ပျိုးထောင်စိုက်ပျိုးရတဲ့အပင်ပါ မောင်ရယ်၊ ညီလေးသည် ပျက်ယွင်းသော မျက်နှာကို မောင် မမြင်အောင် တစ်ဖက်သို့ အမြန်လှည့်နေလိုက်ရသည်။

မောင်ကတော့ ကြည်နူးပျော်ရွှင်စိတ်ဖြင့် ပေါ့ပါးနေ၍ ညီလေးရဲ့ မျက်ရည်ကို မမြင်ခဲ့မိပါ။ မောင်က ရုတ်တရက် စိတ်ကူးရကာ ညီလေးလက်ကို ဆွဲလိုက်ပြီး အပင်ရဲ့ခြေရင်းမြေပြင်ကို အတူတူ ဖိချနေလိုက်ရင်း ...



"မောင့်အမှတ်တရ အပင်စိုက်တာတော့ ဟုတ်ပါပြီ ညီလေးရယ်၊ ဒါပေမယ့် ဒီအိမ်က မောင်တို့အိမ်မှ မဟုတ်ဘဲ ..."

"ဒီအိမ်ပိုင်ရှင်က ရောင်းချင်နေတာ မောင်ရဲ့ ...၊ ဒီအိမ်ကလေးကို ကိုယ် ပြန်ဝယ်ဖို့ ကြိုးစားမယ်၊ ခုသွားနေတဲ့ ၆ လအတွင်းမှာ ကိုယ် ကြိုးစားပြီး ငွေရှာမယ်၊ အိမ်ဝယ်ဖို့ ငွေ အချိန်မီ မရခဲ့ရင် ကိုယ့် Bank account ထဲက ငွေတချို့ထုတ်ပြီး စရန်ပေးထားမယ်၊ Bank account ထဲက ငွေက မကြီးတို ထည့်ပေးထားတဲ့ ငွေမို့လို့သာ ကိုယ်က မသုံးချင်တာ၊ ကိုယ်က မောင့်အတွက် ကိုယ်ရှာတဲ့ငွေကိုပဲ သုံးချင်တယ်၊ စရန်ပေးတဲ့အခါ ခဏထုတ်သုံးတဲ့သဘောပဲ၊ နောက် တဖြည်းဖြည်းမှ account ထဲ ပြန်ထည့်ပေးလိုက်မယ်၊ အတတ်နိုင်ဆုံးတော့ ကိုယ့်ငွေနဲ့ပဲကိုယ် ဝယ်နိုင်အောင် ကြိုးစားမယ်ကွာ ... ကိုယ့်ကိုယုံတယ်မဟုတ်လား"

"ယုံပါတယ် ညီလေးရယ် ..."

ထိုနေ့က ခြံထဲ အိမ်ထဲ အားလုံး သပ်ရပ်အောင် ရှင်းလင်းပြီးသောအခါ တစ်ဖက်အိမ်က ကောင်လေးကို မုန့်ဖိုးပေး၍ ခြံအပ်ခဲ့ပြီး မောင်တို့ ပြန်လာကြလေသည်။

ခြံဝကအထွက်မှာ ညီလေးက သူ့ခေါင်းကို တစ်ချက်ကိုင်ကာ မျက်နှာရှုံ့မဲ့သွားတာမို့ မောင်က စိတ်ပူသွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ... ဘာဖြစ်လို့လဲ၊ ခေါင်းကိုက်လို့လား ..."

"အင်း ... ရှိပါတယ်၊ နည်းနည်းပါးပါးပါ"

"ဆေးခန်း သွားပြမလား ..."

"အဲဒီလောက်ကြီး မလိုပါဘူး၊ နေပူထဲ သွားပါများလို့ ကိုက်တာဖြစ်မှာပါ၊ ခဏနေရင် ပျောက်မှာပါ ..."

"ညီလေးရယ် ... ရှင် အလုပ်လုပ်တာကိုတော့ မောင် သဘောကျပါတယ်၊ ဒါပေမယ့် ရှင် ပင်ပန်းတာကိုတော့ မောင် မကြည့်ရက်ဘူး၊ အပြင်လျှောက်လျှောက်မသွားရတဲ့ အလုပ်မျိုး ပြောင်းလုပ်လို့ မရဘူးလား"

"လောလောဆယ် ဒီအလုပ်က အဆင်ပြေနေတော့ မှေးလုပ်နေလိုက်ဦးမယ်၊ နောက်မှ အခြေအနေကြည့်ပြီး ပြောင်းသင့်ရင် ပြောင်းမယ်လေ ..."

မျက်မှောင်ကလေးတွန့်ကာ တွေးတွေးဆဆ ပြန်ပြောသော ညီလေးမျက်နှာက ပီဘိလူကြီးတစ်ယောက်ကိုပင် ရင့်ကျက်လှပါသည်။

ညီလေးရဲ့ ပြောင်းလဲမှုများက မောင့်အပေါ် ချစ်သည့် ချစ်ခြင်းဇာကို ပြဆိုသည့်ပမာ ဖြစ်ခဲ့သည်။ ပြောင်းလဲမှုများလေ ချစ်ခြင်းပမာဏများလေဟု မောင်က ခံစားမိရလေသည်။

ထိုနေ့ညနေက အပြန်လမ်းတွင် ညီလေးရဲ့ နောက်



ထပ် ပြောင်းလဲမှု တစ်ခုကို မြင်သာစေမည့် အဖြစ်အပျက်တစ်ခု လည်း ဖြစ်ပျက်ခဲ့လေသည်။

မောင်တို့နှစ်ယောက် လူနေအိမ်ခြေ ကျဲလှသော လမ်းသွယ်ကလေးမှ အေးအေးလူလူ လျှောက်လာဆဲတွင် ရှေ့နား လမ်းကွေ့ဆီက ရုတ်ရုတ်သဲသဲ အော်ဟစ်သံများကို ကြားရလေ သည်။

"သူခိုးဗျို့ ... သူခိုး ...၊ ဆွဲကြိုးဖြတ်ပြီး ပြေးသွားပါတယ် ဗျို့ ..."

မောင်တို့က ရုတ်တရက်မို့ အံ့ဩသွားကာ ထိုနေရာတွင် ရပ်နေဆဲ လူတစ်ယောက်က အိမ်ကြိုအိမ်ကြားမှ ပြေးထွက်လာတာကို မြင်ရလေသည်။ ထိုအချိန်မှာပင် ညီလေးက မောင့်ကို ဆွဲကာ သူ့နောက်သို့ ပို့လိုက်ပြီး အနားက အုတ်ခဲတစ်လုံးကို ပြေးကောက်ကာ ထိုသူလာရာလမ်းမှ ပြေးကြိုစောင့်နေလိုက်သည်။ အဖြစ်အပျက်က မြန်ဆန်လွန်းလှရာ မောင့်မှာ ကြာကြာအံ့ဩ ချိန် မရလိုက်။ သူက ထိုသူ့ကို ထိုးကြိတ်ဖမ်းဆီးလိုက်ချိန်တွင် နောက်ဘက်မှ လူအုပ်ကြီးကလည်း ရောက်လာကာ သူ့နံဘေးမှာ လူတွေဝိုင်းအုံသွားသည်။

"ကျေးဇူးတင်လိုက်တာဗျာ ... ဒီသူခိုးက ကျုပ် မိန်းမ လည်ပင်းက ဆွဲကြိုးကို ဖြတ်ပြေးတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"နေ့ခင်းကြောင်တောင်ကြီးဗျာ ... တော်၊ တော် အတင့်ရဲတဲ့သူနိုး"

"ကျုပ် ချွေးနဲ့စာကလေးနဲ့ ကျုပ်မိန်းမကို ဆင်ယင်ထားရတာ၊ ရွှေဆိုလို့ ဒါကလေးပဲရှိတာဗျာ၊ ကံကောင်းလို့ ပြန်ရတယ်။ တကယ့်ကို ကျေးဇူးတင်တယ်၊ ခင်ဗျား တော်တော် သတ္တိကောင်းတဲ့သူ ..."

သူက မောင့်လက်ကိုဆွဲကာ လူအုပ်ထဲမှ တိုးထွက်လာသည်။ ခပ်လှမ်းလှမ်းရောက်တော့ မောင်က ဝါးခနဲ ထ,အော်ကာ တစ်ချက်နှစ်ချက် ခုန်လိုက်ရင်း ...

"ဝါး ... တကယ့်ကို ဟီးရိုးပဲ"

ဟု အော်လိုက်တော့ သူက ရှက်စနိုးပြုံးရင်း ...

"မောင်က အဲ့ဒါမျိုးမှ သဘောကျတယ် မဟုတ်လား"

"သဘောတော့ ကျပါရဲ့ ... မသေကောင်း မပျောက်ကောင်း ဟိုက ခပ်ချာချာမို့ တော်သေးတယ်၊ မတော်လို့ ဓားနဲ့ ထိုးပြေးသွားရင် အခက်ပဲ"

"ကိုယ်က အဲ့ဒါတွေ မတွေးမိပါဘူး၊ ရုတ်တရက် ဖြစ်လာတဲ့ အခြေအနေပေါ်မှာ တစ်ဖက်ကိုလည်း ကူညီရင်း ဟဲဟဲ ...ပြီးတော့ ကိုယ် ဒီလိုလုပ်ရင် မောင်-သဘောကျမယ်ထင်လို့ ..."



"မောင့်ရှေ့မှာမို့ ဟီးရိုးလုပ်ပြတယ်ပေါ့လေ"

"အဲဒီလိုချည်းပဲ သက်သက်တော့ မဟုတ်ပါဘူး၊ ကိုယ့်စိတ်ကိုက အလိုလို သတ္တိရှိနေတာလည်းပါတယ်၊ မောင့်ရဲ့ တွန်းအားကြောင့်ပဲ ဘာမဆို ရင်ဆိုင်ရဲတဲ့ သတ္တိတွေ ဝင်လာတယ်"

"ဝါး ... ချစ်စရာကောင်းလိုက်တာ"

မောင်က သူ့ရင်ဘတ်ကို လက်သီးနှင့် နှစ်ချက်ဆင့်ထိုးလိုက်ရင်း ပျော်ရွှင်စွာ အော်ဟစ်လိုက်လေသည်။

***

www.burmeseclassic.com

www.burmeseclassic.com







(၂၉)

❖ ❖ ❖

အဲဒီနေ့က နေ့လယ် ထမင်းစားချိန်လောက်မှာ မောင်က ညီလေးတို့ ရုံးနားသို့ ရောက်သွားလေသည်။ ကိုရီး ခိုင်းသော ကိစ္စတစ်ခုအတွက် လာရင်း မောင် လာရသည့်နေရာက ညီလေးတို့ ရုံးနားမှာမို့ ညီလေးကို ဖုန်းဆက်ခေါ်ပြီး နေ့လယ်စာ ထွက်စားဖို့ ဆုံးဖြတ်လိုက်ပါသည်။

မောင်က PCO ဖုန်းနားသို့သွားကာ ညီလေးတို့ ရုံးသို့ ဖုန်းခေါ်လိုက်ပါသည်။

"ဟဲလို ... ညီလေးခင်နဲ့ စကားပြောပါရစေရှင်"

"ညီလေးခင် ရုံးမတက်ပါဘူး ခင်ဗျာ"

"ဟင် ... ဘာဖြစ်လို့လဲ ..."

"နေမကောင်းလို့လို့ ပြောပါတယ်"

မောင် သိမထားသော ကိစ္စမို့ ဘာများဖြစ်လို့ပါလိမ့်

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ပူသွားသည်။ ညီလေးက မောင့်ကိုလည်း အကြောင်းမကြား ခဲ့။ ဟိုတလောကတော့ ခေါင်းကိုက်နေတယ် ပြောတာပဲ ...။

မောင်သည် တက္ကဆီငှားကာ ညီလေးတို့အိမ်ဘက်သို့ ဦးတည်လိုက်လေသည်။ ဖုန်းဆက်ရင်လည်း ညီလေးရဲ့ အစ်မတွေက ခေါ်ပေးမှာမဟုတ်။ ဘာဖြစ်မှန်း မသိဘဲနဲ့လည်း ညီလေး ဖုန်းဆက်လာမည့် အချိန်ကို ထိုင်မစောင့်နိုင်ပါ။ မောင်က အလွန်စိတ်စောသူ စိတ်မြန်သူဖြစ်ရာ ဘာပဲဖြစ်ဖြစ် ညီလေးတို့ အိမ်ရှေ့ရောက်လျှင်တော့ တစ်ခုခု စုံစမ်းသိရှိရမှာပဲ ထင်ကာ တက္ကဆီဆရာကို အမြန်မောင်းခိုင်းလိုက်ပါသည်။ ဒီနေ့ကျမှ ကားကို ကိုမိုးယူသွားတာမို့ ကားကလည်း မပါ။ မောင့်ရင်ထဲ စိုးရိမ်စိတ်ဖြင့် တထိတ်ထိတ်တောင် ခုန်နေခဲ့ပြီ။

မောင်က ကားကို ညီလေးတို့အိမ်ရှေ့ မလှမ်းမကမ်း မှာ ရပ်ခိုင်းပြီး အိမ်ဘက်သို့ လှမ်းကြည့်နေဆဲ ကားတစ်စီးက မောင့်အနားမှာ ရပ်လာသည်။ မောင် လှည့်ကြည့်မိတော့ ညီလေးရဲ့ မမကြီးကို တွေ့ရသည်။

"မောင် ... ဘယ်ကိုလာတာလဲ ..."

မေးပုံက ဒေါသမပါဘဲ ညင်သာလှတာမို့ မောင်ထ အရဲကိုးကာ ...

"ဟို ... ညီလေး နေမကောင်းဘူးဆိုလို့ ..."



"အင်း ..."

ညီလေးအစ်မက မျက်နှာမကောင်းလှစွာ အသံရှည်ကြီး ပြုလိုက်ရာ မောင်က မျက်လုံးပြူးသွားရလျက် ...

"ဘာ ... ဘာဖြစ်လို့လဲ မမကြီး၊ ညီလေး ဘာဖြစ်လို့လဲ"

"တို့လည်း ဒီကိစ္စအတွက်ပဲ ကြိမ်မီးအုံးနေရပါတယ်ကွယ်၊ ကဲ ... ကဲ ... ကားပေါ်တက်ပါ၊ တစ်နေရာသွားပြီး စကားပြောရအောင် ..."

မောင်က ကားတံခါးကို အမြန်ဆွဲဖွင့်ကာ ရှေ့ခန်းမှာ ဝုန်းခနဲ ပစ်ဝင်ထိုင်လိုက်သည်။ မမကြီးက မိန်းကလေးရယ်လို့ မညင်သာတာကိုလည်း ညှိညင်ပုံမရဘဲ ကားကို မောင်းထွက်လာသည်။

"မမကြီး ... မောင် သိချင်လှပြီ၊ ပြောပါ ... ညီလေး ဘာဖြစ်သလဲ ..."

"ပြောမှာပါကွယ် ... အဲဒီလိုပြောထွက်ဖို့လည်း တို့ တော်တော် အားမွေးထားရပါတယ်"

မောင့်ရင်သည် ပို၍ လေးလံလာရပါသည်။ မမကြီးက ကားကို ကန်တော်ကြီးဘက်သို့ မောင်းလာပြီး အရိပ်ကောင်းသော သစ်ပင်အောက်မှာ ရပ်လိုက်သည်။ မောင်က မမကြီးမျက်နှာ အရိပ်အကဲကို မျက်တောင်မခတ်တမ်း စိုက်ကြည့်ရင်း ကြားရမည့် စကားကို မျှော်လင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေးက ကံမကောင်းရှာဘူးကွယ် ..."

မမကြီးက စကားကို ထိုနေရာမှာပင် ရပ်ပစ်လိုက်တာမို့ မောင်က မမကြီးရဲ့ ပခုံးနှစ်ဖက်ကို အားသန်လှသော မောင့်လက်နှစ်ဖက်ဖြင့် မောင့်ဘက်သို့ ဖျတ်ခနဲ ဆွဲလှည့်လိုက်ရာ

"အမလေး ... သေပါပြီဟယ် ... ဘယ်လိုလုပ်တာလဲ ..."

"မမကြီး ... ပြောလေ၊ ဆက်ပြော ..."

"ညီလေးမှာ အသက်ရှည်ရှည်နေရမယ့်ကံ ပါမလာဘူးထင်ပါရဲ့၊ အသက်ငယ်ငယ်နဲ့ သူ့ကို ဖူးဖူးမှုတ် ချစ်ခင်ကြတဲ့ အစ်မနှစ်ယောက်ကို ထားရစ်ခဲ့ရတော့မယ်လေ ..."

"မမကြီး ... လိုရင်းကို တည့်တည့်ပြောစမ်းပါ"

မောင်က စိတ်မရှည်နိုင်ဘဲ ဒေါသနှင့် အော်လိုက်တော့မှ ...

"ဘရိန်းကျူမာတဲ့ကွယ်၊ညီလေးမှာ Brain Turner(ဦးနှောက်အကျိတ်) ဖြစ်နေပြီ၊ နောက်ထပ်နေရမှ တစ်နှစ်ပဲတဲ့၊ သူ့ကိုယ်သူတော့ မသိရှာဘူး၊ ပြောလည်း မပြောရက်ပါဘူးကွယ်"

ရုတ်တရက် မောင့် ဝိဉာဉ်ပင် လွင့်စင်သွားသလို ခံစားရသည်။ မောင်သည် နေရာမှာပင်ကြက်သေသေကာ မမကြီးမျက်နှာကိုသာ မျက်လုံးအပြူးသား စိုက်ကြည့်နေမိသည်။



"သေခါနီး လူတစ်ယောက်ကို သံယောဇဉ်တွေနဲ့ မနှောင်ဖွဲ့ချင်ပါနဲ့တော့ မောင်၊ မပေါင်းရမှာလည်း သေချာတဲ့အတူတူ ခုကတည်းက အဆက်ဖြတ်လိုက်ပါတော့၊ ကဲ ... တို့သွားမယ် ..."

မောင်သည် ဘာတစ်ခွန်းမှ မပြောနိုင်ဘဲ မမကြီးအားပေါ်က ဆင်းလာခဲ့ကာ ကန်တော်ကြီးပတ်လမ်းတစ်လျှောက် အသိစိတ်ကင်းမဲ့စွာ လျှောက်သွားနေသည်။ ထို့နောက် စကားပင်လေး တစ်ပင်ဝယ်ကာ မြောက်ဒဂုံက ခြံကလေးဆီသွားလေသည်။

ရှင်းလင်းစိတ်ဆိတ်ကာ အေးမြနေသော ခြံကလေးထဲသို့ မောင်က လေးလံသော ခြေလှမ်းများဖြင့် လှမ်းလာခဲ့သည်။ စံပယ်ရနံ့လေး သင်းပျံ့သော လေကလည်း မောင့်ကိုမပျော်ရွှင်စေ။

မောင်က မောင့်အတွက် အမှတ်တရ စိုက်ပျိုးထားသော စကားပင်လေးနားသို့ လျှောက်သွားမိလေသည်။ ထို့နောက် ထိုအပင်လေးနားမှာ ငုတ်တုတ်ကလေး ထိုင်ချလိုက်ပြီး ညီလေးလိုပဲ အသည်းပုံမြေနေရာတစ်ခု ရေးခြစ်ပြီး အုတ်ခဲများဖြင့် ဝိုင်းရံထားလိုက်သည်။ ညီလေးရဲ့ စကားပင်လေးနှင့် ယှဉ်လျက်ရှိသော ထိုနေရာလေးရဲ့ အလယ်ဗဟိုမှာ စကားဖြူပင်ကလေးကို ချ၍ စိုက်ပျိုးလိုက်သည်။ မောင့်ရဲ့ လက်တွေက တုန်ရင်နေကာ မြေဖို့နေရင်း အရှိုက်သဲလိုက် ရှိုက်ငိုလိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေးရယ် ... မောင့်ကို ခွဲမသွားပါနဲ့နော်၊ ညီလေး ... မောင့်အနားမှာ အချိန်တွေအကြာကြီး နေရဦးမှာနော် ..."

မောင်က သွေးရူးသွေးတန်း ရေရွတ်ငိုကြွေးနေခဲ့မိလေသည်။

❋❋❋



(၃၀)

❖ ❖ ❖

လူတစ်ယောက်ကို တကယ်ချစ်ရိုးမှန်လျှင် ထိုသူ စိတ်ချမ်းသာဖို့ ဖြည့်ဆည်းပေးခြင်းသည်သာ အဓိပ္ပာယ်ရှိဆုံးအလုပ် ဖြစ်သည်ဟု မောင်က ယူဆသည်။ ကိုယ့်စိတ်အလိုအတိုင်း ရှင်သန်နေထိုင်ခြင်းထက် သူ့စိတ်အလိုအတိုင်း ရှင်သန်နေထိုင် လိုက်ခြင်းသာ အကောင်းဆုံးပေးဆပ်မှု တစ်ခုဖြစ်ပါသည်။

ညီလေးကတော့ ထိုစကားမျိုး ထားနိုင်ခဲ့ကာ အရာရာ မောင့်အလိုကျ ပြုပြင်ပြောင်းလဲနိုင်ခဲ့ပြီး မောင်ကတော့ ဘာဆို ဘာမှ မပြောင်းလဲဘဲ ကိုယ့်စိတ် ကိုယ့်သဘောအတိုင်းသာ နေထိုင်ရှင်သန်ရင်း ညီလေးရဲ့ အပြောင်းအလဲ များစွာကိုတော့ ကျေနပ်ပီတိဖြင့် စိတ်ချမ်းမြေ့နေခဲ့ရသည်။ အဲဒီအတွက် မောင်က နောင်တရမိသည်။ မောင်ဟာ တကယ်တော့ တစ်ကိုယ်ကောင်း ဆန်သော သူတစ်ယောက်ဖြစ်ခဲ့ပါသည်။ သူ့အပြစ်သာမြင်ပြီး ကိုယ့်အပြစ်ကို မမြင်ခဲ့သူတစ်ယောက် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီလေး နေပြန်ကောင်းလာပြီး မောင်နဲ့တွေ့ကြသော အခါ မောင်က ညီလေးမျက်နှာကို အရိပ်လိုကြည့်နေမိရင်းက ...

"ညီလေးကို မေးစရာတစ်ခုရှိတယ်"

"မေးလေ ..."

"ညီလေးက မောင့်ကို ဘယ်လိုပုံစံမျိုးနဲ့ မြင်ချင်သလဲ ... မောင် အခုလို မိန်းမ မပီမသ ကြမ်းကြမ်းတမ်းတမ်း နေနေတာကို ညီလေး သဘောမကျဘူး မဟုတ်လား"

"သဘောမကျဘူးရယ်လို့တော့ မဟုတ်ပါဘူး၊ ဒီလို နေရ တာကို မောင် ကျေနပ်ရင် ကိုယ်လည်း စိတ်ချမ်းသာပါတယ်၊ မောင့်ကို အတင်းအကျပ် မပြုပြင်ခိုင်းချင်ပါဘူး၊ အဲဒီလို ပြုပြင်လိုက်ရလို့ မောင် မပျော်ဘူးဆိုရင် ကိုယ်လည်း စိတ်ချမ်းသာမှာ မဟုတ်ဘူး ..."

"ဒါပေမယ့် ညီလေးစိတ်ထဲမှာ မောင့်ကို မြင်ချင်တဲ့ ပုံစံမျိုးတော့ ရှိမှာပေါ့၊ အဲဒါကို ပြောပြလေ ..."

"ကိုယ်က မောင် စိတ်ဓာတ်ကြံ့ခိုင်တာကို သဘောကျ တယ်၊ မောင့်ရဲ့ ရဲရင့်မှုကိုလည်း အထင်ကြီးပါတယ် ဒါပေမယ့် လူကတော့ ကြမ်းကြမ်းတမ်းတမ်း မဟုတ် မိန်းမ ပီသပြီး နူးနူးညံ့ညံ့လေးဆိုရင် ပိုပြီး လှလာ ထင်တာပဲ၊ မောင်က မိန်းမပီပီ ကိုယ့်ကို ထမင်းဟင်း



ချက်ကျွေးတာ ... ၊ ပြုစုယုယတာ ... ၊ ပျော့ပျော့ပျောင်း ပျောင်း ဆက်ဆံတာမျိုးကိုတော့ တစ်ခါတလေ စိတ်ကူး ယဉ်ကြည့်မိတယ်၊ ဒါပေမယ့် ကိုယ်ကတော့ မောင် ဘယ် လိုပဲနေနေ၊ ဘယ်လိုစိတ်မျိုးပဲထားထား ချစ်နေမှာပါ ..."

"ညီလေးရယ် ..."

မောင်က ညီလေးရဲ့ လက်မောင်းကို ဖက်တွယ်ရင်း နဖူးစွန်းနှင့် မိုကပ်ထားလျက် ငိုချင်ပြင်းပြလာသည်။ ညီလေး ခုပဲ မောင်ရှေ့က ပျောက်ပျက်သွားမှာကို စိုးရိမ်သလိုမျိုး စိုးရိမ် လာသည်။ ညီလေးရယ် ... မောင့်အနားက ထွက်မသွားပါနဲ့ ...။

"ညီလေး ... ရှင် ခေါင်းကိုက်သေးလားဟင် ..."

"မကိုက်တော့ပါဘူး၊ ကောင်းနေပါပြီ၊ မောင်ကလည်း ကိုယ့်ကို ကလေးစားချေတာ ကျနေတာပဲ၊ တစ်ခါလေး ခေါင်းကိုက်လို့ အနားယူမိပါတယ်၊ မေးလို့မဆုံးတော့ဘူး"

ညီလေးရယ် ... ရှင့်ရဲ့ ဝေဒနာအမှန်ကိုတော့ ရှင် မသိရှာဘူး။

မောင်က တိတ်ဆိတ်စွာ မျက်ရည်ကျရင်းကပင် သူ့လက်မောင်းနှင့် မျက်နှာကို ကွယ်ထားကာ ငိုသံမပါအောင် ထိန်းရင်း ...

"ရှင့်ရဲ့ စိတ်ကူးယဉ်မှုတွေ တကယ် ဖြစ်လာရပါစေမယ် ညီလေးရယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်တိုးတိုးပြောမိလေသည်။ သူကတော့ မောင့်ခေါင်းလေးကို ကြင်နာစွာ ဖွဖွပွတ်သပ်ပေးရင်း ငြိမ်သက်နေပါသည်။

ခဏကြာတော့ မောင်က မျက်ရည်တွေကို သိမ်းဆည်းကာ ညီလေးရဲ့ မျက်နှာကို မော့ကြည့်မိသည်။ ညီလေးရဲ့ မျက်လုံးတွေက မှိုင်းညို့လှပါသည်။ ညီလေးဟာ ခုနောက်ပိုင်းမှာ တစ်စုံတစ်ခုအတွက် ဝမ်းနည်းနေသလို့ပဲဟု မောင် ထင်သည်။ ညီလေးရဲ့ အစ်မ ပြောတာကတော့ ဒီကိစ္စကို ညီလေး မသိပါတဲ့။ ဒါဆို ဘာ့အတွက်များ ဝမ်းနည်းညှိုးငယ်နေရပါသလဲ ...။ မောင်က ထိုအတွေးကိုတွေးတိုင်း ရင်ထဲ လေးလံလာတတ်လေသည်။

***



(၃၁)

❖ ❖ ❖

ဝမ်းနည်းကြေကွဲစိတ်ကပင် မောင်ရဲ့ သွက်လက်မှုတွေကို နှုတ်ယူသွားသလားမသိ။ မောင်သည် သိသာစွာပင် နှေးကွေးလေးလံလာသည်။ လမ်းသွားတာကအစ အရင်လို မမြန်တော့။ စိတ်မပျော်တာမို့ ငြိမ်ငြိမ်ကလေးသာ တွေးရင်း ငေးနေချင်သည်။ ထိုအခါ မောင် တကူးတက ကြိုးစားစရာမလိုဘဲ မောင့်အသွင်က နူးညံ့သော မိန်းကလေးအသွင်သို့ ပြောင်းလဲသွားခဲ့လေသည်။

မောင်က ညီလေးကို အသိမပေးတော့ဘဲ မြောက်ဒဂုံက ခြံကလေးဆီသို့ နေ့တိုင်းသွားသည်။ အပင်တွေကို ကိုယ်တိုင်ရေလောင်းကာ အတွတ်ကွ ရှင်သန်ပွင့်ဖြိုးလာသော စကားပင်လေးနှစ်ပင်ကို အရိပ်တကြည့်ကြည့် ဖြစ်နေမိသည်။

မောင်သည် နေ့စဉ် ထိုခြံကလေးထဲမှာသာ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း အချိန်ဖြုန်းနေမိမြဲ ဖြစ်သည်။ ထိုအိမ်နဲ့ ခြံကလေးမှာ မောင့်လက်ရာဖြင့် အစဉ်ရှင်းလင်းသပ်ရပ်နေသည်။ မောင်က အိမ်ကလေးအတွက် လိုအပ်သော ပစ္စည်းများကို တစ်နေ့နည်းနည်း ဝယ်လာကာ ဖြည့်ထားသည်။ အိမ်ကလေးရဲ့ ပတ်ပတ်လည်တွင် ရောင်စုံမီးပုံးကလေးများ … အလှဆင်ပန်းကလေးများကို လှပစွာ ချိတ်ဆွဲအလှဆင်ထားသည်။ ပြတင်းပေါက်တိုင်းတွင် ခန်းဆီးစကလေးများကိုလည်း တပ်ထားလိုက်သေးသည်။ အိမ်သေးသေးကလေးမှာ မောင့်လက်ရာဖြင့် အမြဲလှပနေသည်။ မောင်က ဟင်းချက်နည်း စာအုပ်များကို ဝယ်ကာ ထိုအိမ်ကလေးမှာပင် ဟင်းချက်ကျွမ်းကျင်အောင် လေ့ကျင့်မိလေသည်။

မောင်သည် တစ်နေ့တွင် ညီလေးနှင့်အတူ နေရမည်ဟု အားခဲထားသော ထိုအိမ်ကလေးကို ရှင်းလင်းရင်း မျက်ရည်ကျသည့်အခါ ကျသည်။ စကားပင်ကလေးကို ရေလောင်းရင်း ငိုသည့်အခါ ငိုသည်။ တစ်နေ့တော့ မောင်က ထိုအပင်နားမှာ ထိုင်ကာ ငိုနေဆဲ တစ်ဖက်အိမ်က ကောင်လေးက အနားရောက်လာကာ …

"ဟင်း … အစ်မလည်း ငိုတာပဲလား …"

မောင်က မျက်ရည်တွေကို သုတ်ပစ်ကာ ထိုကောင်လေးကို နားမလည်သလို ကြည့်မိသည်။



"ဒီအပင်က ဘာအပင်လို့လဲ၊ တစ်ခါတုန်းကလည်း အစ်မနဲ့ လာဖူးတဲ့ အစ်ကိုက သူတစ်ယောက်တည်းလာပြီး ဟိုဘက်က အပင်လေးကို ရေလောင်းရင်း ငိုနေတယ် …"

ထိုကောင်လေးစကားကြောင့် မောင့်ရင်ထဲ ပူလောင်ရပြန်သည်။ ညီလေးဟာ သူခံစားနေရသည့် ဝေဒနာကို သူသိနေရက်နဲ့ မောင် စိတ်ဆင်းရဲမှာ စိုးလို့သာ မသိချင်ယောင်ဆောင်နေရတာ ထင်ပါရဲ့။ ဖြစ်ရလေ … ညီလေးရယ် …။


ထိုနေ့က မောင့်မှာ မျက်ရည်မဆည်နိုင် …။ နောက်တစ်နေ့မှာတော့ မောင်က ညီလေးဆီ ဖုန်းဆက်ကာ အိမ်ကလေးသို့ လာရန် ချိန်းဆိုလိုက်ပါသည်။

***

www.burmeseclassic.com

www.burmeseclassic.com







## (၃၂)

ညီလေးသည် မောင့်ရဲ့ ပြောင်းလဲမှုတွေကို တွေ့မြင်ရသောအခါ ရင်ထဲတွင် နင့်၍သွားလေသည်။ မောင်ဟာ သူ့ရောဂါ သူသိပြီး သူမရဲ့ နောက်ဆုံးအချိန်တွေမှာ ညီလေးရဲ့ စိတ်ချမ်းသာမှုကို ဖန်တီးပေးခဲ့ချင်သော ဆန္ဒပြင့်သာ ရှင်သန်နေသည်ဟု သူထင်ပါသည်။

သူမ ရှင်းလင်းအလှဆင်ထားသော အိမ်ကလေးသည် ဖုန်တစ်စက်မှ မရှိဘဲ ပြောင်လက်နေသည်။ ခြံထဲတွင် အမှိုက်တစ်စမှ မရှိဘဲ သစ်ပင်ပန်းပင်မှန်သမျှ စိုပြေစိမ်းလန်းနေသည်။ စံပယ်ပန်းတွေက ပိုပြီး မွှေးလာကာ လေပြည်က ပိုပြီး အေးလာသည်ဟုပင် ထင်ရသည်။

မောင်က မလိမ်းစဖူး သနပ်ခါးတွေ မွှေးနေအောင် လိမ်းထားကာ ပန်းဖျော့ရောင် ဗမာအင်္ကျီနှင့် လုံချည်ပျော့ကလေး ဝတ်ထားတာမို့ မောင့်ပုံစံက မိန်းမပီသစွာ သိမ်မွေ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်က သူ့ကို ပြုံး၍ကြိုရင်း ...

"ခု ... ညီလေး မြင်ချင်တဲ့ ပုံအတိုင်း မြင်ရပြီမဟုတ်လား၊ ဟောဒီအိမ်လေးကို မောင်တစ်ယောက်တည်း နေ့တိုင်းလာပြီး ရှင်းလင်းနေတာ၊ ခုဆို မောင်က အိမ်မှုကိစ္စလည်း နိုင်နင်းနေပြီ၊ ထမင်းလည်းချက်တတ်နေပြီ၊ ဒီနေ့ ညီလေးကို မောင် ချက်ကျွေးမယ်၊ ညီလေး ကြိုက်တတ်တာတွေ အားလုံး ဝယ်ထားတယ်၊ ညီလေး ကူချက်ဖို့ မလိုဘူးနော်၊ ယောကျ်ားပီပီ အိမ်ဦးခန်းမှာ အမြိန့်သားလေး ထိုင်နေ၊ မောင် ချက်ပြီးလို့ ခူးခပ်ပြီးရင် ခေါ်လိုက်မယ် ..."

မောင်က ပြုံးရွှင်ကြည်လင်စွာပြောတော့ သူ့ပိုပြီး ခံစားရပါသည်။ အပူရပ်ကိုများ ဟန်လုပ်နေသလား မောင်ရယ်။

မောင်က တစ်ယောက်တည်းပင် ဟင်းလျာမျိုးစုံကို လက်စွမ်းပြချက်ပြုတ်ကာ ညီလေးကို ကျွေးမွေးခဲ့သည်။ ညီလေးသည် မျိုမကျနိုင်သော်လည်း မောင် ကျေနပ်အောင် ကြိတ်မှိတ်မျိုချရသည်။ မောင်က ငါး၊ ကြက်သားတို့ကို ကိုယ်တိုင် အရိုးနှင်ကာ သူ့ပန်းကန်ထဲ ထည့်ထည့်ပေးနေခဲ့သည်။ သူက မောင့်အတွက် ရင်လေးလာကာ ...

"မောင် ... အပင်ပန်းမခံပါနဲ့ကွာ၊ ဒီအလုပ်တွေကို ကိုယ်ဝဲ လုပ်ပါ့မယ်၊ မောင် နားနားနေနေပဲ နေပါ၊ ကျန်းမာရေး ကို ဂရုစိုက်ပါ"



"မောင်က လူမမာမှမဟုတ်ဘဲ ညီလေးရဲ့ ..."

မောင်ရယ် ... မင်း ဟန်ဆောင်နေတာ ကိုယ်သိတယ်။

"ဒါတွေကို ညီလေး လုပ်တတ်မှန်းသိပေမယ့် မောင်က မိန်းမပဲ၊ မိန်းမအလုပ်ကို မိန်းမလုပ်၊ ယောကျ်ားအလုပ်ကို ယောကျ်ားလုပ်တာက ပိုပြီး သဘာဝမကျဘူးလား၊ ပြီးတော့ မောင်က ညီလေးအတွက် အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်ဖို့ ကြိုးစားချင်နေတာ၊ ညီလေးကို မောင်ကိုယ်တိုင် ပြုစုချင်တာ ..."

တကယ်ဆို ... ကိုယ်က မင်းကို အစွမ်းကုန် ပြုစုယုယသင့်တာပါ မောင် ...။

မောင့်ရဲ့ စကားလုံးတိုင်းက ညီလေး နှလုံးသားကို နာကျင်စေသည်။

ထမင်းစားပြီးသောအခါ နှစ်ယောက်အတူ ခြံထဲသို့ ဆင်းလာခဲ့ကြသည်။ ညီလေး စိုက်ပျိုးထားသော စကားပင်ကလေး နံဘေးမှာ နောက်ထပ် စကားပင်တစ်ပင်ကို တွေ့တော့ ညီလေးက အံ့သြသွားကာ ...

"ဟင် ... ဒီအပင်က ..."

"မောင် စိုက်ထားတာလေ၊ ညီလေးအတွက် ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွက် ဒီစကားပင်လေးတစ်ပင် အမှတ်တရ ချန်ထားခဲ့ချင်တာလား မောင် ... ။

ညီလေးနှင့် မောင်တို့နှစ်ယောက်မှာ တစ်ဦးကိုတစ်ဦး အဓိပ္ပာယ်ရှိစွာ စိုက်ကြည့်နေမိကြသည်။ တစ်ချိန်တည်းမှာပင် တစ်ဦးအတွက် တစ်ဦးက ဖြေဆည်မရစွာ ... ။

"ဟို ... မောင် ... ခဏနော်၊ ကိုယ် နောက်ဘက် ခဏသွားလိုက်ဦးမယ်"

ညီလေးက မခံမရပ်နိုင်သည့်အဆုံးမှာ မောင့်ရှေ့မှ အကြောင်းပြ၍ ထွက်လာခဲ့ပြီး ခြံနောက်ဘက် စံပယ်ရုံအကွယ်မှာ ငုတ်တုတ်ထိုင်ချ၍ ငိုကြွေးသည်။

မောင်ကတော့ ခြံရဲ့ရှေ့ဘက်သို့ အမြန်ထွက်လာခဲ့ရကာ အသံမထွက်ဘဲ ကြိတ်မှိတ်ငိုကြွေးခဲ့လေသည်။

✳✳✳



❖ ❖ ❖

ဤသို့ဖြင့် ...

ညီလေးခင်နှင့် မေမင်းမောင်တို့ ချစ်သူနှစ်ဦးသည် တစ်ဦးအတွက် တစ်ဦးက ရင်နင့်စွာခံစားရင်း တစ်ဦးရဲ့ ဝေဒနာအခြေအနေကို တစ်ဦးက စိုးရိမ်ပူပန်ခြင်း ကြီးစွာစောင့်ကြည့်ရင်း သူတို့ ရင်မဆိုင်ရဲသော ရောဂါလက္ခဏာဆိုးဝါးစွာ ပြလာမည့် အချိန်ကို မြန်မြန်ဆန်ဆန် ရောက်မလာပါစေနဲ့ဟု ဆုတောင်းရင်း အချိန်များကို ဖြတ်သန်းကုန်ဆုံးနေခဲ့ရသည်။

သို့သော် ...

တစ်နေ့တွင် ...

✳✳✳

www.burmeseclassic.com

www.burmeseclassic.com



(၃၃)

❖ ❖ ❖

ထိုတစ်နေ့တွင် ...

ညီလေး ရင်မဆိုင်ရဲသော ထိုတစ်နေ့သည် မြန်မြန်ဆန်ဆန်ပဲ ရောက်ရှိလာခဲ့လေသည်။

ထိုနေ့က ဆုံနေကျနေရာသို့ မောင် ရောက်မလာခဲ့တာမို့ ညီလေးက ငယ်ထိပ်မြွေပေါက်ခံရသလို ခံစားလိုက်ရပါသည်။ ချိန်းဆိုတိုင်း ဘယ်တော့မှပျက်ကွက်လေ့မရှိသော မောင့်ဘက်က ပျက်ကွက်ပြီဆိုလျှင် 'တစ်ခုခုတော့ ဖြစ်နေပြီ' ဟု ညီလေးက အလိုလိုသဘောပေါက်လေသည်။

ညီလေးသည် မောင် ဆက်သွယ်လာမည့်အချိန်ကို မစောင့်နိုင်တော့ဘဲ မောင်တို့အိမ်ဘက်သို့ ထွက်လာခဲ့ပါသည်။

ထူးဆန်းစွာပင် မောင်တို့ခြံတံခါးရော အိမ်တံခါးပါ အပြင်ဘက်က သော့ခတ်၍ပိတ်ထားတာ တွေ့ရသည်။ ညီလေးက

www.burmeseclassic.com

www.burmeseclassic.com



ကြံရာမရရှာဖြင့် မောင်တို့ခြံရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေဆဲ တစ်ဖက်ခြံက အဒေါ်ကြီးတစ်ယောက် ထွက်လာတာကိုလှမ်းမြင်လိုက်ရသည်။ ညီလေးက အဒေါ်ကြီးထံ အပြေးသွားမိကာ ...

"အန်တီ ... ဒီဘက်ခြံက မောင်နှမတွေ ဘယ်သွားကြလဲ မသိဘူး ခင်ဗျ"

"မေမင်းမောင် ဆေးရုံတက်နေတယ်လေ ... ၊ သူ့အစ်ကို တွေလည်း ဆေးရုံမှာပဲ ရှိမှာပေါ့"

ညီလေးသည် ရုတ်တရက် ထူပူတုန်ရင်သွားကာ ...

"ဘယ် ... ဘယ်ဆေးရုံမှာလဲ ခင်ဗျ ..."

"SSC မှာလေ ..."

ညီလေးသည် အန်တီကြီးကိုတောင် ကျေးဇူးတင်စကား မပြောနိုင်တော့ဘဲ ကားပေါ် အမြန်တက်ကာ မောင်းထွက်လာခဲ့လေသည်။

သူ့ရှေ့မှာဆို ဘာမှ မခံစားရသယောင် ဟန်ဆောင်နေခဲ့ကာ မျက်ဝန်းလေးတွေသာ မှိန်ဖျော့နေတတ်သော မောင်ဟာ ဆိုးရွားတဲ့ ရောဂါအခြေအနေကို ရင်ဆိုင်ရလို့သာ ဆေးရုံတက်ရတာပဲပေါ့ ... ။

ကျေးဇူးပြုပြီး ဒီလောက် အချိန်တိုကလေးနဲ့ ကိုယ့်ကို ခွဲမသွားနဲ့ဦး မောင်ရယ် ... ။



ညီလေးက အနည်းငယ် တုန်ရင်နေသော လက်များဖြင့် ကားစတီယာရင်ကို ဆုပ်ကိုင်ထားရင်း မျက်ဝန်းတွေ မှုန်ဝါးဝေသီလာသည်။

***

www.burmeseclassic.com

www.burmeseclassic.com







## (၃၄)

❖ ❖ ❖

မောင်က ဆေးရုံခုတင်ပေါ်တွင် သက်သောင့်သက်သာ လှဲလျောင်းနေချိန်တွင် ညီလေးက သွေးရှူးသွေးတန်း ပုံစံမျိုးဖြင့် အခန်းဝမှာ ဘွားခနဲ ပေါ်လာလေသည်။

"မောင် ..."

"ညီလေး ..."

ညီလေးရဲ့ အသံက ကွဲအက်တုန်ခိုက်လွန်းတာမို့ မောင်က ညီလေးကို စိုးရိမ်တကြီး လှမ်းခေါ်မိသည်။ ညီလေးရဲ့ တစ်ကိုယ်လုံး ချွေးတွေနစ်ကာ တုန်ယင်နေသည်။

ညီလေးက မောင့်ထံ ခြေလှမ်းကျဲများဖြင့် လှမ်းလာပြီး မောင့်ရဲ့လက်တွေကို ဆုပ်ကိုင်လိုက်သည်။ ညီလေးရဲ့ လက်တွေက အေးစက်လှပါသည်။ ညီလေးရဲ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လာတာတွေ့တာမို့ မောင်လည်း ငိုချင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီလေးရယ် … မောင့်အတွက် ဒီလောက်တောင်ပဲ စိုးရိမ်ရသလား၊ မောင်က ဘာမှမဖြစ်လောက်ပါဘူး၊ ညီလေးကသာ ညီလေးမှာသာ …

မောင်နှင့် ညီလေးမှာ ငိုချင်စိတ်ကို ထိန်းချုပ်ကာ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ရင်း တစ်ယောက်ကို တစ်ယောက် ဆို့ဆို့နင့်နင့် စိုက်ကြည့်နေမိကြပါသည်။

မောင့် အခြေအနေက ဘာမှ စိုးရိမ်စရာလည်း မရှိတာမို့ အခန်းထဲမှာ နာ့စ်တောင် ခေါ်မထားခဲ့။ မောင့် အစ်ကိုနှစ်ယောက်ကလည်း အောက်ထပ်မှာ ဆင်းပြီး ထမင်းစားနေကြတာမို့ ဟိုတယ်ခန်းပမာ သက်သောင့်သက်သာ ရှိလှသော ဆေးရုံခန်းထဲမှာ မောင်တစ်ယောက်တည်း ရှိနေခဲ့တာပင်။

"မောင် … မောင် ဘယ်လိုခံစားနေရလဲဟင်၊ သက်သာရဲ့လား၊ ကိုယ့်ရှေ့မှာမို့လို့ ဟန်ဆောင်မနေပါနဲ့ကွာ၊ ကိုယ် အခြေအနေမှန်ကို သိပါရစေ …"

"သက် … သက်သာပါတယ်၊ ကောင်းသွားပါပြီ၊ ဘာမှ မဖြစ်ပါဘူး"

"မောင် … မောင် ဟန်ဆောင်နေတာ ကိုယ်သိတယ်၊ မောင် အဲဒီလို ဟန်ဆောင်နေတာ မြင်ရတိုင်း ကိုယ် ဘယ်လောက်ခံစားရတယ်မှတ်သလဲ …"



"မောင် ဟန်မဆောင်ပါဘူး၊ ကောင်းလို့ ကောင်းတယ် ပြောတာပါ"

မောင်က ကိုယ့်ရောဂါကို အမှန်အတိုင်း ထုတ်ပြောရမှာလည်း ရှက်လှပါသည်။ သူ့ကိုမို့လို့ ပိုရှက်သည်။ မောင့် ဘယ်ဘက် ရင်ဘတ်က အကျိတ်ကလေးတစ်ခုကို တက်ခွဲတာမို့ ဘာမှစိုးရိမ်စရာလည်း မရှိ၊ ထိုအကျိတ်ဟာ ကင်ဆာကျိတ်လည်း မဟုတ်။ သို့သော် ဒါကို ပွင့်ပွင့်လင်းလင်း ပြောရမှာကိုတော့ မောင်က ရှက်လှပါသည်။ သူ စိုးရိမ်ပူပန်နေတာကို နှစ်သိမ့်ပေးချင်သော်လည်း မောင် မပြောပြရဲ။

"ညီလေးရယ် … မောင့်အတွက် ဒီလောက် မစိုးရိမ်ပါနဲ့နော်၊ ကြည့်စမ်း … တုန်တုန်ယင်ယင်ကို ဖြစ်နေတော့တာပဲ၊ ညီလေး ခေါင်းပြန်ကိုက်နေပါဦးမယ်၊ ဒီလောက် စိတ်မလှုပ်ရှားပါနဲ့ …"

"ကိုယ့်ချစ်သူတစ်ယောက်လုံး ဝေဒနာ ခံစားနေရတာကို ကိုယ်က မစိုးရိမ်ဘဲ နေနိုင်မလား။ မောင့်ရောဂါကို ကိုယ် ယူလို့ရရင် ယူလိုက်ချင်တယ်"

မြတ်စွာဘုရား … ဒါကတော့ ဘယ်ယူလို့ရပါ့မလဲ။

"မောင် … မင်းကို ကိုယ် အဆုံးရှုံးမခံနိုင်ဘူး၊ မင်း … ကိုယ်နဲ့ အချိန်တွေ အကြာကြီး အတူရှိနေရဦးမယ်၊ အဲ့ဒါကို စိတ်ထဲမှာ စွဲထားပြီး အားတင်းထား …"

www.burmeseclassic.com

www.burmeseclassic.com



"ညီလေးရယ် ... ရှင်လည်း အားတင်းထားပါနော် ..."

မောင်ဖုံသည် ညီလေးရဲ့ စိုးရိမ်ပူပန်မှု၊ ဝမ်းနည်းကြေကွဲမှုတွေကို ခံယူရရှိရင်းကပင် သူ့အတွက် ဝမ်းနည်းစိတ်ဖြင့် ငိုကြွေးလိုက်ချင်သည်။ မသိချင်ယောင်ဆောင်ပေးနေရသော အခြေအနေ တစ်ခုကို ပြောင်းလဲပစ်ပြီး ပွင့်ပွင့်လင်းလင်း နှစ်သိမ့်လိုက်ချင်သည်။

ညီလေးသည်လည်း သူ့အတွက် တစ်ပြန် ပူပန်ပေးနေသော မောင့်ရဲ့မေတ္တာကို ခံယူရင်း မောင့်ကို ပွင့်လင်းစွာ ကြင်နာစွာ နှစ်သိမ့်ပေးချင်လေသည်။

"ညီလေးရယ် ... ရှင် ဒီလောက် ... မောင့်အတွက် မပူပါနဲ့၊ ရှင့်မှာသာ ... ရှင့်မှာသာ ... အဟင့် ... ဟီး ..."

"မောင်ရယ် ... ကိုယ့်အတွက် ဘာပူစရာရှိလို့လဲ ... ၊ မောင့်မှာသာ ... မောင့်မှာ ..."

နှစ်ဦးသားမှာ ရင်ထဲမြဲမနေနိုင်တော့သည့်အဆုံးတွင် တစ်ဦးကိုတစ်ဦး ဖက်ကာ ကျုံ့ကျုံ့ပါအောင် ငိုကြွေးလိုက်ကြပါသည်။

***



❖ ❖ ❖

"ဟဲ့ ... ဟိုအခန်းက ငိုသံတွေ ကြားပါလား၊ ဘာများဖြစ်လို့လဲ ..."

မောင့်အခန်းနှင့် ကပ်ရက်အခန်းမှာ တက်နေသော သူငယ်ချင်းတစ်ယောက် ကလေးမီးဖွားတာကို လာမေးနေကြသည့် ညီလေးရဲ့ အစ်မနှစ်ယောက်မှာ တစ်ဖက်ခန်းက ငိုသံတွေကြောင့် စပ်စုချင်စိတ်ကလေးက ခေါင်းထောင်လာပါသည်။

"ဘာမှတော့ မဖြစ်နိုင်ပါဘူး၊ ခပ်ငယ်ငယ် ကောင်မလေး တစ်ယောက်ပဲ၊ ရှီးရှီးအကျိတ်လေးကို လာခွဲတာ၊ မနေ့ကပဲ ပြီးသွားတာ၊ ပြန်တောင်ဆင်းရတော့မှာ"

"ဒါဆို ဘာလို့ ဒီလောက် ငိုနေရတာလဲ၊ ကူညီစရာရှိရင် ကူညီရအောင် သွားတော့ကြည့်လိုက်ပါဦးမယ်"

အမှန်တော့ ကူညီချင်တာက နည်းနည်း၊ စပ်စုချင်တာက များများပင်။

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ယောက်လုံးက တစ်ဖက်ခန်းသို့ လျှောက်သွားကာ ခပ်ဟဟပွင့်နေသော တံခါးမှတစ်ဆင့် အခန်းတွင်းသို့ ကဲကြည့်လိုက်စဉ် ...

"ဟဲ့ ... ဟဲ့ ... ဒုက္ခပါပဲ၊ ကြည့်စမ်း မျက်ခြယ် ... ကြည့်စမ်း ဟိုမှာဖက် ငိုနေကြတာ၊ ညီလေးနဲ့ မေမင်းမောင် မဟုတ်လား"

"ဟယ် ... ဟုတ်ပါရဲ့၊ ဘာများဖြစ်သလဲ ..."

နှစ်ယောက်သားမှာ အခန်းဝမှာ ရပ်ကာ အခန်းထဲ ဝင်ရမလို မသိချင်ယောင်ဆောင်ပြီး ပြန်ထွက်သွားရတော့မလို ကယောင်ချောက်ချား ဖြစ်သွားဆဲ ... ထမင်းစားပြီး ပြန်လာကြသော ကိုမိုးတို့က တံခါးဝမှာ ရပ်ကာ ချောင်းကြည့်နေသော အပျိုကြီး နှစ်ယောက်ကို တွေ့လိုက်ရပါသည်။

"ဟ ... ဟိုမှာ ဒေါ်ဠစာတို့ မဟုတ်လား ... မောင့်အခန်းထဲကို ချောင်းနေတာ"

"ဘာတွေ ကြံစည်မလို့လဲ မသိဘူးကွ ..."

ကိုမိုးတို့ နှစ်ယောက်က ညီလေးအစ်မတွေနောက်သို့ အသာကပ်သွားကာ ...

"ဟိတ် ... ဘာချောင်းနေတာလဲ ..."

"ဟို ... ဟို ..."




အစ်မနှစ်ယောက်မှာ ရုတ်တရက် လန့်ဖျပ်တုန်ရင်သွားကာ အခန်းထဲသို့ ကယောင်ကတမ်း လက်ညှိုး ထိုးပြလိုက်လေသည်။

***

www.burmeseclassic.com

www.burmeseclassic.com







◆ ◆ ◆

ညီလေးနှင့် မောင်တို့နှစ်ဦးမှာ ငိုရင်းကပင် ကော်တွေ ပလုံးပထွေး ပြောကြသေးရာ ...

"ညီလေးရယ် ... အားတင်းထား သိလား၊ ဘရိန်းကျူမာ ဆိုပေမယ့် ညီလေး မသေနိုင်သေးပါဘူး၊ ဦးနှောက်ထဲက အကျိတ်ကို ဂန်မာရောင်ခြည်နဲ့ ခြေလို့ရတယ်လို့ မောင် ကြားဖူးတယ်"

"မောင် အားမငယ်နဲ့နော်၊ ကင်ဆာဆိုတိုင်းလည်း အသက် အတွက် မစိုးရိမ်ရပါဘူး၊ ဆေးပညာတွေ ဒီလောက် တိုးတက်နေတာကွာ ..."

နှစ်ယောက်သားမှာ ပြိုင်တူငိုရင်း ပလုံးပထွေး ပြောလိုက်ကြပြီးမှ ပြုန်းခနဲ အငိုတိတ်လျက် လှချင်းခွာလိုက်ရင်း ...

"ဟမ် ... ဘယ်သူ့မှာ ရှိတာလဲ၊ ဘရိန်းကျူမာက ..."

www.burmeseclassic.com

www.burmeseclassic.com



"ကင်ဆာ ဟုတ်လား၊ ကင်ဆာက ဘယ်သူ့မှာ ဖြစ်နေလို့လဲ ..."

"ညီလေးရိယ် ... ရှင် ဖုံးကွယ်မနေပါနဲ့တော့၊ မောင် သိပြီးပါပြီ ..."

"ဟာ ... မဟုတ်တာကွာ၊ ကိုယ့်မှာ ဘာ ဘရိန်းကျူမာမှ မရှိဘူး၊ ဟိုတလောက ခေါင်းကိုက်တာပဲ ရှိတယ်၊ ဒါလည်း နေပူထဲ သွားလို့ဖြစ်တာ၊ တစ်ရက်ပဲ ပျောက်သွားတာပဲ"

"မောင့်မှာလည်း ဘာကင်ဆာမှ မရှိဘူး၊ ဟိုတလောက ဖျားတာက တိုက်ဖွိုက်ဖြစ်တာ ..."

"ဒါဆို အခု ဆေးရုံတက်ရတာက ..."

"ဒါက ဟို ... အဲ ... အကျိတ် ... ခြေထောက်က အကျိတ်ကို လာခွဲတာ၊ မောင့်မှာ ကင်ဆာရှိတယ်လို့ ရှင့်ကို ဘယ်သူပြောလဲ"

"မောင့် အစ်ကိုတွေပဲ ပြောတာ၊ ကိုယ့်မှာ ဘရိန်းကျူမာ ရှိတယ်ဆိုတာရော ဘယ်သူပြောလဲ"

"ရှင့် အစ်မတွေပြောတာ ..."

"ကိုယ်ကတော့ အကောင်းကြီးပဲ"

"မောင်လည်း အကောင်းကြီးပဲ၊ ဘာမှမဖြစ်ဘူး ..."




မောင်တို့နှစ်ယောက်မှာ ဇဝေဇဝါဖြင့် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေမိကြဆဲ အခန်းဝဆီမှ ချောင်းဟန့်သံကို ကြားရလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com







"အဟာမ်း ... အဟာမ်း ... ဟာမ်း ..."

"ဟယ် ... ကိုမိုးတို့ လာပြီ ..."

"ဟာ ... မမကြီး ..."

မောင်တို့နှစ်ယောက်သည် အခန်းတံခါးဝဆီမှ လေးယောက်သားကို တစ်စုတစ်စည်းတည်း တွေ့လိုက်ရတာမို့ ကူကယ်ရာရသလို ခံစားမှုဖြင့် အခန်းဝသို့ လှစ်ခနဲ ရောက်လာကြသည်။ ညီလေးက မောင့် အစ်ကိုတွေရှေ့၊ မောင်က ညီလေး အစ်မတွေရှေ့မှာ သွားရပ်မိကာ ...

"မမကြီး ... ညီလေးမှာ ဘာရိန်းကျူမှာ ရှိတယ်ဆိုတာ တကယ်လား ..."

"အစ်ကို ... မောင့်မှာ ကင်ဆာရှိတယ်ဆိုတာ တကယ်လား"

"အဟာမ်း ... ဒါက ..."

www.burmeseclassic.com

www.burmeseclassic.com



လေးယောက်သားမှာ ချက်ချင်းအဖြေမပေးနိုင်ဘဲ ဟိုလိုလို ဒီလိုလိုလုပ်ရင်း အကြံထုတ်နေကြပါသည်။

ညီလေးရဲ့ အစ်မတွေမှာ ညီလေးကို မောင့်ဘက်က လက်လျှော့လိုက်ရန် ရည်ရွယ်ချက်ဖြင့် ပြောခဲ့တာဖြစ်ပြီး မောင့်အစ်ကိုတွေကလည်း ထိုအကြံမျိုးဖြင့်ပင်။ နှစ်ဖက်က အကြံတူနေခဲ့ပြီး ထိုအကြံက မထိရောက်သည့်အပြင် မောင်တို့နှစ်ယောက်ရဲ့ သံယောဇဉ်ကို ပိုလို့သာ ခိုင်မြဲလေးနက်စေတာကို မျက်ဝါးထင်ထင် တွေ့ကြရပြီ။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်ရင်း ကျုံကျုံပါအောင် ငိုကြွေးနေသော မြင်ကွင်းက သူတို့ရင်ကို ထိခိုက်စေသောအခါ လက်လျှော့လိုက်ကြဖို့ ဆုံးဖြတ်ပြီးကြပါပြီ။ သို့သော် ... ဘယ်သူက စ,ပြီး အလျှော့ပေး ကြည်ဖြူကြမလဲဆိုတာကို စောင့်ဆိုင်းနေကြပါသည်။

"အစ်ကို ပြောပါ ... ကျွန်တော်တို့ကို ဒီလောက် မနှိပ်စက်ပါနဲ့ဗျာ ..."

"မမကြီး ... မမလေး ... မောင်တို့ကို အမှန်အတိုင်း ပြောပြပါ"

"မရှိဘူးဟေ့ ... မရှိဘူး၊ ဘာရောဂါမှ မရှိဘူး ..."

"မရှိဘူးကွာ ... ဘာမှမရှိဘူး ..."



"ဟေး ..."

မောင်တို့နှစ်ယောက်က ပျော်ရွှင်စွာ အော်ဟစ်လိုက်ကြပါသည်။

ညီလေးရဲ့ မမကြီးမှာ ညီလေး စိတ်ချမ်းသာတာကိုသာ မြင်လိုတာမို့ ကိုမိုးကို ခပ်တင်းတင်းလှမ်းမေးလိုက်ပါသည်။

"ဟော့ ... ဒီမှာ ငါ့ကတော့ ကြည်ဖြူတယ်၊ မင်းတို့ကရော ..."

"ကျုပ်တို့ကလား ... နမရှင်ပဲဗျာ၊ မကြည်ဖြူရင် စောစောကတည်းက ကျုပ်နှမကို ဖက်ငိုနေတဲ့ ခင်ဗျားတို့ မောင်ကို လက်သီးနဲ့ သမလိုက်တာပေါ့"

"ပြီးတာပဲ ..."

"ဟဲ ... ဟဲ ... မောင်ကတော့ စွံသွားပြီ၊ အစ်မတွေပဲ ကျန်တော့တယ်"

"ဘာ ..."

"ဩော် ... ဘာမှမဟုတ်ပါဘူး"

"ရုပ်တွေကိုက အချိုးကို မပြေဘူး"

"ဩော် ... ဒါနဲ့ ကျေးဇူးပြုပြီး မေးခွန်းလေးတစ်ခုတော့ မေးပါရစေ ..."

"ဘာလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



“ဒေါသကြီးလို့ အပျိုကြီးဖြစ်တာလား၊ အပျိုကြီးဖြစ်လို့ ဒေါသကြီးတာလားဆိုတာလေး …”

“ငါလေ … ငါ … ၊ မျက်ခြယ် လာ … လာ … သွားမယ်၊ ခင်းတို့မျက်နှာ ကြာကြာမကြည့်ချင်ဘူး”

အစ်မနှစ်ယောက်က လှည့်ထွက်သွားကြပြီး ကိုမိုးတို့ရဲ့ ရယ်သံကို ကြားရသည်။

မောင်တို့ နှစ်ယောက်ကတော့ ခံစားခဲ့ရသံမျှ သောကတွေကို လွှင့်ပစ်ကာ တစ်ဦးကိုတစ်ဦး သေရွာက ပြန်လာသောသူကို ကြည့်သည့် ကြည့်မဝနိုင်သော အကြည့်မျိုးဖြင့် စိုက်ကြည့်နေခဲ့ကြသည်။

ထိုအကြည့်တွေက ကဗျာမမီ … ။ ထိုအပြုံးတွေက ကဗျာမမီ … ။ ချစ်ခြင်းကြောင့် လှပစွာ ပြောင်းလဲခဲ့ကြသော ဘဝနှစ်ခုရဲ့ လှပခြင်းက ကဗျာရေးဖွဲ့လို့ပင် မမီ … ။

ဗုညခင်
25.12.2004
3:40 AM

BURMESE CLASSIC .com

www.burmeseclassic.com